# ဓမ္မစကြာ ဖွင့်အကျယ် လက်စွဲကျမ်း



အိန္ဒိယပြည် ယူ-ပီ နယ် ဗာရာဏသီမြို့ မြောက်ဘက် ၃-မိုင်ခွဲ ကွာဝေး၍
ဘုရားရှင်တိုင်း မစွန့်အပ်သော အဝိဇဟိတ ဌာန ဖြစ်သည့်
ဣသိပတန မိဂဒါဝုန် တောတွင် ဂေါတမ မြတ်စွာ
ဘုရားသခင်သည် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာဒေသနာတော်
ဟောတော်မူသည့် နေရာတွင် တည်ထားသော ဓမ္မစကြာ စေတီတော်ကြီးပုံ။

# နိဒါနကထာ

ဘုန်းတော်ခြောက်စုံ၊ ကိုးဂုဏ်သခင်၊ သုံးလူ့ရှင်သည်၊ သဗ္ဗညုတ၊ ဉာဏ်တော်ရ၍၊ ကာလ, ဒေသ၊ ဌာန, အလိုက်၊စရိုက် ခြောက်ပါး၊ ငှင်းခြားထင်ထင်၊ သိမြင်တော်မူသည့်အတိုင်း၊ ထုတ်ဖေါ်ဟောကြားတော်, မူအပ်သော ဒေသနာတော် ဖြစ်သည်ကား။

## (၁) ※ သမ္မုတိဒေသနာ၊

## (၂) ※ ပရမတ္ထဒေသနာ၊

ဟူ၍၊ နှစ်ပါးအပြားရှိ၏။ ။ထိုနှစ်ပါးတို့တွင်၊ ပုဂ္ဂိုလ်, သတ္တဝါ၊ မိန်းမ, ယောကျ်ား၊ ပင်း, ပုဏ္ဏား၊ နတ်သား, မာရ်နတ်မင်း၊ ဤသို့ အစရှိသော အမည်သဘောတို့ဖြင့်၊ ဟောကြားတော် မူအပ်သော နည်းသည်ကား၊(၁) သမ္မုတိဒေသနာနည်းမည်၏။

ခန္ဓာငါးပါး၊ ရုပ်, နာမ်, တရားတို့သည်၊ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ဆင်းရဲရကုန်၏။ အနတ္တာ၊အစိုးမရကုန်,ဟူ၍ရင်း၊ခန္ဓာ,တရား၊ အာယတန, တရား၊ ဓာတ်,တရား၊သစ္စာ,တရား၊ ဣန္ဒြေ,တရား၊ သမ္မပ္ပဓာန်, တရား၊ ဗိုလ်, တရား၊ ဗောဇ္ဈင်, တရား၊ ဤသို့ အစရှိသော၊ အမည်သဘောတို့ဖြင့်၊ ဟောကြားတော်မူအပ်သော နည်းသည်ကား၊ (၂) ပရမတ္ထဒေသနာနည်းမည်၏။

ထိုနှစ်ပါးသောဒေသနာနည်းတို့တွင်၊ အကြင် လူ,နတ်, ဗြဟ္မာ, သတ္တဝါ- ဟူသော ဝေနေယျ တို့သည်၊ သမ္မုတိ ဒေသနာ နည်းဖြင့်၊ ဟောတော် မူပုံကိုကြား၍၊ ထိုဟောတော် မူရင်းသော ဒေသနာ၏၊ အနက်,အဓိပ္ပါယ်ကို၊ သိရှိ,နားလည်၍၊အပ်ဠာ, တဏှာ, အစရှိသော ကိလေသာ ညစ်ညူးမှုတို့ကို၊ ပယ်စွန့်၍၊မဂ်,ဖိုလ်- ဟူသော တရားထူး၊ တရားမြတ်ကို၊ ရခြင်းငှါ စွမ်းနိုင်ကုန်၊ ထိုသတ္တဝါ ဝေနေယျ တို့အား၊ (၁) သမ္မုတိဒေသနာနည်းကို၊ ဟောတော်မူ၏။

ထိုနည်းအတူ၊ အကြင် လူ,နတ်,ဗြဟ္မာ,၊ သတ္တဝါဟူသော ဝေနေ-ယျတို့သည်၊ခန္ဓာ၊အာယတန၊ဓာတ်၊သစ္စာ,အစရှိသော တရားတို့သည်၊ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ)မျှသာဖြစ်ကုန်၏- ဟု၊ပရမတ္ထ ဒေသနာနည်း၊

ဖြင့်၊ ဟောတော်မူပုံကို ကြား၍၊ထိုဟောတော် မူရင်းသော ဒေသနာ၏၊ အနက်,အဓိပ္ပါယ်,ကို၊ သိရှိ, နားလည်၍၊ အဝိဇ္ဇာ၊ တဏှာ, အစရှိသော ကိလေသာညစ်ညူးမှုတို့ကို၊ ပယ်စွန့်၍၊ မဂ်, ဖိုလ်- ဟူသော တရားထူး၊ တရားမြတ်ကို၊ ရခြင်းငှါစွမ်းနိုင်အံ့။ထိုသတ္တဝါ,ဝေနေယျတို့အား၊ (၂) ပရမတ္ထ ဒေသနာနည်းကို၊ ဟောတော်မူ၏။ ။ထို ပညတ်နည်း၊ ပရမတ်နည်းမှ၊ တပါးဖြစ်သော သုံးခုမြောက် ဖြစ်သော နည်းမျိုးမည်သည်၊ မရှိကေန်၊ စင်စစ်မှန်၏။

(၁) ဒုဝေ,သစ္စာနိ,အက္ခာသိ၊ သမ္ဗုဒ္ဓေါ,ဝဒတံ,ဝရော။
သမ္မုတိံ,ပရမတ္ထဥ္စ၊တတိယံ,နုပလဗ္ဘတိ။ ။

(၁) ဝဒတံ၊ ပညတ်, ပရမတ်၊ နှစ်ရပ်ပိုင်းခြား၊ တရားစကားကို၊ ဟောကြားတတ်သော ပုဂ္ဂိုလ်တို့တွင်။ ဝရော၊ အသိဉာဏ် ဖို၍၊ အလိုစရိုက်ကို-သိသဖြင့်၊ မြတ်တော်မူသော။သမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားရှင်သည်။ သမ္မုတိံ၊ သမ္မုတိသစ္စာကိုရင်း။ ပရမတ္ထဥ္စ၊ ပရမတ္ထ သစ္စာကိုရင်း။ ဣတိ၊ ဤသို့။ ဒုဝေ၊ နှစ်ပါးကုန်သော။ သစ္စာနိ၊သစ္စာတို့ကို။ အက္ခာသိ၊ ဟောတော်မူပြီ။ ။တတိယံ၊ သမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာ နှစ်ပါးမှ၊ လွတ်သော သုံးခုမြောက်သောသစ္စာကို။ နုပလဗ္ဘတိ၊ပညာဖြင့်ကပ်၍၊ မုချဆတ်ဆတ်၊ မရအပ်သည်သာတည်း။

(တတ္ထ)

(၂) သင်္ကေတဝစနံ,သစ္စံ၊ လောက,သမ္မုတိ,ကာရဏံ၊
ပရမတ္ထဝစနံ,သစ္စံ၊ ဓမ္မာနံ,တထ,လက္ခဏံ။ ။

(တတ္ထ)၊ ထိုသမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာ,နှစ်ပါးတို့တွင်။

(၂) သင်္ကေတဝစနံ၊ပုဂ္ဂိုလ်,သတ္တဝါ၊ကျွဲ,နွား,အစရှိသော လူ၏ အမှတ်သင်္ကေတ အားဖြင့်၊ ဖြစ်သော စကားသ လောကသမ္မုတိ ကာရဏံ၊ လူအပေါင်းတို့သည်၊ သ အပ်သော အတ္ထပညတ်လျှင်၊ ဖြစ်ခြင်း အကြောင်းရှိ ဖြစ်၍။ သစ္စံ၊ မှန်ကန်သည်။ ဟောတိ၊ဖြစ်၏။ ပရမတ္ထဝ ခန္ဓာ,အာယတန,ဓာတ်,သစ္စာ,အစရှိသော ပရမတ္ထ ဝ

ကို၊စွဲ၍ဖြစ်သော စကားသည်လည်း။ မဗ္ဗာနံ၊ပရမတ္ထတရား တို့၏။ တထ,လက္ခဏာ၊ ဖောက်ပြန်ခြင်း (ရုပ္ပန)၊ ခံစားခြင်း (ဝေဒိယန)၊ မှတ်ခြင်း (သဥ္ဇာနန)အစရှိသော မဖောက် မပြန်၊ မှန်ကန်သော လက္ခဏာလျှင်၊ ဖြစ်ခြင်းအကြောင်း ရှိသည်၏ အဖြစ်ကြောင့်။ သစ္စံ၊ မှန်ကန်သည်။ ဟောတိ၊ ၏။

ဆိုဦးအံ့။

ထို-ဒေသနာ နည်းနှစ်ပါးတို့တွင်၊ (၁)သမ္မုတိဒေသနာကို၊ ကြားနာရသဖြင့်၊ မင်, ဖိုလ်, ဟူသော တရားထူး၊ တရားမြတ်ကို၊ သိလတ္တံ့သော သတ္တဝါအား၊ (ရှေးဦးစွာ) ထိုသမ္မုတိ ဒေသနာနည်းဖြင့်သာ၊ သိရှိ,နားလည်စေ၍၊ ထိုနောက်မှ၊ ပရမတ္ထဒေသနာကို ဟောတော်မူ၏။ ။(သမ္မုတိသစ္စာ-ချွတ်ယွင်းလျှင်၊ မုသာဝါဒ-ကံဖြစ်၏)။ ။ ထိုနည်းအတူ၊ (၂)ပရမတ္ထဒေသနာကို၊ ကြားနာရသဖြင့်၊ မင်,ဖိုလ်, ဟူသောတရားထူး၊ တရားမြတ်ကို၊ သိလတ္တံ့သော သတ္တဝါအား၊ (ရှေးဦးစွာ)ထိုပရမတ္ထ ဒေသနာနည်းဖြင့်သာ၊ သိရှိ,နားလည်စေ၍၊ ထိုနောက်မှ၊သမ္မုတိဒေသနာကိုဟောတော်မူ၏။ ။(ပရမတ္ထသစ္စာ ချွတ်ယွင်းလျှင်၊ မိစ္ဆာဒိဋ္ဌိဖြစ်၏။)

ဆိုဦးအံ့။

ပကတိသော သဘောအားဖြင့် သတ္တဝါတဦးနှင့် တဦး၊ ခရီးရင်ဆိုင်၊ မျက်နှာချင်းပြိုင်၍၊တွေ့ကြရလျှင်၊(တွေ့လျှင်-တွေ့ခြင်း) ပရမတ္ထ ဒေသနာနည်းကို၊ ဟောတော်မူခဲ့လျှင်၊ အသိဉာဏ် သေးငယ်သော သတ္တဝါတို့၌မူကား၊ တရားဒေသနာသည်၊ ခြောက်သွေ့သော အခြင်းအရာကဲ့သို့ ဖြစ်ရာ၏။

သမ္မုတိ ဒေသနာ နည်းဖြင့်၊အသင်၏ အဆင်းရုပ်ရည်, သဏ္ဍာန်သည်၊ ချောမောပေစွ၊ တင့်တယ်ပေစွ၊ ရှေးကုသိုလ်ကံ၊ ထက်သန်ကြီးမြင့်ခြင်းကြောင့်၊ ကောင်းခြင်းငါးဖြာ၊ လက္ခဏာဂုဏ်နှင့်၊ ပြည့်စုံပေစွတကား,ဟု- စသည်ဖြင့်၊ အမွန်းတင်၍ ဟောခဲ့လျှင်၊ တရားဒေသနာသည်၊ သတ္တဝါတို့၏ စိတ်အလိုအားဖြင့်၊ စိုစိုရွှန်းရွှန်း ကဲ့သို့ ဖြစ်ရာ၏။

ထို့ကြောင့်၊ မြတ်စွာဘုရားရှင်သည်၊ (၁)သမ္မုတိ ဒေသနာနည်းကို၊ (ရှေးဦးစွာ) ဟောတော်မူပြီးနောက်မှ၊ (၂)ပရမတ္ထ ဒေသနာနည်းကို၊ ဟောတော်မူ၏။ ။ဤသို့လျှင်၊(၁) သမ္မုတိဒေသနာ၊ (၂) ပရမတ္ထ ဒေသနာနှစ်ပါးတို့ကို၊ ပြောဆိုဟောကြားသော ပုဂ္ဂိုလ်တို့သည်၊ အရာဌာန၊ အခါကာလ, အားလျော်စွာ၊ မှန်ကန်၍၊ မချွတ်မယွင်းသော တရားစကားကို၊ ပြောဆိုဟောကြားသည်မည်ကုန်၏။

(၃) ပညတ္တိံ,အနတိက္ကမ္မ၊
ပရမတ္ထော,ပကာသိတော။
သာမညံ,နာတိဓာဝေယျ၊
တသ္မာ,အဗ္ဘောပိ,ပဏ္ဍိတော။
ပရမတ္ထံ,ပကာသေန္တော၊
သာမညံ,နာတိဓာဝယေ။ ။

(၃) ပညတ္တိံ၊ သမ္မုတိပညတ်တရားကို။ အနတိက္ကမ္မ၊ မကျော်လွန်မူ၍။ ပရမတ္ထော၊ ပရမတ္ထတရားကို။ ပကာသိတော၊ ပြတော်မူအပ်၏။ သာမညံ၊ လူတို့၏, ဝေါဟာရ-သမ္မုတိပညတ်တရားကို။ နာတိဓာဝေယျ၊ ကျော်လွန်၍ မပြေးရာ။ တသ္မာ၊ ထိုသို့ မြတ်စွာဘုရားသည်၊ ပညတ်တရားကို၊ မကျော်လွန်မူ၍၊ ပရမတ္ထ တရားကို၊ ပြတော်မူအပ်သည်၏ အဖြစ်ကြောင့်။ အဗ္ဘော၊ ဘုရားမှတပါး ဖြစ်သော။ပဏ္ဍိတောပိ၊ပညာရှိသော သူသည်လည်း။ပရမတ္ထံ၊ ပရမတ္ထတရားကို။ ပကာသေန္တော၊ ပြတော်မူသည်ရှိသော်။သာမညံ၊လူတို့၏ ဝေါဟာရ-သမ္မုတိပညတ်တရားကို။ နာတိဓာဝယေ၊ ကျော်လွန်၍၊ မပြေးရာချေ။

ဂိုစကားအဆယ်ကို၊ အကြွက်မျှပြဦးအံ့။ ။ဘုံသုံးပါး၌၊သတ္တဝါဟူသမျှတို့သည်၊ မိမိတို့၏ဖြစ်ရာသံသရာဘဝ အဆက်ဆက်တို့၌၊ မိမိတို့၏၊ ခန္ဓာ, ါးပါး၊ ရုပ်, နာမ်, တရားအစုတို့ကို၊ ငါ, သူတပါး, ယောကျ်ား, မိန်းမ, ဟူသော ပညတ်အစု၊ ကြားမှု၊ မြင်မှု တို့၌သာ၊

အလေ့အကျင့်၊ အထုံ, အားကြီးစွာနှင့်၊ ကြား, နာ, မှတ်သား၊ စွဲလမ်း၍လာခဲ့ကြရကား၊ထိုသို့ ငါ,သူ တပါး၊ ယောကျ်ား, မိန်းမ, ဟူသော စကားသံမျိုး၊ အဆင်းသဏ္ဍာန်မျိုးတို့ကို၊ ကြား, ရလို၊မြင်, ရလို၊ သိ,ရလိုသော စိတ်ဆန္ဒတို့သည်လည်း၊ တဖွါးဖွါး ဖြစ်ပေါ်၍ လာနိုင်၏။ ။ထိုသို့ကြားရ, မြင်ရ, သိရ, သောအခါ၌ လည်း၊ ကြားခါ,မြင်ခါ,သိခါ,မျှဖြင့်ပင်၊ ပြင်းပြင်းပြပြ၊ ထင်မှတ်စွဲလမ်းခြင်း ဖြစ်ရန်၊ လွန်စွာလွယ်ကူ၏။

ငါ-မဟုတ်၊ သူ-မဟုတ်၊ ရုပ်, နာမ်, ဟူသော ပရမတ္ထ, အစု၊ ခတ်အနုသို့- ဆိုက်အောင်၊ ကြားမှု, မြင်မှု, တို့၌ကား၊ အလေ့, အကျင့်၊ အထုံနည်းပါးခဲ့၍၊ ငါ—မဟုတ်၊ သူ- မဟုတ်၊ ရုပ်, နာမ်, ဟူသော စကားသံမျိုးကို၊ ကြား,ရလို၊ သိ,ရလိုသော စိတ်ဆန္ဒတို့ သည်လည်း၊ လွန်စွာ နည်းပါးခဲ့လေကုန်၏။ ။ထိုသို့ကြားရ၊ သိရ သောအခါ၌လည်း၊ ဟုတ်တိုင်းထင်ထင်၊ ဉာဏ်ဖြင့်သက်ဝင်၍၊ ဆင်ခြင်မှတ်ယူနိုင်ရန်၊ လွန်စွာခဲယဉ်း၏။

အကြင်မျှလောက်သော ကာလပတ်လုံး၊ ရုပ်, နာမ်, ဟူသော ခန္ဓာ, ငါးပါး၊ တရားအစု၌၊ ငါ—သူ တပါး၊ ယောကျ်ား, မိန်းမ, ဟူသော ပညတ်အစု၊ ကြားမှု, မြင်မှု, သိမှု, ဖြင့်သာ၊ တန့်ရပ် လမ်းဆုံး၍နေသေး၏။ ထိုမျှလောက်သော ကာလပတ်လုံး၊ အန္ဓ ပုထုဇဉ်၊ မျက်မမြင်-သူကန်းအဖြစ်မှ၊ မလွတ်မြောက်သေးရကား၊ ရုပ်, နာမ်,ခပ်သိမ်း၊ ကင်းငြိမ်းချုပ်ရာ၊ မဟာအသင်္ခတဓာတ်၊ နိဗ္ဗာန်- ဟူသော တရားမြတ်ကို၊ တပ်အပ်ထင်ထင်၊မမြင်နိုင်, မသိနိုင်,ကြသေး ချေ။

အကြင်အခါ၊ ရုပ်, နာမ်, ဟူသော ခန္ဓာ, ငါးပါး၊ တရားအစု၌၊ ငါ-မဟုတ်၊ သူ-မဟုတ်၊ ရုပ်, နာမ် ဟူသော ပရမတ္ထအစု၊ခတ်အနုသို့- ဆိုက်အောင်၊ ကြားနိုင်, မြင်နိုင်,၏။ ထိုအခါ၌မူ၊ (ကလျာဏ ပုထုဇဉ်၊ စူဠသောတာပန်) ဟူသော သူတော်စင်အဖြစ်သို့ ရောက်ပြီး ဖြစ်ရကား၊ တဆင့်တဆင့်၊ ဉာဏ်ရောင်ရင့်၍၊ ရုပ်, နာမ်, ခပ်သိမ်း၊ ကင်းငြိမ်းချုပ်ရာ၊ မဟာအသင်္ခတဓာတ်၊ နိဗ္ဗာန်—ဟူသော တရား မြတ်ကို၊ တပ်အပ်ထင်ထင်၊ သိနိုင်,မြင်နိုင်ရာ၏။

(၄) ဒုဝေ, ပုထုဇ္ဇနာ ဝုတ္တာ၊
ဗုဒ္ဓေနာ ဒိစ္စဗန္ဓုနာ။
အန္ဓော ပုထုဇ္ဇနော, ဧကော၊
ကလျာဏေကော ပုထုဇ္ဇနော။ ။

(၄) အန္ဓော၊ သမ္မာဒိဋ္ဌိမဂ္ဂင်၊ ပညာမျက်စိကာလ်းသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်ပုဂ္ဂိုလ်သည်။ ဧကော၊ တယောက်ဋင်း။ ကလျာဏော၊ သမ္မာဒိဋ္ဌိမဂ္ဂင်၊ ဉာဏ်နှင့်ယှဉ်သဖြင့်၊ ကောင်းသော ဂုဏ်နှင့် ပြည့်စုံသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်ပုဂ္ဂိုလ်သည်။ ဧကော၊ တယောက်ဋင်း။ ဣတိ၊ ဤသို့။ ဒုဝေ၊ နှစ်ယောက်ကုန်သော။ ပုထုဇ္ဇနာ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့ကို။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏အဆွေ ဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

ဤသို့ မိန့်မှာ၊ ဒေသနာ အချက်ကို၊ ဦးထိပ်ရွက် ပန်ဆင်လျက်၊ အ[illegible]ပျော်၊ ရနိုင်ခဲလှစွာသော မနုဿတ္တ၊ လူ့ဘဝရ၍၊ မြတ်စွာဘုရားရှင်၏၊ သာသနာတော် ခေတ်အတွင်း၌၊ ကြုံကြိုက်သည့် အခါ၊ ငါသား, ငါသမီး၊ ငါ့ပစ္စည်းနှင့်၊ ငါတည်းကျောင်းပိုင်၊ ငါကျောင်းထိုင်,ဟု၊ ပိုင်မှု- ဆိုင်မှု၊ အနိုင်-ရမှု၊ သမ္မုတိပညတ် အသိဉာဏ်မျိုး ပျံ့ပွား၊ တင်းတိမ်ရောင့်ရဲ၍၊ နေကြရန်အချိန် မဟုတ်တော့ချေ။

အနမတဂ္ဂ၊ သံသရာစက်၌၊ အိပ်မက်တွင်မျှ၊ မကြားရဘူး၊ မကြုံရဘူး၊ ထူးဆန်း နက်နဲ၊ ခက်ခဲ သိမ်မွေ့ လှစွာသော၊—

(၁) ※ ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုကို၊ တခုစီ-တခုစီ၊ ပိုင်းခြား၍သိမြင်မှု။

(၂) ※ ဒုက္ခဖြစ်ရန်၊ စီမံရှေ့သွား၊ လောဘ, တရားကို၊ ပယ်ရှား ကြောင်းတရား—ဟု၊ သိမြင်မှု။

(၃) ※ ဒုက္ခအပ်သိမ်း၊ ချုပ်ငြိမ်းကင်းပြတ်ရာ၊ နိဗ္ဗာန်တရားကို၊ မျက်မှောက်ထင်ထင်၊ သိမြင်မှု။

(၄) ※ ဒုက္ခချုပ်ရန်၊ စီမံရှေ့သွား၊ မဂ္ဂင်တရားကို၊ ပွါးများ ကြောင်းတရား-ဟု၊ သိမြင်မှု။

ဤသို့အားဖြင့်၊ပရမတ္တအစု၊ခေတ်အနုသို့ဆိုက်အောင်၊သိမ်းဆည်းမှတ်ယူတတ်သော ပရမတ်,အသိဉာဏ်မျိုး၊ ထိုးထွင်း၍သိမြင်အောင်၊ အားထုတ်ကြဘို့ရာ၊ (လွန်စွာ)အရေးကြီးရကား၊ မြတ်စွာဘုရားရှင်သည်၊(ဓမ္မစကြာ)တရားကို၊ရှေးဦး-ရှေးဖျား၊ဟောကြားတော်မူပေသတည်း။ ။ဤယခုအခါ၌၊ထို(ဓမ္မစကြာ)ပါဠိတော်ကို၊အသက်ငယ်၍၊ အရွယ်နှင့် မလိုက်အောင်၊ အားထုတ်ကျက်မှတ်၊ သင်ယူ ကြပေသော သူငယ်-သူငယ်မတို့ကို၊တွေ့မြင်ရခြင်းဖြင့်၊ မြတ်စွာဘုရား၊ဟောကြားမိန့်မြွက်၊ ဓမ္မစက် ဒေသနာ-ရောင်သည်၊ တောက်ပြောင် ဝင်းထိန်၊ လ-နေ, ရှိန်သို့၊ ဂုဏ်သိရ်, ကဲမြင့်၊ ပွဲတိုင်း, တင့်လျက် ရှိရကား၊ နောက်အနာဂတ်အဘို့၌၊ ငါတို့မြန်မာပြည်၊ မြန်မာလူမျိုးတို့၏၊ ဘုန်းတန်ခိုးသည်၊ အမျိုးမျိုး တိုးတက်ဦးမည်-ဟု၊ယုံကြည်ထိုက်လှပေ၏။

ထို့ကြောင့်၊ ထို (ဓမ္မစကြာ) တရား၏၊ အနက်,အဓိပ္ပါယ်တို့ကို၊ ငယ်ရွယ်သူတို့ပင်၊ လွယ်လင့်တကူ၊ သင်ယူတတ်မြောက်၊ သဘောဉာဏ်ပေါက်၍၊ ဤမျက်မှောက် ဘဝ၌ပင်၊(ကလျာဏ ပုထုဇဉ်-စူဠသောတာပန်) စခန်းသို့၊ ဖြောင့်တန်းစိုက်စိုက်၊ တိုက်ရိုက် ရောက်နိုင်ရန်၊ ရည်သန်မြှော်လင့်သော စိတ်ကို၊ အရင်းခံအခြေပြု၍၊ ဤ**(ဓမ္မစကြာဖွင့်အကျယ်လက်စွဲကျမ်း)** ကို၊ ကြိုးပမ်းစီစဉ် ရေးသားရပေကြောင်း။

ထိုသို့ ရေးသားပြီး ကျမ်းစာမူကို၊ ကျေးဇူးရှင် စံကျောင်း ဆရာတော် ဘုရားကြီးအထံ၊ တင်ပြ လျှောက်ထားရာ၊ သေချာ မှန်ကန်၍၊ ပုံနှိပ်ရန် အတည်ပြုလုပ် ပြဋ္ဌာန်းချက်၊ ချမှတ်ခြင်းဖြင့်၊ ချီးမြှင့်ငြင်းခံယူရရှိ၍၊ လွန်စွာမှ ဝမ်းမြောက်ရပေကြောင်း။

ထိုကျမ်းစာကိုလည်း၊အဝေးအနီး၊ရင်းနှီးရာရာ၊တပည့်ဒါယကာ၊ ဒါယိကာမတို့နှင့်တကွ၊ဉာတိသင်္ဂဟ၊ သဟာယ တစုတို့ပါ၊ ဓမ္မကထာ၊ သာယာနှီးနှော၊ သ ဘောတူ တိုင်ပင်၊ တာဝန်ခံစေလျက်၊ မန္တလေးမြို့၊ အာဥဝိ-စီလမ်း၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်သို့၊ ပုံနှိပ်ရန်လွှဲအပ်၍၊ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ၊ လေးဖြာ အကျိုး၊ တိုးတက်ကြီးမြင့်စေလိုသော မနောပဏိဓိ၊ ရည်ရွယ်ရင်း ရှိသည့်အတိုင်း၊

၁၂၉၄-ခုနှစ်၊ (တန်ဆောင်မုန်းလဆန်း ၁၃-ရက်၊) ကြာသပတေး နေ့တွင်၊(ပဉ္စမအကြိမ်)ပုံနှိပ်လုပ်ဆောင်ခဲ့ပြီးနောက်--

၁၃၁၁--ခု၊ ကဆုန်လတွင်၊ရန်ကုန်မြို့၊ ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်၌(ဒုတိယအကြိမ်)ပုံနှိပ်ခဲ့ပြီးလျှင်-၁၃၁၅-ခုနှစ်၊ သီတင်းကျွတ်လတွင်၊ ရန်ကုန်မြို့၊ ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်၌ (တတိယအကြိမ်)ပုံနှိပ်ပြီးစီးလေသတည်း။

ဘဒ္ဒန္တ "ဇောတ" အရှင်
မန်းဦးကျောင်း (ဂဏဝါစက-ပဉ္စမနာယက)
ကျောင်းတော်ရာ-ရွှေကျင်တိုက်
ရန်ကုန်မြို့
(၁၃၁၅-ခုနှစ်၊ သီတင်းကျွတ်လ)

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါနကထာ | က |
| ၂။ | အာသီသပုဗ္ဗကဂါထာ | ထ |
| ၃။ | ဓမ္မစကြာသုတ်အမွှန်း-ပါဠိ (၃)ဂါထာ | ၁ |
| ၄။ | ၎င်း နိဿယ | ၁၇ |
| ၅။ | ဓမ္မစကြာတရား ဟောကြားတော်မူရာဌာနနှင့် ပဉ္စဝဂ္ဂီရဟန်းတို့ကို မိန့်ခေါ်ပုံပြခန်း-ပါဠိ | ၂ |
| ၆။ | ၎င်း နိဿယ | ၁၉ |
| ၇။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် | ၅၄ |
| ၈။ | ရဟန်းတို့ မမှီဝဲအပ်သော အယုတ်တရားနှစ်ပါးကို အမေးအဖြေပြု၍ ဟောကြားပုံပြခန်း-ပါဠိ | ၂ |
| ၉။ | ၎င်း နိဿယ | ၁၉ |
| ၁၀။ | ၎င်း မြန်မာဘာသာပြန် အဓိပ္ပါယ် | ၅၇ |
| ၁၁။ | ကာမသုခလ္လိကာ နုယောဂ ဟူသော အယုတ် တရားပြခန်း-ပါဠိ | ၂ |
| ၁၂။ | ၎င်း နိဿယ | ၂၀ |
| ၁၃။ | ၎င်း မြန်မာဘာသာပြန် အဓိပ္ပါယ် | ၅၇ |
| ၁၄။ | အတ္တကိလမထာ နုယောဂ ဟူသော အယုတ် တရားကို ပြခန်း-ပါဠိ | ၃ |
| ၁၅။ | ၎င်း နိဿယ | ၂၀ |
| ၁၆။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် | ၆၅ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | အယုတ်တရား နှစ်ပါးပယ်၍(မဇ္ဈိမပဋိပဒါ) အကျင့်တရား၏ အကျိုးရပုံပြခန်း-ပါဠိ ...... | ၃ |
| ၁၈။ | ၎င်း နိဿယ ...... .... | ၂၀ |
| ၁၉။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၆၀ |
| ၂၀။ | (မဇ္ဈိမပဋိပဒါ)အကျင့်တရားဟူသည်၊ အဘယ်ပါနည်း-ဟု၊အမေး,ပုစ္ဆာပြုပုံပြခန်း-ပါဠိ | ၃ |
| ၂၁။ | ၎င်း နိဿယ ...... .... | ၂၂ |
| ၂၂။ | ၎င်း မြန်မာဘာသာပြန် အဓိပ္ပါယ် .... | ၇၃ |
| ၂၃။ | (မဇ္ဈိမပဋိပဒါ)အကျင့်တရားဟူသည်၊ ဤ "မဂ္ဂင်"တရားအကျင့်ပင်တည်းဟု၊ဖြေဆိုပုံပြခန်း-ပါဠိ | ၄ |
| ၂၄။ | ၎င်း နိဿယ .... .... | ၂၃ |
| ၂၅။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၇၄ |
| ၂၆။ | (မဇ္ဈိမပဋိပဒါ)အကျင့်တရား၏အကျိုးရပုံ နိဂုံးချုပ်ပြခန်း-ပါဠိ .... ...... | ၄ |
| ၂၇။ | ၎င်း နိဿယ ...... .... | ၂၃ |
| ၂၈။ | ၎င်း မြန်မာဘာသာပြန် အဓိပ္ပါယ် .... | ၇၅ |
| ၂၉။ | ဒုက္ခသစ္စာပြခန်း-ပါဠိ .... .... | ၄ |
| ၃၀။ | ၎င်း နိဿယ .... .... | ၂၄ |
| ၃၁။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၇၆ |
| ၃၂။ | ဒုက္ခအပြင်းအရာ ၈-မျိုး .... .... | ၇၆ |
| ၃၃။ | ဒုက္ခသစ္စာ၏၊အမှန်လေးချက်၊အနက်လေးပါး ပြဆိုခန်း .... .... | ၇၀ |
| ၃၄။ | ဇာတိဒုက္ခပြဆိုခန်း .... .... | ၇၉ |
| ၃၅။ | ဇရာဒုက္ခပြဆိုခန်း .... .... | ၈၂ |
| ၃၆။ | ဗျာဓိဒုက္ခပြဆိုခန်း .... .... | ၈၄ |

# မာတိကာ (ဌ)


| ဦးရေ | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၃၇။ | မရဏာဒုက္ခပြဆိုခဏ်း | .... | .... | ၈၄ |
| ၃၈။ | အပ္ပိယေဟိ သမ္ပယောဂဒုက္ခပြဆိုခဏ်း | | .... | ၈၆ |
| ၃၉။ | ပိယေဟိဝိပ္ပယောဂဒုက္ခပြဆိုခဏ်း.... | | .... | ၉၀ |
| ၄၀။ | ယံပိစ္ဆံနလဗ္ဘတိ၊ တမ္ပိဒုက္ခံ-အရပြဆိုခဏ်း | | .... | ၉၃ |
| ၄၁။ | ဥပါဒါနက္ခန္ဓဒုက္ခပြဆိုခဏ်း | .... | .... | ၉၆ |
| ၄၂။ | သမုဒယသစ္စာပြခဏ်း-ပါဠိ | .... | .... | ၅ |
| ၄၃။ | ၎င်း နိဿယ | .... | .... | ၂၅ |
| ၄၄။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် | | .... | ၁၀၁ |
| ၄၅။ | သမုဒယသစ္စာ၏၊ အမှန်လေးချက်၊ အနက်လေးပါး ပြဆိုခဏ်း | | .... | ၁၀၂ |
| ၄၆။ | နိရောဓသစ္စာပြခဏ်း--ပါဠိ | .... | .... | ၅ |
| ၄၇။ | ၎င်း နိဿယ | .... | .... | ၂၆ |
| ၄၈။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် | | .... | ၁၁၀ |
| ၄၉။ | နိရောဓသစ္စာ၏ အမှန်လေးချက် အနက်လေးပါး ပြဆိုခဏ်း | .... | .... | ၁၁၂ |
| ၅၀။ | မဂ္ဂသစ္စာ ပြခဏ်း-ပါဠိ | .... | .... | ၆ |
| ၅၁။ | ၎င်း နိဿယ | .... | .... | ၂၇ |
| ၅၂။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် | | .... | ၁၁၀ |
| ၅၃။ | မဂ္ဂသစ္စာ၏၊ အမှန်လေးချက်၊ အနက်လေးပါး ပြဆိုခဏ်း | .... | .... | ၁၂၀ |
| ၅၄။ | သမ္မာဒိဋ္ဌိမဂ္ဂင်၏လက္ခဏာပြဆိုခဏ်း | | .... | ၁၂၁ |
| ၅၅။ | သမ္မာသင်္ကပ္ပမဂ္ဂင်၏လက္ခဏာပြဆိုခဏ်း | | .... | ၁၂၂ |
| ၅၆။ | သမ္မာဝါစာမဂ္ဂင်၏လက္ခဏာပြဆိုခဏ်း | | ..... | ၁၂၂ |
| ၅၇။ | သမ္မာကမ္မန္တမဂ္ဂင်၏ လက္ခဏာပြဆိုခဏ်း | | .... | ၁၂၃ |
| ၅၈။ | သမ္မာအာဇီဝမဂ္ဂင်၏ လက္ခဏာပြဆိုခဏ်း | | .... | ၁၂၄ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၉။ | သမ္မာဝါယာမ မဂ္ဂင်၏ လက္ခဏာပြဆိုခဏ်း .... | ၁၂၅ |
| ၆၀။ | သမ္မာသတိမဂ္ဂင်၏ လက္ခဏာပြဆိုခဏ်း .... | ၁၂၆ |
| ၆၁။ | သမ္မာသမာဓိ မဂ္ဂင်၏ လက္ခဏာပြဆိုခဏ်း .... | ၁၂၈ |
| ၆၂။ | ဒုက္ခသစ္စာ၌၊သစ္စညာဏ်၅-ပါးပြခဏ်း-ပါဠိ .... | ၆ |
| ၆၃။ | ၎င်း နိဿယ .... .... | ၂၀ |
| ၆၄။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၁၄၀ |
| ၆၅။ | ဒုက္ခသစ္စာ၌၊ ကိစ္စညာဏ် ၅-ပါးပြခဏ်း-ပါဠိ .... | ၇ |
| ၆၆။ | ၎င်း နိဿယ .... .... | ၂၈ |
| ၆၇။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၁၄၁ |
| ၆၈။ | ဒုက္ခသစ္စာ၌၊ကတညာဏ် ၂-ပါးပြခဏ်း-ပါဠိ .... | ၇ |
| ၆၉။ | ၎င်း နိဿယ .... .... | ၃၀ |
| ၇၀။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၁၄၃ |
| ၇၁။ | သမုဒယသစ္စာ၌၊သစ္စညာဏ်၅-ပါးပြခဏ်း-ပါဠိ.... | ၇ |
| ၇၂။ | ၎င်း နိဿယ .... .... | ၃၁ |
| ၇၃။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၁၅၂ |
| ၇၄။ | သမုဒယသစ္စာ၌ကိစ္စညာဏ်၅-ပါးပြခဏ်း-ပါဠိ.... | ၈ |
| ၇၅။ | ၎င်း နိဿယ .... .... | ၃၂ |
| ၇၆။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၁၅၄ |
| ၇၇။ | သမုဒယသစ္စာ၌၊ကတညာဏ် ၅-ပါး ပြခဏ်း-ပါဠိ | ၈ |
| ၇၈။ | ၎င်း နိဿယ .... .... | ၃၃ |
| ၇၉။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၁၅၆ |
| ၈၀။ | နိရောဓသစ္စာ၌၊သစ္စညာဏ် ၅-ပါးပြခဏ်း-ပါဠိ... | ၉ |
| ၈၁။ | ၎င်း နိဿယ .... .... | ၃၄ |
| ၈၂။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၁၅၉ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၃။ | နိရောဓသစ္စာ၌၊ကိစ္စဉာဏ်၅-ပါးပြခဏ်း-ပါဠိ.... | ၆ |
| ၈၄။ | ၎င်း နိဿယ .... .... | ၃၅ |
| ၈၅။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၁၆၁ |
| ၈၆။ | နိရောဓသစ္စာ၌၊ကတဉာဏ်၅-ပါးပြခဏ်း-ပါဠိ.... | ၉ |
| ၈၇။ | ၎င်း နိဿယ .... | ၃၆ |
| ၈၈။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၁၆၂ |
| ၈၉။ | မဂ္ဂသစ္စာ၌၊သစ္စဉာဏ်၅-ပါးပြခဏ်း-ပါဠိ .... | ၁၀ |
| ၉၀။ | ၎င်း နိဿယ .... .... | ၃၈ |
| ၉၁။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၁၆၅ |
| ၉၂။ | မဂ္ဂသစ္စာ၌၊ကိစ္စဉာဏ်၅-ပါးပြခဏ်း-ပါဠိ .... | ၁၀ |
| ၉၃။ | ၎င်း နိဿယ .... .... | ၃၉ |
| ၉၄။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၁၆၆ |
| ၉၅။ | မဂ္ဂသစ္စာ၌၊ကတဉာဏ်၅-ပါးပြခဏ်း-ပါဠိ .... | ၁၁ |
| ၉၆။ | ၎င်း နိဿယ .... .... | ၄၀ |
| ၉၇။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၁၆၈ |
| ၉၈။ | သစ္စာလေးပါး၊တရားအစဉ်ကို၊မသိ၊မမြင်ရသေးမီက၊ဗုဒ္ဓမည်တွင်၊ဘုရားသျှင်အစစ်၊ဖြစ်ပြီ-ဟု၊ဝန်မခံပုံပြခဏ်း-ပါဠိ .... .... | ၁၁ |
| ၉၉။ | ၎င်း နိဿယ .... .... | ၄၁ |
| ၁၀၀။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၁၆၉ |
| ၁၀၁။ | သစ္စာလေးပါး၊တရားအစဉ်ကို၊သိမြင်သောအခါ တိုင်မှသာ၊ဗုဒ္ဓမည်တွင်၊ဘုရားသျှင်အစစ်၊ဖြစ်ပြီ-ဟု၊ ဝန်ခံပုံပြခဏ်း-ပါဠိ .... .... | ၁၂ |
| ၁၀၂။ | ၎င်း နိဿယ .... .... | ၄၂ |
| ၁၀၃။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ်.... | ၁၇၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၄။ | ဗုဒ္ဓ-ဘုရားသျှင်၏(ပစ္စဝေက္ခဏာ) ဉာဏ် အမြင်ဖြင့်၊ဆင်ခြင်ပုံပြခဏ်း-ပါဠိ .... | ၁၂ |
| ၁၀၅။ | ၎င်း နိဿယ .... .... | ၄၃ |
| ၁၀၆။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၁၇၁ |
| ၁၀၇။ | ပဉ္စဝဂ္ဂီရဟန်းတို့၏နှစ်သက်ခြင်းဖြစ်ပုံပြခဏ်း-ပါဠိ .... .... | ၁၂ |
| ၁၀၈။ | ၎င်း နိဿယ .... .... | ၄၄ |
| ၁၀၉။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၁၉၁ |
| ၁၁၀။ | ကောဏ္ဍညရဟန်း၏သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပုံပြခဏ်း-ပါဠိ .... .... | ၁၃ |
| ၁၁၁။ | ၎င်း နိဿယ .... .... | ၄၄ |
| ၁၁၂။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၁၉၂ |
| ၁၁၃။ | ကောဏ္ဍည ရဟန်း၏၊ တေဘူမက သင်္ခါရ တရားတို့၌ အသိဉာဏ်ဖြစ်ပုံပြခဏ်း-ပါဠိ .... | ၁၃ |
| ၁၁၄။ | ၎င်း နိဿယ .... .... | ၄၅ |
| ၁၁၅။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၁၉၃ |
| ၁၁၆။ | သောတာပတ္တိမဂ်စိတ်ဖြစ်ပုံ,ပယ်ပုံပြခဏ်း .... | ၁၉၅ |
| ၁၁၇။ | သောတာပတ္တိမဂ်စိတ်ရ၍၊အကျိုးခံစားရပုံ ပြခဏ်း .... .... | ၁၉၆ |
| ၁၁၈။ | သစ္စာလေးပါးတရားကို၊မသိရခြင်းကြောင့် အပြစ်ရပုံပြခဏ်း .... .... | ၁၉၉ |
| ၁၁၉။ | သစ္စာလေးပါး တရားကို၊သိရခြင်းကြောင့် အကျိုးရပုံပြခဏ်း .... .... | ၂၀၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၀။ | ဓမ္မစကြာ တရား၊ ဟောကြားပြီးနောက်၊ နတ်,ဗြဟ္မာတို့၏၊ကြွေးကြော်ပုံပြခန်း-ပါဠိ.... | ၁၃ |
| ၁၂၁။ | ၎င်း နိဿယ .... .... | ၄၅ |
| ၁၂၂။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ်.... | ၂၀၁ |
| ၁၂၃။ | ကြွေးကြော်သောအသံ၏၊ပျံ့နှံ့တက်ရောက်ပုံ ပြခန်း-ပါဠိ .... .... | ၁၄ |
| ၁၂၄။ | ၎င်း နိဿယ .... | ၄၇ |
| ၁၂၅။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ်.... | ၂၀၄ |
| ၁၂၆။ | မြေကြီး၏တုန်လှုပ်ပုံပြခန်း-ပါဠိ .... | ၁၄ |
| ၁၂၇။ | ၎င်းနိဿယ .... .... | ၄၀ |
| ၁၂၈။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ်.... | ၂၀၄ |
| ၁၂၉။ | အရောင်အလင်းဖြစ်ပုံပြခန်း-ပါဠိ .... | ၁၅ |
| ၁၃၀။ | ၎င်း နိဿယ .... .... | ၄၀ |
| ၁၃၁။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ်.... | ၂၀၆ |
| ၁၃၂။ | ဥဒါန်းကျူးရင့်ပုံနှင့် ဘွဲ့အမည်တော် အပ်နှင်းပုံပြခန်း-ပါဠိ .... | ၁၅ |
| ၁၃၃။ | ၎င်း နိဿယ .... .... | ၄၀ |
| ၁၃၄။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ်.... | ၂၀၆ |
| ၁၃၅။ | ဥဒါန်းကျူးရင့်ပုံနည်းတမျိုးပြခန်း .... | ၂၁၀ |
| ၁၃၆။ | အညာသိကောဏ္ဍညရဟန်း၏၊ရှင်,ရဟန်း ပြုလိုကြောင်း ခွင့်တောင်းပုံပြခန်း-ပါဠိ .... | ၁၅ |
| ၁၃၇။ | ၎င်း နိဿယ .... .... | ၄၈ |
| ၁၃၈။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၂၁၄ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာချက်နှာ |
|---|---|---|
| ၁၄၉။ | ဟေဝိဘိက္ခုခေါ်ပုံနှင့်ဟေဝိဘိက္ခုရဟန်းဖြစ်ပုံ ပြခန်း-ပါဠိ .... .... | ၁၆ |
| ၁၄၀။ | ၎င်း နိဿယ .... .... | ၅၀ |
| ၁၄၁။ | ၎င်း မြန်မာဘာသာပြန်အဓိပ္ပါယ် .... | ၂၁၀ |
| ၁၄၂။ | နိဂမနကထာ .... .... | ၂၂၁ |

# ပဏာမ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ဂန္ထာရမ္ဘ-အာသီသပုဗ္ဗကဂါထာ

(၁) မေ့ဝ ဝတ္တေတိ စက္ကည္စ၊
ဓမ္မရာဇာ ပဘင်္ကရော။
ဓမ္မစက္ကံ သုဒေသေန္တော၊
သော မေ ဌာတု သဒါ သိရေ။ ။

(၁) ပဘင်္ကရော၊ နီလ, ပီတ၊ စသည် ခြောက်မည်၊ မြတ်ရောင်ခြည်ကို၊ တောက်လည့်, ထွန်းပခြင်းကို၊ ပြုတော် မူတတ် ထသော။ ယော ဓမ္မရာဇာ၊ သုံးဆဲ့ခုနစ်ပါး၊ တရားဗောဓိ၊ လက်ကိုင် ရှိ၍၊ သတ္တိစုံလင်၊ မြတ်ဘုန်း အင်ဖြင့်၊ ဂုဏ်ဘင် ကြီးမား၊ ဘုံ သုံးပါး၌၊ တရားကြောင့်၊တရားမင်း ဖြစ်တော်မူသော အကြင် မြတ်စွာဘုရားရှင်သည်။ မေ့၊ ဍုဒ္ဓြေ-မိုလ်-ဗောဇ္ဈင်,အစရှိသော နိဗ္ဗာန်ရောက်ကြောင်း၊ တရားကောင်း, တရားမြတ်ကို။ ဝတ္တေတိ၊ စိတ်၌ ယှဉ်၍၊ အစဉ် ဖြစ်စေတော်မူ၏။ စက္ကည္စ၊အာဏာစက်ကိုလည်း။ ဝတ္တေတိ၊ စိတ်၌ ယှဉ်၍၊ အစဉ်ဖြစ်စေတော်မူ၏။ ဓမ္မစက္ကံ၊ ဓမ္မရာဇ်ဘုန်း၊ မြိမ့်မြိမ့် အုန်းလျက်၊ ကျွန်းလုံးပတ်လည်၊ ကံ—ကြောင့်တည်သည့်၊ လောကီစကြာ၊ ရတနာနှင့်၊ ပမာတုဘက်၊ နှိုင်းယှဉ် စက်၍၊(ဓမ္မစကြာ)၊သညာ မှီးကျူး၊ တရားထူး,တရားမြတ်ကို။ သုဒေသေန္တော၊ မဟာကရုဏာ၊ ကြီးစွာကွန့်လှိုင်း၊ဉာဏ်ကရိုဏ်းဖြင့်၊ ပိုင်းခြားထင်ထင်၊ သိမြင်စေကြောင်း၊ ကောင်းစွာ ဟောကြားတော်မူတတ်သော။ သော ဓမ္မရာဇာ၊ ထိုလောကသဂ်ျစ်၊ ဓမ္မရာဇ် မြတ်စွာဘုရားရှင်သည်။ မေ၊ အကျွန်ုပ်၏။ သိရေ၊ ဦးခေါင်းထိပ်ထက်၌။ သဒါ၊ အခါခပ်သိမ်း။ ဌာတု၊ မယိမ်းမယိုင်၊ ကျောက်စာ တိုင်သို့၊ ကြန့်ခိုင်မတ်မတ်၊ တန့်ရပ် တည်တော်မူပါစေသတည်း။

( ၂ ) ဓမ္မဓဇံ ပဂ္ဂါသေန္တော၊
ဓမ္မရာဇာ ရဏဉ္ဇယော။
ဓမ္မေန ဝသိ ပါပေသိ၊
လောကံ ပါတု သဒါ ဇိနော။ ။

(၂) ယောဓမ္မရာဇာ၊အကြင် လောက သက်ျှစ်၊ ဓမ္မရာဇ်မြတ်စွာ ဘုရားရှင်သည်၊ ရဏဉ္ဇယော၊ အာဠဝက၊ စသည်တသင်း၊ မာရ်နတ်မင်းတို့၊ အားတင်းမာန်တက်၊ စစ်ချီထွက်လျက်၊ တုဘက်ဆိုင်သည့်၊ စစ်ပြိုင်ပွဲကြီး၌၊ ဓမ္မဓဇံ၊ ဒါန, သီလ၊ စသည်ဆယ်တန်၊ ပါရမီ တရား တည်းဟူသော အောင်လံတံခွန်ကို။ပဂ္ဂါသေန္တော၊ သချေ့ လေးရပ်၊ ကသိန်းကပ်ပြင့်၊ ဖြည့်အပ်ပြီးပါ၊ အောင်ကြောင်းသာ-ဟု၊ ကောင်း စွာ ပြတော်မူလျက်။ ဓမ္မေန၊ သုံးဆဲ့ခုနှစ်ပါး၊ တရားဗောဓိ၊ ပက္ခိယ-ဟု၊ ဓမ္မ-စွမ်းဟုန်၊မြတ်ဘုန်းဂုဏ်ဖြင့်။ ဝသိ ၊သတ္တဝါဝေနေ့၊ များမိုလ်ခြေကို၊ သုံးထွေ ဝဋ်ခင်း၊နှောင်အိမ် တွင်းမှ၊ လွတ်ကင်း စေလိုခြင်း ဟူသော မိမိအလိုကို။ ပါပေသိ၊ ရှုခြွေ နိုင်းထောက်၊ ဉာဏ်ရောင် တောက်၍၊ ရောက်စေတော် မူပြီ။ ဇိနော၊ ဒေဝပုတ္တ၊ စသည်များဖြင့်၊ မာန်ငါးအင်ကို၊ အောင်မြင်တော်မူပြီးသော။ သောဓမ္မရာဇာ၊ ထို လောက သက်ျှစ်၊ ဓမ္မရာဇ် မြတ်စွာဘုရားရှင်သည်။ လောကံ၊ သတ္တ-လောကကြီးကို။ သဒါ၊ အခါခပ်သိမ်း။ပါတု၊တက်နေအလား၊ ကြွက် သရေပွါးအောင်၊ မားမားမတ်မတ်၊ ရပ်တန့် စောင့်ရှောက်တော် မူပါစေသတည်း။

(၃) ဓမ္မစက္ကံ သုခါရေထ၊
ဘာဝေထ ဓမ္မမုတ္တမံ။
ဒေသိတံ လောကနာထေန၊
ဒုလ္လဘာဟိ,အယံကထာ။ ။

(၃) လောက နာထေန၊ လူ နတ် ဗြဟ္မာ၊ သတ္တဝါ ဟူ၊ ဝေနေသူ တို့၊ ကြည်ဖြူကိုးစား၊ အားထားရာ ဖြစ်တော်မူသော မြတ်စွာဘုရား ရှင်သည်။ ဒေသိတံ၊ ရှေးဦး ဖွေးဖျား၊ ဉာဏ်ရောင်ပွါး၍၊ ဟောကြား

တော်မူအပ်သော။ ဓမ္မစက္ကံ၊ ဓမ္မစကြာ၊ သညာချိုးကျူး၊ တရားထူး, တရားမြတ်ကို။ သုခာရေထ၊အာဂုံ နှုတ်ထက်၊ရွှရွှ တက်အောင်၊ကျက်မှတ်ဆောင်ယူ ကြကုန်လော။ ဥတ္တမံ၊ နတ်နှင့်ကားလူ၊ အဆူဆူတွင်၊ ဘယ်သူသဘောမျှ၊ဟောပြခြင်းငှါ၊မစွမ်းနိုင်၍၊ မြတ်တော်မူထသော။ ဓမ္မံ၊ဓမ္မစကြာ၊ သညာ ချိုးကျူး၊တရားတူး,တရားမြတ်ကို။ ဘာဝေထ၊ ရွတ်ဘတ်သောအား၊ ပွါးများကြကုန်လော။ ။ကိ၊ သဒ္ဒါစရိုက်ဖြင့်၊ တိုက်တွန်းအပ်စွာ့ အယံကထာ၊ ဤ(ဓမ္မာကြာ) တရားဒေသနာ ဘော်မြတ်သည်။ ဒုလ္လဘာ၊ ကပ္ပါသချေ၊ လွှန်သော မြင့်ညောင်း၊ အါနှောင်းလည်း၊အကြောင်းဆုံဆိုက်၊ ကြုံကြိုက် ကြားနာရခဲပေစွာ့-တကား။

ဤတွင်ရှေ့ကား၊
ဝန္ဒာရေ့မ္မ-အာသီသပုဗ္ဗကာ ါထာ
ပြတ်ေးပြီး၏။

# ဓမ္မစကြာသုတ်ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

(၁) ဓမ္မစကြာ သုတ်အမွှန်းပါဠိ ၃ ဂါထာ

(၁) (၁) ဘိက္ခုနံ ပဉ္စ- ဝဂ္ဂိနံ၊
ဣသိ- ပတန နာမကေ။
မိဂ- ဒါယေ ဓမ္မ- ဝရံ၊
ယံ တံ နိဗ္ဗာန- ပါပကံ။ ။

(၂) သဟမ္ပတိ- နာမကေန၊
မဟာ- ဗြဟ္မုန, ယာစိတော။
စတု- သစ္စံ, ပ ကာသေန္တော၊
လောက- နာထော, အ ဒေသယိ။ ။

(၃) နန္ဒိတံ သဗ္ဗ- ဒေဝေဟိ၊
သဗ္ဗ- သမ္ပတ္တိ- သာဓကံ။
သဗ္ဗ- လောက- ဟိတ တ္ထာယ၊
ဓမ္မ- စက္ကံ ဘဏာမ, ဟေ။ ။

## ဓမ္မစကြာသုတ်-ပါဠိတော်၊

### (၂) ဓမ္မ စကြာ တရား ဟောကြားတော်မူရာ-ဌာန-နှင့် ပဉ္စဝဂ္ဂီ-ရဟန်းတို့ကို၊မိန့်ခေါ်ပုံ ပြခဏ်း

(၂) ဧဝံ မေ သုတံ +
[ဧကံ သမယံ ဘဂဝါ + ဗာရာဏသိယံ
ဝိဟရတိ + ဣသိ- ပတနေ မိဂ-ဒါယေ၊ +
တတြ ခေါ ဘဂဝါ + ပဉ္စ ဝဂ္ဂိယေ ဘိက္ခူ
အာမန္တေသိ။ + ]

---

### (၃) ရဟန်းတို့မမှီဝဲးအပ်သော အယုတ်တရားနှစ်ပါးကို၊ အမေးအဖြေပြု၍ ဟောကြားပုံပြခဏ်း

(၃) [ဒွေ မေ ဘိက္ခဝေ အန္တာ + ပဗ္ဗဇိတေန
န သေဝိတဗ္ဗာ၊ + ]
[ကတ မေ ဒွေ + ]

---

### (၄) (၁) ကာမ သုခလ္လိကာ နုယောဂ- ဟူသောအယုတ်တရားပြခဏ်း

(၄) (၁) ယော စာ-ယံ, ကာမေသု + ကာမ သုခလ္လိ
ကာ- နုယောဂေါ + (၁) ဟီနော၊
(၂) ဂါမ္မော၊ (၃) ပေါထု ဇ္ဇနိကော၊
(၄) အန ရိယော၊ (၅) အနတ္ထ- သံဟိတော။

---

[မှတ်ချက်။ ။ဤ+ကြက်ခြေခတ်-ပြရာ၌၊ အနည်းငယ်-ရပ်၍ ရွတ်ဆိုရန်]

## (၅) (၂) အတ္တ- ကိလမထာ-နု ယောဂ ဟူသောအယုတ်တရား ပြခန်း

(၅) (၂) ယော စာ-ယံ, အတ္တ ကိလမထာ- နု- ယော
ဂေါ + (၁) ဒုက္ခော၊ (၂) အန ရိယော၊
(၃) အနတ္ထ သံဟိတော၊

---

## (၆) အယုတ်တရားနှစ်ပါးပယ်၍ (မဇ္ဈိမ ပဋိပဒါ) အကျင့်တရား၏ အကျိုးရပုံ ပြခန်း

(၆) [ဧတေ ခေါ ဘိက္ခဝေ + ဥဘော အန္တေ
အနုပ ဂမ္မ + မဇ္ဈိမာ ပဋိပဒါ + တထာ
ဂတေန အဘိသမ္ဗုဒ္ဓါ +
(၁) စက္ခု-ကရဏီ + (၂) ဉာဏ-ကရဏီ၊ +
(၁) ဥပ-သမာယ + (၂) အဘိညာယ၊ +
(၃) သမ္ဗောဓာယ + (၄) နိဗ္ဗာနာယ သံဝတ္တ-
တိ၊ + ]

---

## (၇) (မဇ္ဈိမပဋိပဒါ) အကျင့်တရားဟူသည်၊ အဘယ်ပါနည်း-ဟု၊အမေး,ပုစ္ဆာ, ပြုပုံပြခန်း

(၇) [ကတမာ စ သာ ဘိက္ခဝေ + မဇ္ဈိမာ ပဋိ-
ပဒါ + တထာ ဂတေန အဘိသမ္ဗုဒ္ဓါ +
(၁) စက္ခု-ကရဏီ + (၂) ဉာဏ-ကရဏီ +
(၁) ဥပ-သမာယ + (၂) အဘိ ညာယ +
(၃) သမ္ဗောဓာယ + (၄) နိဗ္ဗာနာယ သံ ဝတ္တ-
တိ၊ + ]

## (၈) (မဇ္ဈိမပဋိပဒါ) အကျင့်တရားဟူသည်၊ ဤ“မဂ္ဂင်”တရားအကျင့်ပင်တည်းဟု၊ ပြဆိုပုံပြခန်း

(၈) [အယမေဝ အရိယော + အဋ္ဌင်္ဂိကော မဂ္ဂေါ + (သေယျထိ-ဒံ)

(၁) သမ္မာ ဒိဋ္ဌိ၊ (၂) သမ္မာ သင်္ကပ္ပေါ +
(၃) သမ္မာ ဝါစာ၊ (၄) သမ္မာ ကမ္မန္တော +
(၅) သမ္မာ အာဇီဝေါ၊ (၆) သမ္မာ ဝါယာမော +
(၇) သမ္မာ သတိ၊ (၈) သမ္မာ သမာဓိ + ]

---

## (၉) (မဇ္ဈိမပဋိပဒါ)အကျင့်တရား၏အကျိုးရပုံ နိဂုံးချုပ်ပြခန်း

(၉) [အယံ ခေါ သာ ဘိက္ခဝေ + မဇ္ဈိမာ ပဋိ-ပဒါ + တထာဂတေန အဘိသမ္ဗုဒ္ဓါ +

(၁) စက္ခု-ကရဏီ၊ (၂) ဉာဏ- ကရဏီ၊ +
(၁) ဥပ-သမာယ + (၂) အဘိ ညာယ +
(၃) သမ္ဗောဓာယ + (၄) နိဗ္ဗာနာယ သံ ဝတ္တ-တိ။]

---

## (၁၀) (၁)ဒုက္ခ သစ္စာ ပြခန်း

(ဒုက္ခ ၈-မျိုး)

(၁၀) (က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ +
(ခ) အရိယ-သစ္စံ +
(၁) ဇာတိ-ပိ ဒုက္ခာ +
(၂) ဇရာ-ပိ ဒုက္ခာ +
(၃) ဗျာဓိ-ပိ ဒုက္ခော +

(၄) မရဏံ-ပိ ဒုက္ခံ +
(၅) အ- ပ္ပိယေဟိ သမ္ပ ယောဂေါ ဒုက္ခော +
(၆) ပိယေဟိ ဝိ- ပ္ပ ယောဂေါ ဒုက္ခော +
(၇) ယံ ပိ-စ္ဆံ နလဗ္ဘတိ၊ တံ-ပိ ဒုက္ခံ +
(၈) (သံခိတ္တေန) ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ +

---

## (၁၁) (၂) သမုဒယသစ္စာပြခဏ်း

(တဏှာ ၃-မျိုး)

(၁၁) (က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ-သမုဒယံ +
(ခ) အရိယ-သစ္စံ +
[ယာ-ယံ တဏှာ၊ (၁) ပေါနောဗ္ဘဝိကာ +
(၂) နန္ဒီ- ရာဂ- သဟဂတာ + (၃) တတြ +
တတြာဘိ- နန္ဒိနီ + (သေယျထိ- ဒံ)
(၁) ကာမ- တဏှာ + (၂) ဘဝ တဏှာ +
(၃) ဝိဘဝ တဏှာ + ]

---

## (၁၂) (၃) နိရောဓ သစ္စာပြခဏ်း

(နိဗ္ဗာန်၏ အခြင်းအရာ ၅–မျိုး)

(၁၂) (က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ-နိရောဓံ +
(ခ) အရိယ- သစ္စံ +
[ယော တဿာ- ယေဝ တဏှာယ +
(၁) အသေသ- ဝိရာဂ- နိရောဓော +
(၂) စာဂေါ + (၃) ပဋိ- နိ-ဿဂ္ဂေါ +
(၄) မုတ္တိ + (၅) အနာ- လယော + ]

## (၁၃) (၄)မဂ္ဂ သစ္စာပြခန်း
(မဂ္ဂင်တရား ၈–ပါး)

(၁၃) (က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ-နိရောဓ-ဂါမိနီ-ပဋိပဒါ +
(ခ) အရိယ-သစ္စံ +
[အယ မေဝ အရိယော + အဋ္ဌင်္ဂိကော မဂ္ဂေါ + (သေယျထိ- ဒံ)]
(၁) သမ္မာ- ဒိဋ္ဌိ +
(၂) သမ္မာ- သင်္ကပ္ပေါ +
(၃) သမ္မာ- ဝါစာ +
(၄) သမ္မာ- ကမ္မန္တော +
(၅) သမ္မာ- အာဇီဝေါ +
(၆) သမ္မာ- ဝါယာမော +
(၇) သမ္မာ- သတိ +
(၈) သမ္မာ- သမာဓိ +

---

## (၁၄) (၁) ဒုက္ခသစ္စာ၌၊
## (ခ) သစ္စ ဉာဏ် ၅-ပါး ပြခန်း

(၁၄) (က) ဣဒံ ဒုက္ခံ +
(ခ) အရိယ-သစ္စ-န္တိ၊ မေ ဘိက္ခဝေ +
ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု +
(၁) စက္ခု ဥဒပါဒိ +
(၂) ဉာဏံ ဥဒပါဒိ၊ +
(၃) ပညာ ဥဒပါဒိ၊ +
(၄) ဝိဇ္ဇာ ဥဒပါဒိ၊ +
(၅) အာလောကော ဥဒပါဒိ၊ +

## (၁၅) (၁) ဒုက္ခသစ္စာ၌၊
## (၂) ကိစ္စဉာဏ် ၅-ပါး ပြခန်း

(၁၅) (က) တံ ခေါ ပနိ-ဒံ ဒုက္ခံ၊ +
(ခ) အရိယ သစ္စံ +
ပရိ ညေယျန္တိ မေ ဘိက္ခဝေ +
ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု +
(၁) စက္ခုံ ဥဒပါဒိ၊ + (၂) ဉာဏံ ဥဒပါဒိ၊ +
(၃) ပညာ ဥဒပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒပါဒိ၊ +
(၅) အာလောကော ဥဒပါဒိ၊ +

---

## (၁၆) (၁) ဒုက္ခသစ္စာ၌၊
## (၃) ကတဉာဏ် ၅-ပါး ပြခန်း

(၁၆) (က) တံ ခေါ ပနိ-ဒံ ဒုက္ခံ၊ +
(ခ) အရိယ သစ္စံ၊
ပရိညာတ-န္တိ၊ မေ ဘိက္ခဝေ +
ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု +
(၁) စက္ခုံ ဥဒပါဒိ၊ + (၂) ဉာဏံ ဥဒပါဒိ၊ +
(၃) ပညာ ဥဒပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒပါဒိ၊ +
(၅) အာလောကော ဥဒပါဒိ၊ +

---

## (၁၇) (၂) သမုဒယ သစ္စာ၌ (၁) သစ္စဉာဏ် ၅-ပါး ပြခန်း

(၁၇) (က) ဣဒံ ဒုက္ခ-သမုဒယံ၊ +
(ခ) အရိယ- သစ္စ-န္တိ၊ မေ ဘိက္ခဝေ +
ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု +

(၁) စက္ခုံ ဥဒပါဒိ + (၂) ဉာဏံ ဥဒပါဒိ +
(၃) ပညာ ဥဒပါဒိ + (၄) ဝိဇ္ဇာ ဥဒပါဒိ +
(၅) အာလောကော ဥဒပါဒိ၊ +

---

## (၁၈) (၂) သမုဒယ-သစ္စာ၌ (၂) ကိစ္စဉာဏ် ၅-ပါး ပြခန်း

(၁၈) (က) တံ ခေါ ပနိ-ဒံ ဒုက္ခ- သမုဒယံ၊ +
(ခ) အရိယ-သစ္စံ၊ +
ပဟာ တဗ္ဗ-န္တိ၊ မေ ဘိက္ခဝေ +
ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု +
(၁) စက္ခုံ ဥဒပါဒိ၊ + (၂) ဉာဏံ ဥဒပါဒိ၊ +
(၃) ပညာ ဥဒပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒပါဒိ၊ +
(၅) အာလောကော ဥဒပါဒိ၊ +

---

## (၁၉) (၂) သမုဒယ-သစ္စာ၌ (၃) ကတဉာဏ် ၅-ပါး ပြခန်း

(၁၉) (က) တံ ခေါ ပနိ-ဒံ ဒုက္ခ- သမုဒယံ၊ +
(ခ) အရိယ- သစ္စံ၊ +
ပဟီန-န္တိ၊ မေ ဘိက္ခဝေ +
ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု +
(၁) စက္ခုံ ဥဒပါဒိ၊ + (၂) ဉာဏံ ဥဒပါဒိ၊ +
(၃) ပညာ ဥဒပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒပါဒိ၊ +
(၅) အာလောကော ဥဒပါဒိ၊ +

## (၂၀) (၃)နိရောဓ-သစ္စာ၌ (၁)သစ္စဉာဏ် ၅-ပါး ပြခဏ်း

(၂၀) (က) ဣဒံ ဒုက္ခ-နိရောဓံ၊ +
(ခ) အရိယ-သစ္စ-န္တိ၊ မေ ဘိက္ခဝေ၊ +
ပုဗ္ဗေ အန နုဿုတေသု ဓမ္မေသု +
(၁) စက္ခုံ ဥဒ ပါဒိ၊ + (၂) ဉာဏံ ဥဒ ပါဒိ၊ +
(၃) ပညာ ဥဒ ပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒ ပါဒိ၊ +
(၅) အာလောကော ဥဒ ပါဒိ၊ +

---

## (၂၁) (၃)နိရောဓ-သစ္စာ၌ (၂)ကိစ္စဉာဏ် ၅-ပါး ပြခဏ်း

(၂၁) (က) ဣဒံ ဒုက္ခ- နိရောဓံ၊ +
(ခ) အရိယ- သစ္စံ၊- +
သစ္ဆိ- ကာတဗ္ဗ-န္တိ၊ မေ ဘိက္ခဝေ၊ +
ပုဗ္ဗေ အန နုဿုတေသု ဓမ္မေသု၊ +
(၁) စက္ခုံ ဥဒ ပါဒိ၊ + (၂) ဉာဏံ ဥဒ ပါဒိ၊ +
(၃) ပညာ ဥဒ ပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒ ပါဒိ၊ +
(၅) အာလောကော ဥဒ ပါဒိ၊ +

---

## (၂၂) (၃)နိရောဓ-သစ္စာ၌ (၃)ကတဉာဏ် ၅-ပါး ပြခဏ်း

(၂၂) (က) တံ ခေါ ပနိ-ဒံ ဒုက္ခ-နိရောဓံ၊ +
(ခ) အရိယ-သစ္စံ၊ +
သစ္ဆိ- ကတ-န္တိ၊ မေ ဘိက္ခဝေ၊ +
ပုဗ္ဗေ အန နုဿုတေသု ဓမ္မေသု၊ +

(၁) စက္ခုံ ဥဒပါဒိ၊ + (၂) ဉာဏံ ဥဒပါဒိ၊ +
(၃) ပညာ ဥဒပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒပါဒိ၊ +
(၅) အာလောကော ဥဒပါဒိ၊ +

---

## (၂၃) (၄) မဂ္ဂသစ္စာ-၌၊ (၁) သစ္စ-ဉာဏ် ၅-ပါးပြခဏ်း

(၂၃) (က) ဣဒံ ဒုက္ခ-နိရောဓ ဂါမိနီ ပဋိပဒါ၊ +
(ခ) အရိယ- သစ္စ-န္တိ၊ မေ ဘိက္ခဝေ၊ +
ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု +
(၁) စက္ခုံ ဥဒပါဒိ၊ + (၂) ဉာဏံ ဥဒပါဒိ၊ +
(၃) ပညာ ဥဒပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒပါဒိ၊ +
(၅) အာလောကော ဥဒပါဒိ၊ +

---

## (၂၄) (၄) မဂ္ဂ-သစ္စာ၌၊ (၂) ကိစ္စဉာဏ် ၅-ပါးပြခဏ်း

(၂၄) (က) တံ ခေါ ပနိ-ဒံ + ဒုက္ခ နိရောဓ-ဂါမိနီ ပဋိ–ပဒါ၊ +
(ခ) အရိယ- သစ္စံ၊ +
ဘာဝေတဗ္ဗ-န္တိ၊ မေ ဘိက္ခဝေ၊ +
ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု၊ +
(၁) စက္ခုံ ဥဒပါဒိ၊ + (၂) ဉာဏံ ဥဒပါဒိ၊ +
(၃) ပညာ ဥဒပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒပါဒိ၊ +
(၅) အာလောကော ဥဒပါဒိ၊ +

## (၂၅) (၄) မဂ္ဂသစ္စာ၌၊ (၃) ကတဉာဏ် ၅-ပါးပြခဏ်း

(၂၅) (က) တံ ခေါ၊ပနိ-ဒံ + ဒုက္ခ-နိရောဓ-ဂါမိနီ-ပဋိ–
ပဒါ၊ +
(ခ) အရိယ-သစ္စံ၊ +
ဘာဝိတ–န္တိ၊ မေ ဘိက္ခဝေ၊ +
ပုဗ္ဗေ အန နုဿုတေသု ဓမ္မေသု၊ +
(၁) စက္ခုံ ဥဒ ပါဒိ၊ + (၂) ဉာဏံ ဥဒ ပါဒိ၊ +
(၃) ပညာ ဥဒ ပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒ ပါဒိ၊ +
(၅) အာလောကော ဥဒ ပါဒိ၊ +

---

## (၂၆) သစ္စာလေးပါး၊ တရားအစဉ်ကို၊ မသိ,မမြင်ရ သေးမီက၊ဗုဒ္ဓမည်တွင်၊ ဘုရားသျှင်အစစ်၊ ဖြစ်ပြီ-ဟု၊ဝန်မခံပုံပြခဏ်း

(၂၆) (က) [ယာဝ ကီဝဉ္စ မေ ဘိက္ခဝေ + ဣမေသု
စတူသု အရိယ- သစ္စေသု + ဧဝံ တိ-ပရိ-ဝဋ္ဋံ,
ဒွါဒသာ-ကာရံ + ယထာ ဘူတံ ဉာဏ–
ဒဿနံ + န သု-ဝိ သုဒ္ဓံ အဟောသိ၊ + ]၊
(ခ) [နေဝ တာဝါ-ဟံ ဘိက္ခဝေ + သ-ဒေဝ–
ကေ,လောကေ + သ-မာရကေ, သ–ဗြဟ္မ–
ကေ + သ-သမဏ-ဗြာဟ္မဏိယာပဇာယ +
သ-ဒေဝ-မနု ဿာယ + အနု တ္တရံ သမ္မာ–
သမ္ဗောဓိံ + အဘိ- သမ္ဗုဒ္ဓေါ-တိ ပစ္စညာ–
သိံ၊ + ]

---

(၂၇) သစ္စာလေးပါး၊ တရားအစဉ်ကို၊
သိ-မြင်သောအခါတိုင်မှသာ၊ ဗုဒ္ဓ-မည်တွင်၊
ဘုရားသျှင်အစစ်၊ ဖြစ်ပြီ-ဟု၊ ဝန်ခံပုံပြခဏ်း

(၂၇) (က) [ယတော စ ခေါ မေ ဘိက္ခဝေ + ဣမေသု
စတူသု အရိယ-သစ္စေသု + ဧဝံ တိ-ပရိ-ဝဋ္ဋံ,
ဒွါဒသာ- ကာရံ + ယထာ-ဘူတံ ဉာဏ-
ဒဿနံ + သု-ဝိ-သုဒ္ဓံ အဟောသိ၊ + ]

(ခ) [အထာ-ဟံ ဘိက္ခဝေ + သ-ဒေဝကေ, လော-
ကေ + သ-မာရကေ, သ-ဗြဟ္မကေ + သ-
သမဏ-ဗြာဟ္မဏိယာ ပဇာယ + သ-ဒေဝ-
မနုဿာယ + အနုတ္တရံ သမ္မာ-သမ္ဗောဓိံ +
အဘိ-သမ္ဗုဒ္ဓေါ-တိ ပစ္စညာသိံ၊ + ]

---

(၂၈) ဗုဒ္ဓ-ဘုရားသျှင်၏ (ပစ္စဝေက္ခဏာ) ဉာဏ်
အမြင်ဖြင့် ဆင်ခြင်ပုံ ပြခဏ်း

(၂၈) (၁) ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ +
(၂) အကုပ္ပါ မေ စေတော ဝိမုတ္တိ၊ +
(၃) အယ-မန္တိမာ, ဇာတိ၊ +
(၄) နတ္ထိ ဒါနိ ပုနဗ္ဘဝေါ-တိ၊ +
ဣဒ- မဝေါစ ဘဂဝါ-တိ၊ +

---

(၂၉) "ပဉ္စဝဂ္ဂီ" ရဟန်းတို့၏၊ နှစ်သက်ခြင်းဖြစ်ပုံ
ပြခဏ်း

(၂၉) [အတ္တမနာ ပဉ္စ ဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော
ဘာသိတံ အဘိနန္ဒုန္တိ။]

## (၃၀) "ကောဏ္ဍည"ရဟန်း၏ သောတာပတ္တိ မဂ်ဉာဏ်ဖြစ်ပုံပြခဏ်း

(၃၀) ဣမသ္မိံ စ ပန + ဝေယျာကရဏသ္မိံ ဘညမာ-
နေ + အာယသ္မတော ကောဏ္ဍညဿ +
ဝိရဇံ, ဝီတ-မလံ, ဓမ္မ စက္ခုံ ဥဒပါဒိ။

---

## (၃၁) "ကောဏ္ဍည"ရဟန်း၏၊ တေဘူမကသင်္ခါရ တရားတို့၌အသိဉာဏ်ဖြစ်ပုံပြခဏ်း

(၃၁) (၁) "ယံကိဉ္စိ သမုဒယ ဓမ္မံ"
(၂) "သဗ္ဗံ တံ နိရောဓ ဓမ္မ-န္တိ။"၊

---

## (၃၂) "ဓမ္မစကြာ"တရား၊ ဟောကြားပြီးနောက် နတ်, ဗြဟ္မာ, တို့၏၊ ကြွေးကြော်ပုံပြခဏ်း

(၃၂) (၁) ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ +
ဘုမ္မာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ။
[တေ ဘဂဝတာ ဗာရာဏသိယံ +
ဣသိ ပတနေ မိဂ ဒါယေ +
အနုတ္တရံ ဓမ္မ စက္ကံ ပဝတ္တိတံ +
အပ္ပဋိ- ဝတ္တိယံ + သမဏေန ဝါ +
ဗြာဟ္မဏေန ဝါ + ဒေဝေန ဝါ +
မာရေန ဝါ + ဗြဟ္မုနာ ဝါ +
ကေနစိ ဝါ လောကသ္မိံ-တိ + ]
[ (၁) ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ +
(၂) စာတု မဟာ ရာဇိကာ ဒေဝါ +
သဒ္ဒ မနုဿာဝေသုံ။]

(၁—၂) စာတု မဟာ ရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ-
(၃) တာဝတိံသာ ဒေဝါ+
(၄) ယာမာ ဒေဝါ+
(၅) တုသိတာ ဒေဝါ+
(၆) နိမ္မာန ရတိ ဒေဝါ+
(၇) ပရ နိမ္မိတ ဝသ ဝတ္တီ ဒေဝါ+
(၈) ဗြဟ္မ ကာယိကာ ဒေဝါ+ သဒ္ဒ မနုဿာဝေသုံ။

[ဧတံ ဘဂဝတာ ဗာရာဏသိယံ
ဣသိ ပတနေ မိဂ ဒါယေ+
အနုတ္တရံ ဓမ္မ စက္ကံ ပဝတ္တိတံ+
အပ္ပဋိ-ဝတ္တိယံ+ သမဏေန ဝါ+
ဗြာဟ္မဏေန ဝါ+ ဒေဝေန ဝါ+
မာရေန ဝါ+ ဗြဟ္မုနာ ဝါ+
ကေနစိ ဝါ လောကသ္မိံ-တိ+

## (၃၃) ကြွေးကြော်သောအသံ၏ ပျံ့နှံ့တက်ရောက်ပုံပြခန်း

(၃၃) [ဣတိဟ၊ တေန ခဏေန+ တေန လယေ-န+ တေန မုဟုတ္တေန+ ယာဝ-ဗြဟ္မလောကာ+ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။]

## (၃၄) မြေကြီး၏တုန်လှုပ်ပုံပြခန်း

(၃၄) [အယဉ္စ ဒသ သဟဿီ လောက- ဓာတု+ သင်္ကမ္ပိ၊+ သမ္ပကမ္ပိ၊+ သမ္ပဝေဓိ၊+ ]

## (၃၅) အရောင်, အလင်းဖြစ်ပုံပြခဏ်း

(၃၅) အ- ပ္ပမာဏော စ ဥဠာရော + ဩဘာသော
လောကေ ပါတု-ရဟောသိ + အတိက္ကမ္မ
ဒေဝါနံ ဒေဝါ- နု ဘာဝန္တိ၊ + ]

---

## (၃၆) "ဥဒါန်း"ကျူးရင့်ပုံနှင့်၊ ဘွဲ့အမည်တော်, အပ်နှင်းပုံပြခဏ်း

(၃၆) [အထခေါ ဘဂဝါ ဥဒါနံ ဥဒါနေသိ၊
(၁) အညာသိ, ဝတ, ဘော, ကောဏ္ဍညော၊ +
(၁) အညာသိ,ဝတ,ဘော,ကောဏ္ဍညော-တိ၊ +
(၂) ဣတိဟိ-ဒံ,အာယသ္မတောကောဏ္ဍညဿ +
"အညာသိ-ကောဏ္ဍညော"တွေဝ + နာမံ
အဟောသိ၊ + ]

---

## (၃၇) "အညာသိ-ကောဏ္ဍည"ရဟန်း၏ ရှင်,ရဟန်း,ပြုရလိုကြောင်း ခွင့်တောင်းပုံ ပြခဏ်း

(၃၇) [အထခေါ အာယသ္မာ အညာသိ-ကောဏ္ဍ-
ညော +
(၁) ဒိဋ္ဌ - ဓမ္မော + (၂) ပတ္တ - ဓမ္မော +
(၃) ဝိဒိတ - ဓမ္မော + (၄) ပရိယောဂါဠှ-ဓမ္မော + (၅) တိဏ္ဏ-ဝိစိကိစ္ဆော +
(၆) ဝိဂတ- ကထံ-ကထော + (၇) ဝေ-
သာရဇ္ဇ-ပတ္တော + (၈) အပရ-ပစ္စယော +
သတ္ထု-သာသနေ + ဘဂဝန္တံ ဧတ-ဒဝေါ-
စ + ]

(က) လဘေယျာ-ဟံ ဘန္တေ + ဘဂဝတော သန္တိ-
ကေ ပဗ္ဗဇ္ဇံ +
(ခ) လဘေယျံ ဥပ-သမ္ပဒ-န္တိ။]

---

## (၃၀) (ဧဟိ ဘိက္ခု) ခေါ်ပုံနှင့် (ဧဟိဘိက္ခု) ရဟန်း ဖြစ်ပုံ ပြခန်း

(၃၀) (၁) [ဧဟိ ဘိက္ခူ-တိ၊ ဘဂဝါ အဝေါစ +
သွာက္ခာတော ဓမ္မော + စရ ဗြဟ္မစရိယံ +
သမ္မာ ဒုက္ခဿ အန္တ ကိရိယာယာ-တိ +
(၂) သာဝ,တဿ အာယသ္မတော + ဥပ-သမ္ပဒါ
အဟောသိ-တိ + ]

(ဓမ္မ စက္က ပဝတ္တန သုတ္တံ နိဋ္ဌိတံ။)

# ဓမ္မစကြာဖွင့်အကျယ်လက်စွဲ

## နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ

## (၁) ဓမ္မစကြာအမွှန်း ၃-ဂါထာနိဿယသစ်

(၁)(၁-၂) စတုသစ္စံ၊ သစ္စာလေးပါး တရားအစဉ်ကို။ ပကာ သေန္တော၊မျက်ဝါး ထင်ထင် သိမြင်စေကြောင်း၊ကောင်းစွာ ပြတော် မူတတ်ထသော။ လောကနာထော၊ သုံး လောကလုံး၊ ပျော်း ဝိတုန်း တို့၊ ညွတ်ရိုး ဦးခိုက်၊ မကိုင်ရ သရဖူ၊အောင်လံထူ၍၊ပြိုင်သူ ဘက်ရှား၊ ကိုးစားရာအစစ်၊ ဖြစ်တော်မူသော မြတ်စွာ ဘုရား သခင်သည်။ သဟံ ပတိနာမကေန၊ ရူပါ ဝစရ၊ ပဉ္စမ-ဘုံစံ (သဟံ ပတိ) အမည် ရှိသော။ မဟာ ဗြဟ္မေန၊ ဘုန်းရောင်, ဂုဏ်ရောင်၊ နေ, တန်ဆောင်သို့၊ ထွန်း ပြောင်-တင့်လတ် မြတ်သော“မဟာဗြဟ္မာ” မင်းသည်။ယာစိတော၊ [ဒေသေတု, ဘန္တေ ဘဂဝါ ဓမ္မံ၊ ဒေသေတု, သုဂတော ဓမ္မံ] ဟု၊ အ ဖန်ဖန် တောင်းပန်အပ်သည်ဖြစ်၍။ ဣသိ- ပတန- နာမကေ၊ ဘုရား ပစ္စေကာ၊ အရိယာ သခင်၊ အရှင်မြတ်တို့၊ကောင်းကင်ထက်သို့၊ တက် ရောက်ရာ၊ ကောင်းကင်- ထက်မှ၊ ဆင်းသက် ကျရောက်ရာ ဖြစ်ခြင်း ကြောင့် (ဣသိ-ပတန) အမည်ရှိသော။ မိဂ- ဒါယေ၊ သား, ငှက်, အ ပေါင်း၊ ချမ်းသာ ကြောင်း-ဟု၊ မိန့်ဩောင်း သာချို၊ ကောင်းစွာ ဆို၍၊ ကြည်ညို လေးဝှဲ၊ အရေး ဖွဲ့၍၊ ဘေးမဲ့ ပေးရာ၊ မိဂ ဒါဝုန်၊ရဂုံ တောအုပ်ကြီး၌။ ပဉ္စဝဂ္ဂိ နံ၊ ငါးယောက် အစု၊ တိုင်ပင် ပြု၍၊ နေမှု တွက်တာ၊ဉ်ခြင်းရာ ကြောင့် (ပဉ္စ-ဝဂ္ဂီ) အမည်ရှိကုန်သော။ဘိက္ခူနံ၊ အရှင်- ကောဏ္ဍည,အရှင်- ဝပ္ပ, အရှင်-ဘဒ္ဒိယ, အရှင်-မဟာနာမ်, အရှင်-အဿဇိ,ဟူကုန်သော ရဟန်းပုဂ္ဂိုလ်တို့အား။ နိဗ္ဗာန-ပါပကံ၊ နိဗ္ဗာန် နန်းသို့၊ဖြောင့်တန်းထုတ်ချောက်၊မဂ်-ဉာဏ် ပေါက်၍၊ ရောက် စေ တတ်ထသော။ ဓမ္မ-ဝရံ၊ အနမတဂ်၊ သံသရာ စက်၌၊အိပ်မက်တွင် မျှ၊ မကြားရ ဘူး၊ မကြုံရ ဘူး၊ စကားဦးဖြင့်၊ တရားထူး, တရားမြတ် ဖြစ်ပေထသော။ ယံ ဓမ္မ-စက္ကံ၊ အကြင်သို့သဘောရှိသော (ဓမ္မစကြာ)

သုတ်၊ တရားဒေသနာတော်မြတ်ကို။ အဒေသယိ၊ အင်္ဂါရှစ်ဂုံ၊ သံတော်ဂုဏ်မြင့်၊ သင်းထုံ ပျံ့မွှေး၊အောင်သံ ပေး၍၊ကြည်ဧ- ဇောညွှတ်၊ဟောရွတ် တော်မူလေပြီ။

(၃) သဗ္ဗ ဒေဝေဟိ၊ ခပ်သိမ်း ဥဿုံ၊ အလုံးစုံသော မင်းဟူသော သမုတိနတ်၊ သိကြား- ဗြဟ္မာ၊ နတ် ဒေဝါ- ဟူသော ဥပ- ပတ္တိ- နတ်၊ လောကခေတ်"လုံး၊" အမြတ်ဆုံး ဖြစ်တော်မူသော မြတ်စွာဘုရားဟူသော'ဝိသုဒ္ဓိနတ်ရှင်တို့သည်။ နန္ဒိတံ၊လေးမြတ်ကြည်ညို၊ သဒ္ဒါ ပို၍၊ နှစ်လို အပ်ထသော။ သဗ္ဗ သမ္ပတ္တိ သာဓကံ၊ ခပ်သိမ်း ဥဿုံ၊ အလုံးစုံသော လောကီ, လောကုတ္တရာ၊ပစ္စုပ္ပန်- သံသရာ၊ ချမ်းသာ ကောင်းကျိုး အမျိုးမျိုးတို့ကို၊ပွါးတိုး ပြီးစေနိုင်ထသော။ တံ ဓမ္မ-စက္ကံ၊ ထိုသို့ သဘောရှိသော (ဓမ္မစကြာ)သုတ် တရား ဒေသနာတော် မြတ်ကို။ သဗ္ဗ-လောက ဟိတတ္ထာယ၊ သုံးဆဲ့တဘုံ၊ ဖြစ်ခိုက် ကြုံသည့်၊ အလုံးစုံသော သတ္တ လောက-ကြီး၏၊ အစီးအပွါး အကျိုးငှါ။ ဟော၊ အို⋯ အရှင် သူတော်ကောင်းတို့။ မယံ၊ သဒ္ဓမ္မ-စာရီ၊ သမ္မာ မှီလျက်၊ ပါရမီဂိုဏ်းဝင်၊ သူတော်စင်ဖြစ်ကြကုန်သော (ဓမ္မစကြာ - သာသနာ့ပြု အသင်းဝင်) အကျွန်ုပ်တို့သည်။ ဘဏာမ၊ တရားဂုဏ်ကို၊ အာရုံ စွဲ၍၊ အားခဲ မပြတ်၊ ရွတ်ဘတ် သရဇ္ဈာယ် ကြပါကုန်အံ့။ ။

အမွှန်း ၃-ဂါထာ-ပါဠိ-နိဿယ-ပြီးပြီ။

# ဓမ္မစကြာ ဒီပနီ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### (၂) “ဓမ္မစကြာ”တရား ဟောကြားတော်မူရာဌာန နှင့် “ပဉ္စဝဂ္ဂီ” ရဟန်းတို့ကိုမိန့်ခေါ်ပုံပြခန်း

(၂) ဘန္တေ-ကဿပ၊အသျှင်မြတ် “ကဿပ” ထေရ်ဘုရား။

ဧဒံသုတ္တံ၊ဤ “ဓမ္မစကြာ”သုတ်တရားတော်မြတ်ကို။မေ၊(မယာ) အာနန္ဒာ- မည်တွင်၊ တပည့်ရှင်သည်။ ဘဂဝတော၊ မြတ်စွာဘုရား သျှင်၏။ သမုခါ၊ထံပါး-မျက်မှောက်၊ ရှေ့တော်အောက်မှ။ ဧဝံ၊ဤသို့ လျှင်။သုတံ၊ကြားနာအပ်ပါ၏ ဘုရား။

[ဧကံ၊တပါးသော။သမယံ၊ အခါ၌။ဘဂဝါ၊မြတ်စွာ ဘုရားသည်။ ဗာရာဏသိယံ၊ “ဗာရာဏသီ”ပြည်၌။ ဣသိ-ပတနေ၊ “ဣသိပတန” အမည်ရှိသော။မိဂ—ဒါယေ၊ “မိဂဒါဝုန်”တော၌ ဝိဟရတိ၊ သီတင်း သုံးနေတော်မူ၏။

တတြခေါ၊ထို “ဗာရာဏသီ” ပြည်၏အနီး၌ “ဣသိ ပတန” အမည်ရှိသော “မိဂဒါဝုန်”တောဝယ်၊သီတင်းသုံး- စံနေတော်မူသော အခါ၌။ဘဂဝါ၊ မြတ်စွာဘုရားသျှင်သည်။ပဉ္စ ဝဂ္ဂိယေ၊“ပဉ္စ ဝဂ္ဂီ” အမည် ရှိကုန်သော။ဘိက္ခူ၊ “ဣသိ ပတန” ဖြစ်သော ရဟန်းတို့ကို။ အာမန္တေသိ၊ မိန့်ခေါ်တော်မူ၏။]

---

### (၃) ရဟန်းတို့ မမှီဝဲအပ်သော အယုတ်တရားနှစ်ပါးကို အမေး,အဖြေ,ပြု၍ ဟောကြားပုံပြခန်း

(၃) [ဘိက္ခဝေ၊ “ပဉ္စ ဝဂ္ဂီ” ရဟန်းတို့။

ပဗ္ဗဇိတေန၊ ရဟန်းဖြစ်သောသူသည်။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေအန္တာ၊ ဤအယုတ် တရားတို့ကို။နသေဝိတဗ္ဗာ၊မမှီဝဲအပ်ကုန်။]

[ဒွေအန္တာ၊ အယုတ်တရားနှစ်ပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့ပေနည်း။]

---

## (၄) ကာမသုခလ္လိကာနုယောဂ ဟူသော အယုတ်တရားပြခက်း

(၄)(၁) ဟီနော၊ အကျိုးမဖြစ်၊ ဆိုးညစ်ယုတ်ညံ့သောအကျင့် ဖြစ်၍ (ဟီန) မည်သော,–

(၂) ဂါမ္မော၊ရွာ၌နေသူ၊ လူတို့၏ ပြုအပ်သောအမှု ဥစ္စာဖြစ်၍ (ဂါမ္မ) မည်သော,–

(၃) ပေါထုဇ္ဇနိကော၊ကာမ ဂုဏ်ကွင်းအာရုံ ခင်သည့်၊ ပုထုဇဉ်တို့၏ အလေ့အကျင့်ဖြစ်၍ (ပေါထုဇ္ဇနိက) မည်သော,–

(၄) အနရိယော၊ ကိလေသာညွန်ကို၊ လွန်မြောက်ပြီးသော အရိယာ ပုဂ္ဂိုလ်တို့၏ အမှု ဥစ္စာ မဟုတ်သောကြောင့် (အနရိယ)မည်သော,–

(၅) အနတ္ထ သံဟိတော၊ ပစ္စုပ္ပန်, သံသရာ, ချမ်းသာပွါးတိုး၊ အကျိုးဖြစ်ကြောင်းနှင့် မစပ်ယှဉ်သောကြောင့် (အနတ္ထ သံဟိတ)မည်သော။ ကာမေသု၊တေဘူမက၊သင်္ခါရ တရားဟူသော ဝတ္ထုကာမတို့၌။ ကာမသုခလ္လိကာ နုယောဂေါ၊ ဆန္ဒ,ရာဂ, ဟူသောကိလေသာ ကာမနှင့်ယှဉ်သော ချမ်းသာကို အဖန်တလဲလဲခံစားခြင်းဟု ဆိုအပ်သော။ယော စာယံ၊ (ယောစ-အယံအန္တော) အကြင် (ကာမ သုခလ္လိကာ နုယောဂ)ဟူသော အယုတ်တရားသည်ရှင်း။

---

## (၅) အတ္တကိလမထာနုယောဂ ဟူသော အယုတ်တရားပြခက်း

(၅)(၁) ဒုက္ခော၊ ဆူးခြောင့်ကို မှီ၍ အိပ်ခြင်း အစရှိသည်ဖြင့် ဆင်းရဲကို ဆောင်တတ်သော–

(၂) အနရိယော၊ အရိယ-ဂိုဏ်းဝင်၊ သူတော်စင်တို့၏၊ အကျင့် မဟုတ်သော တိတ္ထိတို့၏ ဥစ္စာဖြစ်သော—

(၃) အနတ္ထ သံဟိတော၊ပစ္စုပ္ပန်, သံသရာ၊ ချမ်းသာပွါးတိုး၊ အကျိုးဖြစ်ကြောင်းနှင့် မစပ်ယှဉ်သော။ အတ္တကိလမထာ နုယောဂေါ၊ မိမိကိုယ်၏ပင်ပန်းခြင်းကို အဖန်တလဲလဲ ဖြစ်စေတတ်သော။ ယောစာယံ၊ (ယောစ— အယံ— အန္တော)အကြင် (အတ္တကိလမထာ နုယောဂ)ဟူသော အယုတ်တရား သည်ရှင်း။ အတ္ထိ၊ ရှိ၏။ ဣမေဗမ္ဘော၊ ဤ အကျင့်တရားတို့သည်။ ဒွေအန္တာ၊ အယုတ်တရား နှစ်ပါး တို့မည်ကုန်၏။

# (၆) အယုတ်တရား နှစ်ပါးပယ်၍ (မဇ္ဈိမပဋိပဒါ) အကျင့်တရား၏ အကျိုးရပုံပြခန်း

(၆) ဘိက္ခဝေ၊ အဲ့ "ဝဋ္ဋဝဋ္ဋိ" ဟုန်းတို့။

ဧတေခေါ ဥဘော အန္တေ၊ ထိုအယုတ်တရား နှစ်ပါးတို့ကို။ အနုပ ဂမ္မ၊ ယုံကြည်ခြင်းဖြင့် မကပ်ရောက်မူ၍။ တထာဂတေန၊ ငါဘုရား သျှင်သည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍သိမြင်တော်မူအပ်သော။

(၁) စက္ခု ကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သော ပညာ မျက်စိကို ပြုတတ်သော။

(၂) ဉာဏ ကရဏီ၊သစ္စာလေးပါးကိုသိခြင်းကို ပြုတတ်သော။ မဇ္ဈိမာ၊အလယ်,အလတ်, ဖြစ်သော။ (ဝါ) (၁) ကာမ သုခလ္လိကာ နုယောဂ သဿတဒိဋ္ဌိ,ဟူသော တခုသော အစု၊(၂) အတ္တ ကိလမထာ နုယောဂ-ဥစ္ဆေဒ- ဒိဋ္ဌိ,ဟူ သော တခုသောအစု၏] အလယ်၌ဖြစ်သော။ ပဋိ-ပဒါ၊ အကျင့် တရားသည်။ (ဝါ)ဝဋ်ဆင်းရဲမှ လွတ်မြောက် ခြင်းငှါ၊အလိုရှိသော သူတို့၏ ကျင့်အပ်သော အကျင့် တရားသည်—

(၁) ဥပ-သမာယ၊ ကိလေသာမီး ငြိမ်းခြင်းဟူသော (သ-ဥပါဒိ သေသ) နိဗ္ဗာန်အကျိုးငှါ။

(၂) အဘိညာယ၊သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့်သိခြင်း အကျိုးငှါ။

(၃) သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာ သိခြင်း အကျိုးငှါ။

(၄) နိဗ္ဗာနာယ၊ (အနုပါဒိ သေသ) နိဗ္ဗာန်အကျိုးငှါ။ သံ-ဝတ္တတိ၊ထင်ရှားစင်စစ် ဖြစ်၏။

---

## (၇) (မဇ္ဈိမပဋိပဒါ) အကျင့်တရားဟူသည် အဘယ်ပါနည်းဟု အမေး, ပုစ္ဆာ, ဖြေပုံ ပြခဏ်း

(၇) ဘိက္ခဝေ၊ အို"ပဥ္စဝဂ္ဂီ"ရဟန်းတို့။
တထာဂတေန၊ ငါဘုရားသျှင်သည်။ အဘိ သမ္ဗုဒ္ဓါ၊ ထိုးထွင်း၍ သိမြင်တော်မူအပ်သော။

(၁) စက္ခုကရဏီ၊ သစ္စာလေးပါးကိုမြင်တတ်သော ပညာမျက်စိကို ပြုတတ်သော။

(၂) ဉာဏကရဏီ၊သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော။ (+ယာ မဇ္ဈိမာ ပဋိပဒါ) အကြင်အလယ်, အလတ်,ဖြစ်သော အကျင့်တရားသည်။

(၁) ဥပ-သမာယ၊ ကိလေသာမီး ငြိမ်းခြင်းဟူသော(သ-ဥပါဒိ သေသ)နိဗ္ဗာန်အကျိုးငှါ။

(၂) အဘိညာယ၊သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့်သိခြင်း အကျိုးငှါ။

(၃) သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာသိခြင်း အကျိုးငှါ။

(၄) နိဗ္ဗာနာယ၊ (အနုပါဒိသေသ) နိဗ္ဗာန်အကျိုးငှါ။သံဝတ္တ-တိ၊ ထင်ရှားစင်စစ်ဖြစ်၏။

(+သာ မဇ္ဈိမာ ပဋိပဒါ)၊ ထိုအလယ်, အလတ်, ဖြစ်သော အကျင့်တရားသည်။ကတမာစ၊ အဘယ်ပေနည်း။

## (ဂ) (မဇ္ဈိမ ပဋိပဒါ) အကျင့်တရားဟူသည် ဤမဂ္ဂင်တရား အကျင့်ပင်တည်းဟု ဖြေဆိုပုံပြခက်း

(ဂ) အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ အယမေဝ မဂ္ဂေါ၊ဤ"မဂ်" ပင်လျှင်တည်း။

ဣဒံမဂ္ဂင်္ဂံ၊ ဤ"မဂ္ဂင်" တရားဟူသည်။ သေယျထာ (ကတမံ)၊ အဘယ်ပေနည်း။

(၁) သမ္မာ ဒိဋ္ဌိ၊ ကောင်းစွာသိမြင်ခြင်း၊
(၂) သမ္မာ သင်္ကပ္ပေါ၊ ကောင်းစွာ ကြံစည်ခြင်း၊
(၃) သမ္မာဝါစာ၊ ကောင်းစွာပြောဆိုခြင်း၊
(၄) သမ္မာ ကမ္မန္တော၊ ကောင်းစွာပြုခြင်း၊
(၅) သမ္မာ အာဇီဝေါ၊ ကောင်းစွာ အသက်မွေးခြင်း၊
(၆) သမ္မာ ဝါယာမော၊ ကောင်းစွာ အားထုတ်ခြင်း၊
(၇) သမ္မာ သတိ၊ ကောင်းစွာ အောက်မေ့ခြင်း၊
(၈) သမ္မာ သမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း၊

ဣဒံ၊(ဓမ္မဇာတံ) ဤရှစ်ပါးသော တရားသဘောသည်။ မဂ္ဂင်္ဂံ၊ "မဂ္ဂင်"မည်၏။ ဝါ၊ အစိတ်အစိတ်အားဖြင့် "မဂ်" ၏အင်္ဂါမည်၏။

## (ဃ) (မဇ္ဈိမပဋိပဒါ) အကျင့်တရား၏ အကျိုးရပုံ နိဂုံးချုပ်ပြခက်း

(ဃ) ဘိက္ခဝေ၊ အို"ပဉ္စဝဂ္ဂီ" ရဟန်းတို့။

တထာဂတေန၊ ငါ ဘုရားသျှင်သည်။ အဘိ- သမ္ဗုဒ္ဓါ၊ထိုးထွင်း၍ သိတော်မူအပ်သော—

(၁) စက္ခု ကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သောပညာ မျက်စိကို ပြုတတ်သော။
(၂) ဉာဏ ကရဏီ၊သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော [+အယံ-ခေါ် သာ၊မဇ္ဈိမာပဋိပဒါ၊] ဤ''မဂ္ဂင်'' ရှစ်ပါးဟူသော အလယ်, အလတ်,ဖြစ်သောအကျင့်တရားသည်။
(၁) ဥပသမာယ၊ကိလေသာမီး ငြိမ်းခြင်းဟူသော(သ-ဥပါဒိ-သေသ)၊ နိဗ္ဗာန် အကျိုးငှါ။
(၂) အဘိညာယ၊သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်း အကျိုးငှါ။
(၃) သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာ သိခြင်း အကျိုးငှါ။
(၄) နိဗ္ဗာနာယ၊၊(အနုပါဒိ သေသ) နိဗ္ဗာန်အကျိုးငှါ။သံဝတ္တ-တိ၊ထင်ရှား စင်စစ် ဖြစ်၏။

---

## (၁၀) ဒုက္ခသစ္စာပြခဏ်း

(ဒုက္ခ ၈-မျိုး)

(၁၀) ဘိက္ခဝေ၊ အို ''ပဉ္စဝဂ္ဂီ''ရဟန်းတို့။

ဣဒံ ခေါ ပန၊ (ဓမ္မ-ဇာတံ) ဤ (လောဘ) (တဏှာ) ကြဉ်သော တေဘူမက သင်္ခါရတရားသည်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယ—သစ္စံ၊ အရိယာ ပုဂ္ဂိုလ်တို့သည်၊ သိအပ်, မြင်အပ်သော ဒုက္ခ-ဟူသော အမှန် သစ္စာ တရားမည်၏။

(၁) ဇာတိ-ပိ၊ပဋိသန္ဓေ,နေရခြင်းသည်လည်း။ဒုက္ခာ၊ဆင်းရဲ၏။ (ဆင်းရဲခြင်း၏အကြောင်းဖြစ်၏။)
(၂) ဇရာ—ပိ၊ အိုး ရွားဟောင်း မြင်း၊ အိုမင်း-ရင့်ရော်ခြင်း သည်လည်း၊ဒုက္ခာ၊ဆင်းရဲ၏။ (ဆင်းရဲခြင်း၏အကြောင်း ဖြစ်၏။)
(၃) ဗျာဓိ-ပိ၊ ဖျားနာရခြင်းသည်လည်း။ ဒုက္ခော။ (ဆင်းရဲ၏။ (ဆင်းရဲခြင်း၏အကြောင်းဖြစ်၏။)

(၄) မရဏံ-ပိ၊ ခန္ဓာပြတ်ကြွေ၊ သေလွန်ရခြင်း သည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ (ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။)

(၅) အပ္ပိယေဟိ၊ မချစ်အပ်,မနှစ်လိုအပ်သော သတ္တဝါ သင်္ခါရတို့နှင့်။ သမ္ပ—ယောဂေါ၊ အတူတကွ၊ ပေါင်းယှဉ် ရခြင်း သည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။

(၆) ပိယေဟိ၊ချစ်အပ်, နှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့နှင့်။ ဝိပ္ပ-ယောဂေါ၊ ကွေကွင်း- ဖဲကြဉ်၊ မပေါင်းယှဉ် ရခြင်း သည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။

(၇) ယံပိစ္ဆံ၊ (ယံ-ပိ-ဣစ္ဆံ) အကြင် တောင့်တခြင်းကို။ (ဝါ) ပဋိသန္ဓေ-နေရခြင်းအစရှိသော ဒုက္ခ သဘောတရားသည်-ငါ့အား, မဖြစ်ပါမူ၊ ကောင်းလေစွ— အစရှိသည်ဖြင့် တောင့်တခြင်းကို။] နလဗ္ဘတိ၊မရအပ်။ တံပိ၊ထိုတောင့်တတိုင်း မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။

(၈) သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သော။ ပဉ္စ၊ ငါးပါး ကုန်သော။ ဥပါဒါ နက္ခန္ဓာ-ပိ၊ ဥပါဒါန်တရားတို့၏- အာရုံပြုရာဖြစ်သော ခန္ဓာငါးပါး တရားအစုတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲ ကုန်၏။

ဣဒံ ခေါ ပန၊ (ဓမ္မ ဇာတံ) ဤ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, အစရှိသောသဘောတရားသည်။ ဒုက္ခံ၊ ဒုက္ခ ဖြစ်သော။ အရိယ—သစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်,မြင်အပ်,သော ဒုက္ခဟူသော အမှန်သစ္စာတရားမည်၏။

---

## (၁၁) သမုဒယသစ္စာပြခန်း

(တဏှာ-သုံးမျိုး)

(၁၁) ဘိက္ခဝေ၊ အို"ပဉ္စဝဂ္ဂီ" ရဟန်းတို့။

ယာယံတဏှာ၊အကြင်တဏှာသည်၊ (ဝါ)အကြင်လောဘသည်။

(၁) ပေါနော် ဗ္ဘဝိကာ၊ဘဝ တဖန်၊ ခန္ဓာဝန်အသစ်ကို၊ ဖြစ်စေတတ်သော အလေ့ရှိ၏။

(၂) နန္ဒီရာဂ သဟဂတာ၊ နှစ်သက်ခြင်း, တပ်ခြင်း,ဖြစ်၍ဖြစ်၏။
(၃) တတြ-တတြ၊ထိုထို ကိုယ်ခန္ဓာ၏အဖြစ်၊ထိုထို အာရုံငါးပါး သဘောတရားတို့၌။ အဘိနန္ဒိနီ၊ အလွန် တပ်နှစ်သက် တတ်၏။

[ဣဒံ(သော တဏှာ)ဤတဏှာ-သည်။(ဝါ) ဤလောဘ သည်။] (သေယျထာ-ကတမာ)အဘယ်ပေနည်း။

(၁) ကာမ တဏှာ၊ ရူပါရုံအစရှိသော ဝတ္ထုကာမကို၊တပ်နှစ် သက်တတ်သော တဏှာ-ငှင်း။
(၂) ဘဝ တဏှာ၊သဿတ— ဒိဋ္ဌိအယူနှင့်တကွဖြစ်သော တပ် နှစ်သက်တတ်သော တဏှာငှင်း။
(၃) ဝိဘဝ တဏှာ၊ ဥစ္ဆေဒ—ဒိဋ္ဌိအယူနှင့်တကွဖြစ်သော တပ် နှစ်သက်တတ်သော တဏှာငှင်း။

ဣဒံ ခေါ ပန၊ (ဓမ္မဇာတံ)ဤတဏှာ-ဟူသော သဘော တရားသည်။ [(ဝါ)ဤလောဘ-ဟူသော သဘောတရား သည်။] ဒုက္ခ-သမုဒယံ၊ဒုက္ခ၏ အကြောင်းဖြစ်သော။ အရိ ယ-သစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်,မြင်အပ်,သော ဒုက္ခ-သမုဒယ-ဟူသော အမှန်သစ္စာ တရားမည်၏။

---

## (၁၂) နိရောဓသစ္စာပြခန်း

(နိဗ္ဗာန်၏ အခြင်းအရာ ၅-မျိုး)

(၁၂) ဘိက္ခဝေ၊ အို"ပဉ္စဝဂ္ဂီ" ရဟန်းတို့။
တဿာယေဝ-တဏှာ-ယ၊ ထိုကာမတဏှာ အစရှိသည် ဖြင့် ဝေဘန်အပ်သော လောဘ-၏သာလျှင်။

(၁) ယော အသေသ ဝိရာဂ နိရောဓော၊ အကြွင်းအကျွင်းမဲ့, တပ်နှစ်သက်ခြင်း ကင်းရာ, ချုပ်ရာ,ဖြစ်သော နိဗ္ဗာန် သည်။
(၂) ယော စာဂေါ၊ အကြွင်စွန့်ရာ,ဖြစ်သောနိဗ္ဗာန်သည်။

(၃) ယော ပဋိ-နိဿဂ္ဂေါ၊ အကြင်ဝေးစွာ စွန့်ရာ,ဖြစ်သော နိဗ္ဗာန်သည်။
(၄) ယာ မုတ္တိ၊ အကြင် ကင်းလွတ်ရာ,ဖြစ်သော နိဗ္ဗာန် သည်။
(၅) ယော အနာလယော၊ အကြင်ကပ်ငြိခြင်း ကင်းရာဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ရှိ၏။

ဣဒံ ခေါပန၊(ဓမ္မဇာတံ)ဤနိဗ္ဗာန်ဟူသော သဘောတရားသည်။ ဒုက္ခ-နိရောဓံ၊ ဒုက္ခ၏ ချုပ်ငြိမ်းရာဖြစ်သော။ အရိယ-သစ္စံ၊ အရိယာ ပုဂ္ဂိုလ်တို့သည် သိအပ်, မြင်အပ်, သော ဒုက္ခ နိရောဓ-ဟူသော အမှန်သစ္စာ တရားမည်၏။

---

## (၁၃) မဂ္ဂသစ္စာပြခန်း

(မဂ္ဂင် တရား ၈-ပါး)

(၁၃) ဘိက္ခဝေ၊အို"ပဥ္စဝဂ္ဂီ"ရဟန်းတို့။

အရိယော၊မြတ်သော။အယမေဝ-မဂ္ဂေါ၊ဤ"မဂ်"သည်သာလျှင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။ ဣဒံ-(မဂ္ဂင်) ဤမဂ္ဂင် တရားဟူသည်။ သေယျထာ-(ကတမံ)အဘယ်ပေနည်း။

(၁) သမ္မာ ဒိဋ္ဌိ၊ ကောင်းစွာသိမြင်ခြင်း။
(၂) သမ္မာ သင်္ကပ္ပေါ၊ ကောင်းစွာကြံစည်ခြင်း။
(၃) သမ္မာ ဝါစာ၊ ကောင်းစွာပြောဆိုခြင်း။
(၄) သမ္မာ ကမ္မန္တော၊ ကောင်းစွာ ပြုခြင်း။
(၅) သမ္မာ အာဇီဝေါ၊ ကောင်းစွာအသက်မွေးခြင်း။
(၆) သမ္မာ ဝါယာမော၊ ကောင်းစွာအားထုတ်ခြင်း။
(၇) သမ္မာ သတိ၊ ကောင်းစွာ အောက်မေ့ခြင်း။
(၈) သမ္မာ သမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း။

ဣဒံ ခေါ ပန၊(ဓမ္မဇာတံ) ဤမဂ္ဂင်ရှစ်ပါးသဘော တရားသည်။ ဒုက္ခ-နိရောဓ ဂါမိနီ-ပဋိပဒါ၊ ဒုက္ခ၏ ချုပ်ငြိမ်းရာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယ-သစ္စံ၊ အရိယာပုဂ္ဂိုလ် တို့သည် သိအပ်, မြင်အပ်, သော ဒုက္ခ နိရောဓ ဂါမိနီ-ပဋိပဒါ ဟူသော အမှန်သစ္စာ တရားမည်၏။

## (၁၄) ဒုက္ခသစ္စာ၌ (၁) သစ္စဉာဏ် ၅-ပါးပြခန်း

(၁၄) ဘိက္ခဝေ၊ အိုး"ပဉ္စဝဂ္ဂီ"ရဟန်းတို့။

ဣဒံ၊ ဤ(လောဘ) (တဏှာ) ကြဉ်သော တောဘူမက တရားသည်။ ဒုက္ခံ၊ ဒုက္ခ ဖြစ်သော။ အရိယ-သစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်,မြင်အပ်,သော ဒုက္ခ-ဟူသော အမှန်သစ္စာတရား မည်၏။

ဣတိ၊ဤသို့။(မေ-မယာ)ငါဘုရားသျှင်သည်။ပုဗ္ဗေ၊ ဘုရားသျှင်အစစ်၊မဖြစ်သေးမီ၊ ရှေးအဘို့၌။ အနနုဿုတေသု၊ တကြိမ် တဖန်၊တရံ-တခါမျှ၊မကြားနာရ-စဘူးကုန်သော။ ဓမ္မေသု၊ဒုက္ခသစ္စာတရားတို့၌—

(၁) စက္ခုံ၊ ဒုက္ခသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ ဒုက္ခသစ္စာကို သိတတ်သောဉာဏ်သည်။ဥဒ—ပါဒိ၊ထင်ရှားဖြစ်၏။

(၃) ပညာ၊ ဒုက္ခသစ္စာကို (ဇာတိ-ဒုက္ခ) အစရှိသော အပြားဖြင့်သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၄) ဝိဇ္ဇာ၊ ဒုက္ခသစ္စာကိုထိုးထွင်း၍ သိခြင်းသည်။ ဥဒ—ပါဒိ၊ထင်ရှားဖြစ်၏။

(၅) အာလောကော၊ ဒုက္ခသစ္စာကို ဖုံးလွှမ်းတတ်သော (မောဟ)တည်းဟူသော အမိုက် အတိုက်ကို ဖျက်ဆီးတတ်သော (ပညာ) တည်းဟူသော အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

# (၁၅) ဒုက္ခသစ္စာ၌ (၂)ကိစ္စဉာဏ် ၅-ပါးပြခန်း

(၁၅)ဘိက္ခဝေ၊ အို''ပဉ္စဝဂ္ဂီ''ရဟန်းတို့။

အရိယ-သစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်, မြင်အပ်,သော ဒုက္ခဟူသော အမှန်သစ္စာတရားဖြစ်သော။ တံခေါပနိဒံ (တံ-ခေါ-ပန-ဣဒံ)ဒုက္ခံ၊ထိုဒုက္ခဖြစ်သောတရားကို။ ပရိညေယျံ၊ယက်ဝန်းကျင်မှ ပိုင်းခြား၍သိအပ်၏။ ။(ဝါ)ဤတရားသည်ကား၊ဒုက္ခသာတည်း။ ။ ဒုက္ခ-သည်ကား-ဤမျှသာတည်း။ ။ဤထက်အလွန်မရှိ။ ။ဤမှ အောက် အယုတ်မရှိ-ဟု၊ ထက်ဝန်းကျင်မှ ပိုင်းခြား၍သိအပ်၏။

ဣတိ၊ဤသို့။ (မေ-မယာ)၊ ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ဘုရားသျှင် အစစ်မဖြစ်သေးမီ ရှေးအဘို့၌။ အနနုဿုတေသု၊တကြိမ်-တဖန်-တရံ တခါမျှ မကြားနာရ-စဘူးကုန်သော။ဓမ္မေသု၊ဒုက္ခသစ္စာတရားတို့၌—

(၁) စက္ခုံ၊ ဒုက္ခသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ဉဒပါဒိ၊ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ ဒုက္ခသစ္စာကို သိတတ်သော ဉာဏ်သည်။ဉဒ-ပါဒိ၊ထင်ရှားဖြစ်၏။

(၃) ပညာ၊ ဒုက္ခသစ္စာကို(ဇာတိ-ဒုက္ခ) အစရှိသော အပြားဖြင့် သိခြင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

(၄) ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို ထိုးထွင်း၍သိခြင်းသည်။ ဉဒ-ပါဒိ၊ထင်ရှားဖြစ်၏။

(၅) အာလောကော၊ ဒုက္ခသစ္စာကို ဖုံးလွှမ်းတတ်သော (မောဟ)တည်းဟူသော အမိုက် အတိုက်ကို ဖျက်ဆီးတတ်သော (ပညာ) တည်းဟူသော အရောင်အလင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

## (၁၆) ဒုက္ခသစ္စာ၌ (၃)ကတဉာဏ် ၅-ပါးပြခဏ်း

(၁၆) ဘိက္ခဝေ၊ အိုး''ပဉ္စဝဂ္ဂီ''ရဟန်းတို့။

အရိယ–သစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည် သိအပ်, မြင်အပ်,သော ဒုက္ခဟူသော အမှန် သစ္စာ တရားဖြစ်သော။တံ ခေါ ပနိ ဒံ၊(တံ-ခေါ-ပန–ဣဒံ)ဒုက္ခံ၊ထိုဒုက္ခဖြစ်သောတရားကို။ပရိညာတံ၊ထက်ဝန်းကျင်မှ ပိုင်းခြား၍သိအပ်ပြီ။ ။[ဝါ၊ဤတရားသည်ကား၊ဒုက္ခ-သာတည်း။ ။ ဒုက္ခသည်ကား၊ ဤမျှသာတည်း။ ။ဤထက်အလွန်မရှိ။ ။ဤမှ အောက် အယုတ်မရှိ-ဟု၊ ထက်ဝန်းကျင်မှပိုင်းခြား၍သိအပ်ပြီ။]

ဣတိ၊ ဤသို့။ (မေ-မယာ) ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ ဘုရားသျှင်အစစ်၊ မဖြစ်သေးမီ၊ ရှေးအဘို့၌။ အနနုဿုတေသု၊ တကြိမ်တဖန်-တရံ-တခါမျှ၊မကြားနာရ-စဘူး ကုန်သော။ဓမ္မေသု၊ဒုက္ခသစ္စာ တရားတို့၌။–

(၁) စက္ခုံ၊ ဒုက္ခသစ္စာကို၊ မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ ဒုက္ခသစ္စာကို သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၃) ပညာ၊ ဒုက္ခ သစ္စာကို (ဇာတိ-ဒုက္ခ) အစရှိသော အပြားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၄) ဝိဇ္ဇာ၊ ဒုက္ခ သစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ဥဒပါဒိ၊ထင်ရှားဖြစ်၏

(၅) အာလောကော၊ ဒုက္ခ သစ္စာကို၊ ဖုံးလွှမ်း တတ်သော (မောဟ) တည်းဟူသော အမိုက်အတိုက်ကို ဖျက်ဆီး တတ်သော ပညာ တည်းဟူသော အရောင်အလင်းသည်။ဥဒပါဒိ၊ထင်ရှားဖြစ်၏။

## (၁၇) သမုဒယသစ္စာ၌(၁)သစ္စဉာဏ် ၅-ပါးပြခန်း

(၁၇) ဘိက္ခဝေ၊ အို"ပဉ္စဝဂ္ဂီ"ရဟန်းတို့။

ဣဒံ၊ ဤတဏှာ, ဟူသော လောဘ-သည်။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ အကြောင်းဖြစ်သော။ အရိယ—သစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊သိအပ်, မြင်အပ်,သော ဒုက္ခ သမုဒယ-ဟူသော အမှန်သစ္စာတရားမည်၏။ ။ ဣတိ၊ ဤသို့။ (မေ၊ မယာ၊) ငါ ဘုရားသျှင်သည်။ ပုဗ္ဗေ၊ ဘုရားသျှင် အစစ်၊မဖြစ်သေးမီ၊ ရှေးအဘို့၌။အနနုဿုတေသု၊ တကြိမ်တဖန်၊ တရံ တခါမျှ၊ မကြားနာရ၊စဘူး ကုန်သော။ ဓမ္မေသု၊ သမုဒယသစ္စာတရား တို့၌။—

(၁) စက္ခုံ၊ — သမုဒယသစ္စာကို၊ မြင်တတ်သောပညာမျက်စိ သည်။ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ — သမုဒယသစ္စာကို၊ သိတတ်သော ဉာဏ်သည်။ ဉဒပါဒိ၊ထင်ရှားဖြစ်၏။

(၃) ပညာ၊ — သမုဒယသစ္စာကို၊ အပြား အားဖြင့် သိခြင်း သည်။ဉဒပါဒိ၊ထင်ရှားဖြစ်၏။

(မှတ်ချက်။ ။)

(၃) ပညာ၊ ※ — သမုဒယ သစ္စာသည်၊ တရားကိုယ် အားဖြင့် တပါး[ဖြစ်သောအခြင်းအရာအားဖြင့်(၁) ကာမတဏှာ,(၂)ဘဝတဏှာ, (၃) ဝိဘဝ တဏှာ, ဟူ၍သုံးပါး] [(၁) ရူပ တဏှာ, (၂) သဒ္ဒ တဏှာ, (၃) ဂန္ဓ တဏှာ, (၄) ရသ တဏှာ,(၅)ဖောဋ္ဌဗ္ဗ တဏှာ,(၆)ဓမ္မ တဏှာ,ဟူ၍-အာရုံအားဖြင့်တဆဲ့ရှစ်ပါး။ ။ အဇ္ဈတ္တ, ဗဟိဒ္ဓ, သန္တာန် အားဖြင့် သုံးဆဲ့ ခြောက်ပါး။ ။အတိတ်, အနာဂတ်,ပစ္စုပ္ပန် ကာလသုံးပါးအားဖြင့်တရာ့ရှစ်ပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

(၄) ဝိဇ္ဇာ၊ သမုဒယသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၅) အာလောကော၊ သမုဒယသစ္စာကို ဖုံးလွှမ်းတတ်သော (မောဟ)တည်းဟူသော အမိုက်အတိုက်ကို ဖျက်ဆီးတတ်သော- (ပညာ) တည်းဟူသော အရောင် အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

## (၁၈) သမုဒယသစ္စာ၌ (၂)ကိစ္စဉာဏ် ၅-ပါးဖြစ်ကြောင်း

(၁၈) ဘိက္ခဝေ၊ အိုု"ပဉ္စဝဂ္ဂီ"ရဟန်းတို့။

တံ ခေါ ပနိ ဒံ (တံ-ခေါ-ပန-ဣဒံ) ဒုက္ခသမုဒယံ၊ ထို ဒုက္ခ၏ အကြောင်း ဖြစ်သော။ အရိယ- သစ္စံ ၊အရိယာ ပုဂ္ဂိုလ်တို့သည်၊ သိအပ်,မြင်အပ်သော ဒုက္ခ-သမုဒယ ဟူသောအမှန် သစ္စာတရားကို။ ပဟာတဗ္ဗံ၊ပယ်အပ်၏။

(မှတ်ချက်)

(၁) ပဟာတဗ္ဗံ၊※ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်ကို သောတာပတ္တိ မဂ်ဖြင့် ပယ်အပ်၏။

(၂) ပဟာတဗ္ဗံ၊※ ကာမရာဂကို အနာဂါမိမဂ်ဖြင့် ပယ်အပ်၏။

(၃) ပဟာတဗ္ဗံ၊※ ရူပ ရာဂ, အရူပ ရာဂ,ကို အရဟတ္တ မဂ်ဖြင့် ပယ်အပ်၏။

ဣတိ၊ ဤသို့။ (မေ-မယာ) ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ ဘုရားသျှင် အစစ် မဖြစ်သေးမီ၊ ရှေးအဘို့၌။ အနနုဿုတေသု၊ တကြိမ် တဖန်၊ တရံ-တခါမျှ,မကြားနာရ- စဘူးကုန်ဖူးသော။ ဓမ္မေသု၊ သမုဒယသစ္စာ တရားတို့၌။

(၁) စက္ခုံ၊ သမုဒယသစ္စာကို မြင်တတ်သောပညာမျက်စိ သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ သမုဒယသစ္စာကို သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၃) ပညာ၊ သမုဒယသစ္စာကို အပြား အားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၄) ဝိဇ္ဇာ၊ သမုဒယသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၅) အာလောကော၊ သမုဒယသစ္စာကို ဖုံးလွှမ်းတတ်သော (မောဟ)တည်းဟူသော အမိုက်အတိုက်ကို ဖျက်ဆီး တတ်သော (ပညာ)တည်းဟူသော အရောင် အလင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။

---

## (၁၉) သမုဒယသစ္စာ၌ (၃) ကတဉာဏ် ၅-ပါးပြခဏ်း

(၁၉) ဘိက္ခဝေ၊ အို"ပဉ္စဝဂ္ဂီ" ရဟန်းတို့။

တံ ခေါ ပနိဒံ၊ (တံ ခေါ ပန ဣဒံ) ဒုက္ခသမုဒယံ၊ ထိုဒုက္ခ၏ အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယာ ပုဂ္ဂိုလ်တို့သည်၊ သိအပ်, မြင်အပ်သော ဒုက္ခ သမုဒယ ဟူသော အမှန်သစ္စာ တရားကို။ ပဟီနံ၊ မဂ်လေးပါးဖြင့် အကြွင်းမဲ့ ပယ်အပ်ပြီ။(ပယ်၍ပြီးပြီ။)

ဣတိ၊ ဤသို့။ (မေ-မယာ) ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ ဘုရားသျှင် အစစ်၊မဖြစ်သေးမီ၊ ရှေးအဘို့၌။ အနနုဿုတေသု၊တကြိမ်တဖန်၊တရံတခါ မျှ၊ မကြားနာရ-စဘူးကုန်သော။ ဓမ္မေသု၊ သမုဒယသစ္စာတရားတို့၌။—

(၁) စက္ခုံ၊ သမုဒယသစ္စာကို၊မြင်တတ်သောပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ သမုဒယသစ္စာကို၊ သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၃) ပညာ၊ သမုဒယသစ္စာကို၊ အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၄) ဝိဇ္ဇာ၊ သမုဒယသစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၅) အာလောကော၊ သမုဒယ သစ္စာကို၊ ဖုံးလွှမ်း တတ်သော (မောဟ)တည်းဟူသောအမိုက်အတိုက်ကို ဖျက်ဆီးတတ်သော(ပညာ)တည်းဟူသော အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။

## (၂၀) နိရောဓသစ္စာ၌ (၁) သစ္စဥာဏ် ၅-ပါးပြခဏ်း

(၂၀) ဘိက္ခဝေ၊အို"ပဉ္စဝဂ္ဂီ"ရဟန်းတို့။

ဣဒံ၊ ဤနိဗ္ဗာန်တရားသည်။ ဒုက္ခနိရောဓံ၊ဒုက္ခ၏ ချုပ်ငြိမ်းရာ ဖြစ်သော။ အရိယသစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်,မြင်အပ်,သော ဒုက္ခ-နိရောဓ ဟူသော အမှန်သစ္စာတရားမည်၏။

ဣတိ၊ဤသို့။(မေ-မယာ) ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ဘုရားသျှင် အစစ်၊မဖြစ်သေးမီ၊ရှေးအဘို့၌။ အနနုဿုတေသု၊တကြိမ်တဖန်၊တရံ-တခါမျှ၊ မကြားနာရ- စဘူးကုန်သော။ဓမ္မေသု၊ နိရောဓသစ္စာတရား တို့၌–

(၁) စက္ခုံ၊ နိရောဓသစ္စာကို၊မြင်တတ်သောပညာမျက်စိ သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ နိရောဓသစ္စာကို၊ သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၃) ပညာ၊ နိရောဓသစ္စာကို၊ အပြားအားဖြင့် သိခြင်း သည်။ဥဒပါဒိ၊ထင်ရှားဖြစ်၏။
(မှတ်ချက်)

(၃) ပညာ၊ [※နိရောဓသစ္စာသည် တရားကိုယ်အားဖြင့် တပါး၊ [(၁) သဉပါဒိသေသ နိဗ္ဗာန်၊ (၂) အနုပါဒိ သေသနိဗ္ဗာန်အားဖြင့် နှစ် ပါး၊]][(၁) သုညတ နိဗ္ဗာန်၊(၂)အနိမိတ္တ နိဗ္ဗာန်၊ (၃) အပ္ပဏိဟိတ နိဗ္ဗာန် အားဖြင့်

သုံးပါးရှိ၏ဟု အပြားအားဖြင့်သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။]

(၄) ဝိဇ္ဇာ၊ နိရောဓသစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၅) အာလောကော၊ နိရောဓ သစ္စာကို၊ ဖုံးလွှမ်း တတ်သော (မောဟ) တည်းဟူသော အမိုက် အတိုက်ကို ဖျက်ဆီးတတ်သော (ပညာ)တည်းဟူသော အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

## (၂၁) နိရောဓသစ္စာ၌(၂)ကိစ္စဉာဏ် ၅-ပါး ပြခန်း

(၂၁) ဘိက္ခဝေ၊ အို"ပဥ္စဝဂ္ဂီ"ရဟန်းတို့။

တံခေါပနိဒံ၊ (တံ-ခေါ-ပန-ဣဒံ)ဒုက္ခနိရောဓံ၊ထိုဒုက္ခ၏ချုပ်ငြိမ်းရာဖြစ်သော။ အရိယသစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်,မြင်အပ်,သော ဒုက္ခနိရောဓဟူသော အမှန်သစ္စာတရားကို။ သစ္ဆိကာတဗ္ဗံ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်,တို့ဖြင့် မျက်မှောက်ပြုအပ်၏။

ဣတိ၊ ဤသို့။(မေ-မယာ) ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ ဘုရားသျှင်အစစ်၊မဖြစ်သေးမီ၊ ရှေးအဘို့၌။အနနုဿုတေသု၊ တကြိမ်တဖန်၊တရံတခါမျှ၊မကြားနာရ-စဘူးကုန်သော။ ဓမ္မေသု၊ နိရောဓသစ္စာ တရားတို့၌—

(၁) စက္ခုံ၊ နိရောဓသစ္စာကို၊မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ နိရောဓသစ္စာကို၊ သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၃) ပညာ၊ နိရောဓသစ္စာကို၊ အပြားအားဖြင့် သိခြင်းသည်။ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(မှတ်ချက်)

(၃) ပညာ၊ [နိရောဓသစ္စာသည်၊ တရားကိုယ် အားဖြင့် တပါး၊ [(၁) သဥပါဒိသေသနိဗ္ဗာန်၊(၂) အနုပါဒိ သေသ နိဗ္ဗာန်အားဖြင့် နှစ်ပါး၊] [(၁)သုညတနိဗ္ဗာန်၊(၂) အနိမိတ္တနိဗ္ဗာန်၊ (၃)အပ္ပဏိဟိတ နိဗ္ဗာန် အားဖြင့် သုံးပါး ရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒ- ပါဒိ၊ထင်ရှားဖြစ်၏။]

(၄) ဝိဇ္ဇာ၊ နိရောဓသစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၅) အာလောကော၊နိရောဓ သစ္စာ ကို၊ ဖုံး လွှမ်း တတ် သော (မောဟ)တည်းဟူသော အမိုက်အတိုက်ကို ဖျက်ဆီးတတ်သော(ပညာ)တည်းဟူသော အရောင် အလင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။

---

## (၂၂) နိရောဓသစ္စာ၌၊(၃)ကတဉာဏ် ၅-ပါး ပြခဏ်း

(၂၂) ဘိက္ခဝေ၊ အို"ပဉ္စဝဂ္ဂီ"ရဟန်းတို့။

တံ ခေါ ပနိ-ဒံ၊ (တံ-ခေါ-ပန-ဣဒံ) ဒုက္ခ နိရောဓံ၊ ထို ဒုက္ခ၏ ချုပ်ငြိမ်းရာဖြစ်သော။ အရိယ-သစ္စံ၊အရိယာ ပုဂ္ဂိုလ်တို့သည် သိအပ်, မြင်အပ်,သော ဒုက္ခ- နိရောဓ ဟူသော အမှန် သစ္စာ တရားကို။ သစ္ဆိကတံ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာ ဉာဏ်တို့ဖြင့် မျက်မှောက်ပြုအပ်ပြီ။(ပြု၍ပြီးပြီ။)

ဣတိ၊ ဤသို့။ (မေ-မယာ)ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ ဘုရားသျှင်အစစ်၊ မဖြစ်သေးမီ၊ရှေးအဘို့၌။ အနနု သုံတေသု၊ တကြိမ် တဖန်၊

တရံ-တခါမျှမကြားနာရ-စဘူး ကုန်သော။ ဓမ္မေသု၊ နိရောဓ သစ္စာ တရားတို့၌၊—

(၁) စက္ခုံ၊ နိရောဓသစ္စာကို၊ မြင်တတ်သောပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ နိရောဓသစ္စာကို၊ သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၃) ပညာ၊ နိရောဓသစ္စာကို၊ အပြား အားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(မှတ်ချက်)

(၃) ပညာ [နိရောဓသစ္စာသည် တရားကိုယ်အားဖြင့် တပါး၊ [(၁) သဉပါဒိ သေသ နိဗ္ဗာန်, (၂) အနုပါဒိသေသ နိဗ္ဗာန်, အားဖြင့် နှစ်ပါး] [(၁)သုညတနိဗ္ဗာန်,(၂)အနိမိတ္တ နိဗ္ဗာန်, (၃) အပ္ပဏိဟိတ နိဗ္ဗာန်,အားဖြင့် သုံးပါး ရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။]

(၄) ဝိဇ္ဇာ၊ နိရောဓသစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၅) အာလောကော၊ နိရောဓသစ္စာကို၊ ဖုံးလွှမ်း တတ်သော (မောဟ)တည်းဟူသော အမိုက်အတိုက်ကို ဖျက်ဆီး တတ်သော(ပညာ)တည်းဟူသော အရောင် အလင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။

## (၂၃) မဂ္ဂသစ္စာ၌၊(၁) သစ္စဥာဏ် ၅-ပါး ပြခန်း

(၂၃) ဘိက္ခဝေ၊ အိုဝ္ပဥ္စဝဂ္ဂီ''ရဟန်းတို့။

ဣဒံ၊ ဤ မဂ္ဂင်ရှစ်ပါးတရားသည်။ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ၊ ဒုက္ခ၏ချုပ်ငြိမ်းရာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း၊ အကျင့် ဖြစ်သော။ အရိယသစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည် သိအပ်, မြင်အပ်,သော မဂ်ဟူသော အမှန်သစ္စာ တရားမည်၏။

ဣတိ၊ ဤသို့။ (မေ-မယာ)ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ဘုရားသျှင်အစစ်၊မဖြစ်သေးမီ၊ရှေးအဘို့၌။အနနုဿုတေသု၊တကြိမ်-တဖန်၊တရံ-တခါမျှ၊ မကြားနာရ- စဘူးကုန်သော။ ဓမ္မေသု၊ မဂ္ဂသစ္စာတရားတို့၌၊—

(၁) စက္ခုံ၊ မဂ္ဂသစ္စာကို၊ မြင်တတ်သော ပညာ- မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ မဂ္ဂသစ္စာကို၊ သိတတ်သော ဉာဏ်သည်။ဥဒ-ပါဒိ၊ ထင်ရှားဖြစ်၏။

(၃) ပညာ၊ မဂ္ဂသစ္စာကို၊ အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၄) ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို၊ ထိုးထွင်း၍သိခြင်းသည်။ ဥဒ-ပါဒိ၊ ထင်ရှားဖြစ်၏။

(၅) အာလောကော၊ မဂ္ဂ သစ္စာကို၊ ဖုံးလွှမ်း တတ်သော (မောဟ) တည်းဟူသော အမိုက် အတိုက်ကို ဖျက်ဆီးတတ်သော (ပညာ) တည်းဟူသော အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

## (၂၄) မဂ္ဂသစ္စာ၌ (၂) ကိစ္စဉာဏ် ၅-ပါးပြခဏ်း

(၂၄) ဘိက္ခဝေ၊ အို"ပဉ္စဝဂ္ဂီ" ရဟန်းတို့။

တံ ခေါ ပနိဒံ၊(တံ-ခေါ-ပန-ဣဒံ) ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ၊ ထိုဒုက္ခ၏ချုပ်ရာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း၊ အကျင့်ဖြစ်သော။ အရိယ-သစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည် သိအပ်, မြင်အပ်,သော အမှန်သစ္စာတရားကို၊ ဘာဝေတဗ္ဗံ၊ ပွါးစေအပ်ပြီ။

ဣတိ၊ ဤသို့။ (မေ-မယာ)ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ ဘုရားသျှင် အစစ်၊မဖြစ်သေးမီ၊ ရှေးအဘို့၌။ အနနုဿုတေသု၊ တကြိမ် တဖန်၊ တရံ တခါမျှ၊ မကြားနာရ-စဘူးကုန်သော။ ဓမ္မေသု၊မဂ္ဂသစ္စာတရားတို့၌။-

(၁) စက္ခုံ၊ မဂ္ဂ သစ္စာကို၊ မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ မဂ္ဂသစ္စာကို၊ သိတတ်သော ဉာဏ်သည်။ဥဒ-ပါဒိ၊ ထင်ရှားဖြစ်၏။

(၃) ပညာ၊ မဂ္ဂသစ္စာကို၊ အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၄) ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်။ဥဒ-ပါဒိ၊ ထင်ရှားဖြစ်၏။

(၅) အာလောကော၊ မဂ္ဂသစ္စာကို၊ ဖုံးလွှမ်းတတ်သော (မောဟ)တည်းဟူသော အမိုက်အတိုက်ကို ဖျက်ဆီးတတ်သော (ပညာ)တည်းဟူသော အရောင် အလင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။

## (၂၅) မဂ္ဂသစ္စာ၌၊ (၃) ကတဉာဏ် ၅–ပါးပြခဏ်း

(၂၅) ဘိက္ခဝေ၊ အိုု"ပဉ္စဝဂ္ဂီ"ရဟန်းတို့၊

တံ ခေါ ပနိဒံ၊ (တံ-ခေါ ပန- ဣဒံ) ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ၊ ထိုဒုက္ခ၏ ချုပ်ရာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် ဖြစ်သော။ အရိယသစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည် သိအပ်, မြင်အပ်သော, မဂ်ဟူသော အမှန်သစ္စာတရားကို။ ဘာဝိတံ ၊ပွါးစေအပ်ပြီ။(ပွါး၍ပြီးပြီ။)

ဣတိ၊ ဤသို့။ (မေ-မယာ)၊ ငါဘုရားသျှင်သည်။ပုဗ္ဗေ၊ဘုရားသျှင် အစစ်၊မဖြစ်သေးမီ၊ ရှေးအဘို့၌။ အနနုဿုတေသု၊ တကြိမ်- တဖန်၊ တရံ တခါမျှ၊ မကြားနာရ၊ စဘူးကုန်သော။ ဓမ္မေသု၊ မဂ္ဂသစ္စာ တရားတို့၌၊-

(၁) စက္ခုံ၊ မဂ္ဂသစ္စာကို၊ မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ မဂ္ဂသစ္စာကို၊ သိတတ်သော ဉာဏ်သည်။ဥဒ– ပါဒိ၊ ထင်ရှားဖြစ်၏။

(၃) ပညာ၊ မဂ္ဂသစ္စာကို၊ အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၄) ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်။ ဥဒ– ပါဒိ၊ထင်ရှားဖြစ်၏။

(၅) အာလောကော၊မဂ္ဂသစ္စာကို၊ဖုံးလွှမ်းတတ်သော(မောဟ) တည်းဟူသော အမိုက်အတိုက်ကို ဖျက်ဆီး တတ်သော(ပညာ)တည်းဟူသော အရောင် အလင်းသည်။ဥဒပါဒိ၊ထင်ရှားဖြစ်၏။

## (၂၆)' သစ္စာလေးပါး၊ တရားအစဉ်ကို၊ မသိမမြင်ရသေးမီ က၊ ဗုဒ္ဓ- မည်တွင်၊ ဘုရားသျှင်အစစ်၊ ဖြစ်ပြီဟု၊ ဝန်မခံပုံပြခဏ်း

(၂၆) (က)ဘိက္ခဝေ၊ အို"ပဉ္စဝဂ္ဂီ"ရဟန်းတို့။

ယာဝ ကီဝဉ္စ၊(ယတ္တကံ ကာလံ) အကြင်မျှလောက်သောကာလ ပတ်လုံး။ စတူသု၊ လေးပါးကုန်သော။ ဣမေသု အရိယ သစ္စေသု၊ ဤအရိယ သစ္စာတရားတို့၌။ ဧဝံ၊ဤသို့။ တိ-ပရိ-ဝဋ္ဋံ၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်, အားဖြင့်သုံးပါးသော အပြန်ရှိသော။ ဒွါဒသာကာရံ၊ သုံးပါး(လေးလီ)ဖြစ်၍ တ ဆဲ့နှစ်ပါးသော အခြင်းအရာ ရှိသော။ ယထာဘူတံ၊ မဖေါက်မပြန် ဟုတ်မှန်တိုင်းဖြစ်သော။ဉာဏ ဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ဗုဒ္ဓ-မည်တွင်၊ ငါဘုရား သျှင်အား။ သုဝိသုဒ္ဓံ၊ အလွန်သန့်ရှင်း ကြည်လင်စင်ကြယ်သည်။ န-အဟောသိ၊ မဖြစ်သေး။

(ခ) ဘိက္ခဝေ၊ အို"ပဉ္စဝဂ္ဂီ"ရဟန်းတို့။

တာဝ၊(တတ္တကံ ကာလံ)ထိုသို့ဉာဏ်အမြင်မသန့်ရှင်း မစင်ကြယ် သေးသမျှ ကာလပတ်လုံး။ အဟံ၊ ဗုဒ္ဓ-မည်တွင် ငါဘုရားသျှင်သည်။

(၁) သ-ဒေဝကေ၊ကာမာဝစရ နတ်ပြည်ငါးထပ်နှင့် တကွဖြစ် သော,–

(၂) သ-မာရကေ၊ ဝသဝတ္တိ နတ်ပြည်နှင့်တကွဖြစ်သော,–

(၃) သ-ဗြဟ္မကေ၊ ဗြဟ္မာပြည်နှင့် တကွဖြစ်သော,– လောကေ၊သြကာသ လောက၌,။–

(၁) သ-သမဏ- ဗြာဟ္မဏိယာ၊ရဟန်း,ပုဏ္ဏားနှင့် တကွဖြစ် သော,–

(၂) သ-ဒေဝ-မနုဿာယ၊ သမ္မုတိ- နတ်ဘည်းဟူသော မင်း၊ ကြွင်းသော လူနှင့်တကွဖြစ်သော။ ပဇာယ၊ သတ္တလောက၌။ အနုတ္တရံ၊ တုဘက်ပြိုင်ဘက်၊ နှိုင်းစက်အပ်သူ၊အတူမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။ အဘိ-သမ္ဗုဒ္ဓေါ တိ၊ ထိုးထွင်းတိတိ၊ သိမြင်ပြီဟူ၍။နေဝ ပစ္စညာသိံ၊ဘာဝန်ခံတော်မမူသေး။

---

## (၂၇) သစ္စာလေးပါး၊တရားအစဉ်ကို၊ သိမြင်သောအခါတိုင်မှသာ၊ဗုဒ္ဓ-မည်တွင်၊ ဘုရားသျှင်အစစ်၊ ဖြစ်ပြီဟု- ဝန်ခံပုံပြခန်း

(၂၇)(က) ဘိက္ခဝေ၊ အိုး"ပဉ္စဝဂ္ဂီ"ရဟန်းတို့။

ယတော စ ခေါ၊(ယဒါ စ ကာလေ)အကြင်အခါ၌ကား။စတူသု၊ လေးပါးကုန်သော။ အရိယသစ္စေသု၊ ဤအရိယသစ္စာတရားတို့၌။ ဧဝံ၊ဤသို့။တိ-ပရိဝဋ္ဋံ၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်, အားဖြင့် သုံးပါးသော အပြန်ရှိသော။ ဒွါဒသာ-ကာရံ၊ သုံးပါး (လေးလီ) ဖြစ်၍ တဆဲ့နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ ပဖေါက်မပြန် ဟုတ်မှန်တိုင်းဖြစ်သော။ ဉာဏ ဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ဗုဒ္ဓ-မည်တွင်၊ ငါဘုရားသျှင်အား။ သုဝိသုဒ္ဓံ၊ အလွန် သန့်ရှင်း ကြည်လင်၊စင်ကြယ်သည်။ အဟောသိ၊ဖြစ်ပြီ။

(ခ) ဘိက္ခဝေ၊အိုး"ပဉ္စဝဂ္ဂီ"ရဟန်းတို့။

အထ၊(တသ္မိံ ကာလေ)ထိုသို့ဉာဏ်အမြင်၊ သန့်ရှင်း စင်ကြယ်စွာ ဖြစ်သော အခါ၌။အဟံ၊ ဗုဒ္ဓ- မည်တွင် ငါဘုရားသျှင်သည်။

(၁) သ-ဒေဝကေ၊ကာမာဝစရ နတ်ပြည်ငါးထပ်နှင့် တကွဖြစ်သော,--

(၂) သ-မာရကေ၊ ဝသဝတ္တီ နတ်ပြည်နှင့်တကွဖြစ်သော,--

(၃) သ-ဗြဟ္မကေ၊ ဗြဟ္မာ,ပြည်နှင့်တကွဖြစ်သော,--
လောကေ၊ ဩကာသလောက၌။--

(၁) သ- သမဏ-ဗြာဟ္မဏိယာ၊ရဟန်း, ပုဏ္ဏားနှင့် တကွဖြစ်သော,—

(၂) သ-ဒေဝ-မနုဿာယ၊ သမ္မုတိ-နတ် တည်းဟူသောမင်း၊ ကြွင်းသော လူနှင့်တကွဖြစ်သော။ ပဇာယ၊ သတ္တလောက၌။ အနုတ္တရံ၊ တုဘက်,ပြိုင်ဘက်၊နှိုင်းစက်အပ်သူ၊ အတူမရှိသော။ သမ္မာ သမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။အဘိ- သမ္ဗုဒ္ဓေါတိ၊ထိုးထွင်းတိတိ၊ သိမြင်ပြီဟူ၍။ ပစ္စညာသိံ၊ တာဝန်ခံတော်မူပြီ။

---

## (၂၈) ဗုဒ္ဓ-ဘုရားသျှင်၏ (ပစ္စဝေက္ခဏာ) ဉာဏ်အမြင်ဖြင့် ဆင်ခြင်ပုံ ပြခဏ်း

(၂၈) မေ၊ဗုဒ္ဓ-မည်တွင် ငါဘုရားသျှင်အား။ဉာဏဉ္စ ပန ဒဿနံ၊ဆင်ခြင်တတ်သော (ပစ္စဝေက္ခဏာ) ဉာဏ်အမြင်သည်။ ဥဒပါဒိ၊ ထင်ရှားစင်စစ် ဖြစ်လေပြီ။

ကိံ-ဥဒပါဒိ၊အဘယ်သို့ဖြစ်သနည်း ဟူမူကား—

(၁) မေ၊ဗုဒ္ဓ-မည်တွင်၊ ငါဘုရားသျှင်၏။ စေတောဝိမုတ္တိ၊ အရဟတ္တဖိုလ် ဉာဏ်ကို။ အကုပ္ပါ၊ ဆန့်ကျင်ဘက်တရားတို့သည် မဖျက်ဆီးအပ်ပြီ။(မဖျက်ဆီးနိုင်ပြီ။)

(၂) အယံ၊ဤ"ပစ္ဆိုပွန်"ဘဝတွင်ထင်ရှားရှိသော ဤကိုယ်ခန္ဓာ၏ အဖြစ်သည်။ အန္တိမာ၊ သံသရာဝဋ်၊ခန္ဓာဝန်-လက်စတုံး၍၊အဆုံးစွန်ဖြစ်သော။ ဇာတိ၊ အဖြစ်တော်ပေတည်း။

(၃) ဣဒါနိ၊ ဤယခုအခါ၌။ ပုနဗ္ဘဝေါ၊ ဘဝတဖန်၊ ခန္ဓာဝန်အသစ်၊ ဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာ တဏှာတရားသည်။ နတ္ထိ၊ မရှိပြီ။

ဣတိ ဉာဏ ဒဿနံ၊ ဤသို့ ဆင်ခြင်တတ်သော (ပစ္စဝေက္ခဏာ) ဉာဏ်အမြင်သည်။ဥဒပါဒိ၊ထင်ရှားစင်စစ်ဖြစ်လေပြီ။ဣတိ၊ ဤသို့သျှင်။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ၊ ဂုဏ်တော်များသျှင်၊ မြတ်စွာဘုရား

သာင်သည်။ဣဒံ ဝစနံ၊ ဤ (ဒွေမေ ဘိက္ခဝေ အန္တာ) အစဖြာသော
"ဓမ္မစကြာ"တရားဒေသနာတော်မြတ်ကို။အဝေါစ၊မိန့်ဟတော်မူပြီ။

## (၂၉) "ပဥ္စဝဂ္ဂီ"ရဟန်းတို့၏ နှစ်သက်ခြင်း ဖြစ်ပုံပြခဏ်း

(၂၉) ပဥ္စဝဂ္ဂိယာ၊ "ပဉ္စဝဂ္ဂီ"အမည်ရှိကုန်သော။ဘိက္ခူ၊ဣသိပတ္တဇ-ရဟန်းတို့သည်။အတ္တမနာ၊ လွန်စွာ အားတက်၊ နှစ်သက် ဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ဘဂဝတော၊ မြတ်စွာဘုရားသျှင်၏။ ဘာသိတံ၊ ဟောကြား မြွက်ဖေါ်၊ "ဓမ္မစကြာ" တရားတော်မြတ်ကို။ အဘိနန္ဒုံ၊ သာဓု,သာဓု,သာဓု,ဟူ၍၊ ရိုသေစွာ,ဦးထိပ်ဖြင့် ခံယူကြကုန်၏။

## (၃၀) "ကောဏ္ဍည"ရဟန်း၏"သောတာပတ္တိ" မဂ်ဉာဏ်ဖြစ်ပုံပြခဏ်း

(၃၀) ဣမသ္မိံစ ပန ဝေယျာ ကရဏသ္မိံ၊ ဤသို့ "ဂါထာ" မဖက် သက်သက် "စုဏ္ဏိယ" ဖြစ်သော အမေး, အဖြေ, ဖြစ်သော "ဗျာကရုဏ်း" ကို။ ဘည-မာနေ၊ ဟောကြားတော် မူအပ်ပြီးသော်။ အာယ သ္မတော၊ ရှည်သော သက်တော်ရှိသော။ ကောဏ္ဍညဿ၊ "ဣသိပတ္တဇ ကောဏ္ဍည"ရဟန်းအား—

(၁) ဝိ-ရဇံ၊ အပါယ်သို့ လားစေတတ်သော ရာဂ,အစရှိသောမြူမှကင်းသော,—

(၂) ဝီ တ-မလံ၊ဒိဋ္ဌိ,ဝိစိကိစ္ဆာ, တရားနှစ်ပါးကို အကြွင်းမဲ့ပယ်သဖြင့် ကင်းသော အညစ်အကြေးရှိသော။ ဓမ္မစက္ခုံ၊ သစ္စာလေးပါး တရားအစဉ်ကို။ သိမြင်တတ်သော "သောတာပတ္တိ" မဂ် ဉာဏ် တည်းဟူသော ပညာမျက်စိသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်ပေါ်လာ၏။

## (၃၁) "ကောဏ္ဍည"ရဟန်း၏၊ တေဘူမက သင်္ခါရ တရားတို့၌ အသိဥာဏ်ဖြစ်ပုံပြခဏ်း

(၃၁) ကိံ ဥဒပါဒိ၊ အဘယ်သို့ထင်ရှားဖြစ်ပေါ်လာသနည်း ဟူမူကား—

(၁) ယံကိဉ္စိ၊ အလုံးစုံသော တေဘူမက သင်္ခါရ သဘော တရားသည်။သမုဒယ ဓမ္မံ၊ပြုပြင်မှု ဟူသောအကြောင်း ကိုမှီ၍ ဖြစ်ခြင်းသဘောရှိ၏။

(၂) တံသဗ္ဗံ၊ ထိုသို့ ဖြစ်ခြင်း သဘောရှိသော တေဘူမက သင်္ခါရတရား ဟူသမျှသည်။ နိရောဓ ဓမ္မံ၊ အကြောင်း တရားတို့၊ကုန်ဆုံး-ရုပ်သိမ်းက၊ချုပ်ငြိမ်းခြင်းသဘော ရှိ၏။

ဣတိ၊ဤသို့။ ဉာဏံ၊ သိတတ်သော ဉာဏ်သည်။ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်လာ၏။

---

## (၃၂) "ဓမ္မစကြာ"တရားဟော ကြားပြီးနောက်၊ နတ်,ဗြဟ္မာတို့၏ကြွေးကြော်ပုံ ပြခဏ်း

(၃၂) ဘဂဝတာ၊ မြတ်စွာဘုရားသျှင်သည်။ ဓမ္မစက္ကေ၊ "ဓမ္မ စကြာ"တရားတော်မြတ်ကို။ ပဝတ္တိတေ စ ပန၊ဟောကြား တော်မူအပ်ပြီးသည် ရှိသော်ကား။ဘူမာ ဒေဝါ၊ ဘုမ္မစိုဝ်း နတ်တို့သည်။ သဒ္ဒံ၊ကောင်းချီးပေးသောအသံကို။အနုဿာ ဝေသုံ၊တပြိုင်နက်တည်း၊ ကြွေးကြော်ကြကုန်၏။

ကိံ-အနုဿာဝေသုံ၊ အဘယ်သို့ ကြွေးကြော်ကြကုန်ဘိသနည်း—

ဘဂဝတာ၊မြတ်စွာဘုရားသျှင်သည်။ဗာရာဏသိယံ၊"ဗာရာ ဏသီ"ပြည်၌။ဣသိ ပတနေ၊ "ဣသိ ပတန" အမည်ရှိသော။ မိဂဒါယေ၊ "မိဂ ဒါဝုန်" တော၌။ လောကသ္မိံ၊လောက၌။

(၁) ကေနစိ၊ တစုံ တယောက်သော။ သမဏေနဝါ၊ ရဟန်းသည်၎င်း။

(၂) ကေနစိ၊ တစုံတယောက်သော။ ဗြာဟ္မဏေနဝါ၊ ပုဏ္ဏားသည်၎င်း။

(၃) ကေနစိ၊ တစုံတယောက်သော။ဒေဝေနဝါ၊ နတ်သည်၎င်း။

(၄) ကေနစိ၊ တစုံတယောက်သော။ မာရေနဝါ၊ မာရ်နတ်သည်၎င်း။

(၅) ကေနစိ၊ တစုံတယောက်သော။ ဗြဟ္မုနာဝါ၊ ဗြဟ္မာမင်းသည်၎င်း။ အပ္ပဋိ ဝတ္တိယံ၊ မတားမြစ်နိုင်သော။ (မဟောကြားနိုင်သော) အနုတ္တရံ၊ အတုမရှိသော။ တံ ဓမ္မစက္ကံ၊ ၎င်း "ဓမ္မစကြာ" တရားတော်မြတ်ကို။ ပဝတ္တိတံ၊ ဟောကြားတော်မူအပ်ပြီ။ ။ဣတိ၊ ဤသို့။ အနုဿာဝေသုံ၊ တပြိုင်နက်တည်း၊ ကြွေးကြော်ကြကုန်၏။

(၁) ဘုမ္မာနံ ဒေဝါနံ၊ ဘုမ္မစိုဝ်း နတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတွာ၊ ကြား၍။

(၁) စာတု မဟာရာဇိကာဒေဝါ၊ စာတု မဟာရာဇ် နတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ အနုဿာဝေသုံ၊ တပြိုင် နက်တည်း၊ ကြွေးကြော်ကြကုန်၏။ ။စာတုမဟာရာဇိကာနံ–ဒေဝါနံ၊ စာတု မဟာရာဇ်နတ်တို့၏။ သဒ္ဒံ၊ ကောင်းချီး ပေးသောအသံကို။ သုတွာ၊ ကြား၍။–

(၂) တာဝတိံသာဒေဝါ၊ တာဝတိံသာ နတ်တို့သည်။

(၃) ယာမာ ဒေဝါ၊ ယာမာနတ်တို့သည်။

(၄) တုသိတာ ဒေဝါ၊ တုသိတာ နတ်တို့သည်။

(၅) နိမ္မာန ရတိ ဒေဝါ၊ နိမ္မာန ရတိ နတ်တို့သည်။

(၆) ပရ နိမ္မိတ ဝသ ဝတ္တီဒေဝါ၊ ပရနိမ္မိတ ဝသဝတ္တီ နတ်တို့သည်။

(၇) ဗြဟ္မ ကာယိကာ၊ ဗြဟ္မာပြည်၌ ဖြစ်ကြကုန်သော။ဒေဝါ၊ ဗြဟ္မာတို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ အနုဿာဝေသုံ၊ အဆင့်ဆင့် ကြွေးကြော်ကြကုန်၏။

ကိ°, အနုဿာဝေသုံ၊အဘယ်သို့ ကြွေးကြော်ကြကုန်ဘိသနည်း။
ဘဂဝတာ၊ မြတ်စွာဘုရားသျှင်သည်။ ဗာရာဏသိယံ၊"ဗာရာဏသီ" ပြည်၌၊ ဣသိပတနေ၊ "ဣသိပတန"အမည် ရှိသော။ မိဂဒါယေ၊ "မိဂဒါဝုန်"တော၌။လောကသ္မိံ၊လောက၌။

(၁) ကေနစိ၊ တစုံတယောက်သော။ သမဏေန ဝါ၊ ရဟန်းသည်၄င်း။
(၂) ကေနစိ၊ တစုံတယောက်သော။ ဗြာဟ္မဏေန ဝါ၊ ပုဏ္ဏားသည်၄င်း။
(၃) ကေနစိ၊ တစုံတယောက်သော။ ဒေဝေန ဝါ၊ နတ်သည်၄င်း။
(၄) ကေနစိ၊ တစုံတယောက်သော။ မာရေန ဝါ၊ မာရ်နတ်သည်၄င်း။
(၅) ကေနစိ၊ တစုံတယောက်သော။ ဗြဟ္မုနာ ဝါ၊ ဗြဟ္မာမင်းသည်၄င်း, အ-ပ္ပဋိ-ဝတ္တိယံ၊ မတားမြစ် နိုင်သော။ (မပယ်ဖျက် ကြားနိုင်သော။)အနုတ္တရံ၊ အတုမရှိသော။ ဧတံ ဓမ္မ စက္ကံ၊ ထို "ဓမ္မစကြာ" တရားတော်မြတ်ကို။ ပဝတ္တိတံ၊ ဟောကြားတော် မူအပ်ပြီ၊—ဣတိ၊ဤသို့။အနုဿာ ဝေသုံ၊ တပြိုင်နက်တည်း၊ ကြွေးကြော်ကြကုန်၏။

## (၃၃) ကြွေးကြော်သောအသံ၏ ပျံ့နှံ့တက်ရောက်ပုံ ပြခန်း

(၃၃)(၁) တေနခဏေန၊ လက်ဖျစ်ဆယ်တွက်ဟူသော ထိုခဏဖြင့်။(၂)တေန—လယေန၊ ဆယ်ခဏ ဟူသော ထိုလယဖြင့်၊ (၃)တေန မုဟုတ္တေန၊ ဆယ်—ခဏလယ ဟူသော ထိုမုဟုတ်ဖြင့်။ ယာဝ ဗြဟ္မလောကာ၊ အထက် (အကနိဋ္ဌ) ဗြဟ္မာပြည် တိုင်အောင်။ သဒ္ဒေါ၊ကျော်စောသော အသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ ပျံ့နှံ့၍တက်လေ၏။

## (၃၄) မြေကြီး၏တုန်လှုပ်ပုံ ပြခဏ်း

(၃၄) အယန္တ ဒသ သဟဿိ လောက ဓာတု၊ ဤတသောင်း သော လောကဓာတ် စကြဝဠာသည်။
(၁) သံကမ္ပိ၊အောက်သို့သက်၍ သက်၍ လှုပ်၏၊
(၂) သမ္ပကမ္ပိ၊အထက်သို့ တက်၍ တက်၍ လှုပ်၏၊
(၃) သမ္ပဝေဓိ၊ထိုမှ,ဤမှ, ယောဉ်ကဲ့သို့ လှုပ်၏။

## (၃၅) အရောင် အလင်းဖြစ်ပုံပြခဏ်း

(၃၅) အပ္ပမာဏော၊ အတိုင်း အရှည် မရှိသော။ ဥဠာရော၊ပြန့်ပြောသော။ဩဘာသော၊ ဒေသနာဉာဏ်ကြောင့် ဖြစ်သောအရောင် အလင်းသည်လည်း။ လောကေ၊ လောက၌။ဒေဝါနံ၊ ၊နတ်, ဗြဟ္မာ, တို့၏။ ဒေဝါနု ဘာဝံ၊ နတ်, ဗြဟ္မာ,တို့၏ အာနုဘော်ကို၊ အတိက္ကမ္မ၊သာလွန် လွှမ်းမိုး၍။ပါတုရဟောသိ၊ထင်ရှားဖြစ်၏။

## (၃၆) ဥဒါန်းကျူးရင့်ပုံနှင့်၊ဘွဲ့အမည်တော်, အပ်နှင်းပုံပြခဏ်း

(၃၆) အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရား သျှင်သည်။ ဥဒါနံ၊ ဝမ်းမြောက်သော စကားကို။ ဥဒါနေသိ၊ တသောင်းတိုက်သား၊နတ်,လူ,များတို့၊ ကြားသိလေအောင်၊ မြွက်ဆိုကျူးရင့်တော်မူ၏။

ကိံ ဥဒါနေသိ၊အဘယ်သို့ မြွက်ဆိုကျူးရင့်တော်မူသနည်း။

(၁) ဘော၊ အို"ပဉ္စဝဂ္ဂီ" ရဟန်းတို့။ ကောဏ္ဍညော၊ "ကောဏ္ဍည" ရဟန်းသည်။ ဝတ၊ စင်စစ်ကေန်၊ အမှန်အားဖြင့်။ အညာသိ၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊သိမြင်ပြီ။

(၂) ဘော၊ အို "ပဥ္စဝဂ္ဂီ"ရဟန်းတို့။
ကောဏ္ဍညော၊"ကောဏ္ဍည"ရဟန်းသည်။ ဝတ၊ စင်စစ် ကေန်၊အမှန်အားဖြင့်။ အညာသိ၊ သစ္စာလေးပါး တရား အစဉ်ကို သိမြင်ပြီ။

ဣတိ၊ဤသို့အားဖြင့်။ဥဒါနေသိ၊ ဥဒါန်းစကား၊ မိန့်ကြားမြွက်ဆို တော်မူ၏။

(ခ) ဣတိဟိ၊(ဣတိ ဝေ)ဤသို့"ဥဒါန်း"စကား၊မိန့်ကြားကျူး ရင့်တော်မူသောကြောင့်သာလျှင်။ အာယသ္မတော၊ ရှည် သောသက်တော်ရှိသော။ကောဏ္ဍညဿ၊ "ကောဏ္ဍည" ရဟန်းအား။အညာသိ ကောဏ္ဍညော တွေ ဝ၊"အညာသိ ကောဏ္ဍည" ဟူ၍သာလျှင်၊ ဣဒံ နာမံ၊ ဤအမည်သည်။ အဟောသိ၊ဖြစ်ပြီ။

## (၃၇) "အညာသိ– ကောဏ္ဍည" ရဟန်း၏၊ ရှင်,ရဟန်း, ပြုရလိုကြောင်း၊ ခွင့်တောင်းပုံ ပြခန်း

(၃၇) အထခေါ၊ထိုသို့"သောတာပတ္တိ" မဂ်ဉာဏ် ရပြီးသော အခါ၌။ အာယသ္မာ၊ ရှည်သော သက်တော်ရှိသော။ အညာသိ ကောဏ္ဍညော၊ အသျှင် "အညာသိ- ကောဏ္ဍည"သည်။

(၁) ဒိဋ္ဌ-ဓမ္မော၊ မြင်အပ်ပြီးသော သစ္စာတရား ရှိသည်ဖြစ်၍–

(၂) ပတ္တ- ဓမ္မော၊ ရောက်အပ်ပြီးသော သစ္စာတရား ရှိသည် ဖြစ်၍–

(၃) ဝိဒိတ- ဓမ္မော၊ သိအပ်ပြီးသော သစ္စာတရား ရှိသည် ဖြစ်၍–

(၄) ပရိယောဂါဠှ- ဓမ္မော၊ ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍–

(၅) တိဏ္ဏ-ဝိစိကိစ္ဆော၊ ကူးမြောက်ပြီးသော တဆဲ့ခြောက်ပါး သော ယုံမှားခြင်း, ရှစ်ပါးသော ယုံမှားခြင်း, ရှိသည် ဖြစ်၍–

(၆) ဝိဂတ-ကထံကထော၊ သို့လော- သို့လော၊တွေးတော ယုံမှားခြင်း ကင်းသည်ဖြစ်၍—

(၇) သတ္ထု သာသနေ၊ မြတ်စွာဘုရားသျှင်၏ သာသနာတော်၌။ ဝေသာရဇ္ဇ ပတ္တော၊ ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍—

(၈) အ-ပရ-ပစ္စယော၊ ကိုယ်တိုင်မျက်မှောက် သိမြင်အပ်သည်ဖြစ်၍ သူတပါးတို့အား ယုံကြည်ခြင်း မဖြစ်မူ၍—

ဘဂဝန္တံ၊ မြတ်စွာဘုရားသျှင်ကို။ ဧတံ ဝစနံ၊ ဤသို့သော စကားကို။ အဝေါစ၊ လျှောက်ကြားလေ၏။

ကိံ အဝေါစ၊ အဘယ်သို့ လျှောက်ကြားသနည်းဟူမူကား။

ဘန္တေ၊ ဘုန်းတော်ကြီးမား အသျှင်မြတ်ဘုရား။

အဟံ၊ "ကောဏ္ဍည" မည်တွင်၊ တပည့်ရှင်သည်။ ဘဂဝတော၊ ဘုန်းတော်ကြီးမြင့်၊ တန်ခိုးတင့်လတ်၊ အသျှင်မြတ်ဘုရား၏။သန္တိကေ၊ ထံပါးမျက်မှောက်၊ ရွှေတော်အောက်၌။ ပဗ္ဗဇ္ဇံ၊ ရှင်"သာမဏေ" အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏-ဘုရား။

ဘန္တေ၊ ဘုန်းတော်ကြီးမား၊ အသျှင်မြတ်ဘုရား။ အဟံ၊ "ကောဏ္ဍည" မည်တွင်၊ တပည့်ရှင်သည်။ ဘဂဝတော၊ ဘုန်းတော်ကြီးမြင့်၊ တန်ခိုးတင့်လတ်၊ အသျှင်မြတ်ဘုရား၏။ သန္တိကေ၊ ထံပါးမျက်မှောက်၊ ရွှေတော်အောက်၌။ ဥပ-သမ္ပဒံ၊ ရဟန်း- ပဥ္စင်း၏ အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏ဘုရား။

ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်ကြားလေ၏။

---

## (၃၈) (ဧဟိ ဘိက္ခု) ခေါ်ပုံနှင့်၊ (ဧဟိဘိက္ခု) ရဟန်းဖြစ်ပုံ ပြခန်း

(၃၈) ဘိက္ခု၊"ကောဏ္ဍည"မည်တွင်၊ ငါ့ရှင်-ချစ်သားရဟန်း။ ဧဟိ၊ ငါ၏ ထံမှောက်၊ ချဉ်းကပ်လာရောက်လေလော့။ဓမ္မော၊ သစ္စာလေးပါး၊ တရားအစဉ်ကို။ သွာက္ခာတော၊ ကောင်းစွာဟောကြား

အပ်ပြီ။ ဒုက္ခသ၊သံသရာဝဋ်ဒုက္ခ၏။ အန္တကိရိယာယ၊ အဆုံး အပိုင်း အခြားကို ပြုခြင်းငှါ။ သမ္မာ၊ဝီရိယ-ဓာတ်၊ ထူးမြတ်ကောင်းမွန်စွာ။ ဗြဟ္မစရိယံ၊သက ဒါဂါ မိ မဂ်,အနာ ဂါမိ မဂ်, အရဟတ္တ မဂ်ဟူသော အထက်မဂ် သုံးပါး၊ မြတ်သော အကျင့်တရားကို။စရ၊ ကြိုးစား, မယုတ်၊အားထုတ် ကျင့်လေလော့။

ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသျှင်သည်။ အဝေါစ၊ သံသာ ချိုမြိန့်၊ ဟောမိန့်တော်မူလေပြီ။ တသ္မိ၊(အာယသ္မတော)ထိုအသျှင် "အညာသိ-ကောဏ္ဍည" ရဟန်းအား။ သာဝ-ဥပသမ္ပဒါ၊ထို(ဧဟိ-ဘိက္ခု)ရဟန်း,ပဉ္စင်းအဖြစ်သည်သာလျှင်။ အဟောသိ၊ဖြစ်ရလေ၏။

ဓမ္မ-စက္ကပဝတ္တနသုတ္တံ၊ဓမ္မ-စက္က ပဝတ္တန သုတ်သည်။နိဋ္ဌိတံ၊အနက်မြန်မာ၊ ရေးစီကာဖြင့်၊သံသာနှုတ်ချို၊ ပြန်ဆိုပြီးလတ်၊ အဆုံးသတ်လေပြီ။

---

မ မ္မ စ ကြ ာ နိ ဿ ယ သ စ်

ပြီးပြီ။

တ တိ ယ အ ကြိ မ် ပုံ နှိ ပ် ခြ င်း

(၁၃၁၅-ခုနှစ်၊ တော်သလင်းလ)

# ဓမ္မစကြာပွင့်အကျယ်လက်စွဲ

## အချီး-နိဒါန်း

**နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ**

(၁) ဘိုးတော် အဋ္ဌနမင်းကြီး၏ မြို့ကြွင်း မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ဝိသာခါနက္ခတ်၊ စန်းမြတ်အကြို၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ နေအရုဏ်ကြင်း၍၊ အလင်းသို့ ရောက်သည်နှင့် တပြိုင်နက်၊ သုံးလူ့ထွတ်တင်၊ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူ၍၊ ထို(၁၀၃)ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့ ညဦးအခါ၊ ဗာရာဏသီ ပြည်ကြီး၏ အနီး၊ ဣသိပတနအမည်ရှိသော မိဂဒါဝုန်တော၌။ (၁) ပဉ္စဝဂ္ဂီ-ငါးဦး ဟူသော လူပရိသတ်။ (၂) တဆဲ့ရှစ်ကုဋေ အရေအတွက်ရှိသော, မဟာဗြဟ္မာမင်းကြီးတို့၏ ပရိသတ်။(၃) အနန္တ အပရိမာဏ၊ ဤမျှ ဤရွေ့ ရှိ၏ဟု၊ အဆုံး အပိုင်း အခြား အတိုင်းအရှည်မရှိ၊ များဘိ သောင်းသောင်း၊ နတ်ဒေဝါ အပေါင်းဟူသော ပရိသတ်တို့အား,-

(၁) ကာမသုခလ္လိကာ နုယောဂ-ဟူသော အယုတ်တရား။

(၂) အတ္တကိလမထာ နုယောဂ- ဟူသောအယုတ်တရား။

ဤနှစ်ပါးတို့သို့၊ မလားမကပ်၊ အလယ်အလတ်ဖြစ်သော(မဇ္ဈိမာပဋိပဒါ) ဟူသော မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်မြင့်, ရအပ်, ခံစားအပ်သော ကိလေသာမီး ငြိမ်းငြင်းအစရှိသော လေးပါးသော အကျိုးထူး, အကျိုးမြတ်တို့ကို၊ ပြခြင်းအကျိုးငှါ၊ အောက်၌ပါသော ဒေသနာအစဉ်ကို (သင်္ဂါယနာ) တင်တော်မူကြကုန်၏။

[မှတ်ချက်။ ။(၁) ဓမ္မစကြာ-ပါဠိတော်၊ (၂) နိဿယ၊(၃) အဖွင့်စကားတို့ကို ခေါင်းစဉ်အမှတ်-ဂဏန်းချင်းချင်း-တိုက်ဆိုင်၍-ကြည့်ရာ၏။]

(ဝေဝံမေသုတံ)၊+(ဧကံသမယံ ဘဂဝါ+ ····လ···· သံဝတ္တတိ၊) ဟူ၏။(ဝါကျယ်တခုစီ-ရှင်း၍ပြအံ့)

## (၂) ဝမ္မစကြာတရားဟောကြားတော်မူရာဌာနနှင့် ''ပဥ္စဝဂ္ဂီ''ရဟန်းတို့ကို မိန့်ခေါ်ပုံပြခန်း

## (၂) ပါဠိဘာသာမှ၊မြန်မာဘာသာပြဆိုခန်း

(၂) အရှင်ဘုရား၊(ကဿပ)ထေရ်ဘုရား။

အာနန္ဒာဟု၊သညာ-ပွင့်ထုတ်၊ အကျွန်ုပ်သည်၊ ဘုန်းခြောက်ပါး ရှင်၊ဘုရားသခင်၏၊ ထံပါးမျက်မှောက်၊ ရှေ့တော်အောက်မှ၊ ဤယခု ပြောက်တင်သည့်အတိုင်း၊ဤ(ဓမ္မစကြာ)သုတ်တရား ဒေသနာတော် မြတ်ကို၊ နားဖြင့်ဆတ်ဆတ်၊ ကြားအပ်ပါ၏ဘုရား။

ကာမ,ရူပ,အရူပ,ဟု၊ လောကသုံးခွင်၊ ဘုံအပြင်၌၊ ဂုဏ်အင်အ လိုက်၊အမြိုက်တဆူ၊ အောင်လံထူ၍၊ ပြိုင်သူဘက်ကင်း၊ အမင်းမင်း သော,နတ်,လူ,ဗြဟ္မာ၊ သတ္တဝါ-အပေါင်းတို့၏ ဦးခေါင်းဝပ်လျှိုး၊ ရှိခိုးဦးညွှတ်၊ကိုးစားရာအစစ်၊ ဖြစ်တော်မူသောမြတ်စွာဘုရားသခင် သည်။ ဘုံးတော်အဋ္ဌနမင်းကြီး၏၊ ဖြိုကြွင်းမဟာသက္ကရာဇ်၊(၁၀၃) ခုနှစ်၊ဝါသာခါနက္ခတ်၊စန်းမြတ်အကြို၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ညဥ့်၊ အရုဏ်တက်သည်နှင့်တပြိုင်နက်၊ မဟာဗောဓိ၊ သီရိအောင်မြေ၊ ပလ္လင် ပေ့ဌ်၌၊လေးထွေသစ္စာ၊သိပြင်ခါဖြင့်၊ပွင့်လာတော်မူပြီးနောက်။

(၁) ပလ္လက်သတ္တာဟ။ ။ဟူ၍ ခေါ်အပ်သော၊ မဟာဗောဓိ ပင်မှ၊ ကုလ-လေးတာ၊ လေးတောင်တာ–ကွာဝေး သော အရှေ့မျက်နှာအရပ်၌၊ တဆဲ့လေးတောင်၊ အရောင်–သန့်သန့်၊ အပြန့်ကျယ်ဝန်းသော၊ အပရာ ဇိတ၊ ဌာန မည်တွင်၊ ရွှေပလ္လင် ထက်၌၊ ပဋိစ္စသ မုပ္ပါဒ်တရားကို ဆင်ခြင်တော်မူလျက်၊ ကဆုန်လပြည့် ကျော်တရက်နေ့က စ၍၊ ရွှေဦးမပျက်၊ ခုနစ်ရက်ပတ် လုံး၊ သိတင်းသုံးစံနေတော်မူ၏။

ထိုနေ့ ၁က်တဖန်၊ ကြွချီပြန်၍။

(၂) အနိမိသသတ္တာဟ။ ။ဟူ၍ခေါ်အပ်သော၊ မဟာဗောဓိပင်မှ၊ တဆဲ့ခြောက်တာ၊ တတောင်ကွာသော အရှေ့မြောက် မျက်နှာအရပ်၌၊ ရပ်တန့်ပြီးလျှင်၊ ပုထု ဝိပုက္ခလော၊ ဤမြေသည် အရပ်သည်ကား၊ တထောင့်ငါးရာ၊ ကိလေသာဟူ၊ ရန်သူပုန်ကို၊ အကုန်အောင်မြင်ရာ ခေတ်ပေတည်း။ ။သစ္စာလေးချက်၊ လွန်ခဲ့ခက်ကို၊ တချက်တည်းသိမြင်ရာ အရပ်ပေတည်းဟု၊ နှလုံး ပိုက်တော်မူ၍၊ မဟာဗောဓိပင်နှင့်၊ ရွှေပလ္လင်ကို၊ မမှိတ်သော မျက်စိဖြင့်၊ တစိမ့်စိမ့် ကြည့်ရှုတော်မူလျက်၊ (နှစ်ကြိမ်မြောက်) ခုနစ်ရက်ပတ်လုံး၊ သီတင်းသုံးစံနေတော်မူပြန်၏။

ထိုနောက်တဖန်၊ကြွချီပြန်၍။

(၃) စင်္ကမသတ္တာဟ။ ။ဟူ၍ ခေါ်အပ်သော၊ (၁)အပရာဇိတ ရွှေပလ္လင်နှင့်၊ (၂)အနိမိသဌာန နှစ်ပါးတို့၏ အလယ်ကြား၌၊ အလျားအတောင် ခြောက်ဆယ်၊ ရှည်သွယ်ညီမျှသော, ရတနာစင်္ကြံ၌၊ နတ်အများတို့၏ ယုံမှားခြင်းကို၊ ကင်းပျောက်စေအံ့ဟု– ရည်စူးလျက်၊ လူးလာတုံ့ခေါက်၊ စင်္ကြံလျှောက်တော်မူလျက်၊(သုံးကြိမ်မြောက်) ခုနစ်ရက်ပတ်လုံး၊ သီတင်းသုံးစံနေတော်မူပြန်၏။

ထိုနောက်တဖန်၊ကြွချီပြန်၍။

(၄) ရတနာဃရသတ္တာဟ။ ။ဟူ၍ခေါ်အပ်သော၊ မဟာဗောဓိပင်မှ၊ တဆဲ့သုံးတာ,ကွာဝေးသောအနောက်မြောက် မျက်နှာအရပ်၌၊အဘိဓမ္မာ ခုနစ်ကျမ်းကို၊ အခန်းခန်းဖြင့်၊ သုံးသပ် ဆင်ခြင်တော် မူလျက်၊ (လေးကြိမ်မြောက်) ခုနစ်ရက်ပတ်လုံး၊ သီတင်းသုံး စံနေတော်မူပြန်၏။

ထိုနောက်တဖန်၊ ကြွချီပြန်၍။

(၅) အဇပါလသတ္တာဟ။ ။ဟူ၍ ခေါ်အပ်သော၊ မဟာဗောဓိပင်မှ၊ ကုလလေးတာ, ငါးရာ ကွာဝေးသော အရှေ့မျက်နှာ အရပ်၌ တည်ရှိသော၊ ဆိတ်ကျောင်း ညောင်ပင်ရင်း၌၊ (ငါးကြိမ်မြောက်) ခုနစ်ရက်ပတ်လုံး ၊သီတင်းသုံးစံနေတော်မူပြန်၏။

ထိုနောက်တဖန်၊ကြွချီပြန်၍။

(၆) မုစလိန္ဒသတ္တာဟ။ ။ဟူ၍ခေါ်အပ်သော၊ မဟာဗောဓိပင်မှ၊ နှစ်ဆဲ့ရှစ်တာ, ကွာဝေးသော အရှေ့တောင်ထောင့် မျက်နှာအရပ်၌၊ မုစလိန္ဒာအိုင်ကြီး၏ အနီး၊ ကျည်းပင်ရင်း၌၊ (ခြောက်ကြိမ်မြောက်) ခုနစ်ရက်ပတ်လုံး၊သီတင်းသုံးစံနေတော်မူပြန်၏။

ထိုနောက်တဖန်၊ကြွချီပြန်၍။

(၇) ရာဇာယတနသတ္တာဟ။ ။ဟူ၍ခေါ်အပ်သော၊ မဟာဗောဓိပင်မှ၊ လေးဆဲ့ ရှစ်တာ, ကွာဝေးသော တောင်မျက်နှာအရပ်၌ တည်ရှိသော၊ လင်းလွန်းပင်ရင်း၌၊(ခုနစ်ကြိမ်မြောက်) ခုနစ်ရက်ပတ်လုံး၊ သီတင်းသုံးစံနေတော်မူပြန်၏။

ဤသို့အားဖြင့်၊ခုနစ်ခုသောဌာနတို့၌၊ခုနစ်ရက်–ခုနစ်လီ၊ အညီရှင်ပြီး၊သီတင်းသုံးစံနေတော်မူပြီးနောက်၊ ရူပါဝစရ၊ပဥ္စမဘုံစံ၊(သဟမ္ပတိ)အမည်ရှိသော, မဟာဗြဟ္မာမင်းကြီး၏ လျှောက်ထားတောင်းပန်ခြင်းကို၊အရင်းပဓာနပြု၍၊ ထိုမဟာဗောဓိမဏ္ဍိုင်မှ၊ တဆဲ့ရှစ်ယူဇနာ၊သချာ ကွာလှမ်းသော ဗာရာဏသီပြည်၏အနီးဖြစ်သော, ဣသိပတနအမည်ရှိသော-မိဂဒါဝုန်တောသို့၊သက္ကရာဇ်(၁၀၃)ခုနှစ်၊ဝါဆိုလပြည့်၊စနေနေ့အခါ၊ ကိုယ်တော်မြတ်တပါးတည်း၊ နေ့ချင်းရောက်၊ ခြေကြောင်းခရီး ဖြင့်ကြွသွားတော်မူ၏။

ထိုအခါ၌၊အနီးယံမှောက်၊ချဉ်းကပ်ရောက်လာသော "ပဥ္စဝဂ္ဂီ" ငါးဦးသားတို့အား၊မိန့်ခေါ်တော်မူ၍၊ဤသို့တရားစကား၊ဟောကြားတော်မူ၏။

## (၃) ရဟန်းတို့မမှီဝဲအပ်သော အယုတ်တရား နှစ်ပါးကို အမေး,အဖြေ,ပြ၍ ဟောကြားပုံပြခဏ်း

(၃) အို''ပဉ္စဝဂ္ဂီ''ရဟန်းတို့။
ဖန်ရည်ဆိုးစွန်း၊ ဝတ်သင်္ကန်းဖြင့် ရဟန်းဖြစ်သောသူသည်၊ဤပြဆိုအပ်လတ္တံ့သော အယုတ်တရား နှစ်ပါးတို့ကို မမှီဝဲအပ်ချေ။ ။ရဟန်းတို့ မမှီဝဲအပ်သော အယုတ်တရားနှစ်ပါးတို့ဟူသည်၊ အဘယ်သည်တို့နည်းဟူမူကား။
(၁) ကာမေသုကာမသုခလ္လိကာနုယောဂ, ဟူသော အယုတ်တရားတပါး။
(၂) အတ္တကိလမထာ နုယောဂ, ဟူသော အယုတ်တရား တပါး။ ။ဤသို့လျှင်၊နှစ်ပါးတည်း။ ။ထိုနှစ်ပါးတို့တွင်။

---

## (၄) (၁) ကာမသုခလ္လိကာ-နုယောဂ ဟူသော အယုတ်တရားပြခဏ်း

(၄) (၁) **ကာမေသုကာမသုခလ္လိကာနုယောဂ** ဟူသော အယုတ်တရားဟူသည်ကား။ ။တေဘူမက တရားတည်းဟူသော ဝတ္ထုကာမ တို့၌၊ ဆန္ဒ, ရာဂ, တည်းဟူသော ကိလေသာ ကာမနှင့် ယှဉ်သောချမ်းသာကို၊ အဖန်တလဲလဲခံစားခြင်းဟု ဆိုအပ်သော,အကြောင်းအာဂုံအစုသည် ရှိ၏။ ။ထိုအဂုံအစုသည်၊
(၁) (ဟီန)ယုတ်ညံ့ဖျင်းသိမ်၏။
(၂) (ဂါမ္မ)ရွာ၌နေသူ၊လူတို့၏ပြုအပ်သောအမှုဥစ္စာဖြစ်၏။
(၃) (ပေါထုဇ္ဇနိက) ကာမဂုဏ်တွင်၊ အာရုံခင်သည်၊ ပုထုဇဉ် တို့၏ အလေ့အကျင့်ဖြစ်၏။
(၄) (အနရိယ) ကိလေသာညွန်ကို၊ လွန်မြောက်ပြီးသော, အရိယာပုဂ္ဂိုလ်တို့၏ ပြုအပ်သော အမှုဥစ္စာမဟုတ်ကုန်။

(၅) (အနုတ္တသံဟိတ) ပစ္စုပ္ပန်- သံသရာ၊ ချမ်းသာပွါးတိုး၊ အကျိုးဖြစ်ကြောင်းနှင့် မစပ်ယှဉ်၊

ဤမျှတိုင်အောင်၊ ချမ်းသာကောင်းကျိုး၊ မတိုးမပွါး၊ ပျက်ပြား ဆုတ်ယုတ်ကြောင်းဖြစ်သော အကျင့်မည်၏၊ ။ဤအယုတ်တရား အစုကို၊ရဟန်းဖြစ်သောသူသည်၊ မမှီဝဲအပ်၊ ။(ဤသည်ကား၊ ဝိဂ္ဂဟတွ အဓိပ္ပါယ်တည်း။)

ထိုမှတချက်၊ဓိပ္ပါယ်ခက်ကို၊ဆက်၍ဆိုဦးအံ့၊

"ကာမေသု"ဟူသော ပုဒ်အရ၊ ။[တေဘူမကတရားတည်းဟူသော ဝတ္ထုကာမတို့၌] ဟု ဆိုရာ၌၊[ တေဘူမက တရားဟူသော ဝတ္ထု ကာမ,ဟူသည်၊ (အဘိဓမ္မာ)နည်းအဆို၊ တရားကိုယ်အားဖြင့်၊ အဘယ်တရားတို့နည်းဟူမူကား။] ။ဟူသော အမေးပုစ္ဆာစကား သည်၊ဤအရာ၌ဖြစ်ပေါ်လာ၏၊

ထို့ကြောင့် အဖြေဝိသဇ္ဇနာစကားသည်၊ ဤဆိုလတ္တံ့သည်ပင်တည်း ဟူ၍ မှတ်ကြရာ၏၊

တေဘူမကမည်သော, ကာမဘုံ၊ရူပဘုံ၊အရူပဘုံ,ဟူသော ဘုံသုံး ပါးအတွင်း၌၊ ဖြစ်ဖြစ်သမျှ၊ရှိရှိသမျှ၊ အလုံးစုံသော သက်ရှိ-သက်မဲ့ ဖြစ်သော-

(၁) အဆင်း,ဟူသော ရူပါရုံအမျိုးမျိုး၊
(၂) အသံ,ဟူသော သဒ္ဒါရုံအမျိုးမျိုး၊
(၃) အနံ့,ဟူသော ဂန္ဓာရုံအမျိုးမျိုး၊
(၄) အရသာ,ဟူသော ရသာရုံအမျိုးမျိုး၊
(၅) အတွေ့အထိ,ဟူသော ဖေါဋ္ဌဗ္ဗာရုံအမျိုးမျိုး၊

ဤပြဆိုအပ်ပြီးသော အာရုံငါးပါး၊ ရုပ်တရားတို့သည်၊ စိတ် စေတသိက်, ဟူသော နာမ်တရားတို့၏၊ အာရုံဖြစ်၍၊ မှချဆတ် ဆတ်၊ အထည်ဒြဗ်ရှိလျက် တည်သောကြောင့်၊ :(ဝတ္ထု) မည်၏၊ ထို (ဝတ္ထု)ဖြစ်သော ရုပ်တရားတို့သည်ပင်၊ အလိုရှိအပ်သော သဘော၊ နှစ်သက်အပ်သော သဘောကြောင့် (ကာမ) မည်၏၊

ထို့ကြောင့် ထိုစကားနှစ်ရပ်ကို ပေါင်းစပ်၍၊ (ဝတ္ထုကာမ) မည်၏ဟု ဖြေဆို ရာ၏၊

ဝသန္တိတ္တောတိ ဝတ္ထူ။ တ္တော၊ ဤအာရုံငါးပါး၊ တရားအစု၌။ စိတ္တစေတသိကာ၊ စိတ်, စေတသိက်,တရားတို့သည်။ ဝသန္တိ၊ အာရုံပြု သောအားဖြင့်၊ မှီတွယ်၍ နေကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ စိတ်, စေတသိက်, တရားတို့၏ အာရုံပြုသောအားဖြင့်၊ မှီတွယ်၍နေရာဖြစ် သောသတ္တိကြောင့်။ တံ၊ ထိုအာရုံငါးပါး၊ တရားအစုသည်။ ဝတ္ထူ၊ ဝတ္ထုမည်၏။

ကာမိယတီတိကာမော။ ။ယံ၊ အကြင်အာရုံ ငါးပါး၊ တရား အစုကို။ ကာမိယတိ၊ အလိုရှိအပ်, နှစ်သက်အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုအာရုံ ငါးပါး၊ တရားအစုသည်။ ကာမော၊ ကာမမည်၏။

ဝတ္ထုစ, သော, ကာမော စာတိ ဝတ္ထုကာမော။ ။ဝတ္ထုစ၊စိတ် စေတသိက်, တရားတို့၏ မှီတွယ်ရာသည်လည်း။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုမှီတွယ်ရာသည်။ ကာမောစ၊ အလိုရှိအပ်, နှစ်သက်အပ် သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုနှစ်ပါးသော သတ္တိ ကြောင့်။ ဝတ္ထုကာမော၊ ဝတ္ထုကာမမည်၏။

[ဘုံသုံးပါးအတွင်း၌ ဖြစ်သောအာရုံငါးပါး၊တရားအစုသည်၊ ဝတ္ထု ကာမ မည်၏ ဟူလို။]

(၁) "ကာမသုခလ္လိကာနုယောဂေါ"။ဟူသောပါဠိအရ။

(ဆန္ဒရာဂတည်းဟူသောကိလေသာကာမနှင့်ယှဉ်သောချမ်းသာ ကို၊ အဖန်တလဲလဲ ခံစားခြင်းဟု ဆိုအပ်သော)ဟု ဆိုရာ၌။ ထိုသို့ (ဆန္ဒရာဂတည်းဟူသော ကိလေသာ ကာမနှင့်ယှဉ်သော ချမ်းသာ ကို၊ အဖန်တလဲလဲ ခံစားခြင်းဟုဆိုအပ်သော အယုတ်တရား ဟူ သည်၊ (အဘိဓမ္မာ)နည်းအဆို၊ တရားကိုယ်အားဖြင့်၊ အဘယ်တရား တို့နည်းဟူမူကား)။ ။ဟူသော အမေးပုစ္ဆာစကားသည်၊ ဤအရာ ၌ ဖြစ်ပေါ်လာ၏။

ထို့ကြောင့်၊ အဖြေဝိသဇ္ဇနာစကားသည်၊ ဤဆိုလတ္တံ့ သည်ပင်တည်း ဟူ၍ မှတ်ကြရာ၏။

ထိုအမေးပုစ္ဆာစကားကို၊ လွယ်ကူစွာဖြေဆိုနိုင်ရန်၊ ထိုအနက်ကို ဟောသော ပါဠိသဒ္ဒါကို၊ တပုဒ်စီ, တပုဒ်စီခွဲ၍၊ ရသင့်သော အနက်ကို၊ တဖုးကိုယ်၊ စီစစ်ကောက်ယူ၍၊ အဖြောင့်အစိပ္ပါယ်ဖြင့်၊ ဖြေဆိုရှင်းလင်းရာ၏။

(ကာမသုခလ္လိကာနုယောဂ-ဟူရာ၌။(၁)ကာမ (၂) သုခ(၃) အလ္လိက။ (၄) အနုယောဂ-ဟူ၍ပုဒ်ခွဲဝေရာ၏။)

(၁) ⁘ ကာမ=အလိုရှိတတ်,နှစ်သက်တတ်သောသဘော၊ (လောဘ+ဆန္ဒ,စေတသိက်နှစ်ပါးပင်တည်း။)

(၂) ⁘ သုခ = အာရုံ၏ သဘောကို ခံစားခြင်း သဘော၊ (ဝေဒနာ, စေတသိက်ပင်တည်း။)

(၃) ⁘ အလ္လိက=တွယ်တာငြိကပ်ခြင်း၊(လောဘ+ဆန္ဒ, စေတသိက်နှစ်ပါးပင်တည်း။)

(၄) ⁘ အနုယောဂ=အဖန်တလဲလဲ ယှဉ်ခြင်း၊ (အားထုတ်ခြင်း၊)၏အရာ၌၊ (လောဘ) ထပ်ခါ,ထပ်ခါဖြစ်ခြင်းကိုဆိုလို၏။

၎င်းသို့လျှင်၊ အစိတ်အစိတ် ပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။

(၁) ⁘ ကာမ=အလိုရှိတတ်, နှစ်သက်တတ်သော,လောဘ, ဆန္ဒ,စေတသိက်တို့ဖြင့်၊ နောက်၌ ပြဆိုအပ်ခဲ့ပြီးသော ဝတ္ထုကာမဟူသောအာရုံငါးပါးရုပ်တရားအစုတို့ကို-

(၁) စက္ခုဒွါရ၌တည်၍၊ အဆင်း, ဟူသော ရူပါရုံအမျိုးမျိုးကို၊ ပြင်ချင်မှု။

(၂) သောတဒွါရ၌တည်၍၊ အသံ, ဟူသော သဒ္ဒါရုံအမျိုးမျိုးကို၊ ကြားချင်မှု။

(၃) ဃာနဒွါရ၌ တည်၍၊ အနံ့ဟူသော ဂန္ဓာရုံ အမျိုးမျိုးကို၊ နမ်းရှူချင်မှု။

(၄) ဇိဝှါဒွါရ၌တည်၍၊ အရသာ, ဟူသော ရသာရုံအမျိုးမျိုးကို၊ လျက်ချင်မှု။

(၅) ကာယဒွါရ၌တည်၍၊အတွေ့,ဟူသော ဖောဋ္ဌဗ္ဗာရုံ အမျိုးမျိုးကို၊တွေ့ထိချင်မှု။

ဤပြဆိုအပ်ပြီးသောနည်းဖြင့်၊မြင်ချင်မှု, ကြားချင်မှု, နမ်းရှူချင်မှု,လျက်ချင်မှု, တွေ့ထိချင်မှု–ဟူသောအမှုအလုပ်၊ အပြုအမူ၊ အကြံအစည် သဘောတို့သည်။ (ကာမ) မည်၏။ (ဆန္ဒ)မည်၏။ (ရာဂ) မည်၏။

(၂) ※သုခ–ဟူသည်ကား၊ အလိုရှိအပ်, နှစ်သက်အပ်သော အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာရှိသော သုခ+သောမနဿ ဝေဒနာဖြစ်၏။ ။ထိုဝေဒနာ၏ ဖြစ်ရာကာလသည်ကား–

["စက္ခုံ စပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ"] အစရှိသောပါဠိတော်အရ။

(၁) စက္ခုပသာဒနှင့် (၂) ရူပါရုံ၏ထိခိုက်မှုကြောင့် (၃) စက္ခုဝိညာဉ်စိတ်သည်ဖြစ်၏။ ။ထိုသို့ အဇ္ဈတ္တ,ဗဟိဒ္ဓ,ဖြစ်သော ရုပ်နာမ်တရားတို့၏ ပေါင်းဆုံ,စုဝေးမှုကြောင့် (၄)တွေ့ထိမှုဟူသော, ဖဿစေတသိက်သည်ဖြစ်၏။ ။ထိုဖဿဟူသောအကြောင်းကြောင့်, (၅)ခံစားမှုဟူသော ဝေဒနာသည် ဖြစ်၏။ ။ထိုဝေဒနာဟူသော အကြောင်းကြောင့်, (၆) တဏှာ,သည်ဖြစ်၏။ ။ဟူသော(ပဋိစ္စ-သမုပ္ပါဒ်)ဒေသနာနည်းအစဉ်ဖြင့်၊ဆင်ခြင်ရာ၏။ ။ထိုစကားမှန်၏။

(၁) စက္ခု ဒွါရ၌ တည်၍၊ ရူပါရုံကို မြင်မှု၌၊ ခံစားခြင်း ဝေဒနာဖြစ်၏။

(၂) သောတဒွါရ၌ တည်၍၊သဒ္ဒါရုံကို ကြားမှု၌ ခံစားခြင်း ဝေဒနာဖြစ်၏။

(၃) ဃာနဒွါရ၌ တည်၍၊ ဂန္ဓာရုံကို၊ နမ်းရှူမှု၌၊ ခံစားခြင်း ဝေဒနာဖြစ်၏။

(၄) ဇိဝှါဒွါရ၌ တည်၍၊ ရသာရုံကို လျက်မှု၌၊ ခံစားခြင်း ဝေဒနာဖြစ်၏။

(၅) ကာယဒွါရ၌တည်၍၊ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိမှု၌၊ခံစားခြင်း ဝေဒနာဖြစ်၏။

ဤသို့အားဖြင့်၊ ဝတ္ထုကာမဟူသောအာရုံငါးပါး၊တရားအစုတို့၌၊ အာရမ္မဏိက ဖြစ်သော စိတ်,စေတသိက်,တရားတို့၏၊မြင်မှု,ကြားမှု, နမ်းရှုမှု,လျက်မှု,တွေ့ထိမှု-တို့ကို အစွဲပြု၍၊ကြည်သာနှစ်လို၊ ဖိတ်ဖိတ် ယိုမျှ၊ ဗိုဗိုရှမ်းရှမ်း၊ ဝမ်းပမ်းတသာ၊ ဖြစ်ပေါ်လာသော (သုခ+ သောမနဿ)ဝေဒနာကိုပင်၊ဤအရာ၌၊ (သုခ)ဟူ၍၊ဟောတော်မူ၏။

ဤသို့လျှင်၊အာရုံငါးပါး၊ တရားအစုတို့၌၊ အလိုရှိတတ်, နှစ်သက် တတ်သော(ကာမ)ဟူသော လောဘစေတသိက်ငှင်း၊ထိုစေတသိက် နှင့်အတူတကွ ဖြစ်သော (သုခ+သောမနဿဝေဒနာ)ငှင်း၊ ဤ စကားနှစ်ရပ်ကို ပေါင်းစပ်၍[ (ကာမ)+သုခ) ဆန္ဒရာဂတည်းဟူ သော ကိလေသာကာမနှင့်ယှဉ်သော ချမ်းသာ]ဟူ၍ဆို၏။

လိုစကားမှန်၏။ ။[ယံ ခေါ အာဝုသော ဣမေ ပဉ္စကာမ ဂုဏေ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ,သောမနဿံ၊ဣဒံ ဝုစ္စတာဝုသော ကာမသုခံ]။ ။ဟူ၍၊ **နဝကင်္ဂုတ္တရပါဠိတော် မဟာဝဂ္ဂ** စာအုပ်မျက်နှာနံပါတ် ၁၈၄ ၌ ဟောတော်မူ၏။

အာဝုသော၊ ငါ့ရှင်တို့။ ပဉ္စ၊ ငါးပါးကုန်သော၊ ဣမေကာမဂု ဏေ၊ဤကာမဂုဏ်ကျေးဇူး၊ဂုဏ်အထူးတို့ကို။ပဋိစ္စ၊အစွဲအမှီပြု၍၊ သုခံ၊ကာ ယိကသုခဝေဒနာသည်ငှင်း၊ သောမနဿံ၊ စေတသိကသောမနဿ ဝေဒနာသည်ငှင်း။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ။အာဝုသော၊ ငါ့ရှင်တို့။ဣဒံ၊ဤ သဘောတရားကို။ကာမသုခံ၊(ကာမသုခ)ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

ဆိုဦးအံ့။ ။ဤအရာ၌၊ (ဝတ္ထုကာမ)ဟူသော အာရုံငါးပါး တရားအစုတို့ကို အစွဲအမှီပြု၍ (၁) ကာယိကသုခ (၂) စေတသိ ကသုခနှစ်ပါးဖြစ်၏ဟုဆိုလျှင် ထိုသုခနှစ်ပါးကို၊အလိုရှိအပ်,နှစ်သက် အပ်သည်, မဟုတ်တုံလော-ဟုဆိုရန်ရှိ၏။ ။ထိုစကားမှန်စေ။ ။ ထိုဝတ္ထုကာမဟူသော အာရုံငါးပါး၊တရားအစုတို့ကို၊ အစွဲအမှီပြု၍ ဖြစ်သော သုခဝေဒနာ, သောမနဿဝေဒနာ,သဘောသည်၊သာယာ ဖွယ်,သာယာတတ်သော သဘောရှိသည်ကား၊ မှန်၏။ ထိုသို့သော အပြင်းအရာဖြင့် ဖြစ်ခြင်းကား၊ စိတ္တက္ခဏသဘောမျှသာဖြစ်၏။ထိုသို့ သာယာခြင်းကို ပစ္စန့်လွှတ်နိုင်၍၊လိုက်စားမြူးတူး၊ယစ်မူး မေ့လျော့

၍ နေကြကုန်သောသူတို့၌၊များစွာသောဆင်းရဲခြင်းသည်ဖြစ်၏။ ။ ဟူ၍ ဟောတော်မူ၏။

ထိုမှ တပါးလည်း။ ။အာရုံငါးပါး၊ တရားအစုတို့သည်ကား၊ သာယာအပ်,နှစ်သက်အပ်သော သဘောမျှသာရှိသည်မဟုတ်၊ သာယာခြင်း,နှစ်သက်ခြင်း,သဘောကို၊ စွန့်လွှတ်ချင်အောင်၊အပြစ်များစွာရှိပြန်၏။ ။ထိုစကားမှန်၏။ ။သာယာတတ်သော သုခဝေဒနာ, သောမနဿဝေဒနာ, တို့၏အာရုံဖြစ်သော အာရုံငါးပါး၊တရားအစုတို့သည်၊အကြိတ်အခဲ၊ အမြဲမတည်ခြင်း၊ ဆင်းရဲရခြင်း၊ (ဆင်းရဲဖြစ်ခြင်း၏အကြောင်းဖြစ်ခြင်း၊) ဖရိုဖရဲပြိုကွဲပျက်စီးရခြင်း,ဟူသော အပြစ်များစွာရှိ၏။ထို့ကြောင့်၊အကြင်သူသည်၊ရူပါရုံအစရှိသော အာရုံငါးပါး၊တရားအစုတို့၌၊ တပ်နှစ်သက်ခြင်း,ဆန္ဒ ရာဂကို ဆုံးမ၏။ဆန္ဒရာဂကို ပယ်၏။ ဤသို့ ဆုံးမခြင်း, ပယ်ခြင်းသည်၊ ထိုသူအား၊ ရုပ်မှ ထွက်မြောက်၏ဟူ၍ **ခန္ဓဝဂ္ဂသံယုတ်**၌၊အကျယ်ဟောတော်မူ၏။

"ကောနုခေါ ဘန္တေ ရူပဿ အဿာဒေါ,၊ ကော အာဒီနဝေါ,၊ ကိံ နိဿရဏံ,၊ ယံခေါဘိက္ခု ရူပံ ပဋိစ္စဥပ္ပဇ္ဇတိ သုခံ,သောမနဿံ၊အယံ ရူပဿ အဿာဒေါ,၊ ယံရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ အယံ ရူပဿ အာဒီနဝေါ,၊ ယော ရူပသ္မိံ ဆန္ဒရာဂဝိနယော, ဆန္ဒရာဂပ္ပဟာနံ၊ ဣဒံ ရူပဿ နိဿရဏံ"။

ဘန္တေ၊ မြတ်စွာဘုရား။

(၁) ရူပဿ၊ရုပ်တရား၏။ အဿာဒေါ၊ သာယာအပ်သော သဘောသည်။ကောနုခေါ၊အဘယ်တရားပါနည်း။
(၂) ရူပဿ၊ရုပ်တရား၏။ အာဒီနဝေါ၊ အပြစ်သည်။ ကော၊ အဘယ်တရားပါနည်း။
(၃) ရူပဿ၊ ရုပ်တရားမှ။ နိဿရဏံ၊ ထွက်မြောက်ရာသည်ကား။ကိံ၊ အဘယ်တရားပါနည်း။ ဣတိ၊ဤသို့။ အဝေါစ၊ နှုတ်မြွက်သံချို၊ လျှောက်ဆိုလေ၏။

(၁) ဘိက္ခု၊ သိလိုရေးဖြင့်၊ စိတ်တွေးကြံမြော်၊ ငါ့ထံမှော်သို့၊ လျှောက်ကြားလေသော ချစ်သားရဟန်း၊ ယံခေါရှုပ်၊ အကြင်ရုပ်တရားကို၊ ပဋိစ္စ၊ စွဲမှီ၍၊ သုခံ၊ သုခဝေဒနာသည်၎င်း၊ သောမနဿံ၊ သောမနဿဝေဒနာသည်၎င်း၊ ဥပ္ပဇ္ဇတိ၊ဖြစ်ပေါ်လာ၏၊ အယံ၊ ဤသို့ဝေဒနာနှစ်ပါး၊ဖြစ်ပွါးပေါ်လာခြင်းသည်၊ရူပဿ၊ရုပ်တရား၏၊အဿာဒေါ၊ သာယာအပ်သောသဘောမည်၏၊

(၂) ယံရူပံ၊ အကြင်ရုပ်တရားသည်၊ အနိစ္စံ၊ အကြိတ်အခဲ၊ အမြဲမတည်၊ ဒုက္ခံ၊ ဆင်းရဲ၏၊ (ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏၊ဟုလည်းဆို၊) ဝိပရိဏာမဓမ္မံ၊ ဖရိုဖရဲ၊ ပြိုကွဲပျက်စီးတတ်သော သဘောရှိ၏၊ အယံ၊ ဤသို့ဖြစ်ခြင်းသည်၊ ရူပဿ၊ ရုပ်တရား၏၊ အာဒီနဝေါ၊ အပြစ်တည်း၊

(၃) ယော၊ အကြင်သူသည်၊ ရူပသ္မိံ၊ ရုပ်တရား၌၊ ဆန္ဒရာဂဝိနယော၊ တပ်နှစ်သက်ခြင်းကိုဆုံးမ၏၊ ဆန္ဒရာဂပ္ပဟာနံ၊ တပ်နှစ်သက်ခြင်းကို ပယ်ဖျောက်၏၊ ဣဒံ၊ ဤသဘောတရားသည်၊ ရူပဿ၊ရုပ်တရားမှ၊ နိဿရဏံ၊ မငြိမတွယ်၊ စွန့်ပယ်ထွက်မြောက်ခြင်းပင်တည်း၊

[ဤအရာ၌၊ အရာအားလျော်စွာ၊ ရုပ်ကိုးဝါပြ၏၊ ဝေဒနာ, သညာ, သင်္ခါရ ဝိညာဉ်တို့၌လည်း၊ ဤနည်းအတူတည်း,ဟုမှတ်ရာ၏၊]

ဤသို့အားဖြင့် ပုထုဇဉ် သတ္တဝါတို့၏ စိတ်၌ဖြစ်ပေါ် လာတတ်သော အလေ့ ဝဋ္ဋတာသည်ကား၊ နောက်၌ ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း (ဝတ္ထုကာမ) ဟူသော အာရုံငါးပါး၊ တရားအစုတို့နှင့် (ကိလေသာကာမ) ဟူသော အာရမ္မဏိကတရားတို့၏ ပေါင်းဆုံ, စုဝေးမှုကြောင့် (ဖဿ) ဖြစ်၏၊ ဤဖဿကြောင့် ဖြစ်သောလောဘမှု သောမနဿဝေဒနာဖြစ်မှု၌၊ (၃)※အလွိက — တွယ်တာငြိကပ်သော (လောဘ) စေတသိက်သည်၊ နောက်ထပ် အကြိမ်ကြိမ် ဖြစ်ပေါ်လာပြန်၏၊ ထိုသို့ဖြစ်ပေါ်မှုကို၊ အဖန်တလဲလဲ၊ စိတ်၌စွဲ၍၊ အမြဲယှဉ်ခြင်း (အားထုတ်ခြင်း)သည်၊ (၄)※အနုယောဂမည်၏၊ ၊

ထို့ကြောင့်၊ [ကာမသုခလ္လိကာနုယောဂ=“ဆန္ဒရာဂ–ဟူသော ကိလေသာ ကာမနှင့်ယှဉ်သော ချမ်းသာကို”၊ “တွယ်တာငြိကပ်သော သဘောဖြင့်”အဖန်တလဲလဲယှဉ်ခြင်းသည်။]

(၁) အကျိုးမဖြစ်၊ ဆိုးညစ် ယုတ်မာသော အကျင့် ဖြစ်၍၊ (ဟီန)မည်၏။

(၂) ရွာ၌နေသူ၊ လူတို့၏ပြုအပ်သော အမှုဥစ္စာဖြစ်၍၊ (ဂါမ္မ) မည်၏။

(၃) ကာမဂုဏ်တွင်၊ အာရုံခင်သည့်၊ ပုထုဇဉ်တို့၏ အလေ့ အကျင့်ဖြစ်၍၊(ပေါထုဇ္ဇနိက)မည်၏။

(၄) ကိလေသာညွန်ကို၊ လွန်မြောက်ပြီးသော အရိယာပုဂ္ဂိုလ် တို့၏ အမှုဥစ္စာ မဟုတ်သောကြောင့် (အနရိယ)မည်၏။

(၅) ပစ္စုပ္ပန်၊ သံသရာ၊ ချမ်းသာပွါးတိုး၊ အကျိုးဖြစ်ကြောင်း နှင့် မစပ်ယှဉ် သောကြောင့်၊ (အနတ္ထသံဟိတ)မည်၏။

၌မျှတိုင်အောင်၊ ချမ်းသာကောင်းကျိုး၊ မတိုးမပွါး၊ ပျက်ပြားဆုတ်ယုတ်ကြောင်း ဖြစ်သော အကျင့်မည်၏။ ။ထို့ကြောင့်- ထိုအယုတ်တရားအစုကို၊ ရဟန်းဖြစ်သော သူသည်၊ မမှီဝဲ အပ်ချေ။ ဟူလို။

၌တွင်ရွေကား၊
(၁) ကာမသုခလ္လိကာနုယောဂ–ဟူသော
အယုတ်တရားပြဆိုခန်းပြီး၏။

---

## (၅)(၂) အတ္တ-ကိလမထာ-နု-ယောဂ ဟူသော အယုတ်တရားပြခန်း

(၅)(၂) **အတ္တကိလမထာနုယောဂ**–ဟူသော အယုတ်တရားဟူသည်။ ။အဘယ်သည်တို့နည်းဟူမူကား။

(၂) ဆူးငြောင့်ကိုမှီ၍ အိပ်ခြင်း စသည်ဖြင့်, ဆင်းရဲကိုဆောင်တတ်သော, အရိယာမဟုတ်သော တိတ္ထိတို့၏ ဥစ္စာဖြစ်

သော, စီးပွါးချမ်းသာဖြစ်ကြောင်းနှင့် မစပ်သော, မိမိ
ကိုယ်၏ ပင်ပန်းခြင်းကိုအဖန်တလဲလဲ ဖြစ်စေတတ်သော,
အကြင်အဘိုအစုသည်ရှိ၏၊ထိုအဘိုအစုအကျင့်တရားသည်၊
(အတ္တကိလမထာနုယောဂ) မည်၏၊ ၊ထိုအကျင့်တရား
ကို၊ ရဟန်းဖြစ်သောသူသည်၊ မမှီဝဲအပ်ချေ၊ ဟူလို၊

[ဤသည်ကား၊ ပိဋကတ္တအဓိပ္ပါယ်တည်း။]

ထိုမှတချက်၊ မိပ္ပါယ်ခက်ကို၊ ဆက်၍ပြဆိုဦးအံ့၊

※"အတ္တကိလမထာနုယောဂ"ဟူသောပါဠိအရ၊ ၊

(၁) အတ္တ=မိမိကိုယ်-(မိမိကိုယ်ကို)

(၂) ကိလမထ=ပင်ပန်းခြင်း-(ပင်ပန်းအောင်)

(၃) အနုယောဂ= အဖန်တလဲလဲ ဖြစ်စေသော အကျင့်ဟု ဆိုရာ၍၊ အဘယ်တရားကို အလိုရှိ၍၊ အဘယ်သို့လျှင် မိမိကိုယ်၏ ပင်ပန်းသောအကျင့်ကို ကျင့်သနည်း၊ ၊ဟူသော အမေးပုစ္ဆာ စကားသည်၊ ဤအရာ၌ဖြစ်ပေါ်လာ၏၊

ထို့ကြောင့်၊ အဖြေဝိသဇ္ဇနာစကားသည်၊ ဤဆိုလတ္တံ့သည်ပင် တည်းဟူ၍ မှတ်ကြရာ၏၊

မြတ်စွာဘုရားသခင်, မပွင့်လာမီ၊ ရှေးအခါက၊ သာဝတ္ထိ, ရာဇဂြိုဟ်, အစရှိသော၊ထိုထိုသို့သော တိုင်းကြီး,ပြည်ကြီးတို့ကို အမှီပြု၍၊ ထို(အတ္တကိလမထာနုယောဂ) ဟူသောအကျင့်ကို ကျင့်ကြကုန်သော ပုဂ္ဂိုလ်တို့၏စိတ်၌၊ ကြံဆမှတ်ယူပုံကား၊— ပုထုဇဉ် သတ္တဝါ တို့၏ သန္တာန်၌ဖြစ်သော, လောဘစရိုက်သည်၊ မိမိ၏ အကြိုက်ဖြစ်သော အာရုံငါးပါး၊ ကာမဂုဏ် တရား၌၊ မြင်မှု၊ ကြားမှု- စသော အတွေ ဖြင့်၊ ပျော်မွေ့မြူးတူး၊ ယစ်မူးမေ့လျော့၍နေရလျှင်၊ မည်သည့်အခါမှ၊ အားရတင်းတိမ်၊ ရောင့်ရဲခြင်း မရှိနိုင်၊ ပျင်းရိငြီးငွေ့ခြင်း မရှိနိုင်၊ မြိုနိုင်သည်ထက်သာ, မြိုနိုင်၍၊ အာရုံအမျိုးမျိုးတို့ကြောင့်၊ တိုး၍တိုး၍ သာ၊ သိုးဝါးကြမ်းထမ်းသော အပြုအမူအလေ့တို့သည် ဖြစ်ပေါ်လာ လတ္တံ့၊

ထို့ကြောင့်၊ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော အာရုံငါးပါး၊ ကာမဂုဏ်တရားတို့မှလည်း၊ ဝေးကွာသည်ထက်, ဝေးကွာအောင်၊ ဖဲခွါ၍၊ နည်းပါးသည်အောက်, နည်းပါးအောင်၊ ငြိုးငြံသိမ်းဆည်း၍၊ မိမိအဇ္ဈတ္တသန္တာန်၌ ဖြစ်သော ကိုယ်စိတ်နှစ်ပါးကိုလည်း၊ ပျော်ပါးမြူးတူး၊ ယစ်မူးမေ့လျော့ခွင့်မပေးဘဲ၊ ပင်ပန်းဆင်းရဲအောင် နှိပ်စက်ညှဥ်းပန်းရလျှင်၊ ထိုလောဘစရိုက်သည်၊ ပူအိုက်ညှိုးနွမ်း၊ ခာတ်ကုန်ခန်း၍၊ ဆိုးသွမ်းမြူးတူးခွင့်ကိုမရဘဲ၊ (အစွမ်းသတ္တိတုံး၍) မီး၌အုံးအပ်သော ကြိမ်အတွေ့ကဲ့သို့၊ သိမ်မွေ့ခြင်းဖြစ်ရာ၏ဟု၊ နှလုံးပိုက်ကြကုန်၏။

ထို့ကြောင့် အာရုံငါးပါး၊ ကာမဂုဏ်တရားတို့ကို၊ လိုက်စားခြင်းမှ၊ နည်းပါးသည်အောက်,နည်းပါးအောင်၊ ဝေးကွာသည်ထက်, ဝေးကွာအောင်၊ မိမိတို့ စားနေကျမြဲဖြစ်သော, အစားအစာ တို့မှလည်း၊ ငြိုးငြံလျော့မော့၍ စားကြကုန်၏။ ။အလျှဥ်းပြတ် မစားဘဲမူ၍လည်း၊ နေကြကုန်၏။ ။ဝတ်ရုံမြဲတိုင်းသော အဝတ်အရုံတို့၌လည်း၊ ရှေးနည်းအတူ ပြုကြကုန်၏။ ။ကိုယ်စိတ်နှစ်ပါး၊အင်အားယုတ်လျော့စိမ့်သောငှါ၊ ရေငုပ်ခြင်း,မီးလှုံခြင်း,နေပူခံခြင်း,ဆူးပေါ်၌ အိပ်ခြင်း, အစရှိသော, မိမိကိုယ်၏ ပင်ပန်းသော အကျင့်တို့ကို ကျင့်ကြကုန်၏။

**ထို့ကြောင့်၊ ထိုအကျင့်မျိုးကို (အဋ္ဌကိလမထာနုယောဂ) အကျင့်ဟူ၍ ဆို၏။**

မြတ်စွာဘုရားသခင်၊ ထင်ရှားစွာ ပွင့်လာတော်မူသောအခါ၌၊ ထို(အဋ္ဌကိလမထာနုယောဂ)အကျင့်မျိုးသည်၊

(၁) အကျိုးမဖြစ်၊ ဆိုးညစ် ပင်ပန်းရုံမျှသာဖြစ်၍၊ (ဒုက္ခ) သာတည်း=ဟူ၍ရင်း။

(၂) ကိလေသာညွန်ကို၊ လွန်မြောက်ပြီးသော အရိယာပုဂ္ဂိုလ်တို့၏၊ အမူအကျင့်ဥစ္စာမဟုတ်သောကြောင့်၊ (အနရိယ) သာတည်း=ဟူ၍ရင်း။

(၃) ပစ္စုပ္ပန်-သံသရာ၊ ချမ်းသာပွါးတိုး၊ အကျိုးဖြစ်ကြောင်း နှင့်, မစပ်ယှဉ်သောကြောင့်၊ (အနတ္တသံဟိတ) သ တည်း=ဟူ၍ငှင်း, ကဲ့ရဲ့ရှုတ်ချတော်မူ၏။

ဤတွင်ရှေ့ကား၊
(၅) (၂) အတ္တကိလမထာနုယောဂ– ဟူသော
အယုတ်တရားပြဆိုခဲ့ပြီး၏။

---

## (၆) အယုတ်တရား-နှစ်ပါးပယ်၍ (မဇ္ဈိမပဋိပဒါ) အကျင့်တရား၏ အကျိုးရပုံပြခန်း

(၆) (က) ဤသူ့လျှင်၊ ∴ အာရုံငါးဖြာ၊ သွေးဆောင်ရာသို့၊ မကွာစိုက်စိုက်၊ လိုက်ပါမြူးတူး၊ ယစ်မူးမေ့လျော့ သဖြင့်၊ လျော့လွန်းသော (၁) ကာမသုခလ္လိကာ နုယောဂ, ဟူသော အယုတ်တရား။ ။

တနည်းကား၊(၂)လောဘ, ဟူသောအယုတ်တရား။ ။

တနည်းကား၊(၃)သဿတဒိဋ္ဌိ, ဟူသောအယုတ်တရား။

(ခ) ကိုယ်စိတ်ညှိုးနွမ်း၊ ဓာတ်ကုန်ခန်းအောင်၊ ကြိုးပမ်းပြုလုပ် ရသဖြင့်၊တင်းလွန်းသော (၁) အတ္တကိလမထာနုယောဂ, ဟူသော အယုတ်တရား။

တနည်းကား၊ (၂) ဒေါသ, ဟူသော အယုတ်တရား။

တနည်းကား။ (၃) ဥစ္ဆေဒဒိဋ္ဌိ, ဟူသော အယုတ်တရား။

ဤအယုတ်တရားနှစ်ပါးတို့သို့၊ မလားမကပ်၊ အလယ် အလတ် ဖြစ်သော၊ သင်တို့ဆရာ၊ ဗုဒ္ဓမည်တွင်၊ ငါဘုရားရှင်သည်၊ သဗ္ဗညုတ-ဉာဏ်ဖြင့် ထိုးထွင်း၍ သိအပ်သော၊သစ္စာလေးပါးကို မြင်တတ်သော၊ ပညာမျက်စိကို ပြုတတ်သော၊ သစ္စာလေးပါးကိုသိခြင်းကို ပြုတတ် သော ∴ကာမသုခလ္လိကာ နုယောဂ ဟူ၍ငှင်း။ ∴သဿတဒိဋ္ဌိဟူ၍ ငှင်, ခေါ်အပ်သော တခုသော အဘိုအစု၏ငှင်း။

※အတ္တကိလမထာနုယောဂဟူ၍ရင်း။ ※ ဥစ္ဆေဒဒိဋ္ဌိဟူ၍ရင်း, ခေါ်အပ်သော တခုသောအဘိုအစု၏ရင်း။ အလယ်၌ ဖြစ်သော ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကို အလိုရှိသော သူတို့သည်၊ ကျင့်အပ်သော အကျင့်သည်၊—

(၁) (ဥပသမာယ) ကိလေသာ ငြိမ်းခြင်း တည်းဟူသော (သဥပါဒိသေသ) နိဗ္ဗာန်အကျိုးငှါရင်း။

(၂) (အဘိညာယ) သစ္စာလေးပါးကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှါရင်း။

(၃) (သမ္ဗောဓာယ)သစ္စာ လေးပါးကို ကောင်းစွာ သိခြင်း ငှါရင်း။

(၄) (နိဗ္ဗာနာယ) (အနုပါဒိသေသ) နိဗ္ဗာန် အကျိုးငှါရင်း, ဖြစ်၏။ ဟူ၍ဟောတော်မူ၏။

※ မဇ္ဈိမာပဋိပဒါ= ဟူသည်ကား။ မဂ္ဂင် ရှစ်ပါးအပေါင်းကို ရည်၍(မဂ်)ဟုဆို၏။ ထိုစကားမှန်၏။

(၁) ※ လောဘသည်၊ တခုသောအယုတ်တရားအစုတည်း။

(၂) ※ ဒေါသသည်၊ တခုသော အယုတ်တရားအစုတည်း။

※ မဇ္ဈိမာပဋိပဒါ—ဟူသော မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်သည်၊ နောက်၌ပြဆိုအပ်ခဲ့ပြီးသော ထိုလောဘ, ဒေါသ, ဟူသော အယုတ်တရားနှစ်ပါးတို့သို့။ မလာ, မကပ်၊ ကင်းပြတ်လွန်မြောက်၏။ ။ ဤသို့လျှင်၊ အယုတ် တရား နှစ်ပါးတို့သို့၊ မလာ, မကပ်၊ အလယ်ရပ်၌ တည်၍ ဖြစ်သောကြောင့်၊ (မဇ္ဈိမာ) မည်၏။ ။ပွါးများ၍ ကျင့်အပ်သော, တရားကေန်၊ စင်စစ်မှန်သောကြောင့် (ပဋိပဒါ) မည်၏။ ထိုစကားနှစ်ရပ်ကို ပေါင်းစပ်၍၊အယုတ်တရားနှစ်ပါးတို့သို့၊ မလာ, မကပ်၊ အလယ်ရပ်၌ တည်၍ ဖြစ်သဖြင့်၊ ကျင့်အပ် သောကြောင့်၊ (မဇ္ဈိမာပဋိပဒါ) မည်၏။ ။ထိုနောက်

(၁) ※ စက္ခုကရဏီ၊
(၂) ※ ဉာဏကရဏီ၊
(၃) ※ ဥပသမာယ၊
(၄) ※ အဘိညာယ၊
(၅) ※ သမ္ဗောဓာယ၊
(၆) ※ နိဗ္ဗာနာယ။ ။ဟူသော ၆ ပုဒ်တို့သည်ကား။

ထို(မဇ္ဈိမာပဋိပဒါ) ဟူသော အမည်ကိုရသော, မဂ္ဂင် ရှစ်ပါး၊ တရားအကျင့်ကိုပင်၊ ထပ်ဆင့်ချီးကျူး၍၊ အထူးလေးမြတ်စွာ ဟော တော်မူသော ပုဒ်တို့ ဖြစ်ကုန်၏။

(အထူးမှတ်ချက်)။ ။(သာဓက)

စက္ခု ကရဏီ-တိအာဒီဟိ ပန၊တမေဝ,ပဋိပဒံ ထောမေတိ။ သာ, ဟိ, သစ္စာနံ ဒဿနာယ သံဝတ္တတိ။ဒဿန ပရိ ဏာယ-ကဋ္ဌေနာ-တိ, စက္ခု ကရဏီ (လ) အယ မေတ္တသာရော။)

(မူလပဏ္ဏာသ-ဓမ္မဒါယာဒသုတ်အဖွင့်)

ထို ၆-ပုဒ်တို့တွင်။

(၁) [※"စက္ခုကရဏီ" ဟူသောပုဒ်အရ။

(၁) သစ္စာ လေးပါးကို မြင်တတ်သော ပညာမျက်စိကိုပြုတတ်သော] ဟူသောစကားကို [※မဇ္ဈိမာပဋိပဒါ ဟူသော ပုဒ်အရ၊ အယုတ်တရားနှစ်ပါးတို့၏ အလယ်၌ ဖြစ်သော၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကိုအလိုရှိသောသူတို့၊ ကျင့်အပ်သောအကျင့်သည်] ဟူသောပုဒ်၌၊ စပ်၍၊ ထိုပုဒ်နှစ်ခုကို ပေါင်းစပ်၍ ရသောအဓိပ္ပါယ်ကား။ ။ထိုမဂ္ဂင်ရှစ်ပါး တရားအကျင့်သည်၊ သစ္စာလေးပါး၊တရားအမှန်ကို၊ ကောန်တိတိ၊သိမြင်ခြင်း အရာ၌၊ (ကိုယ်ခန္ဓာ၌ လွန်စွာ ကျေးဇူးများသောမျက်စိအင်္ဂါကဲ့သို့) အကြီးအမှူးဟူသောအနက်သဘောရှိသောကြောင့်၊စက္ခုကရဏီ)မည်၏။

ဤလောက၌၊ ရေကြောင်းခရီး, ကုန်းကြောင်းခရီးသို့ သွားကြကုန်သောသူတို့သည်၊ ထိုခရီးလမ်းတည်ရှိပုံကို၊ သိမြင်တတ်သောမျက်

စိရှိသောသူမှသာလျှင်၊ မိမိ၏လိုရာလိုရာအရပ်သို့၊ ဆိုက်ကပ် ပေါက်ရောက်အောင် သွားနိုင်ကုန်၏။ အကြောင်းဟူသောမျက်စိအင်္ဂါချို့တဲ့ခဲ့လျှင်၊ အကျိုးဟူသော ပေါက်ရောက်နိုင်ခြင်းသည်လည်း၊ ချို့တဲ့ရာ၏၊ ဤနည်းအတူ။ အသခ်တ၊ အမတ, ခတ်ဆန်း၊နိဗ္ဗာန်နန်းသို့၊ကူးသန်းသွားရောက်လိုကြသော သူတို့သည်လည်း၊ ထိုနိဗ္ဗာန်သို့ရောက်စေနိုင်သော အကျင့်ဟူသော ခရီးလမ်းတည်ရှိပုံကို၊ သိမြင်တတ်သောပညာမျက်စိရှိသောသူမှသာလျှင်၊ပေါက်ရောက်အောင် သွားနိုင်ကြကုန်၏။ ပညာမျက်စိချို့တဲ့ခဲ့မူ၊ အကျင့်ဟူသော ခရီးလမ်းလွဲသို့ လိုက်ပါ သွားသဖြင့်၊ နိဗ္ဗာန်နန်းနှင့်၊ဝေးကွာသည်ထက်,ဝေးကွာရာ၏။ [ထို့ကြောင့် ဤ(မဇ္ဈိမာပဋိပဒါ)ဟူသော အကျင့်သည်၊ သစ္စာလေးပါး၊ တရားအမှန်ကို၊ ကေန်တိတိ၊ သိမြင်ရာ၌လည်း၊ မျက်စိကိုပြုတတ်၏ဟူ၍၊ ချီးမွမ်းတော်မူ၏။]

(၂) [※"ဉာဏကရဏီ"ဟူသောပုဒ်အရ။

(၂) သစ္စာလေးပါးကိုသိခြင်းကို ပြုတတ်သော ဟူသောစကားကို (မဇ္ဈိမာပဋိပဒါ) ဟူသောပုဒ်အရ၊ အယုတ်တရားနှစ်ပါးတို့၏အလယ်၌ဖြစ်သောဝင့်ဆင်းရဲမှ ထွက်မြောက်ခြင်းကို အလိုရှိသောသူတို့ ကျင့်အပ်သော အကျင့်သည်၊] ဟူသော ပုဒ်၌၊ စပ်၍, ထိုပုဒ်နှစ်ခုကို ပေါင်းစပ်၍ရအပ်သော အဓိပ္ပါယ်ကား။ ။ထိုမဂ္ဂင်ရှစ်ပါး တရား အကျင့်သည်၊ သစ္စာလေးပါး တရားအမှန်ကို၊ကေန်တိတိ၊ သိမြင်ခြင်းအရာ၌၊ ဉာဏ်ကိုပြုတတ်သော အနက်သဘောကြောင့် (ဉာဏကရဏီ)မည်၏။

ဤလောက၌၊ လောကီ, လောကုတ္တရာ၊ နှစ်ဖြာသော အဘို့တို့၌၊ ကြီးပွါးရာ ကြီးပွါးကြောင်းဖြစ်သော, တစုံတခုသော အမှုအလုပ်ကို၊ ပြုလုပ်ဆောင်ရွက်သော သူသည်၊ ထိုအမှုအလုပ်နှင့် စပ်လျဉ်း၍ သိတတ်သော ပညာဉာဏ်ရှိသော သူမှသာလျှင်၊ ထိုအမှုအလုပ်ကို၊ပြီးစီးတွင်ကျယ်အောင် ပြုလုပ်ဆောင်ရွက်နိုင်၏။ ။အကြောင်း ဟူသော ပညာဉာဏ်ချို့တဲ့ခဲ့မူ၊ အကျိုးဟူသော ပြီးစီးတွင်ကျယ်ခြင်းသည်လည်း

ချွတ်ပဲ့ရာ၏၊ ဤနည်းအတူ၊ ဧာတိမြဲသည်၊ ရွှေဘုံ-မည်သီး၊ နိဗ္ဗာန်-ဟူသော ချမ်းသာသုခကြီးကို၊ မျက်မှောက်ထင်ထင်၊ ရရှိသိမြင်လိုသောသူသည် လည်း၊ ထိုနိဗ္ဗာန်ချမ်းသာကို ရစေနိုင်,သိမြင်စေနိုင်သော အကျင့်ဟူ သောစည်းမျဉ်းဥပဒေသကို၊ သိမြင်တတ်သော ပညာဉာဏ်ရှိသော သူမှသာလျှင်ရနိုင်၏၊ ၊အကြောင်းဟူသော ပညာဉာဏ် ချွတ်ပဲ့ခဲ့မူ၊ အကျိုးဟူသော အကျင့်နည်းလမ်းအမှားသို့၊ လိုက်ပါသွားသဖြင့်၊ နိဗ္ဗာန်နန်းနှင့်၊ ဝေးကွာသည်ထက်, ဝေးကွာရာ၏၊ ၊ထို့ကြောင့်၊ ဤ(မဇ္ဈိမာပဋိပဒါ)ဟူသောအကျင့်သည်၊ သစ္စာလေးပါး၊ တရားအ မှန်ကို၊ကေန်တိတိ၊ သိမြင်ရာ၍၊ဉာဏ်ကိုပြုတတ်၏၊, ဟူ၍၊ချီးမွမ်းတော် မူ၏၊

(၃) "※ဥပသမာယ"ဟူသောပုဒ်အရကား၊

(၃) ထို(မဇ္ဈိမာပဋိပဒါ)ဟူသော မဂ္ဂင်ရှစ်ပါး၊ တရားအကျင့် သည်၊ ဘုံသုံးပါးဟူသော သံသရာဝဋ်တွင်းမှ၊ မလွတ်ကင်း မကျားမြောက်နိုင်ကြကုန်သေးသောသတ္တဝါတို့ကို၊အဖန်ဖန် ပူလောင်စေတတ်, နှိပ်စက်တတ်သော၊ ရာဂ, အစရှိသော ကိလေသာတရားတို့ကိုငြိမ်းစေတတ်သော သဘောကြောင့် (ဥပသမာယ) မည်၏၊ ၊ထိုစကားဖြင့်၊ မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်သည်၊ ကိလေသာ ငြိမ်းငြိမ်း တည်းဟူသော၊ (သဥပါဒိသေသ) နိဗ္ဗာန် အကျိုးငှါဖြစ်၏၊ ဟူ၍၊ချီးမွမ်း တော်မူ၏၊

(၄) ※"အဘိညာယ"ဟူသောပုဒ်အရကား၊

(၄) ထို(မဇ္ဈိမာပဋိပဒါ) ဟူသောမဂ္ဂင်ရှစ်ပါး တရားအကျင့် သည်၊ သစ္စာလေးပါး၊ တရားအမှန်ကို၊ထူးသောဉာဏ်ဖြင့် သိတတ်သည်၏အဖြစ်ကို ပြုတတ်သော သဘောကြောင့်၊ (အဘိညာယ)မည်၏၊ ဟူ၍၊ ချီးမွမ်းတော်မူ၏၊

(၅) ※"သမ္ဗောဓာယ"ဟူသောပုဒ်အရကား၊

(၅) (သမ္ဗောဓ)သဒ္ဒါသည်၊ အစိတ်အစိတ်ဖြစ်သော (မဇ္ဈိမာ ပဋိပဒါ)ဟူသောသမ္ဗောဓိဋ္ဌ, သမ္ဗာသင်္ကပ္ပ, အစရှိသော

မဂ္ဂင်ရှစ်ပါး တရားဟူသော အနက်ကို ဟော၏။ ထိုမဂ္ဂင်ရှစ်ပါး၊ တရားအကျင့်သည်၊ အပေါင်းဖြစ်သော (မဂ်) ဟူသော အကျိုးဖြစ်ခြင်းငှါ၊ ဖြစ်တတ်သော သဘောကြောင့်၊ (သမ္ဗောဓာယ)မည်၏။ ဟူ၍၊ချီးမွမ်းတော်မူ၏။

(၆) ※"နိဗ္ဗာနာယ"ဟူသော ပုဒ်အရကား။

(၆) ထို(မဇ္ဈိမာပဋိပဒါ)ဟူသော မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်သည်၊(အပစ္စယ)ဟူသော နိဗ္ဗာန်ကို၊မျက်မှောက် ပြုခြင်းငှါ၊ဖြစ်တတ်သော သဘောကြောင့်၊ (နိဗ္ဗာနာယ)မည်၏။ ထိုစကားဖြင့်၊မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်သည်၊ ခန္ဓာငါးပါး,အကြွင်းအကျန်မရှိသော (အနုပါဒိသေသ) နိဗ္ဗာန် အကျိုးငှါ၊ဖြစ်၏ ဟူ၍၊ချီးမွမ်းတော်မူ၏။

ဤသို့အားဖြင့်၊ (မဇ္ဈိမာပဋိပဒါ)ဟူသော မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်ကို၊ ထိုထို ဂုဏ်ပုဒ်တို့ဖြင့်၊ ချီးကျူးတော်မူပြီး၍။—

## (၇) (မဏ္ဍိမာပဋိပဒါ)အကျင့်တရားဟူသည်၊ အဘယ်ပါနည်းဟု အမေး,ပုစ္ဆာ, ပြုပုံပြခန်း

(၇) ဤယခုအခါ၌၊ထို(မဇ္ဈိမာပဋိပဒါ)ဟူသော မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်ကို၊သရုပ်အားဖြင့်ပြတော်မူလို၍၊(ကထေတုကမျတာ) ပုစ္ဆာအမည်ရှိသော[ကတမာစ သာ ဘိက္ခဝေ မဇ္ဈိမာပဋိပဒါ တထာ ဂတေန အဘိသမ္ဗုဒ္ဓါ၊ စက္ခုကရဏီ, ဉာဏကရဏီ, ဥပသမာယ, အဘိညာယ, သမ္ဗောဓာယ, နိဗ္ဗာနာယ, သံဝတ္တတိ။]ဟူသောစကားဖြင့်၊ မေးမြန်းတော်မူ၏။

## (၇) ပါဠိဘာသာမှ၊မြန်မာဘာသာ ပြန်ဆိုခန်း

(၇) အို "ပဥ္စဝဂ္ဂီ"ရဟန်းတို့။

(၇) သင်တို့ဆရာ၊ဗုဒ္ဓ-မည်တွင်၊ငါဘုရားရှင်သည်၊ အရဟတ္တမဂ် ဉာဏ်ဖြင့်၊ ကိလေသာ တရားတို့ကို ပယ်ဖြတ်တော်မူ၍၊

သ...သုတ,ဉာဏ်...ကို၊ထိုးထွင်း၍သိမြော်မှုအပ်သော၊သစ္စာ
လေးပါး...မြင်တတ်သော၊ ပညာမျက်စိကိုပြုတတ်သော၊
သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော၊ အကြင်
အလတ်ဖြစ်သော အကျင့်သည်—

(၁) ကိလေသာ ငြိမ်းခြင်း ဟူသော (သဥပါဒိသေသ)နိဗ္ဗာန်
အကျိုးငှါ ဖြစ်၏။

(၂) သစ္စာလေးပါးကို၊ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ဖြစ်၏။

(၃) သစ္စာလေးပါးကို၊ ကောင်းစွာသိခြင်းငှါ ဖြစ်၏။

(၄) ခန္ဓာငါးပါး အကြွင်းအကျန်မရှိသော (အနုပါဒိသေသ)
ဟူသော နိဗ္ဗာန်အကျိုးငှါ ဖြစ်၏။] ။[ထိုအလတ်ဖြစ်
သော အကျင့်သည်၊ အဘယ်သည်နည်း]ဟူ၍၊ မေးမြန်း
တော်မူ၏။

---

## (ဂ) (မဇ္ဈိမာပဋိပဒါ)အကျင့်တရားဟူသည်၊ ဤ''မဂ္ဂင်''တရားအကျင့်ပင်တည်းဟု၊ ဖြေဆိုပုံပြခန်း

(ဂ) ယိုအမေးပုစ္ဆာ စကားကိုပင်၊ ဖြေကြားတော်မူလိုပြန်ရ
ကား။(အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊သေယျ
ထိဒံ၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ, သမ္မာ
ကမ္မန္တော, ...အာဇီဝေါ, သမ္မာဝါယာမော, သမ္မာ
သတိ, သမ္မာသမာဓိ,) ဟူ၍၊ ဖြေကြားတော်မူ၏။

## (ဂ) ပါဠိဘာသာမှ မြန်မာဘာသာပြန်ဆိုခန်း

(ဂ) ...''ပဋ္ဌင်္ဂိ''ဝေဟာန်းတို့။

ဖြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၍ (မင်္ဂ) ပင်တည်း။ ။
...(မဂ္ဂင်)သည်၊ အဘယ်နည်းဟူမူကား။

(၁)÷ သမ္မာ ဒိဋ္ဌိ၊ ကောင်းစွာ သိမြင်ခြင်း။

(၂)÷ သမ္မာ သင်္ကပ္ပ၊ ကောင်းစွာ ကြံစည်ခြင်း။

(၃)÷ သမ္မာ ဝါစာ၊ ကောင်းစွာ ပြောဆိုခြင်း။

(၄)※ သမ္မာ ကမ္မန္တ၊ ကောင်းစွာ ပြုခြင်း။
(၅)※ သမ္မာ အာဇီဝ၊ ကောင်းစွာ အသက်မွေးခြင်း။
(၆)※ သမ္မာ ဝါယာမ၊ ကောင်းစွာ အားထုတ်ခြင်း။
(၇)※ သမ္မာ သတိ၊ ကောင်းစွာ အောက်မေ့ခြင်း။
(၈)※ သမ္မာ သမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း။
အို "ပဉ္စဝဂ္ဂီ"ရဟန်းတို့။

ဤရှစ်ပါးသော အစိတ်, အစိတ်သော သဘောတရားသည်။ မဂ္ဂင်မည်၏ဟူ၍ ဖြေကြားတော်မူ၏။

---

## (၉) (မဇ္ဈိမာပဋိပဒါ) အကျင့်တရား၏ အကျိုးရပုံ နိဂုံးချုပ်ပြခန်း

(၉) ထိုနောက်တဖန်၊ ထိုမဂ္ဂင်ရှစ်ပါး၊ တရားအကျင့်၏ ဂုဏ်ပုဒ်ကိုဖေါ်ပြလျက်၊ နိဂုံးအုပ်စကား၊ ဟောကြားတော်မူလိုပြန်ရကား။ ။(အယံခေါသာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ၊ စက္ခုကရဏီ, ဉာဏကရဏီ, ဥပသမာယ, အဘိညာယ, သမ္ဗောဓာယ, နိဗ္ဗာနာယ, သံဝတ္တတိ)ဟူ၍ ဟောတော်မူ၏။

---

## (၉) ပါဠိဘာသာမှ၊ မြန်မာဘာသာ ပြန်ဆိုခန်း

(၉) အို "ပဉ္စဝဂ္ဂီ"ရဟန်းတို့။

သင်တို့ဆရာ၊ ဗုဒ္ဓ-မည်တွင်၊ ငါဘုရားရှင်သည်၊ အရဟတ္တမဂ်ဉာဏ်ဖြင့်၊ ကိလေသာတရားတို့ကို ပယ်ဖြတ်တော်မူ၍၊ သဗ္ဗညုတ ဉာဏ်ဖြင့် ထိုးထွင်း၍ သိတော်မူအပ်သော, သစ္စာလေးပါးကို မြင်တတ်သော, ပညာမျက်စိကို ပြုတတ်သော, သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော, အကြင်အလတ်ဖြစ်သောအကျင့်သည်၊—

(၁) ကိလေသာ ငြိမ်းခြင်း ဟူသော (သ ဉပါဒိ သေသ) နိဗ္ဗာန်အကျိုးငှါ ဖြစ်၏။ ။

(၂) သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်း၄ါ ဖြစ်၏။

(၃) သစ္စာလေးပါးကို ကောင်းစွာသိခြင်း၄ါဖြစ်၏။

(၄) ခန္ဓာငါးပါး အကြွင်းအကျန် မရှိသော(အနုပါဒိသေသ) ဟူသောနိဗ္ဗာန်အကျိုး၄ါ ဖြစ်၏ဟူ၍၊ဟောကြားတော်မူ၏။

ဤမျှသော စကားအစဉ်ဖြင့်၊ အယုတ်တရား နှစ်ပါးတို့ကို ကြဉ် ခြင်း၊ (မဇ္ဈိမာပဋိပဒါ)ဟူသော အကျင့်တရားတို့ကို ဟောကြား တော်မူခြင်းသည်၊ ဤတွင်ရွေကား၊ ပြီးပြီ။

(၁၀) ဤယခုအခါ၌၊ (မဇ္ဈိမာပဋိပဒါ) ဟူသော အရိယမဂ်၏ ာရုံဖြစ်သော သစ္စာလေးပါး တရားကို အစဉ်အတိုင်း ဟောတော် ခြင်းအကျိုး၄ါ (ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခံ+အရိယသစ္စံ) အစ သော ဒေသနာကို ဟောတော်မူ၏။ ။ထိုလေးပါးသော သစ္စာတို့ ၌င်၊ ဤယခုအခါ၌၊ (၁)ဒုက္ခသစ္စာ၏သရုပ်ကို၊ ထုတ်ဖေါ်မိုင်းခြား၊ ဟာကြားပြသခြင်းအကျိုး၄ါ၊အောက်၌ပါသော ဒေသနာအစဉ်ကို၊ သင်္ဂါယနာ)တင်တော်မူကြကုန်၏။

---

## (၁၀) (၁) ဒုက္ခသစ္စာပြခန်း။
## (ဒုက္ခ-အခြင်းအရာ ၈-မျိုး)

(၁၀) (က) ဣဒံ ခေါပန ဘိက္ခဝေဒုက္ခံ+
(ခ) အရိယသစ္စံ+(လ)
(ဂ) သံခိတ္တေန-ပဉ္စုပါဒါနက္ခန္ဓာ-ပိ ဒုက္ခာ+ဟူ၏။

---

## ပါဠိဘာသာမှ၊မြန်မာဘာသာပြန်ဆိုခန်း။

(၁၀) အို ''ပဉ္စဝဂ္ဂီ''ရဟန်းတို့။

(၁) ※ ''ဇာတိပိ ဒုက္ခာ''။ ။ဟူသောပါဠိအရ။

(၁) ပဋိသန္ဓေ နေရခြင်းသည်လည်း၊ ဆင်းရဲ၏။ ။ တနည်းကား။ ။ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။

(၂) ※ "ဇရာပိ ဒုက္ခာ"။ ။ဟူသော ပါဠိအရ။
(၂) ဆိုးရွား ဟောင်းမြင်း၊ အိုမင်းရင့်ရော် ရခြင်းသည်လည်း၊ ဆင်းရဲ၏။ ။တနည်းကား။ ။ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။

(၃) ※ "ဗျာဓိပိ ဒုက္ခော"။ ။ဟူသော ပါဠိအရ။
(၃) ဖျားနာခြင်းသည်လည်း၊ ဆင်းရဲ၏။

(၄) ※ "မရဏမ္ပိ ဒုက္ခံ"။ ။ဟူသော ပါဠိအရ။
(၄) သေရခြင်းသည်လည်း၊ ဆင်းရဲ၏။ ။ တနည်းကား။ ။ဆင်းရဲခြင်း၏အကြောင်းဖြစ်၏။

(၅) ※ "အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော"။
ဟူသောပါဠိအရ။ ။(၅) မချစ်အပ်, မနှစ်လိုအပ်သော သတ္တဝါ သင်္ခါရတို့နှင့်၊ အတူတကွ၊ ပေါင်းယှဉ်ရခြင်းသည်လည်း၊ဆင်းရဲ၏။

(၆) ※ "ပိယေဟိ ဝိပ္ပယောဂေါဒုက္ခော"။
ဟူသောပါဠိအရ။ ။(၆) ချစ်အပ်,နှစ်လိုအပ်သော သတ္တဝါ သင်္ခါရတို့နှင့်၊ ကွေကွင်းဖဲကြဉ်၊ မပေါင်းယှဉ်ရခြင်းသည်လည်း၊ဆင်းရဲ၏။

(၇) ※ "ယံပိစ္ဆံ နလဗ္ဘတိ၊တမ္ပိဒုက္ခံ"။
ဟူသော ပါဠိအရ။ ။(၇) အကြင်ပဋိသန္ဓေ,နေခြင်းစသောသဘောတရားသည်၊ ငါ့အားမဖြစ်ပါမူ၊ကောင်းလေစွ၊စသည်ဖြင့်၊တောင့်တခြင်းကိုမရအပ်။ထိုတောင့်တတိုင်းမရခြင်းသည်လည်း၊ဆင်းရဲ၏။

(၈) ※ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ"။
ဟူသောပါဠိအရ။ ။(၈) အကျဉ်းအားဖြင့်၊ငါးပါးကုန်သော ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ခန္ဓာတို့သည်လည်း၊ ဆင်းရဲကုန်၏။ ဤ"ဇာတိ" အစရှိသော တရားသည်၊ [※ ဒုက္ခကေန်၊ စင်စစ်မှန်သော တရားပင်

တည်း၊ဟု၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်သော
သစ္စာမည်၏၊ ဟူ၍၊ဟောတော်မူ၏။
(ဤသည်ကား၊ဝိဂ္ဂဟတွဲ အဓိပ္ပါယ်တည်း)

---

## ဒုက္ခသစ္စာ၏၊အမှန်လေးချက်၊အနက်လေးပါး ပြဆိုခန်း

[※ ဒုက္ခဿ ပီဠနဋ္ဌော, သင်္ခတဋ္ဌော, သန္တာပဋ္ဌော,
ဝိပရိဏာမဋ္ဌော, ပရိညာတဋ္ဌော။]

※ ဒုက္ခဿ၊ဒုက္ခသစ္စာ၊ မှန်စွာဆိုထိုက်သော ရုပ်နာမ်တရား၏၊

(၁) ※ ပီဠနဋ္ဌော၊သတ္တဝါဟူ၊ ဝိုလ်လူ ခပင်း၊အမင်းမင်းကို၊ အတင်းဖမ်း၍၊ ညှဉ်းပန်းနှိပ်စက်အပ်, နှိပ်စက်တတ်, နှိပ်စက်ခြင်းသဘောသည်ရင်း။

(၂) ※ သင်္ခတဋ္ဌော၊အသစ်တဖန်၊ဖြစ်ပြန်စေမှု၊ ပြုပြင်ထူထောင်အပ်သော သဘောသည်ရင်း။

(၃) ※ သန္တာပဋ္ဌော၊အကျိုးအန္တာ၊ ဖြစ်ပေါ်လာက၊ သယ်ဖြာသောမီး၊ လွှမ်းပွါးစီး၍၊ အားကြီးဆူဝေ၊အငွေ့ငွေ့ဖြင့်၊ အနေ ခက်အောင်၊ပူလောင်စေအပ်, ပူလောင်စေတတ်သော, သဘောသည်ရင်း။

(၄) ※ ဝိပရိဏာမဋ္ဌော၊ ဘဝထိုထို၊ ခန္ဓာကိုယ်၏၊ ဖရိုဖရဲ၊ ပြိုကွဲဖေါက်ပြန်ခြင်း သဘောသည်ရင်း၊ ပရိညာတဋ္ဌော၊ ပိုင်းခြားရှုသိခြင်းအနက်မည်၏။

---

## ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊၁-မဟာဝဂ်၊၁-ဉာဏကထာ အကျဉ်းချုပ်အဓိပ္ပါယ်ကား၊

အကြင်တရားသဘောသည်၊ ဤပြဆိုခဲ့ပြီးသော အနက် လေးပါးနှင့်ပြည့်စုံ၏၊ ထိုတရားသဘောသည်၊ ဒုက္ခသစ္စာ၊ ဆင်းရဲ ကေန်၊ စင်စစ်မှန်၏။ ။ထို့ကြောင့်၊ တေဘူမက, ဟူသောသင်္ခါရတရား

အပေါင်းတို့တွင်၊ (လောကီစိတ် ကောသီတိ (၈၁) လောဘ-ကြဉ်သော စေတသိက်ကေပညာသ(၅၁)။ရုပ်အဋ္ဌဝီသ(၂၈)ခုတို့သည်) ဤပြဆိုအပ်ပြီးသော၊ အမှန်လေးချက်၊ အနက်လေးပါးနှင့် ပြည့်စုံသည်ဖြစ်ရကား၊ ဒုက္ခသစ္စာ၊ဆင်းရဲကေန်၊ စင်စစ်မှန်၏။ ။ဟူ၍ ဟောတော်မူ၏။

---

## (၁) ဒုက္ခသစ္စာ၏ သရုပ်ရှစ်ပါးတို့တွင်၊ ဇာတိဒုက္ခပြဆိုခန်း

[၁] ※"ဇာတိပိဒုက္ခာ" ဟူသောပါဠိအရ။ ။ပဋိသန္ဓေနေရခြင်းသည်လည်း၊(ဆင်းရဲ၏)။ ။တနည်းကား။ ဆင်းရဲခြင်း၏ အကြောင်းမည်၏)ဟုဆိုရာ။ အဘယ်အချိန်ကာလ၊ အဘယ်တရား သဘောသည်၊ ဇာတိ, ပဋိသန္ဓေ နေခြင်းမည်သနည်းဟူမူကား။ ။ဘဝအသစ်၌ အစစွာဖြစ်ပေါ်လာဆဲဖြစ်သောရုပ်၏ဇာတိ၊ နာမ်၏ဇာတိ, ဟူသောခန္ဓာငါးပါး၊တရားအစုတို့သည်။ ဇာတိ-ပဋိသန္ဓေနေခြင်းမည်၏။ ။ထိုဇာ-တိ,ဟူသော ပဋိသန္ဓေ နေရခြင်းသည်၊[ဒုက္ခာ=ဆင်းရဲ၏]ဟုဆို၏။ထိုဇာတိ-ဟူသော ပဋိသန္ဓေသည်၊ အဘယ်မျှအပြားရှိသနည်းဟူမူကား။

(၁) ※ ရုပ်၏ ဇာတိ၊ ရုပ် ပဋိသန္ဓေနေခြင်း။

(၂) ※ နာမ်၏ ဇာတိ၊ နာမ် ပဋိသန္ဓေနေခြင်း,
ဟူ၍၊ နှစ်ပါးအပြားရှိ၏။ ။ထိုနှစ်ပါးတို့တွင်၊

(၁) ※ နိပ္ဖန္နရုပ် ၁၈-ခုတို့၏ အစစွာ ဖြစ်ပေါ် လာဆဲသော သဘောသည်၊ရုပ်၏ဇာတိ၊ရုပ်ပဋိသန္ဓေနေခြင်းမည်၏။ ရုပ်တရားတို့၏၊ ရှေးဦးစွာ ဖြစ်ပေါ်လာသော အချိန်ကာလမည်၏။ ဟူလို။

(၂) ※ နာမက္ခန္ဓာတရား၊ လေးပါးတို့၏အစစွာ ဖြစ်ပေါ်လာဆဲသော သဘောသည်၊ နာမ်၏ဇာတိ၊ နာမ် ပဋိသန္ဓေနေခြင်းမည်၏။(နာမ်တရားတို့၏၊ ရှေးဦးစွာ ဖြစ်ပေါ်လာသော အချိန်ကာလမည်၏ ဟူလို။

ဤအရာ၌၊ ဇာတိ, ဟူသော ပဋိသန္ဓေနေခြင်း အဖြစ်ကို၊ ဘုံ, ပဋိသန္ဓေစိတ်, အားဖြင့်၊ စိစစ်၍ပြဆိုဦးအံ့။

(၁) ÷ အပါယ်လေးဘုံ၌ ဖြစ်ကြကုန်သော ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ်တို့၌၊ အကုသလဝိပါက်ဖြစ်သော၊(က) ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်ႏ (ခ) ထိုစိတ်နှင့်ယှဉ်၍ ဖြစ်သော စေတသိက်တို့၏အစ စွာ ဖြစ်ပေါ်လာဆဲသောသဘောသည်၊ နာမ်၏ဇာတိ၊နာမ်ပဋိသန္ဓေ နေခြင်းမည်၏။ (ဂ)ထိုစိတ်, စေတသိက်တို့နှင့် ဥပါဒ်တူပြိုင်၍ ဖြစ် သော (ထိုက်သည်အားလျော်စွာ) ကမ္မဇရုပ်ကလာပ်သည်၊ ရုပ်၏ ဇာတိ၊ ရုပ်ပဋိသန္ဓေနေခြင်းမည်၏။

(၂) ထိုနည်းအတူ။ ဤလူ့ဘုံ၌၊ဇစ္စန္ဓ-ဖြစ်သောလူ၊ ဘုမ္မစိုးနတ် တို့ကဲ့ အမှီပြု၍ဖြစ်သော ဝိနိပါတိက-အသုရကာယ်, ဟူသော သုဂတိ အဟိတ် ပုဂ္ဂိုလ်တို့၌၊ ကုသလဝိပါက်ဖြစ်သော၊ (က)ဥပေက္ခာ သဟ ဂုတ်သန္တီရဏစိတ်၊(ခ) ထိုစိတ်နှင့်ယှဉ်၍ ဖြစ်သော စေတသိက်တို့၏, အစစွာ ဖြစ်ပေါ်လာဆဲသော သဘောသည်၊ နာမ်၏ ဇာတိ၊ နာမ် ပဋိသန္ဓေနေခြင်းမည်၏။ (ဂ) ထိုစိတ်, စေတသိက်, တို့နှင့် ဥပါဒ် တူပြိုင်၍ဖြစ်သော (ထိုက်သည်အားလျော်စွာ) ကမ္မဇရုပ်ကလာပ် သည်၊ ရုပ်၏ဇာတိ၊ ရုပ်ပဋိသန္ဓေနေခြင်းမည်၏။

(၃) ထိုနည်းအတူ။လူ့ဘုံ,နတ်ဘုံတို့၌ ဖြစ်ကြကုန်သော ဒွိဟိတ် ပုဂ္ဂိုလ်, တိဟိတ် ပုဂ္ဂိုလ်တို့၌၊ (က) မဟာဝိပါက်စိတ်-၈-ခု(ခ) ထို စိတ်နှင့်ယှဉ်၍ ဖြစ်သော စေတသိက်တို့၏ အစစွာဖြစ်ပေါ်လာဆဲသော သဘောသည်၊နာမ်၏ဇာတိ၊နာမ်ပဋိသန္ဓေနေခြင်းမည်၏၊(ဂ)ထိုစိတ် စေတသိက်တို့နှင့်ဥပါဒ်တူပြိုင်၍ဖြစ်သော(ထိုက်သည်အားလျော်စွာ) ကမ္မဇရုပ်ကလာပ်သည်၊ရုပ်၏ ဇာတိ၊ရုပ်ပဋိသန္ဓေ နေခြင်းမည်၏။

(၄) ထိုနည်းအတူ။ရူပါဝစရ၁၅-ဘုံ၌ ဖြစ်ကြကုန်သော တိဟိတ် ပုဂ္ဂိုလ်တို့၌ (က) ရူပါဝစရ ဝိပါက်စိတ် ၅-ခု။(ခ) ထိုစိတ်နှင့်ယှဉ်၍ ဖြစ်သော စေတသိက်တို့၏အစစွာဖြစ်ပေါ်လာဆဲသော သဘောသည် နာမ်၏ဇာတိ၊ နာမ်ပဋိသန္ဓေနေခြင်းမည်၏။(ဂ)ထိုစိတ်စေတသိက်တို့ နှင့် ဥပါဒ် တူပြိုင်၍ဖြစ်သော (ထိုက်သည် အားလျော်စွာ) ကမ္မဇ

ရုပ်ကလာပ်သည်၊ ရုပ်၏ဇာတိ၊ရုပ်ပဋိသန္ဓေနေခြင်းမည်၏။ ။အသညသတ်ပုဂ္ဂိုလ်၌မူ၊ ရုပ်၏ဇာတိ၊ရုပ်ပဋိသန္ဓေမျှသာရှိ၏။ ။နာမ်၏ဇာတိ၊ နာမ်ပဋိသန္ဓေနေခြင်းမရှိချေ။

(၅) ထိုနည်းအတူ၊ အရူပလေးဘုံ၌ ဖြစ်ကြကုန်သော တိဟိတ်ပုဂ္ဂိုလ်တို့၌၊ (က)အရူပဝိပါက်စိတ် ၄-ခု။(ခ)ထိုစိတ်နှင့် ယှဉ်သော စေတသိက်တို့၏ အစစွာ ဖြစ်ပေါ်လာဆဲသော သဘောသည်၊ နာမ်၏ ဇာတိ၊ နာမ်ပဋိသန္ဓေနေခြင်းမည်၏။ ။ဤအရူပ လေးဘုံ၌၊ နာမ်၏ ဇာတိ၊ နာမ်ပဋိသန္ဓေမျှသာရှိ၏။ ။ရုပ်၏ဇာတိ၊ ရုပ်ပဋိသန္ဓေ နေခြင်း မရှိချေ။

ဤသို့အားဖြင့်၊ အပါယ်လေးဘုံ, လူ့ဘုံ, နတ်ဘုံ,ဟူသော ကာမသုဂတိ၇-ဘုံ။ ။ရူပါဝစရ ၁၆-ဘုံ။အရူပ ၄ဘုံ-ဟူသော(၃၁)ဘုံ၌ ဖြစ်ကြကုန်သော ရုပ်-နာမ်တရား နှစ်ပါးတို့၏ အစုံ-အဝေးမျှသာဖြစ်လျက်၊ပညတ်တင်၍၊ ခေါ်ငင် သုံးစွဲရသောပုဂ္ဂိုလ် သတ္တဝါတို့၌၊ ထိုထို ပဋိသန္ဓေ,ဟူသော ဇာတိအချိန် အခိုက်အတန့်၌၊ ဒုက္ခဝေဒနာသဘော၊ ဒေါမနဿဝေဒနာသဘော၊ မရော-မယှက်၊ သက်သက်နာမ်တရားသဘောအားဖြင့်၊ ဥပေက္ခာဝေဒနာသဘော၊ သောမနဿ ဝေဒနာသဘောမျှသာ ဖြစ်၏။ ။အသညသတ်ပုဂ္ဂိုလ်၌မူလည်း။ (ရုပ်၏ဇာတိမျှသာဖြစ်၏။) ထိုသို့ဖြစ်ခဲ့စေ၊ ထိုရုပ်နာမ်တို့၏ အစစွာဖြစ်ပေါ်လာဆဲသော ဥပါဒ်သဘောကို၊ (သင်္ခါရဒုက္ခ) သဘော၌ထည့်သွင်း၍၊ (ဇာတိပိ ဒုက္ခာ) ပဋိသန္ဓေနေရခြင်းသည်လည်း၊ ဆင်းရဲ၏ ဟု၊တိုက်ရိုက်ဆို၏။ ။ထိုနောက်၊ထို (သင်္ခါရ ဒုက္ခ)သဘောမှ၊ အရင်းခံပြု၍၊ကြွင်းကျန်သော ဒုက္ခအမျိုးမျိုးတို့ဖြစ်ပေါ်လာမည့် အဖြစ်ကိုရည်၍၊ (ဇာတိပိ ဒုက္ခာ) ပဋိသန္ဓေနေရခြင်းသည်လည်း၊ ဆင်းရဲခြင်း၏အကြောင်းဖြစ်၏-ဟုဆို၏။ ။ဤအရာ၌၊ ဇာတိ,ဇရာ, စသည်တို့ကို၊ပေါ်လွင်ထင်ရှားစေခြင်းအကျိုး၄ါ၊သတိပဋ္ဌာန်ပါဠိတော်နည်းအတိုင်း,ထည့်သွင်း၍ပြဆိုပေအံ့။

(၁) [ကတမာစ ဘိက္ခဝေ ဇာတိ၊ ယာ တေသံ
တေသံ သတ္တာနံ တမှိတမှိ သတ္တနိကာယေ,
၁- ဇာတိ, ၂-သဉ္ဇာတိ, ၃-ဩက္ကန္တိ,

၄-အဘိနိဗ္ဗတ္တိ,၅-ခန္ဓာနံပါတုဘာဝေါ၊၆-အာယတနာနံ ပဋိလာဘော,။အယံ ဝုစ္စတိ ဘိက္ခဝေ ဇာတိ။]

## ပါဠိဘာသာမှ၊မြန်မာဘာသာပြန်ဆိုချက်။

[၁] ဒိ····ငါ၏ ချစ်သားတို့။

(၁) အဘယ် တရားသည်လျှင်၊ (ဇာတိ)(ဖြစ်ခြင်း)မည်သနည်းဟူမူကား။

ထိုထိုသို့သော သတ္တဝါတို့၏၊ ထိုထိုသို့သော တည်နေရာ ဘုံဘဝ၌။

(၁) အကြင် ရှေးဦးစွာ ဖြစ်ခြင်းသည်၎င်း။
(၂) အကြင်ပြည့်စုံစွာဖြစ်ခြင်းသည်၎င်း။
(၃) အကြင် အမိဝမ်းသို့ဝင်သကဲ့သို့ ဖြစ်ခြင်းသည်၎င်း။
(၄) အကြင် ဘဝအသစ်၌ ဖြစ်ခြင်းသည်၎င်း။
(၅) ဝိပါက်-နာမက္ခန္ဓာ, ကဋတ္တာရုပ်တို့၏ အကြင် ထင်ရှားစွာ ဖြစ်ခြင်းသည်၎င်း။
(၆) အာယတနတရား၊၁၂-ပါးတို့ကို၊အကြင် တဖန် ရခြင်းသည်၎င်း, ရှိ၏။

ဒိ····ငါ၏ ချစ်သားတို့။ ။ဤပြဆိုအပ်ခဲ့ပြီးသော တရား သဘောကို၊(ဇာတိ) (ဖြစ်ခြင်း)မည်၏ဟူ၍၊ဖြေဆိုအပ်ပေ၏။

(၁) ဇာတိဒုက္ခ ပြဆိုချက်ပြီး၏။

---

## (၂) ဇရာ-ဒုက္ခပြဆိုချက်။

(၂) ∴ "ဇရာပိ ဒုက္ခာ"ဟူသော ပါဠိအရ။ ။ဆိုးရွားဟောင်းနွမ်းခြင်း၊ ဒိုမင်းရင့်ရော်ရခြင်းသည်လည်း၊ ဆင်းရဲ၏။ ။(ဆင်းရဲခြင်း၏အကြောင်းမည်၏)ဟု-ဆိုရာ။အဘယ်အချိန်ကာလ၊အဘယ်သဘောသည်၊ဇရာ,မည်သနည်းဟူမူကား။

(၁) "ဇာတိပိ ဒုက္ခာ"ဟူ၍၊နောက်၌ပြဆိုအပ် ခဲ့ပြီးသော အစစွာဖြစ်ပေါ်လာသဲဖြစ်သော၊ရုပ်၏ဇာတိ၊နာမ်၏ဇာတိဟူသော ခန္ဓာ

ငါးပါး၊တရားအစုတို့၏ (အစစ္စာ ဖြစ်ပေါ်လာဆဲသော အချိန်မှ,တဆင့်၊တိုးမြှင့်၍ (ဖြစ်နေဆဲအစဥ်မှ တဆင့် တိုးမြှင့်၍) ဖြစ်ပေါ်လာသော ဆိုးရွားဟောင်းမြင်း၊ အိုမင်းရင့်ရော်ရခြင်းသည်၊ (ဇရာ) မည်၏။ ။ထို(ဇရာ)သည်၊(ဒုက္ခာ)ဆင်းရဲ၏။

ထိုဇရာသည်၊အဘယ်မျှအပြားရှိသနည်းဟူမူကား။

(၁) ※ ရုပ်၏ဇရာ၊ရုပ်တရားတို့၏ရင့်ရော်ခြင်း။
(၂) ※ နာမ်၏ဇရာ၊ နာမ်တရားတို့၏ ရင့်ရော်ခြင်း,ဟူ၍၊ နှစ်ပါးအပြားရှိ၏။ ။ထိုနှစ်ပါးတို့တွင်၊

(၁) ※ နိပ္ဖန္နရုပ်(၁၀)ခုတို့၏၊ အစစ္စာ ဖြစ်ပေါ်လာဆဲသော ဥပါဒ်ဟူသောဇာတိ, အချိန်, အခိုက်အတန့်မှတဆင့်၊ ရင့်ဆဲ(ဌီ)ဟူသော အချိန်အခိုက်အတန့်သဘောသည်၊ ရုပ်၏ဇရာမည်၏။ ။ရုပ်တရားတို့၏ ရင့်ရော်သော အချိန်ကာလမည်၏။

(၂) ※ နာမက္ခန္ဓာတရား၊လေးပါးတို့၏ အစစ္စာဖြစ်ပေါ်လာဆဲသော ဥပါဒ်ဟူသော ဇာတိ, အချိန်အခိုက်အတန့်မှ တဆင့်၊ရင့်ဆဲ (ဌီ)ဟူသော အချိန်အခိုက်အတန့် သဘောသည်၊ နာမ်၏ဇရာမည်၏။ ။နာမ်တရားတို့၏ ရင့်ရော်သော အချိန်ကာလမည်၏။

(၂) [ကတမာစ ဘိက္ခဝေ ဇရာ၊ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ, ၁-ဇရာ, ၂-ဇီရဏတာ, ၃-ခဏ္ဍိစ္စံ, ၄-ပါလိစ္စံ, ၅-ဝလိတ္တစတာ, ၆-အာယုနောသံဟာနိ, ၇-ဣန္ဒြိယာနံ ပရိပါကော။အယံဝုစ္စတိ ဘိက္ခဝေ ဇရာ။]

## ပါဠိဘာသာမှ မြန်မာဘာသာပြန်ဆိုခက်း

(၂) အို····ငါ၏ ချစ်သားတို့။
(၂) အဘယ်တရားသည်လျှင်၊ (ဇရာ)(အိုခြင်း)(ရင့်ရော်ခြင်း) မည်သနည်းဟူမူကား။ ။

လိုလိုသို့သောသတ္တဝါတို့၏၊ ထိုထိုသို့သောတည်နေရာဘုံဘဝ၌၊

(၁) အကြင်အိုခြင်းသည်ရင်း၊
(၂) အကြင်အိုသောအခြင်းအရာသည်ရင်း၊
(၃) အကြင်သွားကျိုးသည်၏အဖြစ်သည်ရင်း၊
(၄) အကြင်ဖြူသော ဆံပင်ရှိသည်၏အဖြစ်သည်ရင်း၊
(၅) အကြင်တွန့်လိပ်သော အရေရှိသည်၏ အဖြစ်သည်ရင်း၊
(၆) ဇီဝိတိန္ဒြေ၏ အကြင်ဆုတ်ယုတ်ခြင်းသည်ရင်း၊
(၇) စက္ခုအစရှိသောဣန္ဒြေတို့၏ အကြင်ရင့်ခြင်းသည်ရင်း, ရှိ၏၊

အို·····ငါ၏ ချစ်သားတို့။ ။ဤပြဆိုအပ်ခဲ့ပြီးသောတရားသဘောကို၊(ဇရာ) (အိုခြင်း)(ရင့်ခြင်း)မည်၏ဟူ၍၊ ပြဆိုအပ်ပေ၏၊

(၂) ဇရာ-ဒုက္ခ ပြဆိုချက်းပြီး၏၊

## (၃) ဗျာဓိဒုက္ခပြဆိုချက်း

(၃) ※ "ဗျာဓိပိ ဒုက္ခာ"။ ဟူသော ပါဠိအရ။ ။ဖျားနာခြင်းသည်လည်း၊ ဆင်းရဲ၏။ ။ဟု ဆိုရာ၌။ ပထဝီ, အာပေါ, တေဇော, ဝါယော, ဟူသော ဓာတ်ကြီးလေးပါးတို့၏၊ ဖေါက်ပြန်ချောက်ချားမှုကြောင့် ဖြစ်ပေါ်လာသော, ကိုယ်၌ဖြစ်သော ဒုက္ခဝေဒနာတရားသည်၊ မုချဆတ်ဆတ်၊ ပရမတ္ထ, သဘောအားဖြင့်၊ (ဗျာဓိ) မည်၏။ ။ဤဗျာဓိ, တရားသည်၊ ဖြစ်ကြောင်းအားဖြင့်၊ များပြား၏။ ။ထိုသို့ များပြားသည်ဖြစ်စေ၊ ဇာတိဒုက္ခ၊ ဇရာဒုက္ခ, စသည်တို့၏ ကဲ့သို့ သီးခြားပြု၍- (သတိပဋ္ဌာန်)၌၊ မဟောခဲ့ရကား၊ ဤအရာ၌၊ တရားကိုယ်မျှပြ၍၊ အကျဉ်းချုံးအပ်၏။

(၃) ဗျာဓိဒုက္ခ ပြချက်းပြီး၏။

## (၄) မရဏဒုက္ခပြဆိုချက်း

(၄) ※ "မရဏမ္ပိဒုက္ခံ" ဟူသော ပါဠိအရ။ ။ခန္ဓာပြတ်ကြွေ၊ သေလွန်ရခြင်းသည်လည်း၊ ဆင်းရဲ၏။ ။(ဆင်းရဲခြင်း၏အကြောင်း

မည်၏) ဟု-ဆိုရာ။ ။အဘယ်အချိန်ကာလ, အဘယ် သဘောသည်၊ မရဏာ,မည်သနည်းဟူမူကား။

(၁) ※ "ဇာတိပိဒုက္ခာ" ဟူ၍၊နောက်၌ပြဆိုအပ်ခဲ့ပြီးသောအစစွာဖြစ်ပေါ်လာဆဲဖြစ်သော ရုပ်၏ဇာတိ၊ နာမ်၏ ဇာတိဟူသော ခန္ဓာငါးပါး၊ တရားအစုတို့၏ ဖြစ်နေဆဲအစဉ်မှ၊ ရပ်စဲ ပြတ်ကြွေ၊ သေလွန်ရခြင်းသည်၊ (မရဏာ)မည်၏။

ထို(မရဏာ)သည်၊ ဒုက္ခသစ္စာ၊ဆင်းရဲကေန် စင်စစ်မှန်၏။ ။ထို(မရဏာ)သည်၊ အဘယ်မျှ အပြားရှိသနည်း ဟူမူကား။

(၁) ※ ရုပ်၏မရဏာ၊ ရုပ်တရားတို့၏ ပျက်စီးခြင်း။
(၂) ※ နာမ်၏မရဏာ၊နာမ်တရားတို့၏ပျက်စီးခြင်း,
ဟူ၍၊ နှစ်ပါးအပြားရှိ၏။ ။ထိုနှစ်ပါးတို့တွင်၊

(၁) ※ နိပ္ဖန္နရုပ် (၁၈) ခုတို့၏ အစစွာ ဖြစ်ပေါ်လာဆဲသော ဥပါဒ်ဟူသော ဇာတိ, အချိန်အခိုက်အတန့်မှတဆင့်၊ ရင့်ရော်ခြင်း, (ဇရာ) အချိန်၏နောက်၊ ပျောက်ပျက် ရွေ့လျောဆဲသဘောသည်၊ ရုပ်၏မရဏာမည်၏။ ။(ရုပ်တရားတို့၏ ပျက်စီးသော အချိန်ကာလ မည်၏။ ဟူလို။)

(၂) ※ နာမက္ခန္ဓာတရား၊လေးပါးတို့၏ အစစွာ ဖြစ်ပေါ်လာဆဲသော ဥပါဒ်ဟူသော ဇာတိ, အချိန် အခိုက်အတန့်မှတဆင့်၊ ရင့်ရော်ခြင်း(ဇရာ) အချိန်၏နောက်၊ ပျောက်ပျက်ရွေ့လျောဆဲသဘောသည်၊ နာမ်၏မရဏာမည်၏။ ။(နာမ်တရားတို့၏ ပျက်စီးသော အချိန်ကာလ မည်၏ ဟူလို။)

(၄) ကတမဉ္စ ဘိက္ခဝေ မရဏံ၊ ယံ တေသံ တေသံ သတ္တာနံ၊ တမှာတမှာ သတ္တနိကာယာ, ၁-စုတိ, ၂-စဝနတာ, ၃-ဘေဒေါ, ၄-အန္တရဓာနံ, ၅-မစ္စု, ၆-မရဏံ, ၇-ကာလကြိယာ, ၈-ခန္ဓာနံ ဘေဒေါ, ၉-ကဠေဝရဿ နိက္ခေပေါ, ၁၀- ဇီဝိတိန္ဒြိယဿ ုပစ္ဆေဒေါ။ အယံဝုစ္စတိ ဘိက္ခဝေ မရဏံ။]

## ပါဠိဘာသာမှ မြန်မာဘာသာပြန်ဆိုချက်။

(၄) အို····ငါ၏ချစ်သားတို့။

(၄) အဘယ်တရားသည်လျှင် (မရဏ) (သေခြင်း)မည်သနည်း ဟူမူကား။

ထိုထိုသို့သော သတ္တဝါတို့၏၊ ထိုထိုသို့သော တည်နေရာဘုံဘဝမှ

(၁) အကြင်ထင်ရှားရှိသော ဘဝမှ ရွေ့လျောခြင်းသည်၎င်း။
(၂) အကြင်ထင်ရှားရှိသောဘဝမှ ရွေ့လျောသောအခြင်း အရာသည်၎င်း။
(၃) အကြင်ပျက်ခြင်းသည်၎င်း၊
(၄) အကြင်ကွယ်ခြင်းသည်၎င်း၊
(၅) အကြင်အသက်ကိုစွန့်ခြင်းသည်၎င်း၊
(၆) အကြင်သေခြင်းသည်၎င်း၊
(၇) အကြင်ဘဝမှ ယုတ်ခြင်းသည်၎င်း၊
(၈) ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏၊ အကြင်ပျက်ခြင်းသည် ၎င်း။
(၉) ခန္ဓာကိုယ်အကောင်ပုပ်ကို၊ အကြင်စွန့်ပစ်ခြင်းသည်၎င်း။
(၁၀) ဇီဝိတိန္ဒြေ၏ အကြင် ပြတ်ခြင်းသည်၎င်း,ရှိ၏။

အို····ငါ၏ချစ်သားတို့။ ။ဤပြဆိုအပ်ခဲ့ပြီးသော တရားသဘောကို၊(မရဏ) (သေခြင်း)မည်၏ဟူ၍၊ ဖြေဆိုအပ်ပေ၏။

(၄) မရဏဒုက္ခပြဆိုချက်းပြီး၏။

---

## (၅) အပ္ပိယေဟိ သမ္ပယောဂဒုက္ခပြဆိုချက်။

(၅) ဤ (အပ္ပိယ သမ္ပယောဂ) ဟူသည်၊ အဘယ်သို့ သဘော ရှိသနည်းဟူမူကား။

(၁) မချစ်အပ်, မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရ တို့နှင့် ပေါင်းသင်းဆက်ဆံရခြင်းလက္ခဏာရှိ၏။

(၂) စိတ်၏ ပင်ပန်းခြင်းကို ပြုခြင်းကိစ္စရှိ၏။
(၃) အကျိုးမဲ့ ဖြစ်ခြင်းလျှင် အကျိုးရှိ၏။

၌ (အပ္ပိယ သမ္ပယောဂ)ဟူသည်၊ အနက်,သဘော,တရားကိုယ်, အားဖြင့်၊တစုံတခုသော တရားမည်သည်မရှိ။ ။စင်စစ်မှုကား။ မချစ်အပ်,မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့်၊ပေါင်းသင်းဆက်ဆံရကုန်သော သူတို့၏ (၁) စေတသိက ဒုက္ခ (၂) ကာယိက ဒုက္ခ ဟူသော နှစ်ပါးသော ဆင်းရဲခြင်းဒုက္ခ၏ အကြောင်းရင်း ဖြစ်သောကြောင့်၊ [ဒုက္ခ၊ ဆင်းရဲကေန်၊ စင်စစ်မှန်၏။]ဟူ၍၊ ဟောတော်မူ၏။

ထိုစကားမှန်၏။ ။ဤလောက၌၊ မချစ်အပ်, မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ပေါင်းသင်း, ဆက်ဆံ, တွေ့ကြုံ ရသည်ရှိသော်၊ တဦးနှင့်တဦး၊ အကျူးအလွန်မခံ၊ ပြင်းထန် တင်းမာသော ဒေါသ,မာန်,မာန,တို့ကို၊ ရှေ့ဆောင်လျက်၊ထိုးသတ်ခြင်း, ခုတ်ဖြတ်ခြင်း, ခွဲဖြတ်ခြင်း, အစရှိသည်ဖြင့်၊ (၂) ကာယိကဒုက္ခကို ဖြစ်စေ၏၊ ထိုနောက်၊ စိတ်နှလုံး၌၊ ထိတ်လန့်တုန်လှုပ်၊ ကြောက်ရွံ့ခြင်းတို့ဖြင့်၊ (၁) စေတသိကဒုက္ခကို ဖြစ်စေပြန်၏။ ။ထို့ကြောင့်၊ အောက်၌ပါသော ဒေသနာကို၊ ဟောကြားတော်မူ၏။

(၁) ဒိသွာဝ အပ္ပိယေ ဒုက္ခံ၊
ပဌမံ ဟောတိ စေတသိ။
တဒုပက္ကမ သမ္ဘူတ၊
မထ, ကာယေ ယတောဣဓ။

(၁) အပ္ပိယေ၊ ရန်သူဖြစ်ကုန်သောသူတို့ကို။ ဒိသွာဝ၊ မြင်တွေ့၍သာလျှင်။ တဒုပက္ကမ သမ္ဘူတံ၊ထိုရန်သူ၌၊ လုံ့လပြုခြင်းကြောင့် ဖြစ်သော။ စေတသိ၊စိတ်၌။ဒုက္ခံ၊ ဆင်းရဲသည်။ ပဌမံ၊ရှေးဦးစွာ။ယတော၊ အကြင့်ကြောင့်။ ဟောတိ၊ ဖြစ်၏။ အထ (ပစ္ဆာ)၊ ထိုနောက်မှ။ ကာယေ၊ ကိုယ်၌။ ဒုက္ခံ၊ ဆင်းရဲသည်။ ဟောတိ၊ ဖြစ်၏။

(၂) တတော ဒုက္ခ ဒွယဿာပိ၊
ဝတ္ထုတော, သော,မဟေသိနာ။
ဒုက္ခော 'ဝုတ္တောတိ ဝိညေယျော၊
အပ္ပိယေဟိ သမာဂမောတိ။ ။

(၂) တတော၊ ထို့ကြောင့်၊ ဣဓ၊ ဤဒုက္ခသစ္စနိဒ္ဒေသ၌၊ ဒုက္ခဥယသာပိ၊ ဒုက္ခနှစ်ပါး အပေါင်း၏လည်း၊ဝတ္တုတော၊ အကြောင်း ဖြစ်သည်၏အဖြစ်ကြောင့်၊ အပ္ပိယေဟိ၊ ရန်သူဖြစ်ကုန်သော သူတို့နှင့် သေ ,သမာဂမော၊ ထိုသို့ပေါင်းဘော် ရခြင်းကို၊ ဒုက္ခောတိ၊ဆင်းရဲ၏ဟူ၍၊ မဟေသိနာ၊ မြတ်စွာဘုရားသည်၊ ဝုတ္တော၊ ဟောတော်မူအပ်၏၊ ဣတိ၊ ဤသို့၊ ဝိညေယျော၊သိအပ်၏၊

## အကျဉ်းချုပ်အဓိပ္ပါယ်ကား

(၁-၂) ဤလောက၌၊ တဦးတယောက်သောသူသည်၊ မိမိစိတ်၌ မချစ်အပ်, မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့ကို၊ မြင်ခြင်း, ကြားခြင်း, စသည်ဖြင့် သိရလျှင်၊ ထိုအပ္ပိအမှု၊ လုံ့လ– ဟူသော အကြောင်းကြောင့်ဖြစ်သော (ဒေါမနဿ) ဝေဒနာသည်၊ (စိတ်) ၌ဖြစ်ပေါ်လာ၏၊ ထိုနောက်မှ၊ (ကာယိကဒုက္ခ) ဝေဒနာသည်၊ (ကိုယ်)၌ဖြစ်ပေါ်လာ၏၊ ။ထို့ကြောင့်၊ မချစ်အပ်, မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့်၊ ပေါင်းသင်းယှဉ်တွဲ၍ဆက်ဆံရခြင်းကို၊ ဂုဏ်, ဓိပ်, နှစ်ခြာ၊ ပုဆာထန်ပြင်း၊ ဆင်းရဲခြင်း၏ အကြောင်းရင်း ဖြစ်သောကြောင့်၊ [ဒုက္ခ၊ဆင်းရဲစေကန်၊စင်စစ်မှန်၏၊]ဟူ၍၊ဟောတော်မူ၏၊

ဤအရာ၌၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရား အစုတို့ကိုပင် (သမုတိ) ဒေသနာနည်းအားဖြင့်၊ ပုဂ္ဂိုလ်,သတ္တဝါ, လူ, နတ်,ဗြဟ္မာ–ဟူ၍ငှင်း ယောကျ်ား, မိန်းမ, အဖိ, အဘ, သား, သမီး,– ဟူ၍ငှင်း စသည်ဖြင့် ပညတ်တင်၍၊ ဟောတော်မူ၏။ ။ထို့ကြောင့်၊ ဤအရာ၌၊ ခန္ဓာငါးပါး၊ ရုပ်နာမ် တရားတို့၏ အပေါင်း အစုမျှသာ ဖြစ်သော ဤ ပုဂ္ဂိုလ်, သတ္တဝါတို့သည်၊ မိမိတို့ ရုပ်နာမ် ချင်းချင်း၊ ပေါင်းသင်း ဆက်ဆံရာ၌၊ ဤအရာဝတ္တုသည်ကား။ မချစ်အပ်, မနှစ်သက် အပ် သော သတ္တဝါ သင်္ခါရတို့ မည်ကုန်၏ဟူ၍၊ ဒေါမနဿဝေဒနာ ရှေ့သွားပြုလျက်၊ နှလုံးသွင်း အောက်မေ့မှတ်ထင် ကြကုန်၏။ ။ထို့ကြောင့်၊ ထိုသို့နှလုံးသွင်းရှိသော ပုဂ္ဂိုလ်တို့အား၊ ထိုသတ္တဝါ သင်္ခါရ တို့နှင့်၊ အတူတကွ၊ ပေါင်းယှဉ်ရခြင်းသည်၊ ဆင်းရဲစေကန် စင်စစ်မှန်၏ ဟူ၍၊ ဟောတော်မူ၏။

[၅] [ကတမောစ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ဣဓယဿတေ ယောန္တိအနိဋ္ဌာ, အကန္တာ,အမနာပါ၊[ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာဓမ္မာ]ယေဝါ, ပနဿတေ ဟောန္တိ၊ အနတ္ထကာမာ, အဟိတကာမာ, အဖါသုက ကာမာ, အယောဂက္ခေမ ကာမာ၊ ယာ, တေဟိ သဒ္ဓိံသင်္ဂတိ, သမာဂမော, သမောဓာနံ, မိဿီ ဘာဝေါ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။]

**ပါဠိဘာသာမှ၊မြန်မာဘာသာပြန်ဆိုခဏ်း**

[၅] အို····ငါ၏ချစ်သားတို့။
အဘယ်တရားသည်လျှင် မချစ်အပ်, မနှစ်လိုအပ်သော သူတို့နှင့်၊ပေါင်းသင်း ရခြင်းကြောင့် ဖြစ်သော ဆင်းရဲမည်သနည်း ဟူမူကား။

(၅) ဤလောက၌၊ အမှတ်မထင်၊အကြင်သတ္တဝါအား၊ မရှာမှီး အပ်ကုန်သော၊အလိုမရှိအပ်ကုန်သော၊မနှစ်လိုအပ်ကုန်သော,အကြင် ရူပါရုံတို့သည်၎င်း။ အကြင် သဒ္ဒါရုံတို့သည်၎င်း၊အကြင် ဂန္ဓာရုံတို့ သည်၎င်း အကြင် ရသာရုံတို့သည်၎င်း။ အကြင် ဖောဋ္ဌဗ္ဗာရုံတို့သည် ၎င်း။ အကြင် ဓမ္မာရုံတို့သည်၎င်း။ ထင်ရှားရှိကုန်၏။ ။ထိုသတ္တဝါ အား၊ အကျိုးမဲ့ကို အလိုရှိကုန်သော၊ အစီး အပွါးမဲ့ကို အလိုရှိကုန် သော၊ မချမ်းသာခြင်းကို အလိုရှိကုန်သော၊ ဘေးမရှိခြင်းကို အလို မရှိကုန်သော၊ အကြင် သတ္တဝါတို့သည်၎င်း, ထင်ရှားရှိကုန်၏။ ။ထို မချစ်အပ်,မနှစ်လိုအပ်သော သူတို့နှင့်၊အတူတကွ နေရခြင်းသည်၎င်း။ အကြင်တကွနက် နေရခြင်းသည်၎င်း။ အကြင်ပေါင်းသင်း နေရ ခြင်းသည်၎င်း။ အကြင်ရောနှော၍ နေရခြင်းသည်၎င်း။ထင်ရှားရှိ၏။

အို····ငါ၏ချစ်သားတို့။

ဤပြဆို အပ်ခဲ့ ပြီးသော တရား သဘောကို၊ (အပ္ပိယေဟိသမ္ပယောဂေါဒုက္ခော)မချစ်အပ်, မနှစ်လိုအပ်ကုန်သောသူတို့နှင့်၊ပေါင်း သင်း နေရခြင်းကြောင့်ဖြစ်သော ဆင်းရဲမည်၏ဟူ၍၊ဖြေဆိုအပ်ပေ၏။

(၅) အပ္ပိယေဟိ သမ္ပယောဂဒုက္ခပြဆိုခဏ်းပြီး၏။

## (၆) ဝိယောဂဒုက္ခပြဆိုချက်။

[၆] ဤ(ဝိယောဂ)ဟူသည်၊ အဘယ်သို့ သဘောရှိသနည်း၊ ဟူမူကား။

(၁) ချစ်အပ်, နှစ်သက်အပ်သော သတ္တဝါ သင်္ခါရ တို့နှင့်၊ ကွေကွင်းခြင်း,လက္ခဏာရှိ၏။

(၂) စိုးရိမ်ပူဆွေး၊ စိတ်မချမ်းသာခြင်းကို ဖြစ်စေခြင်း, ကိစ္စ ရှိ၏။

(၃) ပျက်စီးခြင်းလျှင်-ထင်သောအခြင်းအရာရှိ၏။

ဤ(ဝိယောဂ)ဟူသည်၊ အနက်, သဘောတရား ကိုယ်အားဖြင့်၊ တစုံတခုသော တရားမည်သည်မရှိချေ။ ။စင်စစ်မူကား၊ ။ ချစ်အပ်, နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့်၊ ကွေကွင်းကုန်သောသူတို့၏၊ (၁)စေတသိကဒုက္ခ၊ (၂) ကာယိကဒုက္ခဟူသော နှစ်ပါးသော ဆင်းရဲခြင်း၏ အကြောင်းရင်း ဖြစ်သောကြောင့်၊ [ဒုက္ခ၊ ဆင်းရဲကေန်၊ စင်စစ်မှန်၏။]ဟူ၍၊ ဟောတော်မူ၏။

ထိုစကားမှန်၏။ ။ဤလောက၌၊ အလိုရှိအပ်, နှစ်သက်အပ်ကုန်သော သတ္တဝါ သင်္ခါရတို့သည်၊ပျက်စီးချုတ်ယွင်း၊ ကွေကွင်းဖဲကြဉ်ကြကုန်သည်ရှိသော်၊ (ထိုပစ္စည်းရှင်ဖြစ်သော ပုဂ္ဂိုလ်၏)ကိုယ်ကို၊ ခြောက်သွေ့စေခြင်း၊ ကြုံလှီ,ချေ့နွဲ့စေခြင်း စသည်ဖြင့်၊ (၂) ကာယိကဒုက္ခကို ဖြစ်စေ၏။ ။ထိုနောက်၊ ဤအရာဝတ္ထုတို့သည်၊ ငါတို့ကိုယ်၌၊ ရှေးကရှိခဲ့ဘူး၏၊ရခဲ့ဘူး၏၊ ဖြစ်ခဲ့ဘူး၏။ ။ဤယခုအခါ၌၊မရှိတော့ချေ၊မရတော့ချေ၊မဖြစ်တော့ချေ,ဟု၊နောင်တ-တဖန်၊ပူပန်စိုးရိမ်ခြင်း (၁)စေတသိကဒုက္ခကိုဖြစ်စေ၏။ ။ထို့ကြောင့်၊ အောက်၌ပါသော ဒေသနာကို ဟောကြားတော်မူ၏။

(၁) ဉာတိ, ဓနာဒိ ဝိယောဂါ၊
သောက-သရ-သမပ္ပိတာ,ဝိတုဇ္ဇန္တိ။
ဗာလာ ယတော တတောယံ၊
ဒုက္ခောတိ,မတော, ပိယဝိယောဂေါတိ။ ။

(၁) ဉာတိနေဒါ ဝိယောဂါ၊ အဆွေအမျိုး၊ ဥစ္စာပစ္စည်း, အစရှိသည်တို့၏ ပျက်စီးခြင်းကြောင့်။ သောက-သရ-သမပ္ပိတာ၊ စိုးရိမ်ခြင်း, သောက တည်းဟူသော မြားသည် နှိပ်စက်အပ်ကုန်သည်။ (ဟုတွာ၊ ဖြစ်ကုန်၍)။ ဗာလာ၊ သူမိုက်တို့သည်။ ယတော၊ အကြင့်ကြောင့်။ ဝိတုဇ္ဇန္တိ၊ ကျင်နာကုန်၏။ (ပင်ပန်းကုန်၏။) တတော၊ ထို့ကြောင့်။ အယံပိယ ဝိယောဂေါ၊ ဤချစ်အပ်, နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့်၊ ကွေကွင်းဖဲကြဉ်၊ မယှဉ်ရခြင်းကို။ ဒုက္ခောတိ၊ ဆင်းရဲကေန်၊ စင်စစ်မှန်၏ဟူ၍။ မတော၊ သိအပ်၏။

(ဤဂါထာ၌၊သောက-သရ-သမပ္ပိတာ,ဟူသောပါဋ္ဌဖြင့်၊ စေတသိကဒုက္ခကိုပြ၏။ ။ဝိတုဇ္ဇန္တိ, ဟူသောပါဋ္ဌဖြင့်၊ ကာယိကဒုက္ခကိုပြ၏။)

## အကျဉ်းချုပ်အဓိပ္ပါယ်ကား

(၁) ဤလောက၌၊အဆွေအမျိုးဥစ္စာပစ္စည်းစသည်တို့၏ ပျက်စီးခြင်းကြောင့်၊ (စိတ်)၌ စိုးရိမ်ခြင်း, သောကတည်းဟူသော မြားသည်၊စူးဝင် နှိပ်စက်အပ်ကုန်သောသူတို့သည်။(ကိုယ်) ၌ကျင်နာကုန်၏၊ (ပင်ပန်းကုန်၏။) ထို့ကြောင့်၊ ဤချစ်အပ်, နှစ်သက် အပ်သော သတ္တဝါ သင်္ခါရတို့နှင့်၊ ကွေကွင်းဖဲကြဉ်၊မပေါင်းယှဉ်ရခြင်းကို။ [ဒုက္ခ၊ ဆင်းရဲကေန်၊ စင်စစ်မှန်၏။] ဟူ၍၊ဟောတော်မူ၏။

ဤအရာသည်လည်း၊ (အပ္ပိယေဟိသမ္ပယောဂဒုက္ခ) နည်းအတူ၊ ပရမတ္ထ ဓမ္မဖြစ်သော ခန္ဓာငါးပါး၊ ရုပ်နာမ်တရား အစုတို့ကိုပင်၊ (သမုတိ)ဒေသနာနည်းအားဖြင့်၊ ပညတ်တင်၍ ဟောတော်မူ၏။ ။ ထို့ကြောင့်၊ ဤအရာ၌၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ အပေါင်းအစုမျှသာဖြစ်သော ဤပုဂ္ဂိုလ် သတ္တဝါတို့သည်၊မိမိတို့ ရုပ်,နာမ်,ချင်းချင်း, ပေါင်းသင်းဆက်ဆံကြရာ၌၊ ဤအရာ ဝတ္ထုတို့သည်ကား၊ ချစ်အပ်,နှစ်သက်အပ်သော သင်္ခါရတို့မည်ကုန်၏-ဟု၊ လောဘ-ရှေ့သွားပြု၍၊နှလုံးသွင်း, အောက်မေ့မှတ်ထင်ကြကုန်၏။ ။ထို့ကြောင့်၊ ထိုသို့နှလုံးသွင်းရှိသော ပုဂ္ဂိုလ်တို့အား၊ ထိုသတ္တဝါ သင်္ခါရတို့နှင့် ကွေကွင်း ဖဲကြဉ်၊ မပေါင်းယှဉ်ရခြင်းသည်၊ဆင်းရဲကေန်၊ စင်စစ်မှန်၏။— ဟူ၍ ဟောတော်မူ၏။

(၆) [ကတမော စ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။ ။ ဣဓ ယဿ တေ ဟောန္တိ ဣဋ္ဌာ,ကန္တာ,မနာပါ။ [ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ၊ဓမ္မာ] ယေ ဝါ,ပနဿ, တေ ဟောန္တိ၊ အတ္ထကာမာ, ဟိတကာမာ, ဖါသုကကာမာ, ယောဂက္ခေမ ကာမာ၊မာတာဝါ, ပိတာဝါ, ဘာတာဝါ, ဘဂိနီဝါ,ကနိဋ္ဌာဝါ,မိတ္တာဝါ, အမစ္စာဝါ, ဉာတိသာလော ဟိတာဝါ။ယာ,တေဟိ သဒ္ဓိံ အသင်္ဂတိ, အသမာဂမော, အ သမောဓာနံ,အမိဿီဘာဝေါ၊အယံ ဝုစ္စတိ ဘိက္ခဝေ,ပိယေ ဟိ ဝိပ္ပယောဂေါ ဒုက္ခော။]

## ပါဠိဘာသာမှ၊မြန်မာဘာသာပြန်ဆိုချက်၊

(၆) အို····ငါ၏ချစ်သားတို့။

အဘယ်တရားသည်လျှင်၊ ချစ်အပ်, နှစ်လိုအပ်ကုန်သောသူတို့နှင့်၊ ကွေကွင်းရခြင်းကြောင့်ဖြစ်သောဆင်းရဲမည်သနည်းဟူမူကား။

ဤလောက၌၊ အမှတ်မထင်၊အကြင်သတ္တဝါအား၊ရှာမှီးအပ်ကုန် သော, အလိုရှိအပ်ကုန်သော, နှစ်လိုအပ်ကုန်သော, အကြင်ရူပါရုံတို့ သည်၎င်း။ အကြင်သဒ္ဒါရုံ တို့သည်၎င်း။ အကြင်ဂန္ဓာရုံ တို့သည်၎င်း။ အကြင်ရသာရုံတို့သည်၎င်း။ အကြင်ဖောဋ္ဌဗ္ဗာရုံတို့သည်၎င်း။ အကြင် ဓမ္မာရုံတို့သည်၎င်း၊ ထင်ရှားရှိကုန်၏။ ။(တနည်းအားဖြင့် သော် ကား။) ထိုသတ္တဝါအား၊ အကျိုးကို အလိုရှိကုန်သော, အစီးအပွါး ကိုအလိုရှိကုန်သော, ချမ်းသာခြင်းကိုအလိုရှိကုန်သော,ဘေးမရှိခြင်း ကိုအလိုရှိကုန်သော, အမိ, ဟူ၍၎င်း, အဘ, ဟူ၍၎င်း, အကို, ဟူ၍ ၎င်း, ညီ, ဟူ၍၎င်း, ညီမ, ဟူ၍၎င်း,အဆွေအမျိုးတို့, ဟူ၍၎င်း, ဆင်းရဲ ချမ်းသာကိုအတူခံစားဘက်တို့ ဟူ၍၎င်း,မိမျိုး,ဘမျိုး, ဟူ၍၎င်းထင် ရှားရှိကုန်၏။

အကြင်သတ္တဝါတို့သည်၊ ထင်ရှားရှိကုန်၏။ ။

ထိုချစ်အပ်, နှစ်သက်အပ်ကုန်သော သတ္တဝါတို့နှင့်၊ အတူတကွ၊ အကြင် မပေါင်းဖေါ်ရခြင်းသည်၎င်း, အကြင်အတူတကွ မနေရခြင်း သည်၎င်း, အကြင်မပေါင်းသင်းရခြင်းသည်၎င်း, အကြင်ရောနှော ခြင်း၏ မရှိသည်၏ အဖြစ်သည်၎င်း, ထင်ရှားရှိ၏။

အို....ငါ၏ ချစ်သားတို့။

ဤပြဆိုအပ်ခဲ့ပြီးသော တရားသဘောကို၊ (ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော) ချစ်အပ်, နှစ်လိုအပ်ကုန်သောသူတို့နှင့်၊ ကွေကွင်းရခြင်းကြောင့် ဖြစ်သောဆင်းရဲမည်၏ဟူ၍၊ ဖြေဆိုအပ်၏။

(၆) ပိယေဟိ ဝိပ္ပယောဂ ဒုက္ခ ပြဆိုခက်း ပြီး၏။

---

## (၇) ယံပိဏ္ဍံနလဗ္ဘတိ၊ တမ္ပိဒုက္ခံအရပြဆိုခက်း

(၇) ဤ(ယံပိစ္ဆံ နလဗ္ဘတိ၊ တမ္ပိ ဒုက္ခံ)ဟူရာ၌။ ။သစ္စဝိဘင်းအဋ္ဌကထာ၌၊ဖွင့်ပြပုံနည်းကား။

အကြင် (အလို)ဟူသောတရားသဘောဖြင့်၊မိမိ၌၊ မရသင့်, မရစကောင်း, မရထိုက်သောဝတ္ထုကို၊ တောင့်တရှာကြံသောသူသည်၊ ထိုမိမိတောင့်တရှာကြံသော ဝတ္ထုကိုမရ။ ထိုသို့မရသင့်သောဝတ္ထု၌ ထိုသို့ တောင့်တရှာကြံခြင်းဟူသော အလိုကို၊ (၁) စေတသိကဒုက္ခ၊ (၂) ကာယိကဒုက္ခ ဟူသောနှစ်ပါးသောဆင်းရဲခြင်း၏အကြောင်းရင်းဖြစ်သောကြောင့်၊[ဒုက္ခ၊ဆင်းရဲကောန်၊စင်စစ်မှန်၏။]ဟူ၍ ဆိုအပ်၏။ ထို့ကြောင့် (ယံပိစ္ဆံ နလဗ္ဘတိ၊တမ္ပိဒုက္ခံ)ဟူ၍ ဟောတော်မူ၏။

ဤအရာ၌၊မရသင့်, မရထိုက်သောအရာ၌၊ ရလိုခြင်း, (ဣစ္ဆာ) (အလို)ဟူသည်၊အဘယ်သို့သဘောရှိသနည်းဟူမူကား။

(၁) မရသင့်, မရထိုက်သော ဝတ္ထုကို၊ တောင့်တခြင်း, လက္ခဏာရှိ၏။

(၂) မရသင့်, မရထိုက်သော ဝတ္ထုကို၊ အလိုရှိခြင်း, ကိစ္စရှိ၏။

(၃) ထိုတောင့်တအပ်သော ဝတ္ထုတို့သို့၊ မရောက်ခြင်းလျှင်၊ အခြင်းအရာရှိ၏။ ။ထို့ကြောင့်၊အောက်၌ပါသောဒေသနာကို၊ ဟောကြားတော်မူအပ်၏။

(၁) တံတံ ပတ္ထယမာနာနံ၊
တဿ တဿ အလာဘတော။
ယံ ဝိဃာတ မယံ ဒုက္ခံ၊
သတ္တာနံ ဣဓ ဇာယတိ။ ။

(၁) ဣဓ၊ ဤလောကဌ်။ တံတံ၊ ထိုထိုသောဝတ္ထုကို။ ပတ္ထယ မာနာနံ၊ တောင့်တကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ တဿ တဿ၊ ထိုထိုသို့သောတောင့်တအပ်သော ဝတ္ထုကို။ အလာဘတော၊ မရခြင်းကြောင့်။ ဝိဃာတမယံ၊ စိတ်နှလုံး၏ပင်ပန်းခြင်းသည် ပြုအပ်သော။ ယံဒုက္ခံ၊ အကြင်ဆင်းရဲခြင်းသည်။ ဇာယတိ၊ ဖြစ်၏။

(၂) အလဗ္ဘနေယျ ဝတ္ထူနံ၊
ပတ္ထနာ တဿ ကာရဏံ။
ယသ္မာ,တသ္မာ,ဇိနော ဒုက္ခံ၊
ဣစ္ဆိတာ-လာဘ မဗြဝီတိ။ ။

(၂) တဿ၊ (ဒုက္ခဿ)၊ ထိုဒုက္ခ၏။ အလဗ္ဘနေယျ ဝတ္ထူနံ၊ မရသင့်, မရထိုက်သော ဝတ္ထုတို့ကို။ ပတ္ထနာ၊ တောင့်တခြင်းသည်။ ဝါ၊ အလိုသည်။ ကာရဏံ၊ အကြောင်းရင်းသည်။ ယသ္မာ၊ အကြင့်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဇိနော၊ မြတ်စွာဘုရားသည်။ ဣစ္ဆိတာ လာဘံ၊ တောင့်တအပ်သော ဝတ္ထုကို မရခြင်းကို။ ဒုက္ခံ၊ ဆင်းရဲ၏-ဟူ၍။ အဗြဝိ၊ ဟောတော်မူပြီ။ ။(အကျဉ်းချုပ် အဓိပ္ပါယ်ထင်ရှားပြီ။)

ဤ-ယံပိစ္ဆံနလဗ္ဘတိ၊ တမ္ပိဒုက္ခံ။ ။ဟူသော အရာ သည်လည်း။ ခန္ဓာငါးပါး၊ ရုပ်နာမ်တရား၏ အပေါင်း အစု မျှသာ ဖြစ်သော ဤ ပုဂ္ဂိုလ် သတ္တဝါတို့သည်၊ မိမိတို့ အလိုမရှိအပ်, မနှစ်သက်အပ်သော နောက်၌ပြဆိုအပ်ခဲ့ပြီးသော (ဇာတိဒုက္ခ၊ ဇရာဒုက္ခ) အစရှိသော သဘောတရားတို့သည်၊ငါ၏ထံမှောက်၊မရောက်လာမူကား-ကောင်း လေစွ-ဟု၊ တောင့်တကြကုန်၏။ ထိုသို့ ပူပန် ကြောင့်ကြ၊ တောင့်တ ကုန်ငြားလည်း။ ရုပ်နာမ်တရားတို့၏ဖြစ်လေ့၊ ဖြစ်စဉ်အတိုင်း၊ မရပ် ဆိုင်းဘဲ၊ ဖြစ်မြဲတိုင်း ဖြစ်၍၊ ပျက်မြဲတိုင်း ပျက်၍နေရကား၊ မိမိတို့၏ တောင့်တ-ရည်ရွယ်ချက်အတိုင်း၊ မရနိုင်၊ မပြည့်စုံနိုင်ခြင်း, ဟူသော

(ဓမ္မတာ)သဘောသည်လည်း၊ ဆင်းရဲကေန်၊ စင်စစ်မှန်၏။ ။ဟူ၍ ဟောတော်မူ၏။

[၇] [ကတမဉ္စ ဘိက္ခဝေ ယံ ပိစ္ဆံနလဗ္ဘတိ, တမ္ပိဒုက္ခံ၊ ဇာတိဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ၊အဟောဝတ,မယံ,န ဇာတိဓမ္မာအဿာမ၊ နစဝတနော,ဇာတိ အာဂစ္ဆေယျာတိ၊နခေါပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ဣဒမ္ပိ ယံပိစ္ဆံ'န လဗ္ဘတိ၊တမ္ပိဒုက္ခံ။]

## ပါဠိဘာသာမှ၊မြန်မာဘာသာပြန်ဆိုချက်း

[၇] အို····ငါ၏ချစ်သားတို့။

အဘယ်တရားသည်လျှင်၊(ယံပိစ္ဆံ န လဗ္ဘတိ၊တမ္ပိဒုက္ခံ)မည်သနည်း ဟူမူကား။

အို·····ငါ၏ချစ်သားတို့။

ဖြစ်ခြင်း (ဇာတိ) သဘောရှိကုန်သော သတ္တဝါတို့အား၊ ဤသို့ သောတောင့်တခြင်းသည်ဖြစ်၏။ ။အဘယ်သို့ဖြစ်သနည်းဟူမူကား။ ။ ငါတို့သည်, ငါတို့အား, ငါတို့၌ ဖြစ်ခြင်း(ဇာတိ) သဘော တရား သည်၊ မဖြစ်ပါကုန်မူကား၊ ဩော် ···· ကောင်းလေစွ။ ။ငါတို့အား ငါတို့၏ အထံသို့၊ ရုပ်နာမ် တို့၏ ဖြစ်ခြင်း (ဇာတိ) သဘောသည်၊ မရောက်လာပါကုန်မူကား၊ ဩော်····· ကောင်းလေစွ။ ။

ဤသို့ရုပ်နာမ်တို့၏ဖြစ်ခြင်း(ဇာတိ)သဘော,ဖြစ်လာမည့် အရေး ကိုငှင်း, ရောက်လာမည့် အရေးကိုငှင်း, ကြောင့်ကြ၍၊ တောင့်တ ပူပန်ကြကုန်၏။ ထိုသို့ရုပ်နာမ်တို့၏ ဖြစ်ခြင်း(ဇာတိ) မဖြစ်လာခြင်း, မရောက်လာခြင်း, သဘောကို၊ တောင့်တခြင်းဖြင့် မရအပ်ပေ၊ မရောက်အပ်ပေ။ ။ဤသို့ တောင့်တတိုင်း,ရုပ်နာမ်တို့၏ ဖြစ်ခြင်း (ဇာတိ)မလာခြင်းသို့၊ မရောက်ခြင်းသည်လည်း၊ (ယံပိစ္ဆံနလဗ္ဘတိ၊ တမ္ပိဒုက္ခံ) မည်၏ဟုဖြေဆိုအပ်ပေ၏။ ။ဤနည်းအတူ၊ (ဇရာ ဗျာဓိ, မရဏ)စသည်တို့ကိုလည်း ခွဲ၍ဆိုရန်ပါဠိတော်ကိုအကျဉ်းချုံးအပ်၏။

(၇) ယံပိစ္ဆံနလဗ္ဘတိ၊ တမ္ပိဒုက္ခံအရ ပြဆိုချက်းပြီး၏။

## (၈) ဥပါဒါနက္ခန္ဓ ဒုက္ခပြဆိုခက်

(၈) သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။
ဟူသော ပါဠိအရ။ ။ဒုက္ခဝတ္ထု၊ ဒုက္ခမှုတို့ကို၊ တခုစီ-တခုစီ-ပြ၍ ဝေဘန်လတ်သော်၊ အနပ္ပကန်း၊ ဂဏန်းမဆန့်၊ ကျယ်ပြန့်များပြားရကား၊ ဒုက္ခ-ကို၊ အကျဉ်းချုံးခြင်းငှါ၊ မတတ်ကောင်းရာပေ။ ။ထိုသို့- မရေတွက်နိုင်အောင်၊ များပြားသော, ဒုက္ခအပေါင်း-ဟူ၍ ခေါ်ဆိုအပ်သော တရားတို့သည်ကား, ငါးပါးသော(ဥပါဒါနက္ခန္ဓာ) တို့သည်- သာတည်းဟု၊ ဒေသနာ, ကိုယ်၊ အကျဉ်းချုံးခြင်းငှါ- တတ်ကောင်းရကား၊ ထိုသို့ ဖြစ်သည့်အတိုင်း၊ ဒေသနာကို၊ အကျဉ်းချုံး၍ ပြပေအံ့။

ကာမုပါဒါန်-အစရှိသော ဥပါဒါန်တရား လေးပါးတို့၏ အာရုံဖြစ်သော ဤခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည်၊ (သမုတိ) ဒေသနာနည်းအားဖြင့်၊ လူ့ပြည်-နတ်ပြည်-ဗြဟ္မာ့ပြည်,ဟူသော လောကသုံးရပ်၊ ဘုံသုံးထပ်အတွင်း၌၊ မည်သို့မျှပင်၊ အမျိုးမြတ်၍၊ မည်သို့မျှပင်၊ တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံသည်ဖြစ်ခဲ့စေ၊ ဆင်းရဲကေန်၊ စင်စစ်မှန်၏။ ။ဆိုဦးအံ့။ ။ဤအရာ၌၊ [ဥပါဒါန်တရား၊ လေးပါးတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့]ဟူသည်။ အဘယ်သည်တို့နည်းဟူမူကား။

ပဉ္စုပါဒါနက္ခန္ဓာတိ၊ တထာ တေဘူမကာ မတာ။
ဟူသည်နှင့်အညီ။

(၁) ရုပ်-အဋ္ဌဝီသ၊နှစ်ဆဲ့ရှစ်ခုသည်၊ရူပုပါဒါနက္ခန္ဓာမည်၏။

(၂) လောကီစိတ်- ကောသီတိ၊ ၈၁-ခု၌ရှိသော ဝေဒနာ, စေတသိက်သည်၊ ဝေဒနုပါဒါနက္ခန္ဓာမည်၏။

(၃) ထိုနည်းအတူ၊ သညာ,စေတသိက်သည်၊သညုပါဒါနက္ခန္ဓာမည်၏။

(၄) ဝေဒနာ, သညာ, မှကြွင်းသော စေတသိက် ၅၀–သည်၊ သင်္ခါရုပါဒါနက္ခန္ဓာမည်၏။
(၅) လောကီစိတ်-၈၁–ခုသည်၊ ဝိညာဏုပါဒါနက္ခန္ဓာမည်၏။

ဤအရာ၌။ ရုပ်တရားတို့မည်သည်၊ (လောကီ) သာလျှင်တည်း။ နာမ်တရားတို့၌ကား၊ လောကီစိတ်၊ လောကုတ္တရာစိတ်-ဟု၊ နှစ်မျိုး ပြား၍၊ လောကီစိတ်, စေတသိက်တို့ကို၊ ဥပါဒါန်တရားတို့၏ အာရုံ ဖြစ်၍၊ ဥပါဒါနက္ခန္ဓာ-ဟူ၍၊ ခွဲဆိုကောက်ယူအပ်၏။

[၀] ["ကတမေစ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဝိဒုက္ခာ"။ သေယျထိဒံ။ ၁- ရူပုပါဒါနက္ခန္ဓော,၂- ဝေဒနုပါ ဒါနက္ခန္ဓော, ၃- သညုပါဒါနက္ခန္ဓော, ၄- သင်္ခါရုပါဒါ နက္ခန္ဓော, ၅-ဝိညာဏုပါဒါနက္ခန္ဓော၊ ဣမေဝုစ္စန္တိဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံအရိယသစ္စံ။]

## ပါဠိဘာသာမှမြန်မာဘာသာပြန်ဆိုပြအံ့

[၀] အိုး····ငါ၏ချစ်သားတို့။

အဘယ်တရားသည်လျှင်၊ (သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ) အကျဉ်းအားဖြင့်၊ ဟောတော်မူအပ်ကုန်သော ဥပါဒါန်တရားတို့၏ အာရုံဖြစ်ကုန်သော ငါးပါးကုန်သော ခန္ဓာတို့သည်လည်း၊ ဆင်းရဲ မည်ကုန်သနည်းဟူမူကား။

ဥပါဒါန်တရား လေးပါးတို့၏ စွဲလမ်း အာရုံပြုရာ ဖြစ်သော

(၁) ရူပုပါဒါနက္ခန္ဓာသည်၎င်း။
(၂) ဝေဒနုပါဒါနက္ခန္ဓာ သည်၎င်း။
(၃) သညုပါဒါနက္ခန္ဓာ သည်၎င်း။
(၄) သင်္ခါရုပါဒါနက္ခန္ဓာ သည်၎င်း။
(၅) ဝိညာဏုပါဒါနက္ခန္ဓာ သည်၎င်း-ထင်ရှားရှိကုန်၏။

အိုး·····ငါ၏ချစ်သားတို့။ ။ဤပြဆိုအပ်ခဲ့ပြီးသောတရားသဘော တို့ကို၊ (သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ) အကျဉ်းအားဖြင့်

ဟောတော်မူအပ်ကုန်သော ဥပါဒါနိတရားတို့၏ အာရုံဖြစ်ကုန်သော ငါးပါးသော ခန္ဓာတို့သည်လည်း၊[ဒုက္ခ၊ ဆင်းရဲကောန်၊စင်စစ် မှန်ကုန်၏။]ဟု၊ ဖြေဆိုအပ်ပေ၏။

ဤအရာ၌၊ဥပါဒါနက္ခန္ဓာမည်သော တရားငါးပါးတို့၏၊ ဝန်ထုပ်ကြီးနှင့်တူပုံကို၊**ခန္ဓဝဂ္ဂ သံယုတ် ဘာရဝဂ်**မှထုတ်ဆောင်၍ပြဦးအံ့။

အို····ငါ၏ချစ်သားတို့။

သင်ချစ်သားတို့အား၊ ထမ်းဆောင်ရသော ဝန်ထုပ်ကိုၛင်း။ ။ ဝန်ထုပ်ကို ထမ်းဆောင်သောပုဂ္ဂိုလ်ကိုၛင်း။ ။ဝန်ထုပ်ကို ထမ်းဆောင်ယူငင်ခြင်းကိုၛင်း။ ဝန်ထုပ်ကို ပစ်ချရာအရပ်ကိုၛင်း။ ။ ဟောကြားပေအံ့။ ။ထိုသို့ ဟောကြားလတ္တံ့သော တရားစကားကို၊ ကောင်းစွာစိုက်စိုက်၊နှလုံးပိုက်၍၊နှစ်ခြိုက်စွာ နာယူကြကုန်လော့။

အို····ငါ၏ချစ်သားတို့။

အဘယ်တရားသည်လျှင်၊ ထမ်းဆောင်သည့်ပိုးရသော ဝန်ထုပ်မည်သနည်းဟူမူကား။

ဥပါဒါနိတရားတို့၏ အာရုံဖြစ်ကုန်သော ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာ,တရားတို့သည်၊ ထမ်းဆောင်သည့်ပိုးရသော ဝန်ထုပ်မည်၏, ဟူ၍၊ ဟောကြားအပ်၏။

ဤဥပါဒါနက္ခန္ဓာ,တရားငါးပါးတို့ဟူသည်၊ အဘယ်သည်တို့နည်းဟူမူကား။

ကာမုပါဒါန် အစရှိသော ဥပါဒါနိတရားလေးပါးတို့၏ သက်ဝင်ကျက်စား၊ပျော်ပါးမြူးတူးရာ၊အာရုံပြုရာဖြစ်သော

(၁) ရူပ ပါဒါနက္ခန္ဓာ တပါး။ }
(၂) ဝေဒန ပါဒါနက္ခန္ဓာ တပါး။
(၃) သည ပါဒါနက္ခန္ဓာ တပါး။
(၄) သင်္ခါရု ပါဒါနက္ခန္ဓာ တပါး။
(၅) ဝိညာဏု ပါဒါနက္ခန္ဓာ တပါး။

အို····ငါ၏ချစ်သားတို့။

ဤဥပါဒါနက္ခန္ဓာတရားငါးပါးကို၊ ထမ်းဆောင်သည့်ပိုးရသော၊ ''ဝန်ထုပ်''မည်၏ဟူ၍၊ဟောကြားအပ်၏။

အို ····ငါ၏ချစ်သားတို့။

အဘယ်တရားသည်လျှင်၊ ဝန်ထုပ်ကိုထမ်းဆောင်သောသူ မည်သနည်းဟူမူကား။

မိန်းမ, ယောက်ျား, ပုဂ္ဂိုလ်, သတ္တဝါ,ဟူ၍၊ ခေါ်ငင် သုံးစွဲအပ်သော၊ အမည်နာမ,ဝေါဟာရပညတ်,ရှိသော သတ္တဝါသည်၊ ဝန်ထုပ်ကိုထမ်းဆောင်သောသူမည်၏, ဟူ၍ဟောကြားအပ်၏။

အို·····ငါ၏ ချစ်သား၊ရဟန်းများတို့။

အဘယ်တရားသည်လျှင်၊ ဝန်ထုပ်ကိုထမ်းဆောင် ယူငင်ခြင်းမည်သနည်း။

ဘဝအသစ်၌၊ခန္ဓာဝန်ကို၊အသစ်တဖန်၊ ပြန်လည်ဖြစ်စေတတ်သော ''နန္ဒီရာဂ''နှင့် တကွဖြစ်သော ထိုထိုသို့သော အတ္တဘော၌၊ အလွန်နှစ်သက်တတ်သော၊ အကြင်(တဏှာ)ခေါ်သော (လောဘ)စေတသိက်သည်ရှိ၏။ ။ဤ(တဏှာ) ခေါ်သော (လောဘ) စေတသိက်သည်၊အဘယ်သည်ဟုံနည်းဟူမူကား။

(၁) ※ ကာမတဏှာ၊ ကာမဂုဏ်၌၊ တပ်နှစ်သက်သော တဏှာ။

(၂) ※ ဘဝတဏှာ၊ (သဿတဒိဋ္ဌိ)အယူနှင့် တကွဖြစ်သော တဏှာ။

(၃) ※ ဝိဘဝ တဏှာ၊(ဥစ္ဆေဒ ဒိဋ္ဌိ)အယူနှင့် တကွ ဖြစ်သော တဏှာ။

အို·····ငါ၏ချစ်သားတို့။

ဤ(တဏှာ) ခေါ်သော (လောဘ) စေတသိက်ကို၊ ဝန်ထုပ်ကို ထမ်းဆောင်ယူငင်ခြင်း မည်၏,ဟူ၍၊ဟောကြားအပ်၏။

အို······ငါ၏ချစ်သားတို့။

အဘယ်တရားသည်လျှင်၊ ခန္ဓာငါးပါးဟူသော၊ ဝန်ထုပ်ကို ပစ်ချရာမည်သနည်းဟူမူကား။

(၁) ထို(တဏှာ) ခေါ်သော (လောဘ) တရား၏ သာလျှင်၊ အရဟတ္တမဂ်ဖြင့်၊ အကြွင်းမဲ့၊ တပ်ခြင်းကင်းသည်ဖြစ်၍၊ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်ဧင်း။
(၂) အကြွင်စွန့်ရာဖြစ်သော နိဗ္ဗာန်သည်ဧင်း။
(၃) အကြွင်တဖန် စွန့်ရာဖြစ်သော နိဗ္ဗာန်သည်ဧင်း။
(၄) အကြွင်ကိလေသာတို့မှ၊လွတ်ရာဖြစ်သောနိဗ္ဗာန်သည်ဧင်း။
(၅) အကြွင် မတပ်ရာဖြစ်သော နိဗ္ဗာန်သည်ဧင်း၊ထင်ရှားကေန်ရှိ၏။

အို······ငါ၏ချစ်သားတို့။

ဤနိဗ္ဗာန်ကို၊ ခန္ဓာငါးပါးဟူသော ဝန်ထုပ်ကိုပစ်ချရာဟူ၍၊ဟောတော်မူ၏။ ။ဤသို့ အကျယ်ပြဆိုအပ်ခဲ့ပြီးသော စကားအစဉ်ကို၊ တရားသဘင်၌၊ အကျဉ်းချုံး၍၊ အဆုံးသတ်လိုရကား၊ အောက်၌ပါသော ဂါထာကို ဟောကြားတော်မူ၏။

(၁) ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊
ဘာရဟာရောစ ပုဂ္ဂလော။
ဘာရာဒါနံ ဒုက္ခံ လောကေ၊
ဘာရနိက္ခေပနံ သုခံ။ ။

(၂) နိက္ခိပိတွာ ဂရုံ ဘာရံ၊
အညံ ဘာရံ အနာဒိယ။
သမူလံ တဏှ မဗ္ဗုယှ၊
နိစ္ဆာတော ပရိနိဗ္ဗုတော။ ။

(၁) ဘိက္ခဝေ၊ချစ်သားရဟန်းတို့။လောကေ၊လောကဝ၌။ဟဝေ၊စင်စစ်သဖြင့်။ပဉ္စက္ခန္ဓာ၊ ငါးပါးသော ခန္ဓာတို့သည်။ ဘာရာ၊လေးလံလှစွာ၊ ထမ်းဆောင်ရသော ဝန်ထုပ်မည်ကုန်၏။ ပုဂ္ဂလော၊ ဤသူ-ဤအရှင်၊ ခေါ်ငင်စရာ၊ သညာဖွဲ့ဆို၊ ပုဂ္ဂိုလ်သတ္တဝါသည်။ ဘာရ

ဟာရော၊ ခန္ဓာငါးပါးဟူသော ဝန်ထုပ်ကို၊ ထမ်းဆောင်သောသူ မည်သည်လည်း။ဟောတိ၊ဖြစ်၏။ဒုက္ခံ၊ရုပ်နာမ်နှစ်ဖြာ၊ခန္ဓာငါးပါးတို့၏၊ အသစ်တဖန်၊ ပြန်လည်ဖြစ်ရခြင်းဟူသော ဆင်းရဲသည်။ ဘာရာဒါနံ၊ ခန္ဓာဟူသောဝန်ကို ယူခြင်းမည်၏။ သုခံ၊ ရုပ်,နာမ်ငြိမ်းကင်းငြိမ်းဆိတ်သည်၊ နိဗ္ဗာန်,ဟူသောချမ်းသာသည်။ ဘာရနိက္ခေပနံ၊ ခန္ဓာ,ဟူသော ဝန်ထုပ်ကိုပစ်ချရာမည်၏။

(၂) ဂရုံ· လေးလံလှစွာသော။ ဘာရံ၊ ခန္ဓာငါးပါး ဟူသော ဝန်ထုပ်ကို။ နိက္ခိပိတွာ၊ ချထား၍။ အညံ၊ တပါးသော။ ဘာရံ၊ ဘဝအသစ်၌၊ ဖြစ်ရလတ္တံ့သော ခန္ဓာငါးပါးဟူသော ဝန်ထုပ်ကို။ အနာဒိယ၊ တဏှာ,ခိုင်းသူ၊ ကံ,တံချူဖြင့်၊ မယူမူ၍၊ သမူလံ၊ အဝိဇ္ဇာ, ဟူသော အမြစ်အရင်းနှင့်တကွသော။ တဏှံ၊ တဏှာကို။ အဗ္ဗုယှ၊ အရဟတ္တမဂ်၊ ဓား,သန်လျက်ဖြင့်၊ ပယ်ဖျက် နုတ်ပယ်၍။ နိစ္ဆာတော၊ မတွယ်အာသာ၊ တဏှာ ကင်းသည်ဖြစ်၍။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်၊ ဝင်စံရုပ်သိမ်း၍၊ ချုပ်ငြိမ်း-ခြေတော်မူ၏။

(ဂ) ဥပါဒါနက္ခန္ဓ ဒုက္ခပြီး၏။
ဤတွင်ရှေ့ကား၊
မကျဉ်း မကျယ်၊သိလွယ်တန်ရုံ၊
ဖွင့်ဆိုအပ်သော
ဒုက္ခသစ္စာ ပြဆိုခဏ်း ပြီး၏။

---

## (၁၁) (၂) သမုဒယ သစ္စာ ပြခဏ်း

(တဏှာ ၃–မျိုး)

(၁၁) (၂) ဤယခုအခါ၌၊ (၂) သမုဒယသစ္စာ၏ သရုပ်ကို၊ ထုတ်ဖေါ်ပိုင်းခြား၊ဟောကြားပြသခြင်းအကျိုး ငှါ၊ အောက်၌ ပါသော ဒေသနာ အစဉ်ကို၊ (သင်္ဂါယနာ)တင်တော်မူကြကုန်၏။

(၁၁) (၂) (က) ဣဒံခေါပန ဘိက္ခဝေ ဒုက္ခ-သမုဒယံ+
(ခ) အရိယသစ္စံ+ (လ)
(ဂ) ဝိဘဝ-တဏှာ၊+ဟူ၏။

## ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုချက်း

(၃) အို……''ပဉ္စဝဂ္ဂီ''ရဟန်းတို့။
အကြင်တဏှာသည်၊

(၁) ※ ပေါနောဗ္ဘဝိကာ။ ။ဟူသော ပါဠိအရ၊ တဖန် ဘဝအသစ်ကို ဖြစ်စေတတ်သောအလေ့ရှိ၏။

(၂) ※ နန္ဒီ ရာဂ သဟဂတာ။ ။ဟူသော ပါဠိအရ၊ ဝတ္ထု အာရုံတို့၌၊နှစ်သက်ခြင်း,တပ်ခြင်းဖြစ်၏။

(၃) ※ တတြ တတြာ ဘိနန္ဒိနီ။ ။ဟူသော ပါဠိအရ၊ ထိုထို ကိုယ်၏အဖြစ်၊ ထိုထိုအာရုံတို့၌၊ အလွန် နှစ်သက် တတ်၏။

ဤ တဏှာသည်၊ အဘယ်သည်တို့နည်းဟူမူကား—

(၁) ※ ကာမတဏှာ=ဟူသည်ကား။ ။ရူပါရုံအစရှိသော ဝတ္ထုကာမကို တပ်တတ်သောတဏှာတည်း။

(၂) ※ ဘဝတဏှာ= ဟူသည်ကား။ ။(သဿတဒိဋ္ဌိ,) အယူနှင့်တကွဖြစ်သော တဏှာတည်း။

(၃) ※ ဝိဘဝတဏှာ=ဟူသည်ကား။ . ။(ဥစ္ဆေဒဒိဋ္ဌိ)အယူ နှင့် တကွဖြစ်သော တဏှာတည်း။

ဤသို့လျှင်၊ အခြင်းအရာအားဖြင့်၊ သုံးပါး အပြားရှိသော ဤ တဏှာ-ဟူသော တရားသဘောသည်၊(ဒုက္ခ သမုဒယ)ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အရိယာ ပုဂ္ဂိုလ်တို့သည်၊ မှန်ကန်သည်ဟု၊ သိအပ်သော သမုဒယသစ္စာမည်၏—ဟူ၍၊ ဟောတော်မူ၏။

---

## (၂) သမုဒယသစ္စာ၏၊ အမှန်လေးချက်၊ အနက် လေးပါးပြဆိုချက်း

[※သမုဒယဿ အာယူဟနဋ္ဌော, နိဒါနဋ္ဌော, သညောဂဋ္ဌော, ပလိဗောဓဋ္ဌော, ပဟာနဋ္ဌော။]

※ သမုဒယသည်၊ ဒုက္ခအပေါင်း၊ ဖြစ်ကြောင်း ဧကန်၊ စင်စစ်မှန်သောလောဘ၏။

(၁) ※ အာယူဟနဋ္ဌော၊ ဒုက္ခဝဋ်၊ ဒုက္ခမှုကို၊ စုဆောင်း သိမ်းဆည်းခြင်းဟူသော၊ သဘောသည်ရင်း။

(၂) ※ နိဒါနဋ္ဌော၊ ဒုက္ခဝဋ်၊ ဒုက္ခမှုကို၊ ပြုစုရှာကြံ၊ တရံ မစဲ၊ အမြဲဆောင်နှင်း၊ပေးအပ်ခြင်းဟူသော သဘော သည်ရင်း။

(၃) ※ သညောဂဋ္ဌော၊ ဒုက္ခဝဋ်၊ ဒုက္ခမှုကို၊ ဂရုစိုက်ခါ၊ လိုက်နာယှဉ်တွဲ၊ အမြဲချည်နှောင်ခြင်းဟူသောသဘော သည်ရင်း။

(၄) ※ ပလိဗောဓဋ္ဌော၊ ဒုက္ခ· ဒဏ်ချက်၊ ခံနိုင် ခက်အောင်၊ နှိပ်စက် လွှန်မင်း၊ ပြုတုံ လျှင်းလည်း၊ မငြင်း မဆန်၊ အတင်းခံ၍၊ လွတ်ရန်အရေး၊ ခွင့်မပေးဘဲ၊ လေးလံ နှောင့်ယှက်, တားမြစ်ခြင်း သဘောသည်ရင်း။ ပဟာနဋ္ဌော၊ ပယ်ခြင်းအနက်မည်၏။

## အကျဉ်းချုပ်အဓိပ္ပါယ်ကား

(၂) အကြင်တရားသဘောသည်၊၍ပြဆို အပ်ခဲ့ပြီးသောအနက် လေးပါးနှင့် ပြည့်စုံ၏။ ထိုတရား သဘောသည်၊ (သမုဒယ သစ္စာ) ဆင်းရဲ ဖြစ်ကြောင်းဧကန်၊ စင်စစ်မှန်၏။ ။ထို့ကြောင့် တေဘူမက ဟူသော သံခါရ တရား အပေါင်း တို့တွင်၊ (တဏှာ) ခေါ်သော (လောဘ) စေတသိက်သည်၊ ၍ ပြဆိုအပ်ပြီးသောအမှန်လေးချက်၊ အနက် လေးပါးနှင့် ပြည့်စုံရကား၊ (သမုဒယ သစ္စာ) ဆင်းရဲ ဖြစ် ကြောင်းဧကန်၊ စင်စစ်မှန်၏- ဟူ၍၊ ဟောတော်မူ၏။

ထင်ရှားစေဦးအံ့။ ။၍သမုဒယသစ္စာ၌၊ (သမုဒယ)သဒ္ဒါသည် ဟောအပ်သော (လောဘ) စေတသိက်ဟူသော အနက် တခုတည်း ကိုပင်၊ (အရာအား လျော်စွာ)လောဘဟူ၍ရင်း၊ တဏှာဟူ၍ရင်း။ ရာဂဟူရင်း၊ နန္ဒီဟူ၍ရင်း၊ ပရိယာယ်သဒ္ဒါပုဒ် အမျိုးမျိုး ထုတ်၍၊ ဟောတော်မူ၏။ ။စင်ငစ်မူကား။ ဝဋ်အာရုံတို၌၊ ခုံမင်တပ်နှစ်သက်

ခြင်း လက္ခဏာရှိသော(လောဘ)စေတသိက် တခုတည်း ပင်တည်း။ ထိုလောဘသည်။ [သမုဒယ=အကြောင်းရင်းမည်၏။ သစ္စာ၊ ဟုတ်မှန်၏။ အကြောင်းရင်းကေန်၊ စင်စစ်ဟုတ်မှန်သောကြောင့်၊သမုဒယ သစ္စာမည်၏။] ဤအရာ၌၊ မည်သည့်အကျိုးတရား၏၊ အကြောင်းရင်း ကေန်၊ စင်စစ်ဟုတ်မှန်သနည်း,ဟု မေးစိစစ်ဘွယ် ရှိ၏။ ။(တဏှာ ဒုက္ခသ မူလကံ) ဟူ၍၊ ဟောတော်မူသည်နှင့် အညီ၊ နောက်၌၊ (ဒုက္ခသစ္စာ)ဖွဲ့ဆိုရာ၌၊ ပြဆိုအပ်ခဲ့ပြီးသော ခန္ဓာငါးပါး၊ ရုပ်နာမ် တရားဟူသော အကျိုးတရားတို့၏ ဘဝအသစ်၌၊တဖန်ဖြစ်စေဘို့ရာ၊ အကြောင်းရင်း ကေန်၊ စင်စစ်ဟုတ်မှန်သောကြောင့်၊ (သမုဒယသစ္စာ) ဆင်းရဲဖြစ်ကြောင်း ကေန်၊စင်စစ်မှန်သောတရားမည်၏,ဟု။ ဖြေဆိုအပ်၏။

ထိုစကားမှန်၏။ ။လောဘသည်၊ သတ္တဝါအနန္တတို့၌၊ မိမိဖြစ်နေဆဲသော ဘဝဇာတ်မှ၊ ခန္ဓာပြတ်ကြွေ၊ သေလွန်ခဲ့သော်၊ဒုတိယအကြိမ် ခန္ဓာငါးပါးဟူသောအိမ်ကို၊ အသစ်တဖန်၊ ပြန်လည် ဖြစ်စေတတ်သော အလေ့ရှိသောကြောင့် (၁) (ပေါနောဗ္ဘဝိကာ)ဟူ၍ ဟောတော်မူ၏။ ။ထိုအခါ၊ ပျက်စီးခဲ့ပြီးသော ခန္ဓာအိမ်ကို၊ အတိတ်ဘဝ၊ အတိတ်ခန္ဓာဟုခေါ်၍၊ မိမိဖြစ်နေဆဲသောဘဝခန္ဓာကို၊ ပစ္စုပ္ပန်ဘဝ၊ ပစ္စုပ္ပန်ခန္ဓာ,ဟုခေါ်ပြန်၏။ ။ဤဘဝ, ဤခန္ဓာပြတ်၍၊ နောက်ထပ် ရလတ္တံ့, ဖြစ်လတ္တံ့သော ဘဝခန္ဓာကို၊ အနာဂတ်ဘဝ၊ အနာဂတ်ခန္ဓာ ဟုခေါ်ပြန်၏။

ဤသို့အားဖြင့်၊ပစ္စုပ္ပန်ဘဝခန္ဓာ,လက်ရှိဖြစ်သော ပုထုဇဉ်သတ္တဝါတို့သည်။ အနာဂတ်ဘဝ၌၊ ခန္ဓာငါးပါးရလတ္တံ့၊ ဖြစ်လတ္တံ့, အမှုကို၊ မြော်လင့်ကြပြန်၏။ ။ထိုအခါ၌၊ လောဘသည်၊ ကုသိုလ်ကံ၌ရင်း၊ အကုသိုလ်ကံ၌ရင်း၊ အာရမ္မဏပစ္စည်းနည်း, သမ္ပယုတ္တပစ္စည်းနည်း စသည်ဖြင့်၊ယှဉ်မှီးဆက်သွယ်၍၊ (ကံ)အား၊ လွှမ်းမိုး အုပ်စိုးလျက်၊ လမ်းပြသောအနေဖြင့်၊(ကံ)ဖြစ်ကြောင်းအမှုအမျိုးမျိုးတို့ကိုပြုစေ၏။ ထိုအခါ၌၊ ထို၊(ကံ)ဖြစ်၍၊ ထို(ကံ)ဟူသော အကြောင်းကြောင့်၊ (ခန္ဓာ)ဟူသော ဘဝဇာတိအသစ်သည်၊ ဖြစ်ပေါ်လာ၏။ ။ ဤသို့ဖြစ်ပုံ ဖြစ်နည်းကိုပင်၊(၁)(ပေါနောဗ္ဘဝိကာ) ဘဝအသစ်ကို၊ တဖန် ဖြစ်စေတတ်သောအလေ့ရှိ၏-ဟူ၍ဖြေဆိုအပ်၏။

(တနည်း)။ ထင်ရှားသော အမိပ္ပါယ်ပြဦးအံ့။ ။(လောဘ) ခေါ်သော တဏှာသည်၊ လောကီကုသိုလ်ကံ၊အကုသိုလ်ကံနှစ်ပါး၌၊ ထိုက်သည်အားလျော်စွာအာရုံပြု၏။ ယှဉ်၏။လောဘ၏သတ္တိဖြင့်၊ ထို ထိုဝတ္ထုအာရုံတို့၌၊ တပ်နှစ်သက်၏။ ။ရောက်ရလို၏။ ။ရ-ရ, လို ၏။ ။ဖြစ်ရလို၏-ဟု၊စိတ်ညွတ်၏။ ။ထိုအခါ၊ ထိုလောဘ၏သတ္တိ ဖြင့်၊ရလိုသောဝတ္ထုကို၊ ရ-ရာ၊ ရကြောင်း၊ရောက်လိုသော ဘုံဘဝသို့။ ရောက်ရာ-ရောက်ကြောင်း၊ သောင်းပြောင်းထွေရာ၊ များစွာသောကံ အမျိုးမျိုးတို့ကိုပြုကြ၏။ထို(ကံ)ဟူသော အကြောင်းကြောင့်ပင်၊ ဘဝ ဇာတိဟူသော ခန္ဓာဝန်သည်၊ အသစ်ဖြစ်ပေါ်လာ၏။ ထိုအသစ်ဖြစ် ပေါ်လာသော ခန္ဓာဝန်သည်၊ဆင်းရဲကေန်၊ စင်စစ်မှန်ရကား။(သမု- ဒယသစ္စာ) ခေါ်သောလောဘ တဏှာသည်၊ လမ်းပြသောသူနှင့်တူ ၏။ ။တိုက်တွန်းသောသူနှင့် တူ၏။ ။ကုသိုလ်ကံ, အကုသိုလ်ကံ, နှစ်ပါးသည်၊(လောဘ) တဏှာ ခိုင်းစေတိုင်းသော လမ်းကို သွား သောသူနှင့်တူ၏။ ။(လောဘ)တဏှာခိုင်းစေတိုင်းသောအမှုကို ပြု သောသူနှင့်တူ၏။ ။ဘုံသုံးပါးအတွင်း၌၊အသစ်အသစ်၊ဖြစ်ပေါ်လာ သော ခန္ဓာဝန်ဇာတိသည်၊ ထိုသို့သွားမှု,ပြုမှုကြောင့်,ရလာ,ဖြစ်လာ သော အထည်ပစ္စည်းဝတ္ထုနှင့် တူ၏။ ။ဤအရာ၌၊ (လောဘ) တဏှာသည်၊ခန္ဓာငါးပါးဟူသော အထည်ပစ္စည်းဝတ္ထုကို၊ တိုက်ရိုက် အရယူနိုင်သော သတ္တိမရှိ။ ။(ကံ)ခေါ်သော စေတနာသည်သာ လျှင်၊ခန္ဓာငါးပါးဟူသော အထည်ပစ္စည်းဝတ္ထုကို၊တိုက်ရိုက် အရယူ နိုင်သောသတ္တိရှိ၏။ ။ထိုသို့ဖြစ်ခဲ့စေ၊(ကံ)ခေါ်သော စေတနာသည်၊ (တဏှာ)၏၊လွှမ်းမိုးအုပ်ချုပ်ခြင်းဟူသော,အာရုံပြုခြင်း, ယှဉ်ခြင်း နှင့် မကင်းနိုင်ပေ။ ။ထို့ကြောင့်၊လောကီကုသိုလ်ကံ, အကုသိုလ် ကံတို့သည်၊ တဏှာ သခင်၊ အရှင် ခိုင်းစေတိုင်းပြုရသော ကျွန်မနှင့် တူ၏။ ။ထိုကံနှစ်ပါးကြောင့် ဖြစ်ပေါ်သော အကျိုးဝိပါက်ခန္ဓာတို့ သည်၊ကျွန်မ၏သားနှင့် တူရကား၊ [ ※ တဏှာ သခင်၊ အရှင်တင်း လင်း၊ကျွန်ရာ သွင်း၍ ]ဟူ၍ဆို၏။ ။ဤသို့ ဖြစ်ပုံ–ဖြစ်နည်းကိုပင်၊ (၁)(ပေါနောဗ္ဘဝိကာ) တဖန်ဘဝအသစ်ကို၊ ဖြစ်စေတတ်သောအ လေ့ရှိ၏ ဟူ၍ဆို၏။

ဤအရာ၌၊ထင်ရှားသောဝတ္ထုဖြင့် ပြဆိုဦးအံ့။ ။မြတ်စွာဘုရား သခင်သည်၊သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌၊ သီတင်းသုံးနေတော်မူ စဉ်အခါ၌။ အရှင်မဟာကောဋ္ဌိက-သည်၊အရှင် သာရိပုတ္တရာ-ထေရ် မြတ်အထံသို့ ချဉ်းကပ်၍၊မေးခွန်း ပုစ္ဆာအမျိုးမျိုးတို့ကို၊မေးလျှောက် ၏။ ။ထိုအခါ၊ ဤ(၁) (ပေါနောဗ္ဘဝိကာ) ဟူသော ပုဒ်၏အ ဓိပ္ပါယ်တို့ကိုလည်း၊မေးလျှောက်လေ၏။

---

## ပဥ္စမ-မေးခွန်းနှင့်၊အဖြေပါဠိ

(မေးခွန်းပါဠိ) (၁)“ကထံ ပနာဝုသောအာယတိံ, ပုနဗ္ဘဝါ-ဘိ နိဗ္ဗတ္တိ ဟောတီတိ,။

(အဖြေပါဠိ) (၁) အဝိဇ္ဇာ နီဝရဏာနံခေါအာဝုသောသတ္တာနံ, တဏှာသံယောဇနာနံ,တတြ တတြာဘိနန္ဒနာ ဧဝံ အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိဟောတီတိ”။

## ပါဠိဘာသာမှ၊မြန်မာဘာသာပြန်ဆိုပြအံ့

(မေးခွန်းစကား) (၁) ငါ့ရှင် သာရိပုတ္တရာ၊ အဘယ်သို့သော အကြောင်းဖြင့်၊ နောက်အခါ၌၊ တဖန်ဘဝ အသစ်၏ ဖြစ်ခြင်းသည်၊ ဖြစ်သနည်း- ဟူ၍၊ မေးလျှောက်လေ၏။

(အဖြေစကား)(၁) ငါ့ရှင်ကောဋ္ဌိက၊ စင်စစ်ဟုတ်မှန်သော အကြောင်းမူကား၊ အဝိဇ္ဇာ,တရားသည်၊ မြေး ယှက်အပ်ကုန်သော, တဏှာနှင့် ယှဉ်ကုန် သော သတ္တဝါတို့အား၊ ထိုထိုရူပါရုံ- သဒ္ဒါရုံ အစရှိသော အာရုံငါးပါး၊ ကာမဂုဏ်တရား တို့ကို၊ နှစ်သက်ခြင်း, တပ်မက်မောခြင်းသည် ဖြစ်၏။ ။ဤသို့ဖြစ်ခြင်းကြောင့်၊နောက်အခါ ၌၊ တဖန် ဘဝအသစ်၏ ဖြစ်ခြင်းသည်-ဖြစ်၏ ဟူ၍၊ ဖြေကြားတော်မူ၏။

## ဒုတိယ-မေးခွန်းနှင့်၊ အဖြေပါဠိ

(မေးခွန်းပါဠိ) (၂) "ကထံပနာဝုသော အာယတိံ ပုနဗ္ဘဝါ- ဘိနိဗ္ဗတ္တိ နဟောတီတိ,။

(အဖြေပါဠိ) (၂) အဝိဇ္ဇာ, ဝိရာဂါ ခေါ အာဝုသော ဝိဇ္ဇုပ္ပါဒါ, တဏှာ နိရောဓာ,ဧဝံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ, န-ဟောတီတိ"။

## ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုပြအံ့

(မေးခွန်းစကား) (၂) ငါ့ရှင် သာရိပုတ္တရာ၊ "အဘယ်သို့သော အကြောင်းဖြင့်၊ နောက်အခါ၌၊ တဖန် ဘဝအသစ်၏ ဖြစ်ခြင်းသည်၊ မဖြစ်သနည်း" ဟူ၍၊ မေးလျှောက်လေ၏။

(အဖြေစကား) (၂) ငါ့ရှင် ကောဋ္ဌိက၊"စင်စစ် ဟုတ်မှန်သော အကြောင်းမှုကား၊ အဝိဇ္ဇာ, ဟူသော အကြောင်း၏ ကင်းခြင်း, ကြောင့်,အရဟတ္တမဂ် ဟူသော ဝိဇ္ဇာ, ၏ ဖြစ်ခြင်းကြောင့် တဏှာ, ၏ ချုပ်ခြင်းသည်ဖြစ်၏၊ ဤသို့ဖြစ်ခြင်းကြောင့် နောက်အခါ၌၊ တဖန်ဘဝအသစ်၏ဖြစ်ခြင်းသည်၊ မဖြစ်"။ ။ဟူ၍၊ ဖြေကြားတော်မူ၏။

---

## မူလပဏ္ဏာသပါဠိတော်၊ ၅-စူဠ ယမက ဝဂ်၊ ၃-မဟာဝေဒလ္လသုတ်၌ ဆို၏။

ထိုမှတပါး၊ (၂) နန္ဒီရာဂသဟဂတာ, ပုဒ်၊ (၃) တတြတတြာဘိနန္ဒိနီ, ပုဒ်တို့၏ အဓိပ္ပါယ်အရ၊ တရားကိုယ်သည်လည်း၊ ဤ (လောဘ)ပင်ဖြစ်၍၊ ပုဒ်ရင်းအဆိုဖြင့်ပင်၊ သိသာထင်ရှားပြီးဖြစ်၍၊ ပုဒ်ခွဲခြင်း၊ ဝိဂြိုဟ်ပြုခြင်း, စသည်တို့ဖြင့်၊ အကျယ်—ချဲ့ဖွင့်ပြရန် မလို, ချုံးအပ်၏။

ထိုတဏှာသည် (အရာအား လျော်စွာ) သုံးပါး အပြားရှိ၏။ သုံးပါးဟူသည်၊ အဘယ်သည်တို့နည်းဟူမူကား။—

(၁) ကာမတဏှာ၊(၂)ဘဝတဏှာ၊(၃)ဝိဘဝ တဏှာ၊ ဟူ၍ သုံးပါးအပြားရှိ၏။ ။ထိုသုံးပါးတို့တွင်—

(၁) ကာမတဏှာ၊ ဟူသည်ကား။ ။ရူပါရုံအစရှိသောဝတ္ထု ကာမတို့ကို တပ်နှစ်သက်တတ်သော တဏှာတည်း။ ။ ထိုတဏှာသည်—

(၁) ※ ရူပတဏှာ၊ အဆင်းဟူသော ရူပါရုံ၌၊တပ်နှစ်သက် တတ်သော တဏှာ။

(၂) ※ သဒ္ဒတဏှာ၊အသံဟူသောသဒ္ဒါရုံ၌၊ တပ်နှစ်သက်တတ် သောတဏှာ။

(၃) ※ ဂန္ဓတဏှာ၊ အနံ့ဟူသောဂန္ဓာရုံ၌၊ တပ်နှစ်သက်တတ် သော တဏှာ။

(၄) ※ ရသတဏှာ၊အရသာ ဟူသောရသာရုံ၌၊ တပ်နှစ်သက် တတ်သောတဏှာ။

(၅) ※ ဖောဋ္ဌဗ္ဗတဏှာ၊ အတွေ့အထိ,ဟူသော ဖောဋ္ဌဗ္ဗာရုံ၌ တပ်နှစ်သက်တတ်သော တဏှာ။

(၆) ※ ဓမ္မတဏှာ၊ အာရုံငါးပါးကို၊ ချန်လှပ်၍၊ ကြွင်းသမျှ သောအာရုံ၌၊ တပ်နှစ်သက်တတ်သောတဏှာ။

(၂) ဘဝ တဏှာ၊ဟူသည်ကား။ ။သဿတဒိဋ္ဌိ,အယူနှင့် တကွ ဖြစ်သောတဏှာတည်း။ ။ထိုသဿတဒိဋ္ဌိ,အယူရှေ့သွားရှိသောတဏှာ ၏ အစွမ်းဖြင့်၊ ခန္ဓာငါးပါးတို့သည်၊ မပျက်စီးနိုင်၊ မပြိုကွဲနိုင်၊ အမြဲ ခိုင်ခံ့တည်တံ့၏ဟု၊ စွဲလမ်းကြကုန်၏။ ဤဘဝ၌၊ မိမိကိုယ်တိုင်၊ ရရှိပြီး သော, ခန္ဓာငါးပါးသည်ပင်၊ စုတိပြတ်ကြွေ၊ သေလွန် ပြီးမြောက်၊ နောက်ဘဝ၌၊ အသစ်တဖန်၊ ပြန်လည်ရရှိ၏ဟု၊ အယူရှိကြ၍၊ ထိုခန္ဓာ အိမ်၏၊ ကြိမ်ဖန်မလပ်၊ ထပ်ခါထပ်ခါ, ဖြစ်ပေါ်လာမှု၌၊ ဂရုစိုက်ကြ ကုန်၏။(အမိပ္ပါယ်ကျယ်ဝန်း၏။)

(၃) ဝိဘဝတဏှာ၊ဟူသည်ကား။ ။ဥစ္ဆေဒဒိဋ္ဌိအယူနှင့်တကွဖြစ်သော, တဏှာတည်း။ ။ထိုဥစ္ဆေဒ ဒိဋ္ဌိ အယူရှေ့သွား ရှိသော တဏှာ၏အစွမ်းဖြင့်၊ ခန္ဓာငါးပါးတို့သည်၊ သေလျှင်ပြတ်တောက်၏။ နောက်၌ ဖြစ်ပေါ်မှုမရှိ၊စသည်တို့တည်း။ (အဓိပ္ပါယ်ကျယ်ဝန်း၏။)

ထို့ကြောင့်၊ ထိုတဏှာ ခေါ်သော လောဘ၏ အပြစ်ကိုရှု၍ ထို တဏှာတရားမှ၊ လွတ်မြောက်ရန်၊ ကျင့်ကြံအားထုတ်ဘို့ အရေး၊ အားပေး တိုက်တွန်းတော်မူသော မြတ်စွာဘုရားရှင်သည်၊ ဤသို့ ဟောကြားတော်မူ၏။

(၁) တဏှာ ဒုတိယော ပုရိသော၊
ဒီဃမဒ္ဓါနသံသရံ။
ဣတ္ထဘာဝ–ညထာဘာဝံ၊
သံသာရံ နာတိဝတ္တတိ။ ။

## သုတ္တနိပါတ်ပါဠိတော်၊ဒွယာနုပဿနာသုတ်

(၁) တဏှာဒုတိယော၊ ဝတ္ထုအာရုံ၊ ကာမဂုဏ်၌၊ ခုံမင်မက်မော၊ လောဘ, ဇောလျှင်၊ အဖော်သဟဲရှိသော။ ပုရိသော၊ လူ-နတ်ဗြဟ္မာ၊ များစွာသော သတ္တဝါသည်။ ဒီဃံ၊ အစမထင်၊ ဘဝ လျဉ်၌၊ ဖြစ်အင်ရှည်လျား၊ များပြားစွာသော။ အဒ္ဓါနံ၊တွက်ရေမဆုံး၊သဲလုံး ပမာဏ၊ ကာလပတ်လုံး။ သံသရံ၊ (သံသရန္တော) ထို- ဤ- မနား၊ ပြေးသွား ကျင်လည် ရသည်ဖြစ်၍။ ဣတ္ထဘာဝ-ညထာဘာဝံ၊ဤဘဝမှသည်၊ အတည်မကျ၊ တပါးသောဘဝအဖြစ်ရှိသော။သံသာရံ၊ခန္ဓာ,ဝန် ဘော၊ ကြမ်ဖန်မျောသည့်၊ အပြောကျယ်စွာ၊ သံသရာကို။ နာတိဝတ္တတိ၊တဏှာ-တွဲဖက်၊ အခွဲ-ခက်၍၊ လွှဲထွက်- လွန်မြောက် ခြင်းငှါ-မစွမ်းနိုင်ချေ။

(၂) "ဧတ မာဒီနဝံ ဉ တွာ၊
တဏှာ-ဒုက္ခဿ သမ္ဘဝံ။
ဝီတ-တဏှော,အနာဒါနော၊
သတော,ဘိက္ခု ပရိဗ္ဗဇေ"။ ။

(၂) တဏှာ၊ တွယ်တာ မက်မော၊လောဘ,ဇောသည်။ဒုက္ခသ၊ ရုပ်–နာမ်, နှစ်ဖြာ၊ ခန္ဓာငါးခု၊ ဆင်းရဲအစု၏။ သမုဒယ၊ အသစ် လောင်း၍၊ ဖြစ်ကြောင်းစင်စစ်ပေတည်း။ ပါဠိတော်၌သို့ပိုင်းခြား၊ တရား တော်အတိုင်း။ ဧတံ အာဒီနဝံ၊ သံသရာ၌၊ ခန္ဓာအိမ်၏၊ကြိမ်ဖန်မလပ်၊ ထပ်ခါ, ထပ်ခါ, ဖြစ်ရခြင်း, ဟူသော ထိုအပြစ်ကို။ ဥတ္တာ၊ ဘုံ၏ ဝလေ့၊ ကြုံတွေ့ဖြစ်ပုံ၊ အလုံးစုံကို၊ အကုန်သိမြင်၍။ ဝီတ–တဏှာ၊ တွယ်တာ, မက်မော၊ လောဘ, ဇောမှ၊ ကင်းကြသည်ဖြစ်၍။ အနာ ဒါနော၊ ငါ့ကိုယ်, ငါ့ဟာ၊ ငါ-ငါ-သူ-သူ၊ မှတ်ယူစွဲလမ်းခြင်းမှကင်း သည်ဖြစ်၍။ သတော၊သတိနှင့်ယှဉ်၍၊ ဆင်ခြင် အောက်မေ့ခြင်း ရှိ သော။ ဘိက္ခူ၊ သံသရာ၌၊ ခန္ဓာဝန် ကို၊ လွန်စွာ ကြောက်ခြောင်း၊ သူတော်ကောင်း အပေါင်းသည်။ပရိဗ္ဗဇေ၊ သမ္မပ္ပဓာန်၊ကြောင်းရင်း မှန်သည်၊ လေးတန် စက်မျိုး၊ အားကုန်နှိုး၍၊ကြိုးကြိုးပမ်းပမ်းကျင့်ကြ ရာ၏။

ဤတွင်ရွေ့ကား၊
မကျဉ်း,မကျယ်၊သိလွယ်တန်ရုံ၊
ဖွင့်ဆိုအပ်သော
သမုဒယသစ္စာပြဆိုခဏ်းပြီး၏။

---

## (၁၃) (၃) နိရောဓသစ္စာပြခဏ်း

(နိဗ္ဗာန်၏ အခြင်း အရာ ၅-မျိုး)

(၁၃) (၃) ဤယခုအခါ၌ (၃) နိရောဓသစ္စာ၏ သရုပ်ကို၊ ထုတ်ဖော်ပိုင်းခြား ဟောကြားပြသခြင်းအကျိုး ငှါ၊ အောက်၌ပါသောဒေသနာအစဉ်ကို၊(သင်္ဂါ ယနာ)တင်တော်မူကြကုန်၏။

(၁၃) (၃) (က) ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခ–နိရောဓံ +
(ခ) အရိယသစ္စံ + (လ)
(ဂ) အနာလယော + ဟူ၏။

## ပါဠိဘာသာမှ၊မြန်မာဘာသာပြန်ဆိုခန်း

(၁၃) (၃) အို"ပဥ္စဝဂ္ဂီ"ရဟန်းတို့။

(၁) ※ ယောတဿာယေဝ တဏှာယ အသေသ ဝိရာဂနိရော ဓော။ ။ဟူသော ပါဠိ အရဖြင့်။ ။ထိုကာမတဏှာ,စသည်ဖြင့်၊ ဝေဘန်အပ်သော လောဘ၏ သာလျှင်၊ အကြွင်းအကြွင်းမဲ့, တပ်ခြင်းကင်းရာ၊ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်၊ထင်ရှားရှိ၏။

(၂) ※ စာဂေါ။ ။ဟူသော ပါဠိအရဖြင့်။

(၂) ထိုကာမ တဏှာ စသည်ဖြင့်၊ ဝေဘန် အပ်သော လောဘ၏သာလျှင်၊ အကြွင်စွန့်ရာဖြစ်သော နိဗ္ဗာန်သည်၊ထင်ရှားရှိ၏။

(၃) ※ ပဋိနိဿဂ္ဂေါ။ ။ဟူသော ပါဠိအရဖြင့်။

(၃) ထိုကာမ တဏှာ စသည်ဖြင့်၊ ဝေဘန် အပ်သော လောဘ၏သာလျှင်၊ အကြွင် ဝေးစွာ စွန့်ရာဖြစ်သော နိဗ္ဗာန်သည်၊ ထင်ရှားရှိ၏။

(၄) ※ မုတ္တိ။ ။ဟူသောပါဠိအရဖြင့်။

(၄) ထိုကာမတဏှာစသည်ဖြင့်၊ဝေဘန်အပ်သော လောဘ၏သာလျှင်၊ အကြွင်လွတ်ရာဖြစ်သောနိဗ္ဗာန်သည်၊ထင်ရှားရှိ၏။

(၅) ※ အနာလယော။ ။ဟူသောပါဠိအရဖြင့်။

(၅) ထိုကာမ တဏှာ စသည်ဖြင့်၊ ဝေဘန် အပ်သော လောဘ၏သာလျှင်၊ အကြွင်ကပ်ငြိခြင်း, ကင်းရာ ဖြစ်သောနိဗ္ဗာန်သည်၊ ထင်ရှားရှိ၏။

ထိုငါးပါးသော ဂုဏ်ပုဒ်တို့ဖြင့်၊ ပူဇော်ဆောင် ညွှန်ပြအပ်သော နိဗ္ဗာန်ဟူသော တရားသဘောသည်။ (ခန္ဓာငါးပါးဟူသောဒုက္ခ) ၏ချုပ်ရာဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည်၊ မှန်ကန်သည်ဟု၊ သိအပ်သောနိရောဓသစ္စာမည်၏။

## (၃) နိရောဓသစ္စာ၏၊ အမှန်လေးချက်၊ အနက်လေးပါးပြဆိုခဏ်း

[ ※ နိရောဓဿ နိဿရဏဋ္ဌော,ဝိဝေကဋ္ဌော အသင်္ခတဋ္ဌော, အမတဋ္ဌော၊သစ္ဆိကိရိယဋ္ဌော]

[ ※ နိရောဓဿ၊ ဒုက္ခခပ်သိမ်း၊ ကင်းငြိမ်းရာမှန်၊ နိဗ္ဗာန်-ဟူသောတရား၏။

(၁) ※ နိဿရဏဋ္ဌော၊ခန္ဓာငါးပါး၊ ဖြစ်ပွါးတည်ရာ၊ သံသရာဝဋ်၊ ဘဝညွတ်မှ၊ ကျွတ်လွတ်, ထွက်မြောက်ခြင်း သဘောသည်ရင်း။

(၂) ※ ဝိဝေကဋ္ဌော၊ ကိလေသာစု၊ နှိပ်စက်မှုကို၊ အပြုမခံ၊ ငြင်းဆန် ကင်းသိတ်ခြင်းသဘောသည်ရင်း—

(၃) ※ အမတဋ္ဌော၊ကိလေသာစု၊နှိပ်စက်မှုကြောင့်၊ နောက်ကျုမထင်၊ကြည်လင်သန့်ရှင်း၊ပျက်ဆုံးခြင်း မရှိသော သဘောသည်ရင်း—

(၄) ※ အသင်္ခတဋ္ဌော၊ကိလေသာစု၊ငြိမ်းပြီးမှုကြောင့်၊ပြုရန်, ပြင်ရန်၊တဖန်အသစ်၊မဖြစ်ပေါ်လာခြင်းသဘောသည်ရင်း။ ။သစ္ဆိကိရိယဋ္ဌော၊မျက်မှောက်ပြုခြင်း အနက်မည်၏။

## အကျဉ်းချုပ်အဓိပ္ပါယ်ကား

(၃) ※ အကြင် တရားသဘောသည်၊ ဤပြဆိုအပ်ခဲ့ပြီးသော အနက်လေးပါးနှင့် ပြည့်စုံ၏။ ထိုတရားသဘောသည်၊ (နိရောဓသစ္စာ) ဒုက္ခခပ်သိမ်း၊ ကင်းငြိမ်းရာ ဇကန်၊ စင်စစ်မှန်၏။ ။ ထို့ကြောင့်၊တေဘူမက-ဟူသော သင်္ခတဝဋ်တွင်းမှ၊လွတ်ကင်းရာ ဖြစ်သော အသင်္ခတ, ဟူသော ဤနိဗ္ဗာန်တရားသည်၊ ဤပြဆိုအပ်ခဲ့ပြီးသော အမှန်လေးချက်၊ အနက်လေးပါးနှင့် ပြည့်စုံသည် ဖြစ်ရကား။ (နိရောဓသစ္စာ)ဒုက္ခခပ်သိမ်း၊ ကင်းငြိမ်းရာဇကန်၊ စင်စစ်မှန်၏။

နိဗ္ဗာနံ မဂ္ဂဖလာနမာလမ္ဗဏဘူတော အသင်္ခတဓမ္မော။ ။ဟူသည်နှင့်အညီ၊ ပရမ, သုခုမ, သန္တိသုခ,သဘောရှိ၍၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏သာ အာရုံပြုရာဖြစ်သော နိဗ္ဗာန်ကို၊ အာသဝ-ဟူ၊ မြူမှုန်ပြွမ်းသည့်၊ ပုထုဇဉ်တို့၏ ဉာဏ်စွမ်းဖြင့်၊ ရော်ရမ်းမှန်းဆ၍၊ သိကြရလေ၏။ ။ထို့ကြောင့်။ ။ရှင်မဟာသီလဝံသ ဆရာသည်၊—

သေဌ်နင်းမြတ်စွာ၊တို့ဆရာကား၊ပညာ-စက္ခု၊အနုမာန၊မျက်ရမ်းဆ၍၊ နုလှသေးစွာ၊ သုမေဓာသည်၊ ပြည်သာနိဗ္ဗာန်၊ ရှိသင့်တန်ဟု၊ ကေန်တိတိ၊ ဉာဏ်မျက်စိဖြင့်၊ ပါဠိသရုပ်၊ ပါဌ်သားဒုပ်ကို၊ ဘွဲ့ထုတ်ကျမ်းလာ၊ မြင်ချေပါသို့”။ ။ဟူ၍ ပါရမီခန်းပျို့၌၊စပ်ဆိုရကား၊— ထိုနိဗ္ဗာန်၏ တည်နေပုံ အခြင်းအရာအကြောင်းကို၊ လျစ်လျူရှု၍၊ထိုနိဗ္ဗာန်နန်း၌၊ စံမြန်းခိုလှုံ၊ တည်နေရပုံ၌၊ သန္တိသုခ, အမတဓာတ်၊ မြတ်သောဂုဏ်နှင့် ပြည့်စုံသည်ကိုသာ၊ ပါဠိ- အနက်ဖြင့်၊ အမြွက်မျှပြပေအံ့။

(၁) သုသုခံ ဝတ,နိဗ္ဗာနံ၊
သမ္မာ သမ္ဗုဒ္ဓ ဒေသိတံ။
အသောကံ,ဝိရဇံ,ခေမံ၊
ယတ္ထ,ဒုက္ခံ,နိရုဇ္ဈတိ။ ။

## တိကနိပါတ်-ဗာကုလထေရဂါထာ

(၁) သမ္မာ သမ္ဗုဒ္ဓ-ဒေသိတံ၊ သုံးလူ့ထွတ်ထား၊ မြတ်စွာဘုရားသည်၊ ဟောကြားတော်မူအပ်သော။နိဗ္ဗာနံ၊အသင်္ခတ, ဓာတ်၊နိဗ္ဗာန်ဖြစ်သော တရားမြတ်သည်။ သုသုခံ-ဝတ၊ ဇာတိဒုက္ခ၊ စသည်မသန်း၊ ချမ်းသာစွာ့တကား။ ယတ္ထ၊ အကြင်အသင်္ခတ, ဓာတ်၊ နိဗ္ဗာန်ဖြစ်သော တရားမြတ်၌။ အသောကံ၊ ပူပင်တောင့်တ၊ ကြောင့်ကြ စိုးရိမ်ခြင်းမရှိချေ။ ခေမံ၊ ဒုက္ခာပ်သိမ်း၊ လွတ်ငြိမ်းဝေးကွာ၊ ချမ်းသာစွာ၏။ ဒုက္ခံ၊ ဇာတိဒုက္ခ၊ စသည်ထောင်သောင်း၊ ဆင်းရဲအပေါင်းသည်။ နိရုဇ္ဈတိ၊ ကင်းစင်ချုပ်ငြိမ်းလေ၏။

(၂) ယဉ္စ ကာမသုခံ လောကေ၊
ယဉ္စိဒံ,ဒိဗိယံ,သုခံ။
တဏှာ က္ခယ သုခဿေ,တေ၊
ကလံ,နာဂ္ဃန္တိ သောဠသိံ။

**ဥဒါန်းမုစလိန္ဒ-ဝဂ်-၃**

(၂) လောကေ၊ လောကသုံးခွင်၊ ဘုံသုံးပြင်၌။ ယဉ္စ ကာမသုခံ၊ အကြင်လူ့ဘုံ, နတ်ဘုံ၌ရှိသော ခံစားအပ်သော "ဝေဒယိတ" သုခသည်၎င်း။ ယဉ္စိဒံ(ယဉ္စ+ ဣဒံ)ဒိဗိယံ သုခံ၊ အကြင်ဗြဟ္မာ့ဘုံ၌ ရှိသော ခံစားအပ်သော "ဝေဒယိတ"သုခသည်၎င်း။ အတ္ထိ၊ထင်ရှား ပကတိ၊ ရှိလေ၏။ ဧတေ၊ ထိုလူ,နတ်, ဗြဟ္မာ၊ သုံးဖြာဘဝ၊ သုံးလောက၌ရှိသော ခံစားအပ်သော "ဝေဒယိတ"သုခမျိုးတို့သည်။ တဏှာက္ခယသုခဿ၊ တဏှာ, ကုန်ခန်း၊ နိဗ္ဗာန်နန်း၌၊ ငြိမ်းချမ်းခြင်း ဟူသော "သန္တိ"သုခ၏။ သောဠသိံ ၊နှစ်ရာ ငါးဆဲ့ခြောက်စိတ်၊ ခွဲဝေစိတ်၍။ ကလံ၊ တစိတ်မျှသော ချမ်းသာကို။ နအဂ္ဃန္တိ၊ ဝင့်နွှယ်-ဝင့်မျိုး၊ တရားဆိုးတို့၊အဘိုးမထိုက်တန်လေကုန်။

(၃) ယဒါစ အတ္တနာဝေဒိ၊
မုနိ မောနေန ဗြာဟ္မဏော။
အထ ရူပါ,အရူပါစ၊
သုခ ဒုက္ခာ ပမုစ္စတိ။ ။

**ဥဒါန်း ဗောဓိ-ဝဂ်-၁**

(၃) ယဒါစ၊ အမှတ်မထင်၊ အကြင်အခါ၌။ ဗြာဟ္မဏော၊ အပါယ်လားကြောင်း၊ မကောင်းမှုမှ၊ အပပြုအပ်ပြီးသော။ မုနိ၊ အာသဝေါ,ကုန်ခန်း၊ ရဟန္တာပုဂ္ဂိုလ်သည်။ မောနေန၊ မိမိရအပ်ပြီးသော အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့်။ အတ္တနာ၊ မိမိကိုယ်တိုင်။ ဝေဒိ၊ နိဗ္ဗာန်နန်း၌၊ စံမြန်းဒိုလှုံ၊ ချမ်းသာပုံကို၊ အကုန်သိမြင်ရလေ၏။အထ၊ ထိုသို့ မိမိဉာဏ်ဖြင့်၊ သိမြင်ရပြီးသောအခါ၌။ ရူပါစ၊ ရူပဘုံ၌၊ ပဋိသန္ဓေ၊ စွဲတည်နေခြင်းမှ၎င်း။ အရူပါစ၊ အရူပဘုံ၌၊ ပဋိသန္ဓေ၊စွဲတည်

နေခြင်းမှဒင်း။ သုခ ဒုက္ခာစ၊ ကာမတုံ၌၊ ပဋိသန္ဓေ၊ စွဲတည်နေခြင်းမှ ဒင်း။ ပမုစ္စတိ၊ သံသရာဝဋ်ဒုက္ခ၊ ဘေးမှ။ အသစ်မပေါက်ဘဲ၊ လွတ်မြောက် ကြရလေ၏။

ထင်ရှားစေဦးအံ့။ ။မြတ်စွာဘုရားသခင်၊ သက်တော်ထင်ရှား ရှိစဉ်အခါ၊ တနေ့သ၌ အရှင်သာရိပုတ္တရာ ထေရ်မြတ်သည်၊ မာဂဓ- တိုင်းနယ်အဝင်ဖြစ်သော (နာလက) ရွာ၌၊ သီတင်းသုံးနေတော်မူ၏။ ထိုအခါ၌၊ (ဇမ္ဗုခါဒက) အမည်ရှိသော ပရိဗိုဇ်သည်၊ အရှင်သာရိ ပုတ္တရာ ထေရ်မြတ်ထံသို့ ချဉ်းကပ်၍၊ဝမ်းမြောက်, ဝမ်းသာ၊ နှစ်သက် ဖွယ်ရာဖြစ်သော စကားတို့ကို၊ပြောဆို၍နေ၏။ ။ထိုသို့နေပြီးနောက်၊ (ဇမ္ဗုခါဒက) ပရိဗိုဇ်သည်၊ အရှင်သာရိပုတ္တရာ ထေရ်မြတ်အား၊ အောက်၌ပါသော စကားဖြင့်၊လျှောက်ကြားမေးမြန်းလေ၏။

## (၁) နိဗ္ဗာနံ,နိဗ္ဗာနန္တိ အာဝုသော သာရိပုတ္တ,ဝုစ္စတိ။ ကတမံ နုခေါ အာဝုသော နိဗ္ဗာနန္တိ။

(၁) -အာဝုသောသာရိပုတ္တ၊ အရှင်သာရိပုတ္တရာ။ နိဗ္ဗာနံ, နိဗ္ဗာ နန္တိ၊ နိဗ္ဗာန်,နိဗ္ဗာန်, ဟူ၍၊ ဝုစ္စတိ၊ လူ- နတ်- ဗြဟ္မာ၊ သတ္တဝါများ၊ ဟောကြား,ပြောဆိုအပ်၏။ အာဝုသော၊ အရှင် သာရိပုတ္တရာ။ ကတ မံနုခေါ၊ အဘယ်မည်သော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်,မည်သနည်း။ ဣတိ၊ ဤသို့အားဖြင့်။ အဝေါစ၊ မေးလျှောက်လေ၏။

## အကျဉ်းချုပ်-အဓိပ္ပါယ်ကား၊

(၁) အရှင်ဘုရား၊"သာရိပုတ္တရာ"။ ဤလောက၌၊ လူ-နတ်– ဗြဟ္မာ၊ သတ္တဝါတို့သည် "နိဗ္ဗာန်" "နိဗ္ဗာန်" ဟူသော တရားစကား ကို၊ အများအားဖြင့်၊ ဟောကြားပြောဆို၍ နေကြကုန်၏။

ထို"နိဗ္ဗာန်"ဟူသော တရားသည်ကား။ အဘယ်သို့သော အခြင်း အရာမျိုးပေနည်း,ဟု၊ မေးလျှောက်၏။

ထိုအခါ၊ အရှင်သာရိပုတ္တရာ ထေရ်မြတ်သည်၊ အောက်၌ ဖော်ပြ အပ်သော စကားဖြင့်၊ ဟောကြားဖြေဆိုတော်မူ၏။

(၂) ယော ခေါ အာဝုသော ရာဂက္ခယော, ဒေါ–
သက္ခယော, မောဟက္ခယော၊ ဣဒံ ဝုစ္စတိ
နိဗ္ဗာနန္တိ။

(၂) အာဝုသော၊ သိလိုရေးဖြင့်၊ မေးလျှောက်လာသော (ဇမ္ဗု ခါဒက) ပရိဗိုဇ်။(၁) ယော ခေါ ရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ရာ,ကုန်ကြောင်းသည်ငှင်း။ (၂)ယောခေါ ဒေါသ က္ခယော၊ အကြင် ဒေါသ,၏ ကုန်ရာ ကုန်ကြောင်းသည်ငှင်း။(၃)ယောခေါ မောဟက္ခ- ယော၊ အကြင်မောဟ၏ကုန်ရာ,ကုန်ကြောင်း သည်ငှင်း။အတ္တိ၊ ရှိ၏။ ဣဒံ၊ ဤရာဂ, ဒေါသ, မောဟ, တရား သုံးပါးတို့၏ ကုန်ရာ– ကုန်ကြောင်းဖြစ်သော သဘောတရားကို။ နိဗ္ဗာနန္တိ၊နိဗ္ဗာန်,ဟူ၍။ ဝုစ္စတိ၊ ဟောကြားဖြေဆိုအပ်၏။

## အကျဉ်းချုပ်အဓိပ္ပါယ်ကား

(၂) ငါ့ရှင်(ဇမ္ဗုခါဒက)ပရိဗိုဇ်။

(၁) အကြင်ရာဂ၏ ကုန်ရာ,ကုန်ကြောင်းသဘောသည်ငှင်း။

(၂) အကြင်ဒေါသ၏ ကုန်ရာ,ကုန်ကြောင်းသဘောသည်ငှင်း။

(၃) အကြင်မောဟ၏ ကုန်ရာ,ကုန်ကြောင်းသဘောသည်ငှင်း။ စင်စစ်ကေန်၊ရှိသည်မှန်၏။ထိုရာဂ,ဒေါသ, မောဟ, တရားတို့၏ ကုန်ရာ,ကုန်ကြောင်းဖြစ်သော သဘောကို၊ နိဗ္ဗာန်မည်၏ဟု၊ ဖြေဆိုဟောကြားတော်မူ၏။

## သဠာယတနဝဂ္ဂ၊ဇမ္ဗုခါဒက သံယုတ်၊ဇမ္ဗုခါဒကဝဂ်

ထိုမှတပါးလည်း။ ။အရှင်သာရိပုတ္တရာထေရ်မြတ်သည်၊ဝဇ္ဇီတိုင်း (ဥက္ကစေလ)အမည်ရှိသော ဂင်္ဂါမြစ်၏ ကမ်းနားး၌၊ သီတင်းသုံးနေတော်မူစဉ်၊(သာမဏ္ဍက )အမည်ရှိသော ပရိဗိုဇ်သည်လည်း၊(ဇမ္ဗုခါ- ဒက )ပရိဗိုဇ်မေးလျှောက်သကဲ့သို့ပင်၊မေးလျှောက်ပြန်ရာ။ ရှေးနည်း အတူပင်၊ဟောတော်မူ၏။

## သဠာယတနဝဂ္ဂ၊ သာမဏ္ဍကသံယုတ်၊ သာမဏ္ဍကဝဂ်

ထိုမှတပါးလည်း။ **သဠာယတနပစ္စယာ၊ အသင်္ခတသံယုတ်၊ ပဌမဝဂ်** ၌လည်း။ နိဗ္ဗာန်တရားကို၊ အသင်္ခတ,အစရှိသော အမည် အမျိုးမျိုးပေး၍၊ အောက်၌ပါသော ဒေသနာ အစဉ်ကိုဟောတော် မူ၏။

(၃) ကတမဉ္စ ဘိက္ခဝေ အသင်္ခတံ။ယော ဘိက္ခဝေ, ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခ-ယော,၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတံ။

## မြန်မာဘာသာပြန်ဆို၍၊အကျဉ်းချုပ်ပြပေအံ့

(၃) အို·····ငါ၏ ချစ်သားတို့။

အသင်္ခတ, မည်သောတရားမျိုးသည်၊အဘယ်တရားမျိုးပေနည်း။

အို·····ငါ၏ချစ်သားတို့။

(၁) အကြင်ရာဂ၏ ကုန်ရာ, ကုန်ကြောင်း သဘောသည်ရှင်း။
(၂) အကြင်ဒေါသ၏ ကုန်ရာ, ကုန်ကြောင်း သဘောသည်ရှင်း။
(၃) အကြင်မောဟ၏ ကုန်ရာ,ကုန်ကြောင်း သဘောသည်ရှင်း။
စင်စစ်ဧကန်၊ရှိသည်မှန်၏။

အို·····ငါ၏ချစ်သားတို့။

ဤရာဂ, ဒေါသ,မောဟ,တရား သုံးပါးတို့၏ ကုန်ရာ,ကုန်ကြောင်း ဖြစ်သော သဘောကို၊ (အသင်္ခတ)မည်၏ဟု၊ ဖြေဆိုဟောကြားတော် မူ၏။

ဤတွင်ရွေကား၊
မကျဉ်း,မကျယ်၊သိလွယ်တန်ရုံ၊
ဖွင့်ဆိုအပ်သော
နိရောဓ သစ္စာ ပြဆိုခဏ်းပြီး၏။

## (၁၃) (၄) မဂ္ဂသစ္စာ ပြခဏ်း

(မဂ္ဂင်တရား ၈-ပါး)

ဤယခုအခါ၌၊ (၄) မဂ္ဂသစ္စာ၏ သရုပ်ကို၊ထုတ်ဖော် ပိုင်းခြား ဟောကြားပြသခြင်း အကျိုးငှါ၊ အောက်၌ပါသောဒေသနာအစဉ်ကို၊ (သင်္ဂါယနာ)တင်တော်မူကြကုန်၏။

(၁၃) (၄) (က) ဣဒံ ခေါ ပန ဘိက္ခဝေ+ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ+

(ခ) အရိယသစ္စံ+....(လ)

(ဂ) သမ္မာ သမာဓိ၊+ဟူ၏။

### ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုခဏ်း

(၅) အို....“ပဥ္စဝဂ္ဂီ”ရဟန်းတို့။

မြတ်သော ဤမဂ်သည်လျှင်၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။ ဤမဂ္ဂင်သည်၊ အဘယ်သည်နည်းဟူမူကား။

(၁) ※ သမ္မာ ဒိဋ္ဌိ၊ ကောင်းစွာ သိမြင်ခြင်း။
(၂) ※ သမ္မာ သင်္ကပ္ပ၊ ကောင်းစွာ ကြံစည်ခြင်း။
(၃) ※ သမ္မာ ဝါစာ၊ ကောင်းစွာ ပြောဆိုခြင်း။
(၄) ※ သမ္မာ ကမ္မန္တ၊ ကောင်းစွာ ပြုခြင်း။
(၅) ※ သမ္မာ အာဇီဝ၊ ကောင်းစွာ အသက်မွေးခြင်း။
(၆) ※ သမ္မာ ဝါယာမ၊ ကောင်းစွာ အားထုတ်ခြင်း။
(၇) ※ သမ္မာ သတိ၊ ကောင်းစွာ အောက်မေ့ခြင်း။
(၈) ※ သမ္မာ သမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း။

ဤမဂ္ဂင်ရှစ်ပါး၊ တရားအကျင့်သည်၊ ဒုက္ခ၏ချုပ်ငြိမ်းရာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း, အကျင့်ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည်၊ မှန်ကန်သည်ဟု၊ သိအပ်သော မဂ္ဂသစ္စာမည်၏။

ဤမဂ္ဂသစ္စာ၌။

(၁) သမ္မာဒိဋ္ဌိမဂ္ဂင်, ဟူသည်၊ လောကုတ္တရာ စိတ်-၈- ခု၌ရှိသော ပညိန္ဒြေ, စေတသိက်ပင်တည်း။

(၂) သမ္မာသင်္ကပ္ပမဂ္ဂင်, ဟူသည်၊ လောကုတ္တရာစိတ်-၈- ခု၌ ရှိသော ဝိတက်,စေတသိက်ပင်တည်း။

(၃) သမ္မာဝါစာ, (၄)သမ္မာကမ္မန္တ,(၅) သမ္မာအာဇီဝ,မဂ္ဂင် ဟူသည်။ လောကုတ္တရာစိတ်-၈- ခု၌ရှိသောဝိရတိ, စေတသိက်-၃-ပါးပင်တည်း။

(၆) သမ္မာဝါယာမ မဂ္ဂင်, ဟူသည်၊ လောကုတ္တရာစိတ်-၈- ခု၌ ရှိသော ဝီရိယ,စေတသိက်ပင်တည်း။

(၇) သမ္မာသတိမဂ္ဂင်, ဟူသည်၊လောကုတ္တရာစိတ်-၈-ခု၌ရှိသော သတိ,စေတသိက်ပင်တည်း။

(၈) သမ္မာသမာဓိမဂ္ဂင်, ဟူသည်၊ လောကုတ္တရာစိတ်- ၈-ခု၌ ရှိသော ဧကဂ္ဂတာ, စေတသိက်ပင်တည်း။

ဤပြဆိုအပ်ခဲ့ပြီးသော စေတသိက်-၈-ပါးတို့သည်၊ မိမိတို့ ဆိုင်ရာ—ဆိုင်ရာ, စိတ်တို့၌၊ အသီးအသီး, ဖြစ်နေခိုက်ကို၊ (မဂ္ဂင်)မင်္ဂ၏ အင်္ဂါ၊ မဂ်ဖြစ်ခြင်း၏ အကြောင်း, မဂ္ဂင်, ဟူ၍သာဆိုရာ၏။(မဂ်) ဟူ၍ မဆိုရာချေ။ ။ဝိပဿနာအလုပ်, အားထုတ် နေဆဲ ဖြစ်သော ယောဂီ ပုဂ္ဂိုလ်၏ သန္တာန်၌၊ (ဂေါတြဘူ)စိတ်၏နောက်၌၊ ဖြစ်ပေါ်လာသော လောကုတ္တရာစိတ်နှင့်အတူတကွဖြစ်ပေါ်လာကြသော (၃၆)ပါးသော စေတသိက်တို့တွင်၊ ဤစေတသိက် –၈- ပါးတို့သည်၊ တပေါင်းတည်း, တစုတဝေးတည်း,မိမိတို့၏ ကိစ္စလက္ခဏာကို ဆောင်၍ ပေါ်လာ၏။ထို အခါ၌သာ၊ဤစေတသိက်-၈-ပါးကို၊ (မဂ်)ဟူသော အမည်ကို ပေးကြကုန်၏။ ။မဂ်လေးမျိုးတို့တွင်မှလည်း၊ နိဗ္ဗာန်ကို ရှေးဦးစွာ ရောက်တတ်သောသတ္တိ, အစရှိသောအားဖြင့်၊ သောတာပတ္တိ, မဂ် အစရှိသော အမည်ကို ပေးကြကုန်၏။ ။လောကုတ္တရာစိတ်နှင့်၊ ကျန်စေတသိက်တို့ကို၊ မဂ်စိတ္တုပ္ပါဒ်, ဟူ၍အမည်ပေးကြကုန်၏။ နောက်၌၊ ထင်ရှားစွာ ဖွင့်ပြလတ္တံ့။

## (၄) မဂ္ဂသစ္စာ၏၊အမှန်လေးချက်-အနက်လေးပါး ပြဆိုခဏ်း

[ ※ မဂ္ဂဿ နိယျာနဋ္ဌော, ဟေတုဋ္ဌော, ဒဿနဋ္ဌော, အဓိပတေယျဋ္ဌော, ဘာဝနဋ္ဌော။]

※ မဂ္ဂဿ၊သမ္မာဒိဋ္ဌိ, အစရှိသော လောကုတ္တရာ မဂ္ဂင် ရှစ်ပါးဟူသောမဂ္ဂသစ္စာ၏။

(၁) ※ နိယျာနဋ္ဌော၊ ခန္ဓာငါးပါး၊ ဖြစ်ပွါးတည်ရာ၊ သံသရာ ဝဋ်၊ဘဝညွတ်မှ၊ လွတ်မြောက်နိုင်ကြောင်း၊ ကောင်း စွာထုတ်ဆောင်ခြင်းဟူသော သဘောသည်ဒုင်း။

(၂) ※ ဟေတုဋ္ဌော၊ အရိယဓမ္မ၊ မြတ်လှကျေးဇူး၊ ဂုဏ်အထူး တို့၊ ကွန့်မြူးခိုင်ဖြိုး၊ လွန်ပွါးစီး၍၊ ကြီးကျယ် စည်ကား၊ ပွါးရာ ပွါးကြောင်း, မူလဟူသောသဘောသည်ဒုင်း။

(၃) ※ ဒဿနဋ္ဌော၊ သစ္စာလေးချက်၊ တရားနက်၌၊ကွယ်ဝှက် မထင်၊ ဉာဏ်သက်ဝင်၍၊ ဆင်ခြင်လေတိုင်း၊ ပိုင်းခြား တိတိ၊သိမြင်ခြင်းဟူသောသဘောသည်ဒုင်း။

(၄) ※ အဓိပတေယျဋ္ဌော၊ တဏှာ- သုံးမျိုး၊ အုပ်စိုးစီမံ၊ သူ မခံဘဲ၊ ကံ-၏လက်တွင်း၊ လွတ်မြောက် ကင်း၍၊ သန့် ရှင်းလွှမ်းမိုး၊ အစိုးရခြင်းဟူသောသဘောသည်ဒုင်း။ ဘာဝနဋ္ဌော၊ ပွါးခြင်းအနက်မည်၏။

### အကျဉ်းချုပ်အဓိပ္ပါယ်ကား

(၄) အကြင်တရားသဘောသည်၊ ဤပြဆို အပ်ခဲ့ပြီးသောအနက် လေးပါးနှင့်ပြည့်စုံ၏။ ထိုတရားသဘောသည်၊ (မဂ္ဂသစ္စာ) ဒုက္ခ ခပ် သိမ်း၊ ကင်းငြိမ်းချုပ်ရာ၊ နိဗ္ဗူတာသို့၊ မှန်စွာဆတ်ဆတ်၊ ရောက်စေ တတ်, ရစေတတ်သော, တရားကေန်၊ စင်စစ်မှန်၏။ ထို့ကြောင့်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ,အစရှိသော, လောကုတ္တရာ စိတ်၌ ယှဉ်သော မဂ္ဂင်ရှစ်ပါးတရားသည်၊ ဤပြဆိုအပ်ခဲ့ပြီးသော အမှန်လေးချက်၊အ အနက်လေးပါးနှင့် ပြည့်စုံသည်ဖြစ်ရကား၊(မဂ္ဂသစ္စာ)ဒုက္ခခပ်သိမ်း၊

ကင်းငြိမ်းချုပ်ရာ၊ နိဗ္ဗူတာသို့၊ မှန်စွာဆတ်ဆတ်၊ ရောက်စေတတ်, ရစေတတ်,သော တရားကေန်၊ စင်စစ်မှန်၍၊မဂ္ဂသစ္စာမည်၏။

---

## မဂ္ဂင်တရား၊ရှစ်ပါးတို့တွင်
## (၁) သမ္မာဒိဋ္ဌိမဂ္ဂင်၏လက္ခဏာ
## ပြဆိုခန်း

(၁) ကတမာစ ဘိက္ခဝေ သမ္မာဒိဋ္ဌိ၊ "ယံ ခေါ ဘိက္ခဝေ ဒုက္ခေ ဉာဏံ၊ဒုက္ခသမုဒယေဉာဏံ၊ ဒုက္ခနိရောဓေဉာဏံ၊ဒုက္ခနိရောဓ ဂါမိနီပဋိပဒါယဉာဏံ"၊အယံ ဝုစ္စတိဘိက္ခဝေ သမ္မာဒိဋ္ဌိ။ ။ ဟူသော သတိပဋ္ဌာန်ပါဠိအရ၊ မြန်မာဘာသာပြန်ဆို ပြဦးအံ့။

(၁) အို····ငါ၏ချစ်သားတို့။

အဘယ်တရားသည်လျှင်၊ သမ္မာဒိဋ္ဌိမည်သနည်းဟူမူကား။

အို····ငါ၏ချစ်သားတို့။

(၁) ※ ဒုက္ခသစ္စာ၌၊ ပိုင်းခြားထင်ထင်၊ အကြင်သိမြင်ခြင်း သည်ရှင်း။

(၂) ※ သမုဒယသစ္စာ၌၊ ပိုင်းခြားထင်ထင်၊အကြင်သိမြင်ခြင်း သည်ရှင်း။

(၃) ※ နိရောဓသစ္စာ၌၊ ပိုင်းခြားထင်ထင်၊ အကြင်သိမြင်ခြင်း သည်ရှင်း။

(၄) ※ မဂ္ဂသစ္စာ၌၊ ပိုင်းခြားထင်ထင်၊ အကြင်သိမြင်ခြင်း သည်ရှင်း၊ ထင်ရှားစင်စစ်၊ ဖြစ်ပေါ်လာ၏။

အို····ငါ၏ချစ်သားတို့။

၍ပြဆိုအပ်ခဲ့ပြီးသော သစ္စာလေးပါး၊တရားအစဉ်ကို၊ ပိုင်းခြား ထင်ထင်၊ သိမြင်တတ်သော ဉာဏ်ကို၊ (သမ္မာဒိဋ္ဌိ) ကောင်းသော ဉာဏ်အမြင် မည်၏ဟု၊ ပြဆိုအပ်၏။

၍တွင်၊တခန်းပြီး၏။

---

## (၂) သမ္မာသင်္ကပ္ပမဂ္ဂင်၏လက္ခဏာပြဆိုခဏ်း

(၂) ကတမောစ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ၊ "နေက္ခမ္မသင်္ကပ္ပေါ၊ အဗျာပါဒသင်္ကပ္ပေါ၊ အဝိဟိံသာသင်္ကပ္ပေါ၊" အယံဝုစ္စတိ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ။ ။ဟူသောပါဠိအရ၊ မြန်မာဘာသာပြန်ဆိုပြဦးအံ့။

(၂) အိုး.....ငါ၏ချစ်သားတို့။

အဘယ်တရားသည်လျှင်၊ သမ္မာသင်္ကပ္ပမည်သနည်းဟူမူကား။

(၁) ※ အကြင်ကာမစ္ဆန္ဒ—မှ ထွက်မြောက်သော ဝိတက်သည်ရှင်း။

(၂) ※ အကြင်ဒေါသ-မှ ကင်းသောဝိတက်သည်ရှင်း။

(၃) ※ အကြင်(ဝိဟိံသ)၏ ဆန့်ကျင်ဘက်ဖြစ်သောဝိတက်သည်ရှင်း၊ထင်ရှားစင်စစ်၊ဖြစ်ပေါ်လာ၏။

အိုး....ငါ၏ချစ်သားတို့။

ဤပြဆိုအပ်ခဲ့ ပြီးသော ကြံစည်ခြင်း သုံးပါးကို၊(သမ္မာသင်္ကပ္ပ) ကောင်းသော ကြံစည်ခြင်းမည်၏ဟု၊ ဖြေဆိုအပ်၏။

ဤတွင်၊တခဏ်းပြီး၏။

---

## (၃) သမ္မာဝါစာမဂ္ဂင်၏လက္ခဏာပြဆိုခဏ်း

(၃) ကတမာစဘိက္ခဝေ သမ္မာဝါစာ။

"မုသာဝါဒါဝေရမဏီ၊ပိသုဏာဝါစာ ဝေရမဏီ၊ဖရုသဝါစာဝေရမဏီ၊သမ္ဖပ္ပလာပါ ဝေရမဏီ"၊အယံဝုစ္စတိ ဘိက္ခဝေသမ္မာဝါစာ။ ။ဟူသောပါဠိအရ၊မြန်မာဘာသာပြန်ဆိုပြဦးအံ့။

(၃) အိုး....ငါ၏ချစ်သားတို့။

အဘယ်တရားသည်လျှင်၊သမ္မာဝါစာမည်သနည်းဟူမူကား။

(၁) ※ မဟုတ်မမှန်၊ ဖောက်ပြန် ချွတ်ယွင်းသောစကားကို ပြောဆိုခြင်းမှ၊ရှောင်ကြဉ်ခြင်းသည်၎င်း။

(၂) ※ ချောပစ်၊ ကုန်းတိုက်သောစကားကို၊ ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည်၎င်း။

(၃) ※ ရှုန့်ရင်းကြမ်းထမ်းသော စကားကို၊ ပြောဆိုခြင်းမှ၊ ရှောင်ကြဉ်ခြင်းသည်၎င်း။

(၄) ※ အနက်ဒြပ်မှ ကင်းသော ပြိန်ဖျင်းသော စကားကို၊ ပြောဆိုခြင်းမှ၊ ရှောင်ကြဉ်ခြင်းသည်၎င်း၊ ထင်ရှား စင်စစ်၊ ဖြစ်ပေါ်လာ၏။

အို····ငါ၏ချစ်သားတို့။

ဤပြဆိုအပ်ခဲ့ပြီးသော [※အသက်မွေးခြင်းလျှင်၊ အကြောင်း မရှိမူ၍ ပြောဆိုအပ်သော] ဝစီဒုစရိုက်တရားလေးပါးမှ၊ ရှောင်ကြဉ် ခြင်းကို၊ (သမ္မာဝါစာ) ကောင်းစွာ ပြောဆိုခြင်းမည်၏ဟု၊ ဖြေဆို အပ်၏။

ဤတွင်၊တခဏ်းပြီး၏။

## (၄) သမ္မာကမ္မန္တမဂ္ဂင်၏ လက္ခဏာပြဆိုခဏ်း

(၄) ကတမော စ ဘိက္ခဝေသမ္မာကမ္မန္တော၊ "ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ၊ ကာမေသုမိစ္ဆာစာရာ ဝေရ မဏီ"၊ အယံဝုစ္စတိ ဘိက္ခဝေ သမ္မာကမ္မန္တော။ ။ဟူသောပါဠိအရ၊ မြန်မာဘာသာပြန်ဆိုပြဦးအံ့။

(၄) အို····ငါ၏ချစ်သားတို့။

အဘယ်တရားသည်လျှင်၊ သမ္မာကမ္မန္တမည်သနည်းဟူမူကား။

(၁) ※ သူ၏ အသက်ကို သတ်ခြင်းမှ၊ ရှောင်ကြဉ်ခြင်းသည် ၎င်း။

(၂) ※ အရှင်သည်၊ မပေးအပ်သော သူတပါး၏ ဥစ္စာကို၊ ခိုးယူခြင်းမှ၊ ရှောင်ကြဉ်ခြင်းသည်၎င်း။

(၃) ※ ကာမဂုဏ်တို့၌၊ မှားယွင်းလွန်ကျူးသော အကျင့်ကို ပြုကျင့်ခြင်းမှ၊ ရှောင်ကြဉ်ခြင်းသည်ရင်း၊ထင်ရှားစင်စစ်၊ ဖြစ်ပေါ်လာ၏။

ဒိ… ငါ၏ချစ်သားတို့။

ဤပြဆိုအပ်ခဲ့ပြီးသော [※အသက်မွေးခြင်းလျှင်၊ အကြောင်းမရှိမှု၍ ပြုအပ်သော] ကာယဒုစရိုက် တရားသုံးပါးမှ၊ ရှောင်ကြဉ်ခြင်းကို၊ (သမ္မာကမ္မန္တ) ကောင်းသောအမှုအလုပ်မည်၏ဟု၊ ဖြေဆိုအပ်၏။

ဤတွင်၊ တခဏ်းပြီး၏။

---

## (၅) သမ္မာအာဇီဝမဂ္ဂင်၏ လက္ခဏာပြဆိုခဏ်း

(၅) ကတမော စဘိက္ခဝေသမ္မာအာဇီဝေါ၊ "ဣဓဘိက္ခဝေ အရိယသာဝကော မိစ္ဆာအာဇီဝံ ပဟာယ သမ္မာ အာဇီဝေန ဇီဝိတံ ကပ္ပေတိ"၊ အယံဝုစ္စတိ ဘိက္ခဝေ သမ္မာအာဇီဝေါ။ ။ဟူသော ပါဠိအရ၊ မြန်မာ ဘာသာပြန်ဆိုပြဦးအံ့။

(၅) ဒိ… ငါ၏ချစ်သားတို့။

အဘယ်တရားသည်လျှင်၊ သမ္မာအာဇီဝမည်သနည်းဟူမူကား။

(၂) ဒိ… ငါ၏ချစ်သားတို့။

ဤ ငါဘုရားရှင်၏ သာသနာတော်၌၊ မြတ်သော တပည့်သည်၊ နောက်၌ပြဆိုအပ်ခဲ့ပြီးသော [※အသက်မွေးမှုကို ငဲ့၍ပြုအပ်သော] ကာယဒုစရိုက် တရားသုံးပါး၊ ဝစီဒုစရိုက်တရားလေးပါး အားဖြင့်၊ ဒုစရိုက်တရား ၇- ပါးတို့ကို၊ ပယ်ဖျောက်၍၊ ကောင်းသော အသက်မွေးခြင်းဖြင့်၊ အသက်မွေးမှုပြု၏။

ဒိ… ငါ၏ချစ်သားတို့။

ဤပြဆိုအပ်ခဲ့ပြီးသော အသက်မွေးမှုကိုငဲ့၍ ပြုအပ်သော၊ ဒုစရိုက်တရား ၇-ပါးတို့မှ ရှောင်ကြဉ်၍၊ အသက်မွေးမှု ပြုခြင်းကို၊

(သမ္မာအာဇီဝ)ကောင်းသော အသက်မွေးမှုမြင်းမည်၏ဟု၊ ဖြေဆို အပ်၏။

ဤတွင်၊တခဏ်းပြီး၏။

## (၆) သမ္မာဝါယာမ မဂ္ဂင်၏လက္ခဏာပြဆိုခဏ်း

(၆) ကတမောစ ဘိက္ခဝေ သမ္မာဝါယာမော။

(၁) ဣဓ ဘိက္ခဝေ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ, ဝါယာမတိ, ဝီရိယံ အာရဘတိ, စိတ္တံ ပဂ္ဂဏှာတိ, ပဒဟတိ။

(၂) ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ, ဝါယာမတိ, ဝီရိယံ အာရဘတိ, စိတ္တံပဂ္ဂဏှာတိ, ပဒဟတိ။

(၃) အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ, ဝါယာမတိ,ဝီရိယံအာရဘတိ,စိတ္တံ ပဂ္ဂဏှာတိ,ပဒဟတိ။

(၄) ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဌိတိယာ, အသမ္မောသာယ, ဘိယျောဘာဝါယ, ဝေပုလ္လာယ, ဘာဝနာယ, ပါရိပူရိယာ,ဆန္ဒံဇနေတိ,ဝါယာမတိ,ဝီရိယံ အာရဘတိ, စိတ္တံ ပဂ္ဂဏှာတိ, ပဒဟတိ၊ အယံဝုစ္စတိ ဘိက္ခဝေ သမ္မာ-- ဝါယာမော။ ။ဟူသောပါဠိအရ၊မြန်မာဘာသာ ပြန်ဆို ပြဦးအံ့။

(၆) အို·····ငါ၏ချစ်သားတို့။

အဘယ်တရားသည်လျှင်။ သမ္မာ-ဝါယာမ မည်သနည်းဟူမူကား။

(၁) ※ အို·····ငါ၏ချစ်သားတို့။

ဤငါဘုရားရှင်၏ သာသနာတော်၌၊ ရဟန်းပုဂ္ဂိုလ်သည်၊ မဖြစ် ကုန်သေးသော,ယုတ်မာကုန်သော, အကုသိုလ် ဖြစ်ကုန်သော, တရား တို့ကို၊ မဖြစ်စေခြင်းငှါ၊ အလိုဆန္ဒကိုဖြစ်စေတတ်၏။ ။လုံ့လပြုတတ် ၏။ ။လုံ့လကို အားထုတ်တတ်၏။ ။စိတ်ကို ချီးမြှောက်တတ်၏။ ။ စိတ်ကိုဆောက်တည်တတ်၏။

(၂) ※ ရဟန်းပုဂ္ဂိုလ်သည်၊ ဖြစ်ကုန်ပြီးသော, ယုတ်မာကုန်သော, အကုသိုလ် ဖြစ်ကုန်သော, တရားတို့ကို၊ ပယ်ဖျောက်ခြင်းငှါ၊ အလိုဆန္ဒကို ဖြစ်စေတတ်၏။ ။လုံ့လပြုတတ်၏။ ။လုံ့လကို အားထုတ်တတ်၏။ ။စိတ်ကို ချီးမြှောက်တတ်၏။ ။စိတ်ကို ဆောက်တည်တတ်၏။

(၃) ※ ရဟန်းပုဂ္ဂိုလ်သည်၊ မဖြစ်ကုန် သေးသော, ကုသိုလ်ဖြစ်ကုန်သော,တရားတို့ကို၊ဖြစ်စေခြင်းငှါ၊အလိုဆန္ဒကိုဖြစ်စေတတ်၏။ ။လုံ့လပြုတတ်၏။ ။လုံ့လကိုအားထုတ်တတ်၏။ ။စိတ်ကိုချီးမြှောက်တတ်၏။ ။စိတ်ကိုဆောက်တည်တတ်၏။

(၄) ※ ရဟန်းပုဂ္ဂိုလ်သည်၊ဖြစ်ကုန်ပြီး သော,ကုသိုလ်ဖြစ်ကုန်သော, တရားတို့၏ အရှည်တည်ခြင်းငှါ, မပျောက်မပျက်ခြင်းငှါ, အတိုင်းထက် အလွန် ပွါးခြင်းငှါ, ပြန့်ပွါးခြင်းငှါ, ဘာဝနာ၏ပြည့်စုံစေခြင်းငှါ, အလိုဆန္ဒကို ဖြစ်စေတတ်၏။ ။လုံ့လ ပြုတတ်၏။ ။လုံ့လကိုအားထုတ်တတ်၏။ ။စိတ်ကိုချီးမြှောက်တတ်၏။ ။စိတ်ကို ဆောက်တည်တတ်၏။

ဒိုး·····ငါ၏ချစ်သားတို့။

ဤပြဆိုအပ်ခဲ့ပြီးသောဝီရိယတရားလေးပါးကို၊(သမ္မာဝါယာမ) ကောင်းသော လုံ့လ အားထုတ်ခြင်းမည်၏ဟု၊ မြွေဆိုအပ်၏။

ဤတွင်၊တခန်းပြီး၏။

---

## (၇) သမ္မာသတိမဂ္ဂင်၏လက္ခဏာပြဆိုခန်း

(၇) ကတမာစ ဘိက္ခဝေ သမ္မာသတိ။

(၁) ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟ-ရတိ, အာတာပီ, သမ္ပဇာနော, သတိမာ, ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

(၂) ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ, အာတာပီ,သမ္ပဇာနော,သတိမာ,ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

(၃) စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ, အာတာပီ, သမ္ပဇာနော, သတိမာ,ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

(၄) ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ, အာတာပီ,သမ္ပဇာနော, သတိမာ, ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ အယံဝုစ္စတိ ဘိက္ခဝေ သမ္မာသတိ။ ။ဟူသောပါဠိအရ၊ မြန်မာဘာသာပြန်ဆိုပြီးအံ့။

(၁) ※ အို....ငါ၏ချစ်သားတို့။

ဤငါဘုရားရှင်၏ သာသနာတော်၌၊ရဟန်းပုဂ္ဂိုလ်သည်၊ ပြင်းစွာသော လုံ့လရှိသည်ဖြစ်၍၊ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍၊ [ဥပါဒါနက္ခန္ဓာဟူသောလောက၌၊ အလိုကြီးခြင်း, နှလုံးမသာယာခြင်း,ကို၊ ပယ်ဖျောက်၍၊ မိမိ၏ဥပါဒါ-နက္ခန္ဓာဟူသောကိုယ်၌၊ဆံပင်,မွေးညှင်း အစရှိသော(၃၂)ပါးသော (ဒွတ္တိံသ ကာယ)ဟူ၍ အဖန်တလဲလဲ ရှုသည်ဖြစ်၍နေ၏။]

ဤနည်းအတူ။ ။ငါဘုရားရှင်၏ သာသနာတော်၌၊ရဟန်းပုဂ္ဂိုလ်သည်၊ပြင်းစွာသောလုံ့လရှိသည်ဖြစ်၍၊ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍-

(၂) ※ ဝေဒနာက္ခန္ဓာတို့၌၊ဝေဒနာဟူ၍ အဖန်တလဲလဲရှုသည်ဖြစ်၍နေ၏။

(၃) ※ စိတ်ဟူသော ဝိညာဏက္ခန္ဓာ၌၊စိတ်ဟူ၍ အဖန်တလဲလဲရှုသည်ဖြစ်၍နေ၏။

(၄) ※ သညာ, သင်္ခါရ-တရားတို့၌၊သညာ, သင်္ခါရ,တရားတို့ဟူ၍ အဖန်တလဲလဲရှုသည်ဖြစ်၍နေ၏။

အို....ငါ၏ချစ်သားတို့။

ဤပြဆိုအပ်ခဲ့ပြီးသော (ရုပ်,ဝေဒနာ,စိတ်, သညာ, သင်္ခါရ,) တရားတို့ကို၊ အဖန်တလဲလဲရှု၍ နေခြင်းကို၊ (သမ္မာသတိ) ကောင်းသော အောက်မေ့ခြင်းမည်၏ဟူ၍၊ပြေဆိုအပ်၏။

ဤတွင်၊တခဏ်းပြီး၏။

---

## (၈) သမ္မာသမာဓိမဂ္ဂင်၏လက္ခဏာပြဆိုခဏ်း

(၀) ကတမော စ ဘိက္ခဝေ သမ္မာ သမာဓိ။

(၁) ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စအကု-သလေဟိ ဓမ္မေဟိ သဝိတက္ကံ, သဝိစာရံ, ဝိဝေကဇံ, ပီတိသုခံ,ပဌမံဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

(၂) ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံသမ္ပသာဒနံ,စေတ-သော ဧကောဒိဘာဝံ, အဝိတက္ကံ,အဝိစာရံ,သမာဓိ-ဇံ, ပီတိသုခံ, ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

(၃) ပီတိယာ စ ဝိရာဂါ, ဥပေက္ခကော စ ဝိဟရတိ,သတော သမ္ပဇာနော သုခဉ္စ ကာယေန ပဋိသံဝေဒေတိ။“ယံတံ အရိယာ အာစိက္ခန္တိ၊ ဥပေက္ခကော သတိမာသုခ-ဝိဟာရီတိ”တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

(၄) သုခဿ စ ပဟာနာ, ဒုက္ခဿ စ ပဟာနာ, ပုဗ္ဗေဝ, သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာ, အဒုက္ခမ-သုခံ, ဥပေက္ခာသတိပါရိသုဒ္ဓိံ,စတုတ္ထံ ဈာနံဥပသမ္ပဇ္ဇ ဝိဟရတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသမာဓိ။ ။ ဟူသောပါဠိအရ၊မြန်မာဘာသာပြန်ဆိုပြဦးအံ့။

(၀) အို....ငါ၏ချစ်သားတို့။

အဘယ်တရားသည်လျှင်၊ သမ္မာသမာဓိမည်သနည်းဟူမူကား။

(၁) ※ အို….ငါ၏ချစ်သားတို့။

ဤငါဘုရားရှင်သာသနာတော်၌၊ ရဟန်းပုဂ္ဂိုလ်သည်၊ ဝတ္ထုကာမ, ကိလေသာကာမ, တရားနှစ်ပါးတို့မှ၊ ကင်းဆိတ်သည် ဖြစ်၍သာလျှင်၊ အကုသိုလ် ဖြစ်ကုန်သော တရားတို့မှ၊ ကင်းဆိတ်သည် ဖြစ်၍သာလျှင်၊ ဝိတက်နှင့်တကွဖြစ်သော, ဝိစာရနှင့်တကွဖြစ်သော, နီဝရဏ တရားတို့မှ ကင်းခြင်းကြောင့်ဖြစ်သော, ပီတိသုခကြောင့်ဖြစ်သော (ပဌမဈာန်) သို့ရောက်သည်, ရသည်ဖြစ်၍နေ၏။

(၂) ※ ဝိတက်, ဝိစာရ,တရားနှစ်ပါးတို့၏ ငြိမ်းခြင်းကြောင့်၊ မိမိ၏ သန္တာန်၌ ဖြစ်ထသော, စိတ်၏ ကောင်းစွာ ကြည်စေတတ်ထသော, မြတ်သော တည်ကြည်ခြင်းကို ပွါးစေတတ်ထသော, ဝိတက်မရှိသော, ဝိစာရမရှိသော, (ပဌမဈာန်) သမာဓိကြောင့်ဖြစ်သော, ပီတိသုခကြောင့် ဖြစ်ထသော, (ဒုတိယဈာန်) သို့ရောက်သည်,ရသည်ဖြစ်၍နေရ၏။

(၃) ※ ပီတိ၏ ကင်းခြင်းကြောင့် လျစ်လျူရှုသည်ဖြစ်၍သာနေ၏။ သတိ,နှင့်ပြည့်စုံသည်ဖြစ်၍ရင်း၊ ပညာ,အဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍ရင်း၊ သုခဝေဒနာကိုလည်း၊ ရူပကာယဖြင့် ခံစား၏။ ။အကြင် (တတိယဈာန်) ကြောင့်၊ ထိုတတိယဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို၊ [ဘုရားအစရှိသော ပညာရှိသူတော်ကောင်းတို့သည်၊ လျစ်လျူရှုသည်ဖြစ်၍၊ သတိ,နှင့်ပြည့်စုံသည်ဖြစ်၍၊ချမ်းသာသောနေခြင်း, ဟူ၍ချီးမွမ်းကြကုန်၏။] ထို(တတိယဈာန်)သို့ရောက်သည်, ရသည်ဖြစ်၍နေ၏။

(၄) ※ ကာယိကသုခဝေဒနာ,ကို ပယ်ခြင်းကြောင့်ရင်း၊ ကာယိကဒုက္ခဝေဒနာ,ကို ပယ်ခြင်းကြောင့်ရင်း၊ ရှေးဥပစာရ ဈာန်၌သာလျှင်၊ သောမနဿ ဝေဒနာ,

ဒေါမနဿဝေဒနာ,နှစ်ပါးတို့၏ချုပ်ခြင်းကြောင့်ဝင်း၊ ဥပေက္ခာ ဝေဒနာနှင့် ယှဉ်ထသော, တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော, သတိ၏,စင်ကြယ်ခြင်း ရှိထသော, (စတုတ္ထဈာန်)သို့ ရောက်သည်,ရသည်ဖြစ်၍နေ၏။

အို……ငါ၏ချစ်သားတို့။

ဤပြဆိုအပ်ခဲ့ပြီးသော လေးပါးသောဈာန်သို့ ရောက်သော တည်ကြည်ခြင်းကို၊ (သမ္မာသမာဓိ) ကောင်းသောတည်ကြည်ခြင်းမည်၏-ဟု၊ ဖြေဆိုအပ်၏။

ဤတွင်၊တဘဏ်းပြီး၏။

ဤအရာ၌၊ မဂ္ဂင်-ရှစ်ပါးနှင့်စပ်လျဉ်း၍၊ ထင်ရှားစွာပြဆိုဦးအံ့။ မြတ်စွာဘုရား၊ သက်တော်ထင်ရှား, ရှိစဉ်အခါ၊ ရဟန်းတပါးသည်၊ မြတ်စွာဘုရား အထံတော်သို့၊ ချဉ်းကပ်ဝင်ရောက်၍၊ အောက်၌ပါသောစကားကို၊လျှောက်ကြားလေ၏။

(က) ဗြဟ္မစရိယံ,ဗြဟ္မစရိယန္တိ ဘန္တေ ဝုစ္စတိ။
(၁) ※ ကတမံ နုခေါ ဘန္တေဗြဟ္မစရိယံ။
(၂) ※ ကတမံ ဗြဟ္မစရိယပရိယောသာနန္တိ။

(က) ဘန္တေ၊ မြတ်စွာဘုရား။ ဗြဟ္မစရိယံ, ဗြဟ္မစရိယန္တိ၊ "မြတ်သောအကျင့်–မြတ်သောအကျင့်"ဟူ၍။ဝုစ္စတိ၊ ဆိုအပ်, ဟောကြားအပ်ပါ၏ဘုရား။

(၁) ※ ဘန္တေ၊ မြတ်စွာဘုရား။ ဗြဟ္မစရိယံ၊ "မြတ်သော အကျင့်ဟူသည်"။ ကတမံနုခေါ၊ အဘယ်တရားပါနည်းဘုရား။

(၂) ※ ဘန္တေ၊ မြတ်စွာဘုရား။ ဗြဟ္မစရိယ ပရိယောသာနံ၊ "မြတ်သောအကျင့်၏ အဆုံး, ဟူသည်"။ ကတမံ၊ အဘယ်တရားပါနည်း,ဘုရား။ဣတိ၊ဤသို့သောစကားကို။ အဝေါစ၊ လျှောက်ကြားလေ၏။

## အကျဉ်းချုပ်အဓိပ္ပါယ်ကား

ဘုန်းတော်ခြောက်စုံ၊ ကိုးဂုဏ်သခင်၊ အရှင်ဘုရား,

(၁) ※ ''မြတ်သောအကျင့်''ဟူသည်၊ အဘယ်တရားပါနည်း, ဘုရား။

(၂) ※ ''မြတ်သော အကျင့်၏ အဆုံး'' ဟူသည်၊ အဘယ် တရားပါနည်း, ဘုရား။ ။ဤသို့သော စကားကို၊ လျှောက်ဆိုလေ၏။

ထိုအခါ၊ မြတ်စွာဘုရားသည်၊ ထိုရဟန်း၏ လျှောက် ထားချက်စကားကို၊ ဤသို့ ဖြေကြားတော်မူ၏။

(ခ) (၁) ※ အယမေဝ ခေါ ဘိက္ခု၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ, ဗြဟ္မစရိယံ။ ။သေယျထိဒံ။

သမ္မာဒိဋ္ဌိ,။
သမ္မာသင်္ကပ္ပေါ,။
သမ္မာဝါစာ,။
သမ္မာကမ္မန္တော,။
သမ္မာအာဇီဝေါ,။
သမ္မာဝါယာမော,။
သမ္မာသတိ,။
သမ္မာသမာဓိ,။

(၂) ※ ယော ခေါ ဘိက္ခု ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယော,ဣဒံ ဗြဟ္မစရိယပရိယောသာနန္တိ။

(၁) ※ ဘိက္ခု၊ ချစ်သားရဟန်း။ အရိယော၊ ကိလေသာမှ၊ ညစ်ကျုမထင်၊ ဖြူစင်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော။ အယမေဝခေါ မဂ္ဂေါ၊ဤမဂ် သည်လျှင်။ဗြဟ္မစရိယံ၊''မြတ်သောအကျင့်''တည်း။ ။ ဣဒံ, ဧသော မဂ္ဂေါ၊ ဤမဂ်သည်။ သေယျထာ၊ (ကတမော)အဘယ်နည်း။

(၁) ※ သမ္မာ ဒိဋ္ဌိ၊ ကောင်းစွာ သိမြင်ခြင်း။
(၂) ※ သမ္မာ သင်္ကပ္ပေါ၊ ကောင်းစွာ ကြံစည်ခြင်း။
(၃) ※ သမ္မာ ဝါစာ၊ ကောင်းစွာ ပြောဆိုခြင်း။
(၄) ※ သမ္မာ ကမ္မန္တော၊ ကောင်းစွာ ပြုခြင်း။
(၅) ※ သမ္မာ အာဇီဝေါ၊ ကောင်းစွာ အသက်မွေးခြင်း။
(၆) ※ သမ္မာ ဝါယာမော၊ ကောင်းစွာ အားထုတ်ခြင်း။
(၇) ※ သမ္မာ သတိ၊ ကောင်းစွာ အောက်မေ့ခြင်း။
(၈) ※ သမ္မာ သမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း။

ဣတိ၊ ဤသည်လျှင်တည်း။ ဣတိအယံ၊ ဤရှစ်ပါးသော မဂ်သည်လျှင်။ ဗြဟ္မစရိယံ၊ "မြတ်သောအကျင့်မည်၏"။

(၂) ※ ဘိက္ခု၊ ချစ်သားရဟန်း။ ယောခေါ ရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ခြင်းသည်ရှင်း။ ယော ခေါ ဒေါသက္ခယော၊ အကြင်ဒေါသ၏ ကုန်ခြင်းသည်ရှင်း။ ယောခေါ မောဟက္ခယော၊ အကြင်မောဟ၏ကုန်ခြင်းသည်ရှင်း။ အတ္ထိ၊ စင်စစ်ကေန်၊ရှိသည်မှန်၏။ ဣဒံ၊ ဤရာဂ, ဒေါသ, မောဟ, တို့၏ကုန်ခြင်းသည်။ ဗြဟ္မစရိယ ပရိယောသာနံ၊ "မြတ်သောအကျင့်၏-အဆုံး"တည်း။ ဣတိ၊ဤသို့လျှင်။ အဝေါစ၊ မိန့်ဆိုတော်မူ၏။

## အကျဉ်းချုပ်အဓိပ္ပါယ်ကား

(၁) ※ အို····ချစ်သားရဟန်း။

ကိလေသာမှု၊ ညစ်ကျုမထင်၊ ဖြူစင်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, အစရှိသော ဤမဂ်သည်၊ မြတ်သောအကျင့်မည်၏။

(၂) ※ အို····ချစ်သားရဟန်း။

(က) ဤမဂ္ဂင်(၈)ပါး တရားဟူသော မြတ်သော အကျင့်ဖြင့်၊ ရောက်အပ်,ရအပ်သောအကြင်ရာဂ၏ကုန်ခြင်းသည်ရှင်း။

(ခ) အကြင်ဒေါသ၏ ကုန်ခြင်းသည်ရှင်း။

(ဂ) အကြင်မောဟ၏ ကုန်ခြင်းသည်ငင်း။ စင်စစ်ကေန်ရှိသည်မှန်၏။ ။ဤရာဂ, ဒေါသ, မောဟ, တို့၏ ကုန်ခြင်းသည်၊ ''မြတ်သော အကျင့်၏ အဆုံး''တည်း။ ဟူ၍မိန့်ကြားဖြေဆိုတော်မူ၏။

ဤသို့လျှင်၊ အကျယ်အားဖြင့်၊ မဂ္ဂင်ရှစ်ပါး တရား၏၊ သရုပ်လက္ခဏာကိုထုတ်ဖေါ်ပိုင်းခြား၊ ဟောကြားတော်မူပုံနည်းကိုပြပြီး၍၊ တဖန်အားဖြင့်၊ **မူလ- ပဏ္ဏာသ- ပါဠိတော်၊ ဂူဠဝယမကဝဂ်၊ ဂူဠဝေဒလ္လသုတ်** ၌၊ထိုမဂ္ဂင်ရှစ်ပါးတရားကို၊ သဘောတူရာ, တူရာ ပေါင်း၍ ဟောတော်မူနည်းကို ပြဆိုဦးအံ့။

## ပညာက္ခန္ဓ-နယ်

(၁) ※ ယာစသမ္မာဒိဋ္ဌိ၊ ယောစ သမ္မာသင်္ကပ္ပေါ၊ ဣမေဓမ္မာ ပညာက္ခန္ဓေ သင်္ဂဟိတာတိ။ ။ဟူသော ပါဠိအရ၊ မြန်မာဘာသာပြန်ဆိုဦးအံ့။

(၁) ဒါယကာဝိသာခ။ (၁) ※ အကြင်မဖောက်မပြန်၊ ဟုတ်မှန်သည့်အတိုင်း, သိမြင်ခြင်းဟူသော သမ္မာဒိဋ္ဌိ သည်ငင်း။

(၂) ※ အကြင် မဖောက်မပြန်၊ ဟုတ်မှန်သည့်အတိုင်း၊ ကြံစည်ခြင်း, ဟူသော သမ္မာသင်္ကပ္ပ,သည်ငင်း၊ ရှိ၏။ ဤ· တရားနှစ်ပါးတို့ကို၊ (ပညာက္ခန္ဓ)၌၊ ရေတွက်အပ်ကုန်၏။ (ပညာ—နယ်၊ ပညာအတို့အစု)ဟု၊ ရေတွက်အပ်ကုန်၏ဟူလို။

ဤအရာ၌။''သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ''ဟူသောတရားနှစ်ပါးတို့တွင်၊ ''သမ္မာဒိဋ္ဌိ''သည်၊ မိမိ၏သဘောအားဖြင့်၊ (ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၌၊)အနိစ္စ,ဒုက္ခ,အနတ္တ, ဟူ၍၊ အာရုံ၏သဘောကို၊ မဖောက်မပြန်၊ ဟုတ်မှန်သည့်အတိုင်း၊ ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်ချေ။ ။ ''သမ္မာသင်္ကပ္ပ''ဖြင့်၊ ကြံစည်၍ ကြံစည်၍၊ ဆောင်နှင်းပေးအပ်, ယူစေအပ်သော်သာလျှင်၊ ထိုအာရုံ၏သဘောကို၊ ဆုံးဖြတ်ခြင်းငှါ စွမ်းနိုင်၏။ ထို့ကြောင့်၊ ''သမ္မာဒိဋ္ဌိ''၏၊ မဖောက်မပြန်၊ ဟုတ်မှန်သည့်

အတိုင်း၊ သိမြင်ဆုံးဖြတ်ခြင်းသည်၊ မြဲမြံစေခြင်းငှါ၊ အားပေး ကူညီ, ချီးမြှင့်တတ်သော "သမ္မာသင်္ကပ္ပ"ကို၊ (ပညာ) အရာ၌ ထည့်သွင်း၍၊ (ပညာက္ခန္ဓ)ဟူ၍ရေတွက်အပ်၏။

ဤအရာ၌၊ဥပမာဖြင့်ပြဆိုဦးအံ့။

ဤလောက၌၊ (ရွှေပန်းထိမ်သည်) ဆရာတဦးသည်၊ ရွှေတုံး, ရွှေခဲကို၊ လက်ပေါ်၌တင်ထား၍ ထိုရွှေတုံး, ရွှေခဲ၏၊ အလုံးစုံသော, အောက်,အထက် အတိုတို့၌၊ ရွှေ၏အရည်အသွေးအရောင်တို့ကို၊ကြည့်ရှုစစ်ဆေးလိုလတ်သော်၊ မိမိ၏မျက်စိ, မျက်လွှာ, မျက်ခုံတို့ဖြင့်၊ထိုရွှေတုံး, ရွှေခဲကို အောက်,အထက်, ပြန်လှန်စေခြင်းငှါ၊ မစွမ်းနိုင်ရာချေ၊ "လက်ချောင်း" တို့ဖြင့်သာလျှင်၊ အောက်, အထက်, ပြောင်းပြန်, ပြန်လှန်စေ၍ မျက်စိ,ဖြင့်၊ ဤမှ, ထိုမှကြည့်ရှု၍၊ ထိုရွှေတုံးရွှေခဲ၏၊ မဖောက်မပြန်၊ ဟုတ်မှန်သည့်အတိုင်း၊ အရည် အသွေး အရောင်ကို၊ သိနိုင်ရာချေ၏။

ထိုနည်းအတူ"သမ္မာဒိဋ္ဌိ"သည်၊မိမိ၏ သဘောအားဖြင့်၊ခန္ဓာငါးပါး၊ ရုပ် နာမ် တရားတို့ကို၊ အနိစ္စ, ဒုက္ခ, အနတ္တ, အစရှိသည်တို့၏၊ အစွမ်းဖြင့်၊ မဆုံးဖြတ်နိုင်ရာချေ၊ "သမ္မာသင်္ကပ္ပ" မဂ္ဂင်ဖြင့်၊ ဤခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည်၊

[နိစ္စ၊ မြဲလေသလော။ ။အနိစ္စ၊ မမြဲလေသလော]

[သုခ၊ ချမ်းသာလေသလော။ ။ဒုက္ခ၊ ဆင်းရဲလေသလော။]

[အတ္တ၊အနှစ်သာရ ရှိလေသလော။ ။အနတ္တ၊ အနှစ်သာရမရှိလေသလော]ဟု၊ တွေးတောအောက်မေ့(ကြံစည်၍ကြံစည်၍)ဆောင်နှင်းပေးအပ်သော, ခန္ဓာငါးပါး ဟူသော, အာရုံကိုသာလျှင်၊

[နိစ္စ,မဟုတ်ချေ၊ အနိစ္စ, သာတည်းဟူ၍ရှင်း-]

[သုခ,မဟုတ်ချေ၊ဒုက္ခ,သာတည်းဟူ၍ရှင်း-]

[အတ္တ, မဟုတ်ချေ၊အနတ္တ, သာတည်းဟူ၍ရှင်း-] မဖောက်မပြန်၊ ဟုတ်မှန်သည့်အတိုင်း၊ သိမြင်ခြင်းဟူသော, ဆုံးဖြတ်ခြင်းကိုပြုနိုင်၏။

ထို့ကြောင့်၊ "သမ္မာဒိဋ္ဌိ"ကိုသာလျှင်၊မိမိ၏သဘောရင်းအားဖြင့်၊ (ပညာက္ခန္ဓ)၌ ရေတွက်အပ်၏။ ။"သမ္မာသင်္ကပ္ပ"ကို-မူကား။ ကြံစည်ပြုမှု၊ ကူညီအားပေးမှု အဖြစ်ဖြင့်၊ (ပညာက္ခန္ဓာ) ၌၊ ထည့်သွင်းကောက်ယူအပ်၏။

---

## သီလက္ခန္ဓ-နယ်

(၂) ※ ယာစာဝုသော ဝိသာခ သမ္မာဝါစာ၊ ယောစ သမ္မာကမ္မန္တော၊ ယောစ သမ္မာအာဇီဝေါ၊ ဣမေဓမ္မာ သီလက္ခန္ဓေ သင်္ဂဟိတာ။ ။ဟူသော ပါဠိအရ၊မြန်မာဘာသာပြန်ဆိုပြဦးအံ့။

(၂) ဝိသာခ ဒါယကာ။ ။(၁) ※ အကြင်ဝစီဒုစရိုက် တရားလေးပါးမှ၊ ကြဉ်ရှောင် ခြင်းဟူသော "သမ္မာဝါစာ"သည်ရင်း။

(၂) ※ အကြင် ကာယဒုစရိုက် တရားသုံးပါးမှ၊ ကြဉ်ရှောင် ခြင်းဟူသော "သမ္မာကမ္မန္တ"သည်ရင်း။

(၃) ※ အကြင်အသက်မွေးမြူမှုကို၊ ငဲ့ကွက်၍ပြုအပ်သော, ဝစီဒုစရိုက် တရားလေးပါး, ကာယဒုစရိုက်တရားသုံးပါးမှ၊ ကြဉ်ရှောင်၍၊ အသက်မွေးမြူမှု ပြုခြင်းဟူသော "သမ္မာအာဇီဝ"သည်ရင်း ရှိ၏။

ဤတရားအစုတို့ကို၊ (သီလက္ခန္ဓ) သီလနယ်– သီလအဘို့အစု၌၊ရေတွက်အပ်ကုန်၏ဟု၊ ဖြေဆိုအပ်၏။

ဤအရာ၌။ ။သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဟူသော တရားသုံးပါးတို့သည်၊ မိမိ, မိမိတို့၏ ဆိုင်ရာ, လွန်ကြူးအပ်သော, ဝီတိက္ကမိတဗ္ဗ ဝတ္ထုမှ၊ ရှောင်ကြဉ်တတ်သောကြောင့်၊ သီလ မည်သည် သာတည်း။ ထို့ကြောင့်၊ ထိုတရားသုံးပါးတို့ကို၊ မိမိတို့၏ အမျိုးဇာတ်အားဖြင့်၊ (သီလက္ခန္ဓ)၌ ရေတွက်အပ်၏။ သီလ, အဘို့အစု ဟူ၍ ဆိုလို၏။

---

## သမာဓိက္ခန္ဓ-နယ်

(၃) ※ ယောစ သမ္မာဝါယာမော၊ ယာစ သမ္မာသတိ၊ ယောစ သမ္မာ သမာဓိ၊ ဣမေ ဓမ္မာ သမာဓိက္ခန္ဓေ, သင်္ဂဟိတာ။ ။ဟူသော ပါဠိအရ၊ မြန်မာဘာသာ ပြန်ဆိုပြီးအံ့။

(၃) ဒါယကာ ဝိသာခ။ ။(၁) ※ အကြင်ကောင်းစွာ အားထုတ်ခြင်းဟူသော "သမ္မာဝါယာမ"သည်၎င်း။

(၂) ※ အကြင် ကောင်းစွာအောက်မေ့ခြင်းဟူသော"သမ္မာသတိ"သည်၎င်း။

(၃) ※ အကြင် ကောင်းစွာ စိတ်၏တည်ကြည်ခြင်း ဟူသော "သမ္မာသမာဓိ"သည်၎င်း ရှိ၏။ ။ဤတရားသုံးပါးတို့ကို၊ (သမာဓိက္ခန္ဓ)၌၊ ရေတွက်အပ်ကုန်၏။ ။(သမာဓိနယ်, သမာဓိ အဘို့အစုဟု) ရေတွက်အပ်ကုန်၏ ဟူလို။

ဤအရာ၌။ ။သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, ဟူသော တရားသုံးပါးတို့တွင်၊ "သမ္မာသမာဓိ"သည်၊ မိမိ၏ သဘောအားဖြင့်၊အာရုံတို့၌၊ တခုတည်းသော အာရုံကို၊ ယူသည်၏ အဖြစ်ဖြင့်၊(အပ္ပနာ)သို့ ရောက်ခြင်းငှါ မစွမ်းနိုင်။ ။"သမ္မာဝါယာမ" ဖြင့်၊ချီးမြှင့်ထောက်ပံ့ခြင်း ကိစ္စကိုပြီးစေလျက်၊"သမ္မာသတိ"ဖြင့်၊ အစဉ်မပြတ်၊အမှတ်ရ အောက်မေ့ခြင်းကိစ္စကို ပြီးစေလျက်၊ ထိုတရားနှစ်ပါးတို့မှ၊ ရအပ်သော ကျေးဇူးပြုခြင်းရှိသော် သာလျှင်၊ "သမ္မာသမာဓိ"သည်၊ တခုတည်းသော အာရုံကိုယူ၍၊ တည်ကြည်မှု၌၊ မြဲမြံနိုင်ခန့်၏။ ။ထို့ကြောင့်၊"သမ္မာသမာဓိ"၏ တည်ကြည်မှု၌၊မြဲမြံစေခြင်းငှါ၊ အားပေးကူညီ၊ ချီးမြှောက်တတ်သော သမ္မာဝါယာမ, သမ္မာသတိ, ဟူသော တရားနှစ်ပါးတို့ကိုလည်း၊ (သမာဓိက္ခန္ဓ)၌၊ ရေတွက်အပ်ကုန်၏။

ဤအရာ၌၊ ဥပမာဖြင့်ထင်စွာပြပြီးအံ့။

ဤလောက၌၊ တခုသော နက္ခတ်ပွဲသဘင်နေ့၌၊ပျော်ရွှင်စွာ ကခုန်ကစားအံ့ဟု-ကြံစည်၍၊ ပန်းဥယျာဉ်ကြီးတခုအတွင်းသို့၊ သွားရောက်

ကြကုန်သော သူငယ်ချင်း အဖေါ်သုံးယောက်တို့တွင်၊ (ပဌမ) လူတယောက်သည် ကောင်းစွာပွင့်၍ နေသော (စကားဝါပန်းပင်ကို မြင်၍၊ ပန်းပွင့်,ပန်းခိုင်ကို၊ ကိုင်ယူခူးအံ့သောငှါ၊ လက်ကိုမြှောက်လေရာ, ပန်းပွင့်,ပန်းခိုင်ကို၊ ကိုင်ယူနိုင်အောင်, မမှီဘဲရှိလေ၏။

ထိုအခါ။ (ဒုတိယ) လူတယောက်သည်၊အနီးသို့ကပ်ခါ၊ ကိုယ်ကိုညွတ်ကုန်း၍၊ကျောက်ကုန်းကို ပေးအပ်လေ၏။ ထိုအခါ၊(ပဌမ)လူသည်၊(ဒုတိယ) လူ၏ကျောက်ကုန်းပေါ်သို့တက်၍၊ မတ်တတ်ရပ်ပြန်ရာ၊တုန်တုန်လှုပ်လှုပ် ဖြစ်၍၊ ပန်းပွင့်,ပန်းခိုင်ကို၊ ကိုင်ယူနိုင်အောင်, မမှီဘဲရှိပြန်လေ၏။

ထိုအခါ၊(တတိယ)လူသည်၊မိမိ၏ပခုံးစွန်းကို၊ ကိုင်စေရန်၊ အနီးသို့ချဉ်းကပ်၍ပေးပြန်၏။ ။ဤအခါမှသာလျှင်၊ (ပဌမ)လူသည်၊ (ဒုတိယ)လူ၏ ကျောက်ကုန်းပေါ်သို့တက်၍၊ (တတိယ)လူ၏ ပခုံးစွန်းကို၊လက်တဘက်ဖြင့်၊ ကိုင်တွယ်အားပြုလျက်၊ လက်တဘက်ဖြင့်၊ ပန်းပွင့်,ပန်းခိုင်ကို၊ ကိုင်တွယ်ခူးယူခြင်း ကိစ္စသည် အပြီးသို့ရောက်လေ၏။

ဤစကားအရ၊ပန်းဥယျာဉ်ကြီးအတွင်းသို့၊တပြိုင်တည်းသွားရောက်ကြသော သူငယ်ချင်းသုံးယောက်တို့ကဲ့သို့၊ တပြိုင်တည်း ဖြစ်ကြကုန်သော (၁) သမ္မာဝါယာမ၊ (၂) သမ္မာသတိ၊ (၃) သမ္မာသမာဓိ, တရားသုံးပါးတို့ကို၊ မှတ်ယူအပ်၏။ ။ကောင်းစွာပွင့်သော(စကားဝါ)ပန်းပွင့်ကဲ့သို့၊ သမထဘာဝနာ,၏အာရုံ၊ ဝိပဿနာဘာဝနာ,၏အာရုံကိုမှတ်ယူအပ်၏။ ။(ပဌမ)လူသည်၊ပန်းပွင့်,ပန်းခိုင်ကို၊ ကိုင်ယူအံ့သောငှါ၊ လက်ကိုမြှောက်လေရာ၊ ပန်းပွင့်,ပန်းခိုင်ကိုမှီရောက်အောင်၊မမြှောက်နိုင်သကဲ့သို့၊ ထိုနည်းအတူ။ ။(၁) သမ္မာသမာဓိ, သည်၊ မိမိ၏သဘောအားဖြင့်၊ တခုတည်းသောအာရုံ၌၊ တည်ကြည်သည်၏အဖြစ်ဖြင့်၊(အပ္ပနာ)အဖြစ်သို့ မရောက်နိုင်,ပုံမှတ်။ ။(အပ္ပနာ)ဈာန်ဇော ဟူသော ပန်းပွင့်,ပန်းခိုင်ကို၊ လှမ်းကိုင်ခူးယူခြင်းငှါ မစွမ်းနိုင်ဟူလို။ ။ထိုသို့(ပဌမလူ)မခူးယူနိုင်သည်ဖြစ်၍၊ ခူးယူနိုင်စိမ့်သောငှါ၊(ဒုတိယ)လူသည်၊အနီးသို့ကပ်ခါ၊ ကိုယ်ကိုညွတ်ကုန်း၍ ကျောက်ကုန်းပေါ်ကို တက်ရောက် စေသကဲ့သို့၊ ထိုနည်း အတူ။ ။

(၁) သမ္မာသမာဓိ,တရား၊ တည်ကြည်နိုင်ခဲ့မှု၌၊ အားရှိစေခြင်းငှါ၊ (ဒုတိယ)လူနှင့် တူသော (၂) သမ္မာဝါယာမ,ဖြင့်၊ ထောက်ပံ့ကူညီမှုပြုပုံကိုမှတ်။ ။(ပဌမ)လူသည်၊ (ဒုတိယ)လူ၏ ကျောက်ကုန်းပေါ်သို့၊ တက်ရောက်ပြီး,ဖြစ်သော်ငြားလည်း၊ တုန်တုန်လှုပ်လှုပ်ဖြစ်၍၊ ပန်းပွင့်,ပန်းခိုင်ကို၊မကိုင်ယူနိုင်၍၊ (တတိယ)လူ၏ ပခုံးစွန်းကို၊ အမှီပြုပြီးမှ၊ခူးယူနိုင်သကဲ့သို့။(၁)(ပဌမ)လူနှင့်တူသော(၁)သမ္မာသမာဓိ,သည်။(ဒုတိယ)လူနှင့်တူသော(၂)သမ္မာဝါယာမ, အကူအညီ, ရသော်ငြားလည်း၊ တည်ကြည်ခြင်း မဖြစ်နိုင်သေး ရကား။ (တတိယ)လူနှင့်တူသော (၃) သမ္မာသတိ,တရားကို၊အားပြုရမှသာလျှင်၊(အပ္ပနာ) ဈာန်ဇောဟူသော, ပန်းပွင့်,ပန်းခိုင်ကို၊ ကိုင်တွယ်ခူးယူနိုင်၏။

ထို့ကြောင့်၊သမာဓိ,ကိုသာလျှင်၊မိမိ၏သဘောအားဖြင့်၊ (သမာဓိက္ခန္ဓာ)၌ ရေတွက်အပ်၏။ ။သမ္မာဝါယာမ, သမ္မာသတိ, တို့ကိုကား၊အပြုအမူ,အကူအညီသဘောအားဖြင့်၊ တပေါင်းတည်းပေါင်းဆုံ၍ ရေတွက်အပ်ကုန်၏- ဟူ၍၊ **ဂူဠ္ဌဝေဒလ္လသုတ်အဋ္ဌကထာ**၌၊ ဖွင့်ပြ၏။ ။ဤသို့လျှင်၊ သုံးပါးသောခန္ဓာတို့ဖြင့်၊ သင်္ဂြိုဟ်ရေတွက်အပ်သော အင်္ဂါရှစ်ပါးရှိသောအရိယ မဂ်၏ဂုဏ်ကျေးဇူးကို၊ ပြခြင်းအကျိုးငှါ၊အောက်၌ပါသော ဒေသနာကို၊ ဟောတော်မူအပ်၏။

(၁) သီလံ သမာဓိ ပညာစ၊
ယသံ့ ဓေတေ သုဘာဝိတာ။
အတိက္ကမ္မ,မာရဓေယျံ၊
အာဒိစ္စောဝ ဝိရောစတိ။

## ဣတိဝုတ်ပါဠိတော်၊တိကနိပါတ်၊ပဌမဝဂ်၊ မာရဓေယျသုတ်

(၁) ယသံ့၊ အမှတ်မထင်၊ အကြင်သူအား။ သီလဥ္စ၊ သီလက္ခန္ဓာတရားကိုငှင်း။သမာဓိစ၊သမာဓိက္ခန္ဓာ တရားကိုငှင်း။ပညာစ၊ပညာက္ခန္ဓာတရားကိုငှင်း။ဧတေ၊ ထိုသီလ,သမာဓိ,ပညာဟူသော သုံးပါးသော

တရားတို့ကို။သုဘာဝိတာ၊စိတ်၌ထုံ၍၊ အာရုံစွဲကပ်၊ပွါးများအပ်ကုန်၏။တသ၊ ထိုပုဂ္ဂိုလ်အား။မာရမေယျ၊ ကိလေသာဟူ၊ မပြတ်ပူသည်၊ ခုန်သူစိုးပိုင်၊တိုင်းနိုင်ငံဟူသော, တေဘူမကသံသရာတရားကို။အတိက္ကမ္မမဂ်သံ,ဖိုလ်သံ၊ညီးညီးညံမျှ၊ရှစ်တန် ပေါ်ပေါက်၊လွန်တက်ပြောက်၍။ အာဒိစ္စော-ဝ၊ ညစ်မျိုး ငါးအင်။ သန့်ရှင်း စင်လျက်၊ တွင်းပြင်တောက်ပြောင်၊ ရောင်ဝါ ထိန်လက်၊ နေဝန်းစက်ကဲ့သို့။ ဝိရောစတိ၊ ကိလေသာ-ဟူ၊မြူမှုံကင်းပျောက်၊ဉာဏ်ရောင်ပေါက်၍၊တွန်းတောက်တင့်တယ်လေ၏။

ဤတွင်ရွေကား၊
မဂ္ဂင်ရှစ်ပါး၊တရားအစုကို၊
သဘောတူရာ-တူရာ ပေါင်း၍၊
ပညာ-သီလ-သမာဓိ-ဟူသော
အမည်ဖြင့်-ပြာဏ်းပြီး၏။

---

(၆) ဤပါဠိအာ၌၊ နောက်၌ပြဆိုအပ်ခဲ့ပြီးသော၊ သစ္စာလေးပါးတို့တွင်၊ ၊[၁] ဒုက္ခသစ္စာ၌။ အစဉ်အတိုင်း၊ (က) သစ္စာဉာဏ်၊ (ခ)ကိစ္စဉာဏ်၊ (ဂ)ကတဉာဏ်, အားဖြင့်၊ ဉာဏ်သုံးပါးတို့၏ ဖြစ်ပုံကိုပြခြင်းအကျိုးငှါ၊ အောက်၌ပါသော ဒေသနာအစဉ်ကို၊ (သင်္ဂါယနာ)တင်တော်မူကြကုန်၏။

## (၁၄) (၁) ဒုက္ခသစ္စာ၌ (၁) သစ္စဉာဏ်

(က) [ဣဒံ ဒုက္ခံ။
(ခ) အရိယ သစ္စန္တိ၊ မေဘိက္ခဝေ၊ (လ)
(ဂ) အာလောကော ဥဒပါဒိ။]ဟူ၏။

## (၁၅) (၁) ဒုက္ခသစ္စာ၌ (၂) ကိစ္စဉာဏ်

(က) [တံခေါပနိဒံ ဒုက္ခံ။
(ခ) အရိယ သစ္စံ ပရိညေယျန္တိ၊(လ)
(ဂ) အာလောကော ဥဒပါဒိ]ဟူ၏။

## (၁၆) (၁) ဒုက္ခသစ္စာ၌ (၃) ကတဉာဏ်

(က) [တံခေါ်ပနိဒံ ဒုက္ခံ။
(ခ) အရိယ သစ္စံ ပရိညာတန္တိ၊ (လ)
(ဂ) အာလောကော ဥဒပါဒိ] ဟူ၏။

## (၁၇) (၁) ဒုက္ခသစ္စာ၌ (၁) သစ္စဉာဏ်၅-ပါးဖြစ်ပုံ ပါဠိဘာသာမှ မြန်မာဘာသာပြန်ဆိုချက်း

(၁၇) အို....''ပဉ္စဝဂ္ဂီ''ရဟန်းတို့။

သင်တို့ဆရာ၊ဗုဒ္ဓမည်တွင်၊ ငါဘုရားရှင်သည်၊ ဘုရားမဖြစ်မီ၊ ရှေးအဘို့၌ဖြစ်သော အနမတဂ္ဂ၊ သံသရာစက်၌ ၊အိပ်မက်တွင်မျှ၊ မမြင်ရဘူး။ မကြားရဘူး၊ ထူးဆန်းနက်နဲ၊ ခက်ခဲသိမ်မွေ့သော သဘောရှိသော တဏှာကြဉ်သော တေဘူမက သင်္ခါရ တရားဟူသော ဒုက္ခဖြစ်သော အရိယသစ္စာကို၊ သိမြင်တတ်သောဉာဏ်သည်၊(ဤယခုအခါ၌) သုံးလူ့ထွတ်တင်၊ ဘုရားရှင်အဖြစ်သို့၊ စင်စစ်ကေန်၊ အမှန်ရောက်လာသောအခါ၌၊ ထင်ရှားစွာဖြစ်ပေါ်လာ၏။

အဘယ်သို့လျှင်၊ ဖြစ်ပေါ်လာသနည်းဟူမူကား။

(၁) ※ စက္ခုံ ဥဒပါဒိ။ ။ဟူသော ပါဠိအရ။ ။ [※ဤ တဏှာကြဉ်သော တေဘူမက သင်္ခါရဟူသော ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည်၊ ဒုက္ခသစ္စာ၊ ဆင်းရဲကေန်၊ စင်စစ်မှန်၏။] ဟု၊ ဒုက္ခသစ္စာကို မြင်တတ်သော ပညာမျက်စိသည်၊ ဖြစ်ပေါ်လာ၏။

(၂) ※ ဉာဏံဥဒပါဒိ။ ။ဟူသောပါဠိအရ။ ။※ဒုက္ခသစ္စာကို သိခြင်းသည်၊ ထင်ရှားဖြစ်ပေါ်လာ၏။

(၃) ※ ပညာ ဥဒပါဒိ။ ။ဟူသော ပါဠိအရ။ ။※ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့၌၊ ဇာတိ,ဒုက္ခစသည်ကို၊အပြားအားဖြင့် သိတတ်သော ပညာသည်၊ထင်ရှားဖြစ်ပေါ်လာ၏။

(၄) ※ ဝိဇ္ဇာ ဥဒပါဒိ။ ။ဟူသော ပါဠိ အရ။ ။※ ဒုက္ခသစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်၊ထင်ရှားဖြစ်ပေါ်လာ၏။

(၅) ※ အာလောကော ဥဒပါဒိ။ ။ဟူသော ပါဠိအရ။ ။ ※ ဒုက္ခသစ္စာကို၊ သိတတ်သော ပညာဟူသော အရောင်အလင်းသည်၊ ထင်ရှားဖြစ်ပေါ်လာ၏။

ဤသို့လျှင်၊တေဘူမက သင်္ခါရတရားဟူသော ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့၌၊ [ဒုက္ခသစ္စာ၊ ဆင်းရဲကေန်၊စင်စစ်မှန်၏]ဟု၊ သိခြင်းသည်၊ ပုထုဇဉ်တို့၏ဉာဏ်ဖြင့်၊ သိခြင်းမျိုးကဲ့သို့မဟုတ်မူ၍။ အရိယာပုဂ္ဂိုလ်တို့၏ဉာဏ်ဖြင့်—အဖန်ဖန်ဆင်ခြင်၍၊ ပြင်ဆင်ရန်မရှိ၊ ပကတိ, ဟုတ်မှန်သည့်အတိုင်း၊သိခြင်းပင်ဖြစ်၏။ ။ဤသည်ကား၊ဒုက္ခသစ္စာ၌၊ အမှန်ကိုသိသောသစ္စာဉာဏ်ဖြစ်ပုံတည်း။

ဤတွင်၊တခဏ်းပြီး၏။

---

## (၁၅) (၁) ဒုက္ခသစ္စာ၌, (၂) ကိစ္စဉာဏ်၅—ပါးဖြစ်ပုံ ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုခဏ်း

(၁၅) အို····"ပဉ္စဝဂ္ဂီ"ရဟန်းတို့။

သင်တို့ဆရာ၊ဗုဒ္ဓ—မည်တွင်၊ ငါဘုရားရှင်သည်၊ဘုရားမဖြစ်မီ၊ ရှေးအဘို့ဖြစ်သော အနမတဂ္ဂ၊ သံသရာစက်၌၊အိပ်မက်တွင်မျှ၊မမြင်ရဘူး၊ မကြားရဘူး၊ ထူးဆန်းနက်နဲ၊ ခက်ခဲသိမ်မွေ့သော သဘောရှိသော တဏှာကြဉ်သော တေဘူမက သင်္ခါရတရားဟူသော ဒုက္ခဟူသော အရိယသစ္စာကို၊ [ ※ ဤ ရုပ်, နာမ်, တရားသည်ကား၊ ဒုက္ခသာတည်း။ ။ဒုက္ခသစ္စာဖွဲ့ဆိုသောတရားသည်ကား၊ ဤရုပ်,နာမ်မျှသာရှိ၏။]ဤ ရုပ်,နာမ်,ထက်၊အပိုအလွန်မရှိ။ ။ဤ ရုပ်,နာမ်,အောက်အယုတ် အလျော့မရှိ။ ။ဤရုပ်,နာမ်,ကို ချန်လှပ်၍၊ဒုက္ခသစ္စာ ဖွဲ့ဆိုစရာမရှိ-ဟု—စသည်ဖြင့်၊ ထက်ဝန်းကျင်မှ၊ ပိုင်းခြား၍ သိအပ်၏,သိထိုက်၏။ ။သိအောင်ပြုရမည် ဟု၊ သိတတ်သော ဉာဏ်သည်၊ (ဤယခုအခါ၌)၊ သုံးလူ့ထွတ်တင်၊ဘုရားရှင်အဖြစ်သို့၊ စင်စစ်ကေန်၊ အမှန်ရောက်လာသောအခါ၌၊ ထင်ရှားစွာဖြစ်ပေါ်လာ၏။

အဘယ်သို့လျှင်၊ဖြစ်ပေါ်လာသနည်းဟူမူကား။

(၁) ※ စက္ခုံ ဥဒပါဒိ။ ။ဟူသောပါဠိအရ။

ဤဒုက္ခသစ္စာမည်သော တရားတို့သည်။ [※ ဤရုပ်, နာမ်, တရားတို့သည်သာလျှင် ဖြစ်သတည်း။ ဤရုပ်, နာမ်,ကို ချန်လှပ်၍၊ ဒုက္ခသစ္စာ, ဖွဲ့ဆိုစရာ မရှိ၊ဟု–စသည်ဖြင့်၊ ဒုက္ခသစ္စာ၌၊ အရေအတွက်ကို၊ ပိုင်းခြားတိတိ၊သိမြင်အပ်၏ဟု၊ သိမြင်တတ်သော ပညာမျက်စိသည်၊ထင်ရှားစွာဖြစ်ပေါ်လာ၏။

(၂) ※ ဉာဏံ ဥဒပါဒိ။ ။ဟူသောပါဠိအရ။

ဤဒုက္ခသစ္စာမည်သော တရားတို့သည်၊[※※※] ဒုက္ခသစ္စာ၌၊ အရေအတွက်ကို၊ပိုင်းခြားတိတိ၊သိမြင်အပ်၏ဟု၊ သိတတ်သော ဉာဏ်သည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

(၃) ※ ပညာ ဥဒပါဒိ။ ။ဟူသော ပါဠိအရ။

ဤဒုက္ခသစ္စာမည်သော တရားတို့သည်၊ [※※※] သိမြင်အပ်၏ဟု၊ အပြားအားဖြင့် သိတတ်သော ဉာဏ်သည်၊ ထင်ရှားစွာဖြစ်ပေါ်လာ၏။

(၄) ※ ဝိဇ္ဇာ ဥဒပါဒိ။ ။ဟူသော ပါဠိအရ။

ဤဒုက္ခသစ္စာမည်သော တရားတို့သည်၊[※※※]သိမြင်အပ်၏ဟု၊ ထိုးထွင်း၍ သိတတ်သောဉာဏ်သည်၊ ထင်ရှားစွာဖြစ်ပေါ်လာ၏။

(၅) ※ အာလောကော ဥဒပါဒိ။ ။ဟူသောပါဠိအရ။

ဤဒုက္ခသစ္စာမည်သော တရားတို့သည်၊ [※※※] သိအပ်၏ဟု၊ သိတတ်သော ပညာဟူသော အရောင်အလင်းသည်၊ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

ဤသို့လျှင်၊ ဒုက္ခသစ္စာမည်သော တရားတို့သည်၊ တဏှာ,ကြဉ်သော တေဘူမက သင်္ခါရ-တရားဟူသော ခန္ဓာငါးပါး၊ ရုပ်,နာမ်,တရား

တို့သည်သာလျှင်တည်း။ ။ထိုခန္ဓာငါးပါး၊ ရုပ်,နာမ်,တရားတို့ကို၊ ချန်လှပ်၍၊ဒုက္ခသစ္စာ ဖွဲ့ဆိုစရာမရှိ-ဟု၊ စသည်ဖြင့်၊ဒုက္ခသစ္စာ၌၊ အရေအတွက်ကို၊ ထက်ဝန်းကျင်မှ၊ ပိုင်းခြားတိတိ၊ သိမြင်ခြင်းသည်၊ ပုထုဇဉ်တို့၏ ဉာဏ်ဖြင့်၊ သိခြင်းမျိုးကဲ့သို့ မဟုတ်။ အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်ဖြင့်၊ အဖန်ဖန်ဆင်ခြင်၍၊ ပြင်ဆင်ရန်မရှိ၊ ပကတိဟုတ်မှန်သည့် အတိုင်း,သိခြင်းပင်ဖြစ်၏။ ။ဤသည်ကား၊ ဒုက္ခသစ္စာ၌၊ ပိုင်းခြား၍ သိအပ်, သိထိုက်သောကိစ္စဉာဏ်ဖြစ်ပုံတည်း။

ဤတွင်၊တခဏ်းပြီး၏။

---

## (၁၆) ဒုက္ခသစ္စာ၌,(၃)ကတဉာဏ် ၅-ပါးဖြစ်ပုံ ပါဠိဘာသာမှ၊ မြန်မာသာသာပြန်ဆိုခဏ်း

(၁၆) အို....''ပဥ္စဝဂ္ဂီ''ရဟန်းတို့။

သင်တို့ဆရာ၊ ဗုဒ္ဓမည်တွင်၊ ငါဘုရားရှင်သည်၊ ဘုရားမဖြစ်မီ၊ ရှေးအဘို့ဖြစ်သော အနမတဂ္ဂ၊ သံသရာစက်၌၊ အိပ်မက်တွင်မျှ၊ မမြင်ရဘူး၊ မကြားရဘူး၊ ထူးဆန်းနက်နဲ၊ ခက်ခဲသိမ်မွေ့သော သဘောရှိသော တဏှာ ကြဉ်သော တေဘူမကသံခါရ- တရားဟူသော ဒုက္ခဖြစ်သော အရိယသစ္စာကို၊ [ဤရုပ်, နာမ်, တရားသည်ကား,ဒုက္ခသာတည်း၊ဒုက္ခသစ္စာ,ဖွဲ့ဆိုသောတရားသည်လည်း၊ ဤရုပ်, နာမ်, မျှသာတည်း။]။ ။ဤရုပ်, နာမ်,ထက်၊ အပိုအလွန်မရှိ။ ။ဤရုပ်,နာမ်, အောက်၊ အယုတ်,အလျော့မရှိ။ ။ဤရုပ်, နာမ်ကိုချန်လှပ်၍၊ ဒုက္ခသစ္စာဖွဲ့ဆိုစရာမရှိ ဟု- စသည်ဖြင့်၊ ထက်ဝန်းကျင်မှ၊ ပိုင်းခြား၍ သိအပ်ပြီ၊ (သိပြီးပြီ)ဟု၊ သိတတ်သောဉာဏ်သည်။ (ဤယခုအခါ၌)၊ သုံးလူ့ ထွတ်တင်၊ဘုရားရှင်အဖြစ်သို့၊စင်စစ်ကေန်၊ အမှန်ရောက်လာသောအခါ၌၊ ထင်ရှားစွာပေါ်လာ၏။

အဘယ်သို့လျှင်၊ ဖြစ်ပေါ်လာသနည်းဟူမူကား။

(၁) ※ စက္ခုံ ဥဒပါဒိ။ ။ဟူသောပါဠိအရ။

ဤဒုက္ခသစ္စာမည်သောတရားတို့သည်၊[※ဤရုပ်,နာမ်, တို့သည်သာလျှင်၊ ဖြစ်သတည်း။ ဤရုပ်, နာမ်, ကို၊

ချန်လှပ်၍၊ ဒုက္ခသစ္စာ ဖွဲ့ဆိုစရာ မရှိ ဟု-စသည်ဖြင့်၊ ထက်ဝန်းကျင်မှ, ပိုင်းခြား၍] သိအပ်ပြီ၊ (သိပြီးပြီ) ဟု၊ သိမြင်တတ်သော ပညာမျက်စိသည်၊ ထင်ရှားစွာဖြစ်ပေါ်လာ၏။

(၂) ※ ဉာဏံ ဥဒပါဒိ။ ။ဟူသောပါဠိအရ။

ဤဒုက္ခသစ္စာ မည်သော တရားတို့သည်။ [※※※] သိအပ်ပြီ၊ (သိပြီးပြီ) ဟု၊ သိတတ်သော ဉာဏ်သည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

(၃) ※ ပညာ ဥဒပါဒိ။ ။ဟူသောပါဠိအရ။

ဤဒုက္ခသစ္စာမည်သော တရားတို့သည်၊ [※※※] သိအပ်ပြီ၊(သိပြီးပြီ)ဟု၊ အပြားအားဖြင့်၊ သိတတ်သော ဉာဏ်သည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

(၄) ※ ဝိဇ္ဇာ ဥဒပါဒိ။ ။ဟူသောပါဠိအရ။

ဤဒုက္ခသစ္စာမည်သော တရားတို့သည်၊ [※※※] သိအပ်ပြီ၊(သိပြီးပြီ)ဟု၊ ထိုးထွင်း၍သိတတ်သော ဉာဏ်သည်၊ထင်ရှားစွာဖြစ်ပေါ်လာ၏။

(၅) ※ အာလောကော ဥဒပါဒိ။ ။ဟူသောပါဠိအရ။ ။

ဤဒုက္ခသစ္စာ မည်သောတရားတို့သည်၊ [※※※] သိအပ်ပြီ၊ (သိပြီးပြီ)ဟု၊ သိတတ်သော, ပညာဟူသော အရောင်အလင်းသည်၊ ထင်ရှားစွာဖြစ်ပေါ်လာ၏။

ဤသို့လျှင်၊ ဒုက္ခသစ္စာမည်သောတရားတို့သည်၊ တဏှာ ကြွင်းသော တေဘူမကသင်္ခါရတရားဟူသော, ခန္ဓာငါးပါး၊ ရုပ်,နာမ်,တရားတို့သည်သာလျှင်တည်း။ ထိုခန္ဓာ ငါးပါး ရုပ်, နာမ်, တရားတို့ကို၊ ချန်လှပ်၍၊ ဒုက္ခသစ္စာဖွဲ့ဆိုစရာ တရား တပါးမရှိ—ဟု၊ စသည်ဖြင့်၊ ဒုက္ခသစ္စာ၌ အရေအတွက်ကို၊ ထက်ဝန်းကျင်မှ၊ ပိုင်းခြား တိတိ၊သိမြင်ခြင်းသည်၊ ပုထုဇဉ်တို့၏ ဉာဏ်ဖြင့်၊ သိခြင်းမျိုးကဲ့သို့မဟုတ်၊ အရိယာပုဂ္ဂိုလ်တို့၏ဉာဏ်ဖြင့်၊အဖန်ဖန် ဆင်ခြင်၍၊ ပြင်ဆင်ရန်မရှိ၊ ပကတိ

ဟုတ်မှန်သည့်အတိုင်း၊ သိခြင်းပင်ဖြစ်၏။ ။ဤသည်ကား၊ ဒုက္ခသစ္စာ၌၊ ပိုင်းခြား၍၊ (သိပြီး) ဖြစ်သော, ကတဉာဏ်ဖြစ်ပုံတည်း။

ဤတွင်၊တခန်းပြီး၏။

---

ဤအရာ၌၊ အဓိပ္ပါယ်ခက်၊ဆက်၍ဆိုဦးအံ့။

ဤဒုက္ခသစ္စာကို၊ ဉာဏ်သုံးပါးဖြင့် သိမြင်ပုံနည်း, ဟောတော်မူရာ၌–

(၁) ※ စက္ခုံ ဥဒပါဒိ။ ။ဒုက္ခသစ္စာကို သိမြင်တတ်သော ပညာမျက်စိသည်၊ ထင်ရှားဖြစ်၏=ဟူ၍ငှင်း။

(၂) ※ ဉာဏံဥဒပါဒိ။ ။ဒုက္ခသစ္စာကိုသိခြင်းသည်၊ ထင်ရှားဖြစ်၏=ဟူ၍ငှင်း။

(၃) ※ ပညာ ဥဒပါဒိ။ ။ဇာတိဒုက္ခ,စသည်ကို၊အပြားအားဖြင့် သိခြင်းသည်၊ ထင်ရှားဖြစ်၏=ဟူ၍ငှင်း။

(၄) ※ ဝိဇ္ဇာဥဒပါဒိ။ ။ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်းသည်၊ ထင်ရှားဖြစ်၏=ဟူ၍ငှင်း။

(၅) ※ အာလောကော ဥဒပါဒိ။ ။ဒုက္ခသစ္စာကို၊ ဖုံးလွှမ်းတတ်သော (မောဟ) တည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော (ပညာ) အရောင်အလင်းသည်၊ ထင်ရှားဖြစ်၏=ဟူ၍ငှင်း, ဟောတော်မူ၏။

ဤသို့ဟောတော်မူရာ၌၊ သိမ်မွေ့နက်ခဲ၊ နက်နဲသောသဘောရှိသော (ပဋိသမ္ဘိဒါ)ဉာဏ်မျိုးဖြစ်ပုံနည်းကို- ချန်လှပ်၍၊သာမည-အနေဖြင့်၊ ကြည့်မူ၊ သစ္စာလေးပါးကို သိမြင်တတ်သော "သောတာပတ္တိ" မဂ်ဉာဏ်မှစ၍၊ အဆင့်ဆင့်သော မဂ်,ဉာဏ် ဖိုလ်,ဉာဏ် တို့သာ ဖြစ်ကုန်၏။ ထို့ကြောင့်၊ ဤ၅-ပုဒ်၏အဓိပ္ပါယ်ကို၊ သင့်ရာဥပမာ စကားဖြင့်၊ နှိုင်းယှဉ်-အကျဉ်းချုံး၍၊ ဆိုအပ်လတ္တံ့။

(၁) ※ စက္ခုံဥဒပါဒိ။ ။ဟူသောပါဠိအရ။

ဒုက္ခသစ္စာကို၊ သစ္စာဉာဏ်ဖြင့်၊ သိမြင်တတ်သော ပညာမျက်စိဖြစ်ပုံကို၊ ဥပမာဖြင့်၊ထင်စွာပြဦးအံ့။

ဤလောက၌၊ ပညာမျက်စိ၊ အမြင်မရှိသော သူသည်၊ ထိုထိုသို့သော အဆင်းရူပါရုံတို့၌၊ အဆိုးအကောင်းကို၊ မခွဲခြမ်း၊ မဝေဘန်နိုင်မှု၍၊ ရံခါ-ရံခါ၌၊ အဆိုးကိုအကောင်းထင်မိ၏။

ရံခါ-ရံခါ၌၊ အကောင်းကို အဆိုးထင်မိ၏။
ရံခါ-ရံခါ၌၊ အဆိုးကို အဆိုးဟူ၍ပင်ထင်မိ၏။

ရံခါ-ရံခါ၌၊ အကောင်းကို အကောင်းဟူ၍ပင်ထင်မိ၏။ ။ထိုလေးမျိုးတို့တွင်၊ အဆိုးကိုအဆိုးမှန်းသိ၍၊ စွန့်လွှတ်နိုင်မှု၊အကျိုးရ၏။ အကောင်းကို အကောင်းမှန်းသိ၍၊ အားထုတ်ခဲ့မှု၊ အကျိုးရပြန်၏။ အဆိုးကို အကောင်းထင်မိခဲ့မှု၊ အပြစ်ရ၏။ အကောင်းကို အဆိုးထင်၍ စွန့်လွှတ်ခဲ့မှုလည်း၊ အကျိုးယုတ်၏။ ။ထိုနည်းအတူ၊ ဤလောကုတ္တရာ, သာသနာတော်ဘက်၌လည်း၊ လောကုတ္တရာသမ္မာဒိဋ္ဌိမဂ္ဂင်,ပညာမျက်စိ၊အမြင်မရှိသောသူသည်၊အဝိဇ္ဇာတရား ဖုံးလွှမ်း၍၊ တဏှာသုံးမျိုး၊ အုပ်စိုးစီမံသည့် (ကံ) အတိုင်း၊ ဘုံသုံးပါးဟူသော သံသရာအပြင်၌၊ ကျင်လည်ကြရာ၊ (ရံခါ-ရံခါ၌)မှု၊ တေဘူမကသင်္ခါရဟူသော ခန္ဓာငါးပါး၊ ရုပ်,နာမ်တရားတို့၌၊ သာယာစွဲလမ်းခြင်း- တဏှာ၊ အထင်ကြီးခြင်း- မာန၊ အမြင်မှားခြင်း- ဒိဋ္ဌိ, တရားတို့၏၊ ဖြားယောင်းသွေးဆောင်ချက်အတိုင်း၊=

(၁) နိစ္စသညာ၊ မြဲ၏ဟူသော အမှတ်သည်ရင်း။
(၂) သုခသညာ၊ ချမ်းသာ၏ဟူသော အမှတ်သည်ရင်း။
(၃) အတ္တသညာ၊ အနှစ်သာရ ရှိ၏ဟူသော အမှတ်သည်ရင်း, ဖြစ်ပေါ်လာ၍၊ ထိုထိုအမှတ်သညာတို့၏ နောက်လိုက်၊ အမိုက်မိုက်- အမှားမှား၊ အကုသိုလ်တရားတို့၊ ဖြစ်ပွါးပေါ်လာ၍၊ သေသည်၏အခြားမဲ့၌၊ အပါယ်လေးပါးသို့ ကျရောက်ရခြင်းစသည်တို့ဖြင့်၊အနမတဂ်၊ သံသရာစက်သည်၊ အဆက်မပြတ်နိုင်အောင်၊ ရှည်လျားစွာဖြစ်ရ၏။

ရံခါ-ရံခါ ၌မှု၊ ထိုတေဘူမက သင်္ခါရ-ဟူသော ခန္ဓာငါးပါး၊ ရုပ်,နာမ်တရားတို့၏၊ ဖြစ်ခြင်း, ပျက်ခြင်းဖြင့်၊ အတင်းကြမ်းလျက်၊ အပြင်းဘမ်းခါ၊ ညှဉ်းပန်းနှိပ်စက်ပုံကို၊ အာရုံထင်ထင်၊ သိမြင်ရ၍၊

ထိုခန္ဓာငါးပါး, အစဉ်ဖြင့်သာ၊ သံသရာခွင်၌၊ ကျင်လည်မျောပါးရမည်ဆိုက၊ ထိုအရေးသည်၊ ကြီးလေးသော ဒုက္ခကြီး-ဖြစ်စွတကားဟု၊ ဘာဝနာဉာဏ်သွားဖြင့်၊ ပွါးများခါ- စိတ်မသန့်ဘဲ၊ ထိတ်လန့်ကြောက်ရွံ့သော- ဘယဉာဏ်၊ အဖေါ်အတွေ့တို့ဖြင့်၊ မပျော်မွေ့နိုင်ဘဲ၊ ငြီးငွေ့သော-နိဗ္ဗိန္ဒဉာဏ်၊ မချစ်မခင်မူ၍၊ အပြစ်တင်ခါ၊ ရှုတတ်သော- အာဒီနဝဉာဏ်, စသည်တို့ဖြစ်၍၊ ထိုဉာဏ်အမြင်တို့ကို၊ အရင်းတည်၍၊ သမ္မာဒိဋ္ဌိ,အစရှိသော မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်ကို၊ ပွါးများချေကလည်း၊ တဆင့်ထက် တဆင့်၊ ရင့်သန်သော သမ္မာဒိဋ္ဌိဉာဏ်အမြင်,စသည်တို့ဖြစ်၍၊ သံသရာ၌၊ ခန္ဓာငါးပါး၊ ဖြစ်ပွါးခြင်း- ချုပ်ငြိမ်း၍၊ စခန်းသိမ်းကြရာ၏။

အို....“ပဉ္စဝဂ္ဂီ”ရဟန်းတို့။

ဤယခုအခါ၌၊ သင်တို့ဆရာ၊ ဗုဒ္ဓမည်တွင်၊ ငါဘုရားရှင်အား၊ တေဘူမက သင်္ခါရ-ဟူသော ခန္ဓာငါးပါး၊ ရုပ်,နာမ်,တရားတို့၏၊ အဆိုးအကောင်းကို၊ ပိုင်းခြားထင်ထင်၊သိမြင်တတ်သော၊(ပကတိ)သော မျက်စိနှင့်တူသော လောကုတ္တရာသမ္မာဒိဋ္ဌိမဂ္ဂင်ပညာသည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာပြီ=ဟူ၍ဟောတော်မူ၏။ ။ထို့ကြောင့် ထိုပညာတည်းဟူသောမျက်စိဖြင့်၊ ဤတဏှာကြဉ်သော တေဘူမက သင်္ခါရ-ဟူသော ခန္ဓာငါးပါး၊ရုပ်,နာမ်,တရားတို့သည်၊ [ဒုက္ခသစ္စာ၊ ဆင်းရဲကေန်၊ စင်စစ်မှန်၏] ဟူ၍၊ သိမြင်ပြီးဖြစ်ရကား။ ဤအရာ၌၊ သမ္မာဒိဋ္ဌိ မဂ္ဂင် ပညာကို၊ မျက်စိအရာ၌ တင်စား၍၊ (စက္ခုံဥဒပါဒိ) ဟူ၍၊ ဟောတော်မူ၏။

(၁) စက္ခုံ၊ ခန္ဓာငါးပါး၊ရုပ်,နာမ်,တရားတို့၏၊ ဆင်းရဲကေန်၊ စင်စစ်မှန်၏ဟု၊ သိမြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားစင်စစ်၊ ဖြစ်ပေါ်လာ၏။

(၂) ※ ဉာဏံ ဥဒပါဒိ။ ။ဟူသောပါဌ်အရ။
(ဒုက္ခသစ္စာ) ကို၊ သစ္စာဉာဏ်ဖြင့်၊ သိမြင်တတ်သော ဉာဏ်ဖြစ်ပုံကို၊ ဥပမာဖြင့်၊ ထင်စွာပြဦးအံ့။

ဤလောက၌၊ ဉာဏ်မရှိသောပုဂ္ဂိုလ်သည်၊ မိမိ၏အဖြစ်၌၊ ဆင်းရဲချမ်းသာကို၊ ခွဲခြား၍၊ မသိနိုင်ကြကုန်။ ။အကောင်းအဆိုးကိုလည်း၊ ခွဲခြား၍မသိနိုင်ကြကုန်။

ထိုနည်းအတူ၊ ဤလောကုတ္တရာဘက်၌လည်း၊ လောကုတ္တရာသမ္မာဒိဋ္ဌိမဂ္ဂင်၊ ဉာဏ်အမြင်မရှိသော သူသည်၊ အဝိဇ္ဇာတရား ဖုံးလွှမ်း၍၊ တဏှာ-သုံးမျိုး၊ အုပ်စိုးစီမံသည့် (ကံ)အတိုင်း၊ ဘုံသုံးပါးဟူသော သံသရာအပြင်၌၊ ကျင်လည်မျောပါးနေကြရာ၊ ဆင်းရဲချမ်းသာကို ခွဲခြား၍၊ မသိနိုင်ကြကုန်ရကား။ ဒုက္ခဝတ္ထု၊ ဒုက္ခအစုမျှသာဖြစ်သော ဤခန္ဓာကိုယ်ဆိုး၊ရုပ်,နာမ်,မျိုးကိုပင်၊အဖိုးထိုက်၊အဖိုးတန်၊အမျိုးမှန်ဖြစ်သောအထည်ပစ္စည်းဝတ္ထုမျိုးကဲ့သို့ထင်၍၊ဤပစ္စုပ္ပန်ဘဝ၌၊လက်ရှိရပြီးဖြစ်သော တေဘူမက သင်္ခါရ-ဟူသော ခန္ဓာငါးပါး၊ရုပ်,နာမ်, တရားတို့၌၊ မဲမဲ-သဲသဲ၊စွဲစွဲ-လမ်းလမ်း၊မစွန့်လွှတ်နိုင်ဘဲရှိကြကုန်၏။

အနာဂတ်ဘဝ၌၊ ရလတ္တံ့, ရောက်လတ္တံ့,ဖြစ်သော ခန္ဓာငါးပါး၊ ရုပ်,နာမ်,တရားတို့၌၊ ရလိုမှု၊ရောက်လိုမှုဖြင့်၊ ဒါန,သီလ,ဘာဝနာ, အစရှိသောကုသိုလ်အစု၊ကောင်းမှုတရားတို့ကို၊ပြုကြကုန်၏။

ဤပစ္စုပ္ပန်ဘဝ၌၊ ခန္ဓာငါးပါး၊ ရုပ်,နာမ်,တရားတို့၌၊ သာယာစွဲလမ်း၊တင်မ်းငမ်းဖြင့်၊ အမွှမ်းတင်မှု၊ ပြုစုကြောင့်ကြခြင်း, မကင်းရကား၊ ထိုဘဝခန္ဓာအတွက်၊တသက်လျာမျှ၊ အခိုက်အတန့်ကာလကို၊ ငဲ့ကွက်ထောက်ညှာ၍၊ အကုသိုလ်မှု၊ ဒုစရိုက်စုတို့ကို၊ ပြုကြသဖြင့်၊ အပါယ်လေးဘုံ၊ကြိုရာဘဝ၌၊ သူ-ငါ-တသိုက်၊(ကံ)အလိုက်ဖြင့်၊ ခေါင်းဆိုက်ချဉ်းကပ်ကြရကုန်၏။ ။ဤသို့သော သဘောဖြင့်၊အတောမသတ်၊ လောကဓာတ် ဟူသော သံသရာ၊ခန္ဓာဝန်, ဇာတ်လမ်းသည်၊ စခန်းမသိမ်းနိုင်ဘဲ၊ ရှည်လျား၍ နေကြရကုန်၏။

အို....''ပဉ္စဝဂ္ဂီ''ရဟန်းတို့။

ဤယခုအခါ၌၊ သင်တို့ဆရာ၊ဗုဒ္ဓမည်တွင်၊ငါဘုရားရှင်အား၊တေဘူမကသင်္ခါရ-ဟူသော ခန္ဓာငါးပါး၊ ရုပ်,နာမ်,တရားတို့၏၊ဆင်းရဲချမ်းသာ၊ အဆိုးအကောင်းကို၊ ပိုင်းခြားထင်ထင်၊သိမြင်တတ်သော လောကုတ္တရာသမ္မာဒိဋ္ဌိမဂ္ဂင် ဉာဏ်ပညာသည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာပြီ-ဟူ၍၊ဟောတော်မူ၏။

ထို့ကြောင့်၊ထိုဉာဏ်ပညာဖြင့်၊တော့ဘူမက သဒ္ဒါရ-ဟူသော ခန္ဓာငါးပါး၊ ရုပ်,နာမ်,တရားတို့သည် [ဒုက္ခသစ္စာ၊ ဆင်းရဲဧကန်၊ စင်စစ်မှန်၏။] ဟူ၍၊သိပြီးဖြစ်ရကား။ ။ဤအရာ၌၊လောကုတ္တရာသမ္မာဒိဋ္ဌိမဂ္ဂင်, ပညာကို၊ (ဉာဏ်)ဟူ၍-ဟောတော်မူ၏။

(၂) ဉာဏ်၊ ဒုက္ခသစ္စာကိုသိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားစင်စစ်၊ဖြစ်ပေါ်လာပြီ။

(၅) ※ အာလောကော ဥဒပါဒိ။ ။ဟူသော ပါဠိအရ။ ။ ဒုက္ခသစ္စာကို၊ သစ္စာဉာဏ်ဖြင့်၊ သိမြင်တတ်သော ပညာ အရောင်အလင်းဖြစ်ပုံကို၊ဥပမာဖြင့်၊ထင်စွာပြဦးအံ့။

ဤလောက၌၊ပကတိသော,မီးရောင်,နေရောင်,လရောင်,တို့မှကင်းကွာ၍၊ မိုဃ်းသား တိမ်တောင်, တိမ်လိပ်တို့ဖြင့်၊ပြည့်ယိပ် ညို့မှောင်လျက်၊အချိန်မဲ့ (အ ကာလ) ညဥ့်သန်းခေါင်အခါ၊ တခဲနက်,ထူထပ်သောတောအုပ်ကြီးအတွင်းသို့၊ (ကံ)အလျောက်၊ရောက်သွားရသောသူသည်၊ ထိုတောအုပ်ကြီးထဲ၌၊ မိမိ၏အသက် အန္တရာယ်ကို၊ ပြုမည့်မြွေ, သစ်, ကျား,စသော ဘေးရန်အမျိုးမျိုးတို့ဖြင့်၊ ပြိုးပြွမ်း ရောနှောလျက်နေပုံကိုဋင်း။ စားမိ,သောက်မိ, သုံးစွဲမိ, သည်နှင့်တပြိုင်နက်၊ လတ်တလောခြင်း၊သေစေတတ်သော အဆိပ်သီး, အဆိပ်ပွင့်, အဆိပ်ရေ, အမျိုးမျိုးတို့ဖြင့်၊ ပြိုးပြွမ်းရောနှောလျက်နေပုံကိုဋင်း။ ဟုတ်တိုင်းထင်ထင်၊ မမြင်အောင် ပိတ်ကာလျက်၊စိတ်ပါအောင်, ယူဆောင်တတ်သည့်၊ ဝိဇ္ဇာ, သူယောင်, သူလျှောင်မ- အမျိုးမျိုးတို့ဖြင့်၊ ပြိုးပြွမ်း ရောနှောလျက်ရှိနေပုံကိုဋင်း။ အစုံ အလင်၊ မမြင်, မသိမူ၍၊ ထိုတောအုပ်ကြီးထဲ၌ပင်၊ ပျော်ရွှင် သောက်စား၊ တဟားဟားဖြင့်၊ ကစားမြူးတူး၊ မေ့လျော့ကြူးလျက်၊ ယစ်မူးပျော်ပိုက်၍သာ၊ သေကြေပျက်စီး,ခြင်းသို့၊ ရောက်ကြရကုန်၏။

ထိုနည်းအတူ၊ ဤလောကုတ္တရာဘက်၌လည်း၊ လောကုတ္တရာ သမ္မာဒိဋ္ဌိမဂ္ဂင်, ပညာအရောင်အလင်းမှ ကင်းလျက်၊ အဝိဇ္ဇာ,ကရားတည်းဟူသော မိုဃ်းမှောင်တို့ဖြင့်၊ ပိတ်ကာလျက်၊ တဏှာသုံးမျိုး၊ အုပ်စိုး

စီမံသည့်(ကံ) အတိုင်း၊ ဘုံသုံးပါးဟူသော သံသရာ- တောအုပ်ကြီး အတွင်းသို့၊ (ကံ) အလျောက်၊ သွားရောက်ကြရကုန်သော ပုထုဇဉ် သတ္တဝါတို့သည်၊ ထိုသံသရာ-တောအုပ်ကြီးထဲ၌ပင်၊ မိမိဟူသော ခန္ဓာ ငါးပါး၊ ရုပ်, နာမ်, တရားတို့၏၊ အသစ်တဖန်၊ ပြန်လည်ဖြစ်ရခြင်း ဟူသော- ဇာတိဒုက္ခ။

ဖြစ်ပေါ်လာပြီးသော ခန္ဓာစုသည်ပင်၊ ဆိုးရွား ဟောင်းမြင်း၊ အိုမင်း ရင့်ရော်ရခြင်းဟူသော--ဇရာဒုက္ခ။

အတည်မမြဲ၊ ပြိုကွဲပျက်ကြေ၊ သေလွန်ရခြင်းဟူသော- မရဏဒုက္ခ။

အကုသိုလ်မှု၊ ဒုစရိုက်စုတို့ကို၊ ပြုမိမှား၍၊ အပါယ်လေးပါးသို့၊ ကျရောက်ရခြင်းဟူသော- အာပါယိကဒုက္ခ။

ခန္ဓာပြတ်ကြွေ၊ သေလွန်သည်နှင့် တပြိုင်နက်၊ တဏှာသုံးမျိုး၊ အုပ် စိုးစီမံသည့် (ကံ) အတိုင်း၊ မဆိုင်းမတွ၊ ဘဝ-အသစ်၌၊ ဖြစ်မြဲဖြစ်ရိုး၊ အမျိုး အစဉ်အလာအားဖြင့်၊ ဖရိုဖရဲ၊ တကွဲတခြား၊ သွားရောက်ရ ခြင်းဟူသော-ဝိနိပါတိကဒုက္ခ။

ဤသို့စသောအားဖြင့်၊ တွင်းပ, နှစ်တန်၊ ဘေးရန်အမျိုးမျိုးတို့ဖြင့်၊ ပြိုးပြွမ်းရောနှောလျက် ရှိနေပုံကို၊ အစုံအလင်၊ မမြင်, မသိမူ၍၊ ထိုဘုံ သုံးပါးဟူသော သံသရာ-တောအုပ်ကြီးထဲ၌ပင်၊ (တဏှာ,မာန,ဒိဋ္ဌိ) တရားတို့၏၊ ဖြားယောင်း သွေးဆောင်ချက် အတိုင်း၊ ဘဝ- သမ္ပတ္တိ, ဘောဂသမ္ပတ္တိ, နှစ်ပါးတို့၌၊ စားလား, သောက်လား၊ တဟားဟား ဖြင့်၊ ကစားခြူးတူး၊ မေ့လျော့ ကြူးလျက်၊ ယစ်မူးပျော်ပိုက်၍သာ၊ ထိုက်သက်ရာရာ- ဘုံဘဝ၌၊ ကျင်လည်မျောပါးကြရကုန်၏။

အို....''ပဉ္စဝဂ္ဂီ''ရဟန်းတို့။

သင်တို့ဆရာ၊ ဗုဒ္ဓ- မည်တွင်၊ ငါဘုရားရှင်အား၊ (ဤယခုအခါ၌) ထိုဘုံသုံးပါးဟူသော သံသရာ- တောအုပ်ကြီးထဲ၌၊ မိမိဟူသော ခန္ဓာ ငါးပါး၊ ရုပ်, နာမ်, တရားတို့၏၊ အို, နာ, သေရေး၊ ဒုက္ခဘေးတို့ ဖြင့်၊ ရောထွေး ညှဉ်းပန်း၊ အတင်း ကြမ်းလျက်၊ အပြင်းဖမ်းယူ၊ ပြု မူ နှိပ်စက်ပုံကို၊ အစုံအလင်, သိမြင်တတ်သော လောကုတ္တရာ, သမ္မာ

ဒိဋ္ဌိ မဂ္ဂင်,ပညာဟူသော အရောင်အလင်းသည်၊ ထင်ရှားစွာဖြစ်ပေါ်လာပြီ-ဟူ၍၊ဟောတော်မူ၏။

ထို့ကြောင့်၊ ထိုပညာဟူသော အလင်းရောင်ဖြင့်၊ သံသရာဘဝဟူသော အတွင်းဆောင်၌၊ ကြဉ်းဆောင်လျက်၊ဖြစ်ခါ-ပျက်ခါ,နေသော ခန္ဓာငါးပါး၊ရုပ်,နာမ်, တရားတို့၏ဖြစ်ပုံ, ပျက်ပုံကို၊ အနုလုံ-ပဋိလုံဖြင့်၊အစုံအလင် သိမြင်ရပြီဖြစ်ရကား၊ဤအရာ၌၊သမ္မာဒိဋ္ဌိ မဂ္ဂင်,ပညာကို၊ အရောင်အလင်းအရာ၌၊တင်စား၍၊(အာလောကော ဥဒပါဒိ) ဟူ၍၊ ဟောတော်မူ၏။

(၅) အာလောကော၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏၊ ဒုက္ခသစ္စာ၊ မှန်စွာစင်စစ်၊ ထိုအဖြစ်ကို၊ မသိမမြင်အောင်၊ ဖုံးလွှမ်းတတ်သော (မောဟ) တည်းဟူသော အမိုက်တိုက်ကို၊ ဖျက်ဆီးတတ်သော (ပညာ) အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားစင်စစ်၊ ဖြစ်ပေါ်လာပြီ။

ဤတွင်၊တခန်းပြီး၏။

---

ဤတွင်ရွှေကား၊
မကျဉ်း,မကျယ်၊သိလွယ်တန်ရုံ၊
ဖွင့်ဆိုအပ်သော
ဒုက္ခသစ္စာ၌၊ဉာဏ်သုံးပါးဖြစ်ပုံကို၊ပြဆိုခန်းပြီး၏။

---

ဤယခုအခါ၌၊ နောက်၌ပြဆိုအပ်ခဲ့ပြီးသော နည်းအတူ၊[၂] သမုဒယသစ္စာ၌၊ အစဉ်အတိုင်း၊ (က) သစ္စာဉာဏ်၊ (ခ) ကိစ္စဉာဏ် (ဂ)ကတဉာဏ်, အားဖြင့်၊ ဉာဏ်သုံးပါးတို့၏ ဖြစ်ပုံကို၊ပြခြင်းအကျိုး ငှါ၊ အောက်၌ပါသော ဒေသနာအစဉ်ကို၊(သင်္ဂါယနာ)တင်တော်မူကြကုန်၏။

## (၁၇) (၂) သမုဒယသစ္စာ၌ (၁)သစ္စဉာဏ်၊

(က) [ဣဒံဒုက္ခသမုဒယံ,
(ခ) အရိယသစ္စန္တိ မေဘိက္ခဝေ၊ (လ)
(၅) အာလောကော ဥဒပါဒိ၊] ဟူ၏။

## (၁၈) (၂) သမုဒယသစ္စာ၌ (၂) ကိစ္စဉာဏ်၊

(က) [တံခေါပနိဒံ ဒုက္ခသမုဒယံ၊
(ခ) အရိယသစ္စံ ပဟာတဗ္ဗန္တိ၊ (လ)
(၅) အာလောကော ဉဒပါဒိ၊] ဟူ၏။

## (၁၉) (၂) သမုဒယသစ္စာ၌ (၃) ကတဉာဏ်

(က) [တံခေါပနိဒံ ဒုက္ခသမုဒယံ၊
(ခ) အရိယသစ္စံ ပဟီနန္တိ မေဘိက္ခဝေ၊ (လ)
(၅) အာလောကော ဉဒပါဒိ၊]ဟူ၏။

---

## (၁၇) (၂)သမုဒယသစ္စာ၌,(၁)သစ္စဉာဏ်၅-ပါးဖြစ်ပုံ ပါဠိဘာသာမှ၊မြန်မာဘာသာပြန်ဆိုခတ်း

(၁၇) (၂) အို....''ပဥ္စဝဂ္ဂီ''ရဟန်းတို့။

သင်တို့ဆရာ၊ ဗုဒ္ဓမည်တွင်၊ ငါဘုရားရှင်သည်၊ ဘုရားမဖြစ်မီ၊ရှေးအဘို ဖြစ်သောအနမတဂ်၊သံသရာစက်၌၊ အိပ်မက်တွင်မျှ၊ မမြင်ရဘူး၊ မကြားရဘူး၊ ထူးဆန်းနက်နဲ၊ ခက်ခဲ သိမ်မွေ့သော သဘော ရှိသော ဤတဏှာဟူ၍ငင်း၊ လောဘဟူ၍ငင်း၊ ရာဂဟူ၍ငင်း, စသည်ဖြင့်၊ ခေါ်အပ်သော ဒုက္ခဖြစ်ကြောင်း ဖြစ်သော အရိယသစ္စာကို၊ သိမြင်တတ်သော ဉာဏ်သည် (ဤယခုအခါ၌)၊သုံးလူ့ထွတ်တင်၊ ဘုရားရှင်အဖြစ်သို့၊ စင်စစ်ကေန်၊ အမှန်ရောက်လာသောအခါ၌။ ထင်ရှားစွာဖြစ်ပေါ်လာ၏။

အဘယ်သို့လျှင်၊ ဖြစ်ပေါ်လာသနည်းဟူမူကား။

(၁) ※ စက္ခုံ ဉဒပါဒိ။ ။ဟူသော ပါဠိအရ။

ဤတဏှာဟူ၍ငင်း၊ လောဘဟူ၍ငင်း၊ ရာဂဟူ၍ငင်း၊ ခေါ်အပ်သော တရားသည်၊ (သမုဒယ သစ္စာ) ဆင်းရဲ ဖြစ်ကြောင်း ကေန်၊ စင်စစ်မှန်၏ဟု၊ သမုဒယသစ္စာကို၊သိမြင်တတ်သော ပညာမျက်စိသည်၊ ဖြစ်ပေါ်လာ၏။

(၂) ※ ဉာဏံ ဥဒပါဒိ။ ။ဟူသောပါဠိအရ။
သမုဒယသစ္စာကို သိခြင်းသည်၊ ထင်ရှားဖြစ်ပေါ်လာ၏။

(၃) ※ ပညာ ဥဒပါဒိ။ ။ဟူသောပါဠိအရ။
ဤတဏှာဟူ၍၎င်း၊ လောဘဟူ၍၎င်း၊ ရာဂဟူ၍၎င်း၊ စသည်ဖြင့်၊ ခေါ်အပ်သော တရားသည်၊ တရား ကိုယ်အားဖြင့်၊ တပါးတည်းသာလျှင်ဖြစ်စေ၊ အခြင်းအရာအားဖြင့်၊ (၁) ကာမတဏှာ (၂) ဘဝတဏှာ (၃)ဝိဘဝတဏှာ, အားဖြင့်၊ သုံးပါးအပြားရှိ၏။

တနည်းကား။ ။ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ,ဟူ၍၊ အာရုံအားဖြင့်,ခြောက်ပါးအပြားရှိခဲ့ရာ၊ မူလ-တဏှာသုံးပါးနှင့် မြှောက်၍၊ တဆဲ့ရှစ်ပါးအပြားရှိ၏။ ။တနည်းကား။ ။ထို-၁၈-ပါးကိုပင်၊ အဇ္ဈတ္တသန္တာန်—ဗဟိဒ္ဓသန္တာန်, အားဖြင့်၊ သန္တာန်နှစ်ပါးနှင့် မြှောက်၍၊ ၃၆—ပါး အပြားရှိ၏။ ။တနည်းကား။ ။ထို-၃၆-ပါးကိုပင်၊အတိတ်ကာလ၊ အနာဂတ်ကာလ၊ပစ္စုပ္ပန်ကာလ, အားဖြင့်၊ ကာလသုံးပါးနှင့်မြှောက်၍၊ (၁၀၈)ပါးရှိ၏ဟု, အပြားအားဖြင့်၊ သိခြင်းသည်ဖြစ်၏။

(၄) ※ ဝိဇ္ဇာ ဥဒပါဒိ။ ။ဟူသောပါဠိအရ။
သမုဒယသစ္စာကို၊ ထိုးထွင်း၍သိခြင်းသည်၊ ထင်ရှားဖြစ်ပေါ်လာ၏။

(၅) ※ အာလောကော ဥဒပါဒိ။ ။ဟူသောပါဠိအရ။
သမုဒယသစ္စာကို၊ ဖုံးလွှမ်း ပိတ်ကာတတ်သော (မောဟ)တည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော (ပညာ) အရောင်အလင်းသည်၊ ထင်ရှားဖြစ်ပေါ်လာ၏။

ဤသို့လျှင်၊ဤတဏှာ-ဟူ၍၎င်း၊ လောဘ-ဟူ၍၎င်း၊ရာဂ-ဟူ၍၎င်း၊ ခေါ်အပ်သောတရား၌၊ ဤတရားသည်၊ (သမုဒယသစ္စာ) ဆင်းရဲဖြစ်

ကြောင်းကောန်၊ စင်စစ်မှန်၏ဟု၊ သိမြင်သည်၊ ပုထုဇဉ်တို့၏ သိခြင်းမျိုး ကဲ့သို့ မဟုတ်မူ၍၊ အရိယာပုဂ္ဂိုလ်တို့၏ဉာဏ်ဖြင့်၊အဖန်ဖန်ဆင်ခြင်၍၊ ပြင်ဆင်ရန်မရှိ၊ပကတိဟုတ်မှန်သည့်အတိုင်း၊သိခြင်းဖြစ်၏။ ။ဤသည် ကား၊ သမုဒယသစ္စာ၌၊အမှန်ကိုသိသော သစ္စာဉာဏ်ဖြစ်ပုံတည်း။

ဤတွင်၊တခဏ်းပြီး၏။

## (၁၀) (၂) သမုဒယသစ္စာ၌ (၂) ကိစ္စဉာဏ်၅-ပါးဖြစ်ပုံ ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုခဏ်း

(၁၀)(၂) အို.....''ပဥ္စဝဂ္ဂီ''ရဟန်းတို့။

သင်တို့ဆရာ၊ဗုဒ္ဓမည်တွင်၊ငါဘုရားရှင်သည်၊ဘုရားမဖြစ်မီ၊ ရှေးအ ဘို့ဖြစ်သော,အနမတဂ္ဂ၊ သံသရာစက်၌၊ အိပ်မက်တွင်မျှ၊ မမြင်ရဘူး၊ မကြားရဘူး၊ထူးဆန်းနက်နဲ၊ခက်ခဲသိမ်မွေ့သော သဘောရှိသော, ဤ တဏှာ-ဟူ၍၎င်း၊လောဘဟူ၍၎င်း၊ရာဂ-ဟူ၍၎င်း၊ စသည်ဖြင့်၊ ခေါ် အပ်သောဆင်းရဲဖြစ်ကြောင်းဖြစ်သော, လောဘနှင့်တကွဖြစ်သော, ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာ သဟဂုတ်စိတ် ၁-ခုအားဖြင့်၊ ငါးခုသော,စိတ်တို့ကို၎င်း၊ထိုစိတ်တို့နှင့်ယှဉ်ရာ, စေတသိက်တို့ကို၎င်း၊ ''သောတာပတ္တိ''မဂ်ဖြင့်ပယ်အပ်၏။

ကာမရာဂနှင့် သမ္ပယုတ် ဖြစ်သော၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူစိတ် ၂-ခုအားဖြင့်၊ (၆)ခုသော စိတ်တို့ကို၎င်း၊ ထိုစိတ်တို့ နှင့်ယှဉ်သော စေတသိက်တို့ကို၎င်း၊ ''အနာဂါမိ''မဂ်ဖြင့် အကြွင်းမဲ့ ပယ်အပ်၏။

ရူပရာဂ, အရူပရာဂနှင့်၊ သမ္ပယုတ်ဖြစ်သော, ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ် ၄—ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ၁-ခုအားဖြင့်၊ ငါးခုသော စိတ်တို့ ကို၎င်း၊ ထိုစိတ်တို့နှင့်ယှဉ်သော စေတသိက်တို့ကို၎င်း၊ ''အရဟတ္တ'' မဂ်ဖြင့် အကြွင်းမဲ့ပယ်အပ်၏။ ။ဟူ၍၊ သိမြင်တတ်သောဉာဏ်သည်၊ (ဤယခုအခါ၌)၊ သုံးလူ့ထွတ်တင်၊ဘုရားရှင်အဖြစ်သို့၊ စင်စစ်ကောန်၊ အမှန်ရောက်လာသောအခါ၌၊ထင်ရှားစွာဖြစ်ပေါ်လာ၏။

အဘယ်သို့လျှင်၊ဖြစ်ပေါ်လာသနည်းဟူမူကား။

(၁) ※ စက္ခုံဥဒပါဒိ။ ။ဟူသောပါဠိအရ။

ဤတဏှာဟူ၍၎င်း၊ [ ※ လောဘဟူ၍၎င်း၊ ရာဂဟူ၍၎င်း၊] စသည်ဖြင့် ခေါ်အပ်သော,ဆင်းရဲဖြစ်ကြောင်း ဖြစ်သော သမုဒယသစ္စာကို၊ "သောတာပတ္တိ"မဂ်အစ ရှိသော လေးပါးသော မဂ်စိတ်တို့သည်၊ အသီးအသီး ပယ်အပ်၏ဟု၊ သိမြင်တတ်သော ပညာမျက်စိသည်၊ ထင်ရှားဖြစ်ပေါ်လာ၏။

(၂) ※ ဉာဏံ ဥဒပါဒိ။ ။ဟူသောပါဠိအရ။

ဤတဏှာဟူ၍၎င်း၊ [※·※·※] စသည်ဖြင့် ခေါ်အပ်သော ဆင်းရဲဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာကို၊ "သောတာပတ္တိ"မဂ် အစရှိသောလေးပါးသောမဂ်တို့သည် အသီးအသီး ပယ်အပ်၏ဟု၊သိတတ်သော ဉာဏ်သည်၊ ထင်ရှားဖြစ်ပေါ်လာ၏။

(၃) ※ ပညာဥဒပါဒိ။ ။ဟူသောပါဠိအရ။

ဤတဏှာဟူ၍၎င်း။ [※·※·※] စသည်ဖြင့် ခေါ်အပ်သော, ဆင်းရဲဖြစ်ကြောင်း ဖြစ်သော သမုဒယသစ္စာကို၊ "သောတာပတ္တိ"မဂ်အစရှိသော လေးပါးသော မဂ်တို့သည်၊ အသီးအသီး ပယ်အပ်၏ဟု၊ အပြားအားဖြင့်၊ သိတတ်သောပညာသည်၊ ထင်ရှား ဖြစ်ပေါ်လာ၏။

(၄) ※ ဝိဇ္ဇာ ဥဒပါဒိ။ ။ဟူသော ပါဠိအရ။

ဤတဏှာ ဟူ၍၎င်း၊ [※·※·※]စသည်ဖြင့် ခေါ်အပ်သော,ဆင်းရဲ ဖြစ်ကြောင်း ဖြစ်သော သမုဒယ သစ္စာကို၊"သောတာပတ္တိ"မဂ် အစရှိသော, လေးပါးသော မဂ်တို့သည်၊အသီးအသီး ပယ်အပ်၏ဟု၊ထိုးထွင်း၍ သိတတ်သော ပညာသည်၊ ထင်ရှားဖြစ်ပေါ်လာ၏။

(၅) ※ အာလောကော ဥဒပါဒိ။ ။ဟူသောပါဠိအရ။ ဤတဏှာဟူ၍ရင်း၊ [※※※] စသည်ဖြင့် ခေါ်အပ်သော သမုဒယသစ္စာကို၊"သောတာပတ္တိ"မဂ် အစရှိသော, လေးပါးသော မဂ်တို့သည်၊ အသီးအသီး ပယ်အပ်၏ဟု၊ သိတတ်သော ပညာအရောင်အလင်းသည်၊ ထင်ရှားဖြစ်ပေါ်လာ၏။

ဤသို့လျှင်၊ ဤတဏှာဟူ၍ရင်း၊ [※※※] စသည်ဖြင့် ခေါ်အပ်သော အရိယသစ္စာ၌၊ ဤသမုဒယသစ္စာသည်၊ "သောတာပတ္တိ" မဂ် အစရှိသော, လေးပါးသော မဂ်တို့သည်၊ အသီးအသီးပယ်အပ်သော တရားမည်၏ဟု၊ သိခြင်းသည်၊ ပုထုဇဉ်တို့၏ သိခြင်းမျိုးကဲ့သို့မဟုတ်မူ၍၊ အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်ဖြင့်၊ အဖန်ဖန် ဆင်ခြင်၍၊ ပြင်ဆင်ရန်မရှိ၊ ပကတိဟုတ်မှန်သောအတိုင်း၊ သိခြင်းဖြစ်၏။

ဤသည်ကား၊သမုဒယသစ္စာ၌၊ ပယ်အပ်သောတရားဟု၊ သိသောကိစ္စဉာဏ် ဖြစ်ပုံတည်း။

ဤတွင်၊တခဏ်းပြီး၏။

---

## (၁၉) (၂) သမုဒယသစ္စာ၌, (၃) ကတဉာဏ် ၅-ပါးဖြစ်ပုံ ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုခဏ်း

(၁၉) (၂) အို......"ပဉ္စဝဂ္ဂီ"ရဟန်းတို့။

သင်တို့ဆရာ၊ ဗုဒ္ဓ- မည်တွင်။ ငါဘုရားရှင်သည်၊ ဘုရားမဖြစ်မီ၊ ရှေးအဘို့ဖြစ်သော အနမတဂ္ဂ၊ သံသရာစက်၌၊ အိပ်မက်တွင်မျှ၊ မမြင်ရဘူး၊ မကြားရဘူး၊ ထူးဆန်းနက်နဲ၊ ခက်ခဲသိမ်မွေ့သော ဤတဏှာဟူ၍ရင်း၊ လောဘဟူ၍ရင်း၊ ရာဂဟူ၍ရင်း, စသည်ဖြင့်၊ ခေါ်အပ်သော ဆင်းရဲဖြစ်ကြောင်း ဖြစ်သော,လောဘနှင့်တကွဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခုအားဖြင့်၊ ငါးခုသော စိတ်တို့ကိုရင်း၊ ထိုစိတ်တို့နှင့်ယှဉ်သော စေတသိက်တို့ကိုရင်း၊ "သောတာပတ္တိ" မဂ်သည်၊ အကြွင်းမဲ့ပယ်ပြီးပြီ၊ (ပယ်ခြင်းကိစ္စ ပြီးပြီ)ဟူ၍ရင်း။

ဤနည်းအတူ၊ "အနာဂါမိ" မဂ်သည်၊ မိမိဆိုင်ရာ ကိလေသာတို့ကို၊ အကြွင်းမဲ့ပယ်ပြီးပြီ၊ (ပယ်ခြင်းကိစ္စပြီးပြီ)ဟူ၍၎င်း။

ဤနည်းအတူ၊ "အရဟတ္တ"မဂ်သည်၊ အလုံးစုံသော ကိလေသာတို့ကို၊အကြွင်းမဲ့ပယ်ပြီးပြီ၊(ပယ်ခြင်းကိစ္စပြီးပြီ)ဟူ၍၎င်း၊သိမြင်တတ်သော ဉာဏ်သည်၊ (ဤယခုအခါ၌)၊ သုံးလူ့ထွတ်တင်၊ ဘုရားရှင် အဖြစ်သို့၊ စင်စစ်ကေန်၊ အမှန်ရောက်လာသောအခါ၌၊ထင်ရှားဖြစ်ပေါ်လာ၏။

အဘယ်သို့လျှင်၊ ဖြစ်ပေါ်လာသနည်းဟူမူကား။

(၁) ※ စက္ခုံဥဒပါဒိ။ ။ဟူသောပါဠိအရ။

ဤတဏှာ ဟူ၍၎င်း၊ [※လောဘဟူ၍၎င်း၊ ရာဂဟူ၍၎င်း၊ စသည်ဖြင့် ခေါ်အပ်သော, ဆင်းရဲဖြစ်ကြောင်းဖြစ်သော] သမုဒယသစ္စာကို၊ "သောတာပတ္တိ" မဂ် [အစရှိသော လေးပါးသောမဂ်တို့သည်]၊ အသီး အသီး, ပယ်ပြီးပြီ၊ ပယ်ခြင်းကိစ္စပြီးပြီ-ဟု၊ သိတတ်သော ပညာမျက်စိသည်၊ ထင်ရှားဖြစ်ပေါ်လာ၏။

(၂) ※ ဉာဏံဥဒပါဒိ။ ။ဟူသော ပါဠိအရ။

ဤတဏှာဟူ၍၎င်း၊ [※※※] သမုဒယသစ္စာ တရားကို၊ "သောတာပတ္တိ" မဂ် [※※※] တို့သည်၊ အသီး အသီး, ပယ်ပြီးပြီ၊ ပယ်ခြင်းကိစ္စပြီးပြီ- ဟု၊ သိတတ်သော ဉာဏ်သည်၊ ထင်ရှားဖြစ်ပေါ်လာ၏။

(၃) ※ ပညာဥဒပါဒိ။ ။ဟူသောပါဠိအရ။

ဤတဏှာဟူ၍၎င်း။ [※※※] သမုဒယ သစ္စာတရားကို၊"သောတာပတ္တိ"မဂ်[※※※]ပယ်ပြီးပြီ၊ပယ်ခြင်းကိစ္စပြီးပြီ-ဟု၊ အပြားအားဖြင့် သိတတ်သော ပညာသည်၊ ထင်ရှားဖြစ်ပေါ်လာ၏။

(၄) ※ ဝိဇ္ဇာ ဥဒပါဒိ။ ။ဟူသောပါဠိအရ။
ဤတဏှာဟူ၍ရှင်း၊ [※※※] သမုဒယသစ္စာတရားကို၊ [※※※] ပယ်ပြီးပြီ၊ ပယ်ခြင်းကိစ္စ ပြီးပြီ- ဟု၊ ထိုးထွင်း၍ သိတတ်သော ပညာသည်၊ ထင်ရှားဖြစ်ပေါ်လာ၏။

(၅) ※ အာလောကော ဥဒပါဒိ။ ။ဟူသော ပါဠိအရ။
ဤတဏှာ ဟူ၍ရှင်း၊ [※※※] ပယ်ပြီးပြီ၊ ပယ်ခြင်းကိစ္စပြီးပြီ-ဟု၊ သိတတ်သော ပညာအရောင်အလင်းသည်၊ ထင်ရှားဖြစ်ပေါ်လာ၏။

ဤသို့လျှင်၊ ဤတဏှာဟူ၍ရှင်း၊ [※※※] စသည်ဖြင့် ခေါ်အပ်သော အရိယသစ္စာ၌၊ ဤသမုဒယသစ္စာကို၊"သောတာပတ္တိ" မဂ်အစရှိသော,လေးပါးသောမဂ်တို့သည်၊အသီးအသီး,ပယ်ပြီးပြီ၊ပယ်ခြင်းကိစ္စပြီးပြီ-ဟု၊ သိခြင်းသည်၊ ပုထုဇဉ်တို့၏ သိခြင်း မျိုးကဲ့သို့၊ မဟုတ်မူ၍၊ အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်ဖြင့်၊ အဖန်ဖန်ဆင်ခြင်၍၊ ပြင်ဆင်ရန်မရှိ၊ ပကတိ ဟုတ်မှန်သော အတိုင်း၊သိခြင်းဖြစ်၏။

ဤသည်ကား၊ သမုဒယသစ္စာ၌၊ ပယ်ပြီးပြီ-ဟု၊ သိသော ကတဉာဏ်ဖြစ်ပုံတည်း။

ဤတွင်၊တခဏ်းပြီး၏၊
ဤတွင်ရွှေကား၊
မကျဉ်း,မကျယ်၊ သိလွယ်တန်ရုံ၊
ဖွင့်ဆိုအပ်သော
သမုဒယသစ္စာ၌၊ ဉာဏ်သုံးပါးဖြစ်ပုံပြဆိုခဏ်းပြီး၏။

---

ဤ ယခု အခါ၌၊ နောက်၌ ပြဆိုအပ်ခဲ့ ပြီးသော နည်းအတူ၊ (၃) နိရောဓသစ္စာ၌ အစဉ်အတိုင်း၊ (က) သစ္စာဉာဏ်၊ (ခ) ကိစ္စဉာဏ်၊(ဂ)ကတဉာဏ်, အားဖြင့်၊ ဉာဏ်သုံးပါးတို့၏ ဖြစ်ပုံကို၊ ပြခြင်းအကျိုးငှါ၊ အောက်၌ပါသော ဒေသနာအစဉ်ကို၊(သဂ်ါယနာ) တင်တော်မူကြကုန်၏။

## (၂၀)((၃) နိရောဓသစ္စာ၌ (၁) သစ္စဉာဏ်

(က) [ဣဒံ ဒုက္ခ နိရောဓံ၊
(ခ) အရိယ သစ္စံ န္တိမေ ဘိက္ခဝေ (လ)
(ဂ) အာလောကော ဥဒပါဒိ၊]ဟူ၏။

## (၂၁) (၃) နိရောဓသစ္စာ၌ (၂) ကိစ္စဉာဏ်

(က) [တံ ခေါ ပနိဒံ ဒုက္ခ နိရောဓံ၊
(ခ) အရိယ သစ္စံ သစ္ဆိ ကာတဗ္ဗန္တိ မေဘိက္ခဝေ (လ)
(ဂ) အာလောကော ဥဒပါဒိ၊]ဟူ၏။

## (၂၂)(၃) နိရောဓသစ္စာ၌ (၃) ကတဉာဏ်၊

(က) [တံ ခေါ ပနိဒံ ဒုက္ခ နိရောဓံ၊
(ခ) အရိယ သစ္စံ သစ္ဆိ ကတန္တိ မေ ဘိက္ခဝေ (လ)
(ဂ) အာလောကော ဥဒပါဒိ၊]ဟူ၏။

---

## (၂၀)(၃) နိရောဓသစ္စာ၌ (၁) သစ္စဉာဏ် ၅-ပါးဖြစ်ပုံ ပါဠိသာသာမှ၊မြန်မာဘာသာပြန်ဆိုချက်း

(၂၀)(၃) အို····"ပဥ္စဝဂ္ဂီ"ရဟန်းတို့။

သင်တို့ဆရာ၊ဗုဒ္ဓမည်တွင်၊ ငါဘုရားရှင်သည်၊ ဘုရားမဖြစ်မီ၊ ရှေးအတိုဖြစ်သောအနမတဂ္ဂ၊ သံသရာစကြ်၌၊ အိပ်မက်တွင်မျှ၊မမြင်ရဘူး၊ မကြားရဘူး၊ ထူးဆန်းနက်နဲ၊ ခက်ခဲသိမ်မွေ့သော သဘောရှိသော, နိရောဓသစ္စာ ဟူသော နိဗ္ဗာန်တရားကို၊ဤတရားသည်၊ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းမြေရာကေန်၊စင်စစ်မှန်၏ဟု၊ သိမြင်တတ်သော ဉာဏ်သည်၊ (ဤယခုအခါ၌) သုံးလူ့ထွတ်တင်၊ဘုရားရှင် အဖြစ်သို့၊စင်စစ်ကေန်၊ အမှန်ရောက်လာသော အခါ၌၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

အဘယ်သို့လျှင်,ဖြစ်ပေါ်လာသနည်းဟူမူကား။

(၁) ※ စက္ခုံ ဥဒပါဒိ။ ။ဟူသောပါဠိအရ။
နိရောဓသစ္စာ ဟူသော နိဗ္ဗာန်တရားကို၄င်းတရားသည်၊ ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းမြေရာကောင်း၊ စင်စစ်မှန်၏ဟု၊ သိမြင်တတ်သော ပညာမျက်စိသည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

(၂) ※ ဉာဏံ ဥဒပါဒိ။ ။ဟူသော ပါဠိအရ။
နိရောဓသစ္စာ ဟူသော နိဗ္ဗာန်တရားကို၄င်းတရားသည်၊ ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်း မြေရာကောင်း၊စင်စစ်မှန်၏ဟု၊ သိတတ်သော ဉာဏ်သည်၊ထင်ရှားစွာဖြစ်ပေါ်လာ၏။

(၃) ※ ပညာ ဥဒပါဒိ။ ။ဟူသောပါဠိအရ။
နိရောဓသစ္စာဟူသော ၄င်းနိဗ္ဗာန်တရားသည်၊ ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းမြေခြင်း ဟူသော တရားကိုယ်သဘောအားဖြင့်၊ တပါးတည်းသာတည်း။ သုဏာန္တပုဂ္ဂိုလ်တို့၏၊သိစေဘို့ရာဖြစ်သော အကြောင်း၏အမြွက်အားဖြင့်၊ခန္ဓာငါးပါးသည်သာလျှင်၊ ကိလေသာတို့မှကြွင်းကျန် သည်နှင့်တကွဖြစ်သော, (သဉပါဒိသေသ-နိဗ္ဗာန်)၊ ခန္ဓာငါးပါးသည်သာလျှင်၊ ကိလေသာတို့မှ၊ အကြွင်းအကျန် မရှိသည်နှင့် တကွဖြစ်သော, (အနုပါဒိသေသနိဗ္ဗာန်)၊ ဟူ၍ နှစ်ပါး၊ ဝိပဿနာ, ဘာဝနာ,ဟူသော အခြင်းအရာတို့၏အပြားအားဖြင့်၊ ရာဂ,ဒေါသ, မောဟ,တို့မှ၊ ကင်းဆိတ်သည်၏ အဖြစ်ကြောင့်၊ "သုညတ, အမည်ရှိသော နိဗ္ဗာန်"၊ ရာဂ, ဒေါသ,မောဟ တည်းဟူသော, အကြောင်း ကင်းသည်၏ အဖြစ်ကြောင့်၊ "အနိမိတ္တ, အမည်ရှိသော နိဗ္ဗာန်"၊ ရာဂ, ဒေါသ, မောဟ, တည်းဟူသော တောင့်တခြင်း ကင်းသည်၏အဖြစ်ကြောင့်၊ "အပ္ပဏိဟိတ,အမည်ရှိသောနိဗ္ဗာန်"အားဖြင့်၊သုံးပါးအပြားရှိ၏ဟု၊သိတတ်သော ပညာသည်၊ထင်ရှားစွာဖြစ်ပေါ်လာ၏။

(၄) ※ ဝိဇ္ဇာ ဉဒပါဒိ။ ။ဟူသောပါဠိအရ။

နိရောဓသစ္စာ ဟူသော ဤနိဗ္ဗာန်တရားသည်၊ ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းမြေရာကေန်၊စင်စစ်မှန်၏ဟု၊ထိုးထွင်း၍ သိတတ်သော ဉာဏ်သည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

(၅) ※ အာလောကော ဉဒပါဒိ။ ။ဟူသောပါဠိအရ။

ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းမြေရာ ကေန်၊ စင်စစ်အမှန်ဖြစ်သော, နိရောဓသစ္စာဟူသော ဤနိဗ္ဗာန်တရားကို၊ ဖုံးလွှမ်းတတ်သော(မောဟ)တည်းဟူသော, အမိုက်တိုက်ကို ဖျက်ဆီးတတ်သော, ပညာအရောင်အလင်းသည်၊ထင်ရှားစွာဖြစ်ပေါ်လာ၏။

ဤတွင်၊တခဏ်းပြီး၏။

---

## (၂၁)(၃) နိရောဓသစ္စာ၌, (၂)ကိစ္စဉာဏ် ၅-ပါးဖြစ်ပုံ ပါဠိဘာသာမှ မြန်မာဘာသာ ပြန်ဆိုခဏ်း

(၂၁) (၃) အို....''ပဋ္ဌဝဂ္ဂီ''ရဟန်းတို့။

သင်တို့ဆရာ၊ ဗုဒ္ဓမည်တွင်၊ ငါဘုရားရှင်သည်၊ ဘုရားမဖြစ်မီ၊ ရှေးအဘို့ဖြစ်သော, အနမတဂ္ဂ၊သံသရာစက်၌၊ အိပ်မက်တွင်မျှမမြင်ရဘူး၊ မကြားရဘူး၊ ထူးဆန်းနက်နဲ၊ ခက်ခဲ သိမ်မွေ့သော သဘောရှိသော, နိရောဓသစ္စာဟူသော နိဗ္ဗာန်တရားကို၊ အရိယာ ပုဂ္ဂိုလ်တို့သည်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့်၊ မျက်မှောက်ပြုအပ်၏ဟု၊ သိတတ်သောဉာဏ်သည်၊ (ဤယခုအခါ၌)၊ သုံးလူ့ထွတ်တင်၊ ဘုရားရှင်အဖြစ်သို့၊စင်စစ်ကေန်၊အမှန်ရောက်လာသောအခါ၌၊ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

အဘယ်သို့လျှင်, ဖြစ်ပေါ်လာသနည်း။

(၁) ※ စက္ခုံဉဒပါဒိ။ ။ဟူသောပါဠိအရ။

နိရောဓသစ္စာဟူသော, ဤနိဗ္ဗာန်တရားကို၊ [※ အရိယာပုဂ္ဂိုလ်တို့သည်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခ

ကာ၁ဉာဏ်တို့ဖြင့်] မျက်မှောက်ထင်ထင်၊ သိမြင်အပ်၏ဟု၊ သိမြင်တတ်သော ပညာမျက်စိသည်၊ ထင်ရှားစွာဖြစ်ပေါ်လာ၏။

(၂) ※ ဉာဏံဥဒပါဒိ။ ။ဟူသောပါဠိအရ။
နိရောဓသစ္စာဟူသော, ဤနိဗ္ဗာန်တရားကို၊ [※※※] မျက်မှောက်ထင်ထင်၊ သိမြင်အပ်၏ဟု၊ သိတတ်သော ဉာဏ်သည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

(၃) ※ ပညာဥဒပါဒိ။ ။ဟူသောပါဠိအရ။
နိရောဓသစ္စာဟူသော, ဤနိဗ္ဗာန်တရားကို၊ [※※※] မျက်မှောက်ထင်ထင်၊ သိမြင်အပ်၏ဟု၊ အပြားအားဖြင့် သိတတ်သော ပညာသည်၊ ထင်ရှားစွာဖြစ်ပေါ်လာ၏။

(၄) ※ ဝိဇ္ဇာဥဒပါဒိ။ ။ဟူသောပါဠိအရ။
နိရောဓသစ္စာဟူသော, ဤနိဗ္ဗာန်တရားကို၊ [※※※] မျက်မှောက်ထင်ထင်၊ သိမြင်အပ်၏ဟု၊ ထိုးထွင်း၍ သိတတ်သော ပညာသည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

(၅) ※ အာလောကောဥဒပါဒိ။ ။ဟူသော ပါဠိအရ။
ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းမြဲရာ ဧကန်၊ အမှန်စင်စစ် ဖြစ်သော, နိရောဓသစ္စာကို၊ [※※※] မျက်မှောက်ထင်ထင်၊ သိမြင်အပ်၏ဟု၊ သိတတ်သော ပညာ အရောင်အလင်းသည်၊ ထင်ရှားစွာဖြစ်ပေါ်လာ၏။

ဤတွင်၊တခဏ်းပြီး၏။

---

## (၂၂) (၃)နိရောဓသစ္စာ၌, (၃) ကတဉာဏ် ၅-ပါးဖြစ်ပုံ ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုခဏ်း

(၂၂) (၃) အို....''ပဋ္ဌဝဂ္ဂီ''ရဟန်းတို့။

သင်တို့ဆရာ၊ ဗုဒ္ဓ- မည်တွင်၊ ငါဘုရားရှင်သည်၊ ဘုရားမဖြစ်မီ၊ ရှေးအဘို့ ဖြစ်သော, အနမတဂ္ဂ၊ သံသရာစက်၌၊ အိပ်မက်တွင်မျ

မမြင်ရဘူး၊ မကြားရဘူး၊ ထူးဆန်းနက်နဲ၊ ခက်ခဲသိမ်မွေ့သော, သဘောရှိသော, နိရောဓသစ္စာ ဟူသော နိဗ္ဗာန်တရားကို၊ အရိယာပုဂ္ဂိုလ်တို့သည်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာ ဉာဏ်တို့ဖြင့်၊ မျက်မှောက်ပြုအပ်ပြီ၊ (မျက်မှောက်ပြုပြီးပြီ) ဟု၊ သိတတ်သော ဉာဏ်သည်၊ (ဤယခုအခါ၌)၊ သုံးလူ့ထွတ်တင်၊ ဘုရားရှင်အဖြစ်သို့၊ စင်စစ်ကေန်၊ အမှန်ရောက်လာသောအခါ၌၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

အဘယ်သို့လျှင်, ဖြစ်ပေါ်လာသနည်း။

(၁) ※ စက္ခုံဥဒပါဒိ။ ။ဟူသောပါဠိအရ။
နိရောဓသစ္စာဟူသော, ဤနိဗ္ဗာန်တရားကို၊ [※အရိယာပုဂ္ဂိုလ်တို့သည်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့်]၊ မျက်မှောက်ထင်ထင်၊ သိမြင်အပ်ပေပြီ၊ (မျက်မှောက်ပြုပြီးပြီ)ဟု၊ သိမြင်တတ်သော ပညာမျက်စိသည်၊ ထင်ရှားစွာဖြစ်ပေါ်လာ၏။

(၂) ※ ဉာဏံဥဒပါဒိ။ ။ဟူသောပါဠိအရ။
နိရောဓသစ္စာဟူသော, ဤနိဗ္ဗာန်တရားကို၊ [※·※·※] မျက်မှောက်ထင်ထင်၊ သိမြင်အပ်ပေပြီ၊(မျက်မှောက်ပြုပြီးပြီ)ဟု၊ သိတတ်သော ဉာဏ်သည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

(၃) ※ ပညာဥဒပါဒိ။ ။ဟူသောပါဠိအရ။
နိရောဓသစ္စာဟူသော, ဤနိဗ္ဗာန်တရားကို၊ [※·※·※] မျက်မှောက်ထင်ထင်၊ သိမြင်အပ်ပေပြီ၊(မျက်မှောက်ပြုပြီးပြီ)ဟု၊ အပြားအားဖြင့် သိတတ်သော ပညာသည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

(၄) ※ ဝိဇ္ဇာ ဥဒပါဒိ။ ။ဟူသောပါဠိအရ။
နိရောဓ သစ္စာဟူသော,ဤနိဗ္ဗာန်တရားကို၊[※·※·※] မျက်မှောက်ထင်ထင်၊ သိမြင်အပ်ပေပြီ၊(မျက်မှောက်

ပြုပြီးပြီ)ဟု၊ ထိုးထွင်း၍ သိတတ်သော ပညာသည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

(၃) ※ အာလောကော ဥဒပါဒိ။ ။ဟူသောပါဠိအရ။ ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းမြေရာ ကေန်၊ အမှန် စင်စစ်ဖြစ်သော, နိရောဓသစ္စာဟူသော ဤနိဗ္ဗာန် တရားကို၊ [※※※]မျက်မှောက် ထင်ထင်၊ သိမြင် အပ်ပေပြီ၊ (မျက်မှောက်ပြုပြီးပြီ) ဟု၊ သိတတ်သော ပညာ အရောင်အလင်းသည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

ဤတွင်၊တခဏ်းပြီး၏။
ဤတွင်ရွှေကား၊
မကျဉ်း,မကျယ် သိလွယ်တန်ရုံ၊
ဖွင့်ဆိုအပ်သော
နိရောဓသစ္စာ၌၊ ဉာဏ်သုံးပါးဖြစ်ပုံ ပြဆိုခဏ်းပြီး၏။

---

ဤယခုအခါ၊ နောက်၌ ပြဆို အပ်ခဲ့ပြီးသော နည်းအတူ၊ (၄) မဂ္ဂသစ္စာ၌၊ အစဉ်အတိုင်း၊(က)သစ္စာဉာဏ်၊ (ခ) ကိစ္စဉာဏ်၊ (ဂ) ကတဉာဏ်, အားဖြင့် ဉာဏ်သုံးပါးတို့၏ဖြစ်ပုံကို၊ပြခြင်းအကျိုး၄ါ၊ အောက်၌ပါသော ဒေသနာအစဉ်ကို (သင်္ဂါယနာ) တင်တော်မူကြကုန်၏။

## (၂၃) (၄) မဂ္ဂသစ္စာ၌၊ (၁) သစ္စဉာဏ်

(က) [ဣဒံ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ၊
(ခ) အရိယ သစ္စန္တိ မေ ဘိက္ခဝေ (လ)
(၃) အာလောကောဥဒပါဒိ] ဟူ၏။

## (၂၄) (၄) မဂ္ဂသစ္စာ၌၊ (၂) ကိစ္စဉာဏ်

(က) [တံ ခေါ ပနိဒံ ဒုက္ခ နိရောဓ ဂါမိနီပဋိပဒါ၊
(ခ) အရိယ သစ္စံ ဘာဝေတဗ္ဗန္တိ မေ ဘိက္ခဝေ (လ)
(၃) အာလောကော ဥဒပါဒိ၊] ဟူ၏။

## (၂၅) (၄) မဂ္ဂသစ္စာ၌၊ (၃) ကတဉာဏ်

(က) [တံ ခေါ ပနိဒံ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ၊
(ခ) အရိယ သစ္စံ ဘာဝိတန္တိ မေ ဘိက္ခဝေ (လ)
(ဂ) အာလောကော ဥဒပါဒိ၊] ဟူ၏။

---

## (၂၃) (၄) မဂ္ဂသစ္စာ၌၊ (၁) သစ္စဉာဏ် ၅-ပါးဖြစ်ပုံ ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုချက်း

(၂၃)(၄) အို....''ပဥ္စဝဂ္ဂီ''ရဟန်းတို့။

သင်တို့ဆရာ၊ ဗုဒ္ဓ- မည်တွင်၊ ငါဘုရားရှင်သည်၊ ဘုရားမဖြစ်မီ၊ ရှေးအဘို့ဖြစ်သော အနမတဂ္ဂ၊ သံသရာစက်၌၊ အိပ်မက်တွင်မျှ၊ မမြင်ရဘူး၊ မကြားရဘူး၊ ထူးဆန်းနက်နဲ၊ ခက်ခဲသိမ်မွေ့သော သဘောရှိသော, သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ,အစရှိသော မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်သည်၊ ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းရော၊ နိဗ္ဗူတာသို့၊ မှန်စွာဆတ်ဆတ်၊ ရောက်စေတတ်, ရစေတတ်သော, အကျင့်ကောင်း၊စင်စစ်မှန်၏-ဟု၊ သိတတ်သော ဉာဏ်သည်၊ (ဤယခုအခါ၌)၊ သုံးလူ့ထွတ်တင်၊ ဘုရားရှင်အဖြစ်သို့၊ စင်စစ်ကောင်း၊ အမှန်ရောက်သောအခါ၌၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

အဘယ်သို့လျှင်,ဖြစ်ပေါ်လာသနည်း။

(၁) ※ စက္ခုံဥဒပါဒိ။ ။ဟူသောပါဠိအရ။

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, အစရှိသော[※မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်သည်၊ ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းရော၊ နိဗ္ဗူတာသို့၊ မှန်စွာဆတ်ဆတ်၊ ရောက်စေတတ်, ရစေတတ်သော, အကျင့်ကောင်း၊ စင်စစ်မှန်၏-ဟု]၊ မဂ္ဂသစ္စာကို၊သိမြင်တတ်သော ပညာမျက်စိသည်၊ထင်ရှားစွာဖြစ်ပေါ်လာ၏။

(၂) ※ ဉာဏံဥဒပါဒိ။ ။ဟူသောပါဠိအရ။
သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, အစရှိသော [※※※] မဂ္ဂ
သစ္စာကို၊ သိတတ်သော ဉာဏ်သည်၊ ထင်ရှားစွာ ဖြစ်
ပေါ်လာ၏။

(၃) ※ ပညာဥဒပါဒိ။ ။ဟူသောပါဠိအရ။
သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, အစရှိသော [※※※] မဂ္ဂ
သစ္စာကို၊ အပြားအားဖြင့် သိတတ်သော ပညာသည်၊
ထင်ရှားစွာဖြစ်ပေါ်လာ၏။

(၄) ※ ဝိဇ္ဇာဥဒပါဒိ။ ။ဟူသောပါဠိအရ။
သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, အစရှိသော [※※※] မဂ္ဂ
သစ္စာကို၊ ထိုးထွင်း၍သိတတ်သော ပညာသည်၊ ထင်
ရှားစွာဖြစ်ပေါ်လာ၏။

(၅) ※ အာလောကောဥဒပါဒိ။ ။ဟူသော ပါဠိအရ။
သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, အစရှိသော [※※※] မဂ္ဂ
သစ္စာကို၊ သိတတ်သော ပညာအရောင်အလင်းသည်၊
ထင်ရှားစွာဖြစ်ပေါ်လာ၏။

၌တွင်၊တခဏ်းပြီး၏။

---

## (၂၄) (၄) မဂ္ဂသစ္စာ၌, (၂)ကိစ္စဉာဏ် ၅-ပါးဖြစ်ပုံ ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုခဏ်း

(၂၄) (၄) အို....''ပဉ္စဝဂ္ဂီ''ရဟန်းတို့။

သင်တို့ဆရာ၊ ဗုဒ္ဓ- မည်တွင်၊ ငါဘုရားရှင်သည်၊ ဘုရားမဖြစ်မီ၊ ရှေးအဘို့ ဖြစ်သော, အနမတဂ္ဂ၊ သံသရာစက်၌၊ အိပ်မက်တွင်မျှ၊ မမြင်ရဘူး၊ မကြားရဘူး၊ ထူးဆန်းနက်နဲ၊ ခက်ခဲသိမ်မွေ့သော, သဘောရှိသော, ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းရောနိဗ္ဗူတာသို့၊ မှန်စွာ ဆတ်ဆတ်၊ ရောက်စေတတ်, ရစေတတ်သော, သမ္မာဒိဋ္ဌိ, သမ္မာ-သင်္ကပ္ပ, အစရှိသော မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်သည်၊ ပွါးများ စေအပ်သော, (ဘာဝေတဗ္ဗ) တရားမည်၏ဟု၊ သိတတ်သော ဉာဏ်

သည်၊ (ဤယခုအခါ၌)၊ သုံးလူ့ထွတ်တင်၊ ဘုရားရှင်အဖြစ်သို့၊စင်စစ်ကောန်၊ အမှန်ရောက်သောအခါ၌၊ ထင်ရှားစွာဖြစ်ပေါ်လာ၏။

အဘယ်သို့လျှင်, ဖြစ်ပေါ်လာသနည်း။

(၁) ※ စက္ခုံဥဒပါဒိ။ ဟူသောပါဠိအရ။
ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းရော [※နိဗ္ဗုတာသို့၊ မှန်စွာဆတ်ဆတ်၊ ရောက်စေတတ်, ရစေတတ်သော, သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, အစရှိသော မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်သည်၊ ပွါးများ စေအပ်သော, (ဘာဝေ-တဗ္ဗ) တရားမည်၏ဟု] မဂ္ဂသစ္စာကို သိမြင်တတ်သောပညာမျက်စိသည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

(၂) ※ ဉာဏံဥဒပါဒိ။ ။ဟူသောပါဠိအရ။
ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းရော၊ [※※※] မဂ္ဂသစ္စာကို၊ သိတတ်သော ဉာဏ်သည်၊ ထင်ရှားစွာဖြစ်ပေါ်လာ၏။

(၃) ※ ပညာဥဒပါဒိ။ ။ဟူသောပါဠိအရ။
ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းရော [※※※] မဂ္ဂသစ္စာကို၊ အပြားအားဖြင့်၊ သိတတ်သော ပညာသည်၊ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

(၄) ※ ဝိဇ္ဇာ ဥဒပါဒိ။ ။ဟူသောပါဠိအရ။
ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရော၊ [※※※] မဂ္ဂသစ္စာကို၊ ထိုးထွင်း၍ သိတတ်သော ပညာသည်၊ ထင်ရှားစွာဖြစ်ပေါ်လာ၏။

(၅) ※ အာလောကော ဥဒပါဒိ။ ။ဟူသော ပါဠိအရ။
ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းရော၊[※※※] မဂ္ဂသစ္စာကို၊ သိတတ်သော ပညာ အရောင် အလင်းသည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

ဤတွင်၊ တာဏ်းပြီး၏။

## (၂၅) (၄) မဂ္ဂသစ္စာ၌, (၃) ကတဉာဏ်၅-ပါး ဖြစ်ပုံ ပါဠိဘာသာမှ၊မြန်မာဘာသာပြန်ဆိုချက်။

(၂၅) (၄) အို....''ပဉ္စဝဂ္ဂီ''ရဟန်းတို့။

သင်တို့ဆရာ၊ဗုဒ္ဓမည်တွင်၊ ငါဘုရားရှင်သည်၊ ဘုရားမဖြစ်မီ၊ ရှေးအဘို ဖြစ်သော အနမတဂ္ဂ၊ သံသရာစက်၌၊ အိပ်မက်တွင်မျှ၊ မမြင်ရဘူး၊ မကြားရဘူး၊ ထူးဆန်း နက်နဲခက်ခဲသိမ်မွေ့သော သဘောရှိသော၊ ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်း ရော၊နိဗ္ဗူတာသို့၊ မှန်စွာဆတ်ဆတ်၊ ရောက်စေတတ်, ရစေ တတ်သော, သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, အစရှိသော မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်ကို၊ ပွါးများစေအပ်ပြီ၊ (ပွါးများ ၍ပြီးပြီ)ဟု၊ မဂ္ဂသစ္စာကို၊ သိတတ်သောဉာဏ်သည်၊ (ဤယခုအခါ၌) သုံးလူ့ထွတ်တင်၊ ဘုရားရှင် အဖြစ်သို့စင်စစ်ကေန်၊ အမှန် ရောက်သောအခါ၌၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

အဘယ်သို့လျှင်, ဖြစ်ပေါ်လာသနည်း။

(၁) ※ စက္ခုံ ဥဒပါဒိ။ ။ဟူသောပါဠိအရ။
ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းရော၊ [※နိဗ္ဗူတာသို့၊ မှန်စွာဆတ်ဆတ်၊ ရောက်စေတတ်, ရစေတတ်သော, သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, အစရှိသော, မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်ကို၊ ပွါးများစေအပ်ပြီ၊(ပွါးများ၍ပြီးပြီ)ဟု၊ မဂ္ဂသစ္စာကို၊သိမြင်တတ်သော ပညာမျက်စိသည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

(၂) ※ ဉာဏံ ဥဒပါဒိ။ ။ဟူသောပါဠိအရ။
ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းရော၊ [※※※]မဂ္ဂသစ္စာကို၊ သိတတ်သော ဉာဏ်သည်၊ထင်ရှားစွာဖြစ်ပေါ်လာ၏။

(၃) ※ ပညာ ဥဒပါဒိ။ ။ဟူသောပါဠိအရ။
ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းရော၊ [※※※]မဂ္ဂသစ္စာကို၊ အပြားအားဖြင့်၊ သိတတ်သော ပညာသည်၊ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

(၄) ※ ဝိဇ္ဇာ ဉဒပါဒိ။ ။ဟူသောပါဠိအရ။
ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းရော၊ [※※※] မဂ္ဂသစ္စာကို၊ ထိုးထွင်း၍ သိတတ်သော ပညာသည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

(၅) ※ အာလောကော ဉဒပါဒိ။ ။ဟူသောပါဠိအရ။
ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းရော၊ [※※※] မဂ္ဂသစ္စာကို၊ သိတတ်သော ပညာ အရောင် အလင်းသည်၊ ထင်ရှား စွာဖြစ်ပေါ်လာ၏။

ဤတွင်၊တခဏ်းပြီး၏။
ဤတွင်ရွှေကား၊
မကျဉ်း,မကျယ်, သိလွယ်တန်ရုံ၊
ဖွင့်ဆိုအပ်သော
မဂ္ဂသစ္စာ၌၊ ဉာဏ်သုံးပါးဖြစ်ပုံပြဆိုခဏ်းပြီး၏။

---

## (၂၆) သစ္စာလေးပါး၊တရားအစဉ်ကို၊မသိ-မမြင်ရ သေးမီက၊ဗုဒ္ဓ-မည်တွင်၊ဘုရားသျှင်အစစ်၊ဖြစ်ပြီဟု၊ ဝန်မခံပုံပြခဏ်း

(၂၆) [ယာဝကီဝဉ္စမေဘိက္ခဝေ+····(လ)
ပစ္စညာသိံ ]ဟူ၏။

---

## (၂၆) ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုခဏ်း

(၂၆)(က) အို····"ပဥ္စဝဂ္ဂီ"ရဟန်းတို့။

သင်တို့ဆရာ၊ဗုဒ္ဓမည်တွင်၊ ငါဘုရားရှင်အား၊လွန်ခဲ့လေပြီး၊ အတီး ရှည်ကြာ၊ သံသရာ၌၊ ဒီပင်္ကရာ၊ ထွတ်ချာမှန်ကင်း၊ သုံးလူ့မင်း၏၊ ထံရင်းမျက်မှောက်၊ ရွှေတော်အောက်မှစ၍၊ အကြင်မျှလောက်သော လေးအသင်္ချေနှင့်, ကမ္ဘာတသိန်းဖြင့်၊ တွက်ကိန်းများစွာ၊ သံသရာ အခါကာလ ပတ်လုံး၊ ဤယခုပြဆိုအပ်ခဲ့ပြီးသော သစ္စာလေးပါး၊

တရားအစုတို့၌၊သစ္စာဉာဏ်အစရှိသော သုံးပါးသောဉာဏ်၊(သုံးပါး-လေးလီဖြစ်၍) တဆဲ့နှစ်ပါးသော သိမြင်ပုံနည်း, အခြင်းအရာအားဖြင့်၊ မဖေါက်မပြန်၊ဟုတ်မှန်တိုင်းသော အသိဉာဏ်သည်၊ သင်တို့-ဆရာ၊ငါဘုရားသျှင်အား၊(အလွန်လျှင်)သန့်ရှင်းကြည်လင်၊ စင်ကြယ်တောက်ပသော သဘောအားဖြင့်၊ မဖြစ်ပေါ်လာသေး။

(ခ) အို....''ပဉ္စဝဂ္ဂီ''ရဟန်းတို့။

ထိုသို့ဉာဏ်အမြင်၊ သန့်ရှင်းကြည်လင်၊ မစင်ကြယ်, မတောက်ပ, သေးသမျှသော လေးအသချေ်နှင့်၊ ကမ္ဘာတသိန်းတို့ကာလပတ်လုံး—

(၁) ကာမာဝစရ—နတ်ပြည်—ငါးထပ် ဟူသော ဩကာသလောကနှင့်၊

(၂) ဝသဝတ္တီနတ်ပြည်ဟူသော ဩကာသ လောကနှင့်၊

(၃) ဗြဟ္မာ့ပြည်-နှစ်ဆယ် ဟူသော ဩကာသ လောကနှင့်၊

(၄) ရဟန်း,ပုဏ္ဏားနှင့် တကွသော သမ္မုတိနတ်တည်းဟူသော မင်း၊ ကြွင်းသော လူနှင့်တကွ ဖြစ်သော သတ္တလောကကြီးနှင့်၊

အတုမရှိ မြင့်မြတ်သော၊ (၁) အရဟတ္တမဂ်ဉာဏ်၊ (၂) သဗ္ဗညုတ ဉာဏ်ဖြင့်၊ အလုံးစုံသော တရားတို့ကို၊ ထိုးထွင်းတိတိ၊ သိမြင်ပြီဟူ၍==တာဝန်ခံတော်မမူသေး။ ။[ဤစကားသည်ကား၊ သုံးဘုံထင်ရှား၊ ဘုရားစင်စစ်၊ ငါလျှင်- ဖြစ်ပြီ-ဟု၊ တာဝန်မခံသေး-ဟု-ဆိုလို၏။]

---

## (၂၇) သစ္စာလေးပါး၊တရားအစဉ်ကို၊သိမြင်သော အခါတိုင်မှသာ၊ဗုဒ္ဓ-မည်တွင်၊ဘုရားသျှင်အစစ်၊ ဖြစ်ပြီဟု၊ ဝန်ခံပုံပြခန်း

(၂၇)(က) [ယတော စခေါမေ ဘိက္ခဝေ+(လ) ပဠညာသိံ၊+]ဟူ၏။

---

## (၂၇) ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုခန်း

(၂၇) (က) အို....“ပဥ္စဝဂ္ဂီ”ရဟန်းတို့။

အကြင်သို့ သဘောရှိသော အပွရာဇိတ၊ ဌာနအောင်မြေ၊ ဗွေပလ္လင်၌၊ ငါးအင်မာရ်စစ်၊ အောင်ပွဲလှစ်၍၊ ထွန်းသစ်ကြေငြာ၊ ဘုန်းတေဇာဖြင့်၊ နေဝါပုံနှုန်း၊ ရှင်ပြုံးစံနေတော်မူသော အခါ၌သာလျှင်၊ နောက်၌ပြဆိုအပ်ခဲ့ပြီးသော သစ္စာလေးပါး၊ တရားအစုတို့၌၊ သစ္စာညာဏ်, အစရှိသော သုံးပါးသောညာဏ်၊ (သုံးပါးလေးလီဖြစ်၍) တဆဲ့နှစ်ပါးသော သိမြင်ပုံနည်း, အပြင်းအရာအားဖြင့်၊ မဖေါက်မပြန်၊ ဟုတ်မှန်တိုင်းသော အသိညာဏ်သည်၊ သင်တို့ဆရာ၊ ငါဘုရားရှင်အား၊ (အလွန်လျှင်) သန့်ရှင်းကြည်လင်၊ စင်ကြယ်တောက်ပလျက်၊ထင်ရှားစင်စစ်၊ဖြစ်ပေါ်လာ၏။

(ခ) အို....“ပဥ္စဝဂ္ဂီ”ရဟန်းတို့။

ထိုသို့ညာဏ်အမြင်၊ သန့်ရှင်းကြည်လင်၊ စင်ကြယ် တောက်ပစွာ၊ ဖြစ်ပေါ်လာသောအခါသို့ ရောက်မှသာလျှင်။ နောက်၌ ပြဆိုအပ်ခဲ့ပြီးသော၊ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်, ဟူသော ဩကာသလောကကြီးအလယ်၌၎င်း။ ။ရဟန်း, ပုဏ္ဏားနှင့် တကွသော သမ္မုတိ နတ်တည်းဟူသောမင်း၊ ကြွင်းသော လူနှင့်တကွဖြစ်သော သတ္တလောကကြီး အလယ်၌၎င်း။ အတုမရှိ၊ မြင့်မြတ်သော (၁) အရဟတ္တမဂ်ညာဏ်၊ (၂) သဗ္ဗညုတညာဏ်ဖြင့်၊ အလုံးစုံသော တရားတို့ကို၊ ထိုးထွင်းတိတိ၊ သိမြင်ပြီဟူ၍=တာဝန်ခံတော်မူ၏။

---

## (၂၈) ဗုဒ္ဓ-ဘုရားသျှင်၏ (ပစ္စဝေက္ခဏာ) ဉာဏ် အမြင်ဖြင့်၊ ဆင်ခြင်ပုံပြခန်း

(၂၈)(၁) [ညာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊+(လ) ဘဝေါတိ၊+]ဟူ၏။

## (၂၈) ပါဠိဘာသာမှ၊မြန်မာဘာသာပြန်ဆိုချက်။

(၂၈)(၁) အို....''ပဉ္စဝဂ္ဂီ''ရဟန်းတို့။

(၁) သင်တို့ဆရာ၊ဗုဒ္ဓ-မည်တွင်၊ ငါဘုရားရှင်အား၊အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်,တို့ကို ဆင်ခြင်တတ်သော(ပစ္စဝေက္ခဏာ)ဉာဏ်အမြင်သည်၊ ထင်ရှားစင်စစ်၊ ဖြစ်ပေါ်လာပြီ။

(၂) ငါဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်တို့ကို၊ ဆန့်ကျင်ဘက်ဖြစ်သော, လောဘ,ဒေါသ၊ စသည်ထွေးရှုပ်၊ အယုတ်တရားတို့သည်၊ မဖျက်ဆီး အပ်တော့ချေ။ ။မဖျက်ဆီးနိုင်တော့ချေ။ ။ငါဘုရားရှင်၏သန္တာန်၌ဖြစ်သော, ဝရဇိန်ဟန်၊ သဏ္ဌာန်နှုန်းဆောင်၊ ဝင့်တိုင်းပြောင်လျက်၊ ဘုန်းရောင်မပျက်၊ တလက်လက်ဖြင့်၊ထွန်းတက်တောက်ပသော အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ်, တို့ကသာလျှင်၊ ဆန့်ကျင်ဘက်ဖြစ်သော ထိုအယုတ်တရားတို့ကို၊ ပယ်ရှားနှိပ်စက်၊ ဖျက်ဆီးအပ်ကုန်ပြီ။

(၃) ထို့ကြောင့်၊ ဤယခုလောက မျက်မြင်အားဖြင့်၊ အထင်အရှား၊ဖြစ်ပွါးတည်နေသော ငါဘုရားရှင်၏ ခန္ဓာပဉ္စက၊ ဒြပ်တော်သည်ကား၊ နောက်ဆုံးဖြစ်သော ဘဝ- ဇာတ်တော်ပေတည်း။

(၄) ဤပစ္စုပ္ပန်ဖြစ်သော ဘဝခန္ဓာအစဉ်မှ၊ နောက်ထပ်တပါးဖြစ်သော အနာဂတ်ဖြစ်သော ဘဝ, ခန္ဓာငါးပါးအစဉ်ကို၊ ဖြစ်စေတတ်သော သမုဒယသစ္စာ၊ တဏှာ တရားသည်၊ ငါဘုရားရှင်အား,မရှိတော့ချေ။ ဤသို့ ဆင်ခြင်တတ်သော (ပစ္စဝေက္ခဏာ) ဉာဏ်အမြင်သည်၊ ဖြစ်ပေါ်လာပြီ။ ။ ဤခန္ဓာငါးပါး၊ ရုပ်, နာမ်တရားတို့သည်ကား၊ ပိုင်းခြားထင်ထင်၊ သိမြင်အပ်ကုန်ပြီး ဖြစ်၍သာ, တည်နေသေး၏၊ ဤပစ္စုပ္ပန်ဘဝ၊ ခန္ဓာငါးပါး၊ ရုပ်, နာမ် တရားတို့သည်၊ အပိုင်းပိုင်း, ဖြတ်အပ်ပြီးသော အမြစ်ရှိကုန်သော သစ်ပင်တို့ကဲ့သို့ရင်း၊ နောက်ဆုံးဖြစ်သော ဝိညာဉ်၏ ချုပ်ခြင်း

ကြောင့်, (ချုပ်သောအခါ၌) ထင်း– မြက်အစရှိသော လောင်စာမရှိသော မီးတောက်, မီးလျှံကဲ့သို့၎င်း, ဖြစ်၍၊ စင်စစ်ချုပ်ငြိမ်းကုန်လတ္တံ့။

ဤသို့လျှင်၊ သစ္စာလေးပါး၊ မြတ်တရားကို၊ ပိုင်းခြားတိတိ၊ သိမြင်တတ်သော သစ္စာဉာဏ်အစရှိသော ဉာဏ်သုံးပါးတို့၏ဖြစ်ပုံကို၊ ပြဆိုခဲ့ပြီး၍။ ဤယခုအခါ၌၊—

(၂၆) ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု .... (လ) .... နတ္ထိဒါနိ ပုနဗ္ဘဝေါတိ။

တိုင်အောင်၊သုံးလူ့ထွတ်တင်၊မြတ်စွာဘုရားရှင်၏ အဖြစ်ကို၊စင်စစ်တာဝန်ခံသော (အနုညာတ) ပါဠိစကားအရဖြင့်၊ရှေးအဘို့, ရှေးကာလက၊ (ပဉ္စဝဂ္ဂီ)ငါးဦးသားတို့၊ ဆင်ခြင်တုံတရားကင်းမဲ့လျက်၊ ကဲ့ရဲ့ငြင်းဆိုခဲ့သောစကားတို့ကို၊ ပယ်ရှားစွန့်ပစ်၊ နှစ်စေအပ်သော (နိဝတ္တေတဗ္ဗ)အနက်သဘောသို့ ရောက်စေအပ်သည်၏အဖြစ်ကိုပြဆိုတော်မူ၏။

ဤအရာ၌၊ရှေးအဘို့,ရှေးကာလက၊ (ပဉ္စဝဂ္ဂီ)ငါးဦးသားတို့၊ ပြောကြားကဲ့ရဲ့အပ်သောစကားနှင့်၊ မြတ်စွာဘုရားရှင် ပြန်ကြား, ဖြေဆိုအပ်သောစကားတို့ကို၊ ကြားညှပ်၍-အကျဉ်းချုပ်ပြဆိုဦးအံ့။

ဘုန်းခြောက်ပါးရှင်၊မြတ်စွာဘုရားသခင်သည်၊ဘုရားရှင်အဖြစ်သို့၊ စင်စစ်ရောက်တော်မူပြီးနောက်၊ ဗောဓိသတ္တာဟ-အစရှိသော (သတ္တသတ္တာဟ) (၄၉)ရက်နေ၍၊ ထွက်ကြွတော်မူပြီးလျှင်၊ (သဟမ္ပတိ)မည်ရှိထင်စွာ၊ မဟာဗြဟ္မာမင်း၏၊ လျှောက်ထား တောင်းပန်ချက်စကားအရဖြင့်၊ လူ–နတ်ဗြဟ္မာ၊ သတ္တဝါ အပေါင်းတို့အား၊ တရားတည်းဟူသောအမြိုက်ဆေးကို၊တိုက်ကျွေးဆုံးမအံ့သော၄ါ၊ လောကဓာတ်လုံးကို၊ သိမ်းကျုံးကြည့်ရှု တော်မူလတ်သော်၊ (အာဠာရ) ရသေ့သည်၊ ထက်သန်သောဉာဏ်- ပဋိဘာန်ရှိ၏၊ ထိုရသေ့အား, တရားဟောရမူကား၊ လျင်စွာသာလျှင်၊ သိမြင်လတ္တံ့ဟု၊ ဉာဏ်၌တင်တော်မူ၏။ ။ထိုသို့ဖြစ်ခဲ့စေ=ထို (အာဠာရ)ရသေ့သည်ကား၊ခုနစ်

ပြတ်ကြွေ၊သေလွန်ပြီးနောက်၊ ၇–ရက်မြောက်ရှိခဲ့ပြီဖြစ်၍၊ တရား ဟောရန်–အခွင့်၊မသင့်-လွဲချော်ခဲ့ပြန်၏။

ထိုနောက်တဖန်၊ ဉာဏ်ပဋိဘာန်ထက်သန်သော (ဥဒက) ရသေ့ အား၊တရားဟောရန်၊အကြံပြုပြန်ရာ၊ ထို(ဥဒက) ရသေ့သည်လည်း၊ ညဉ့်ဦးယာမ်ကပင်လျှင်၊ လွန်ပြီး--ဖြစ်ပြန်ရကား၊ ရှေးနည်းအတူ၊ တရားဟောရန် အခွင့်၊မသင့်-လွဲချော်ခဲ့ပြန်၏။

ထိုနောက်၊၎င်းသို့တဖန်၊ ကြံစည်တော်မူပြန်၏။ ။၎င်းရသေ့နှစ်ဦး တို့သည်၊ ငါဘုရားသခင်သည်၊ ဟောကြားအပ်လတ္တံ့သော တရား စကားကို၊ကြားနာရဘိမူကား။ (လျင်စွာသာလျှင်)သစ္စာလေးပါး၊ တရားအစဉ်ကို သိမြင်၍၊ ကမ္မဝဋ်၊ ကိလေသဝဋ်–ဟူသောအကြောင်း, ဝဋ်တရားနှစ်ပါးတို့၊ ဖွဲ့စည်းတည်ထောင်အပ်သောအကျိုး, ဝိပါက-ဝဋ်ဟူသော ဒုက္ခထောင်၊အနှောင်အဖွဲ့မှ၊လွတ်မြောက်ငြိမ်းကြရကုန် လတ္တံ့။

၎င်းယခုအခါ၌မူကား။ ထိုရသေ့နှစ်ဦးတို့သည်၊ လောဘ,ဒေါသ၊ စသည်ရောနှော၊ပုထုဇဉ်သဘောဖြင့်၊ မောဟ,ပိတ်ဖုံး၊ သံချေးတုံးကဲ့ သို့၊အသုံးမကျ၊ရှုံးခြင်းကြီး,ရှုံးလေစွ့တကားဟု၊ ပွါးများအပ်သော ဓမ္မ သံဝေဂ ဉာဏ် ဖြစ်တော် မူ၏။

ထိုနောက်တဖန်၊ အဘယ်သူအား၊ တရားစကား၊ ဟောကြား ဆုံးမ-ရအံ့နည်း။ ။အဘယ်သူသည်၊ ထူးသော ဉာဏ်ပဋိဘာန်ဖြင့်၊ ထိုသစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်လတ္တံ့နည်း,ဟု–ဆင်ခြင် တော်မူပြန်လတ်သော်၊ မိမိသည်၊ (ဥရုဝေလ)တောအုပ်၌၊ကမ္မဋ္ဌာန်း အလုပ်၊အားထုတ်၍နေစဉ်အခါ၊မိမိအား၊ ဝတ်ကြီး,ဝတ်ငယ်၊အသွယ် သွယ်တို့ကိုပြု၍၊ အလွန်အကျူး၊အထူးအားဖြင့်၊ အကျိုးကျေးဇူးများ လုပေသော (ပဉ္စဝဂ္ဂီ) ငါးဦးသားတို့အား၊ တရားစကား၊ ဟော ကြား ဆုံးမ-ရမူ-ကောင်းလေစွ့ဟု၊စိတ်အကြံဖြစ်တော်မူ၏။ ။ထို သို့ဖြစ်ခဲ့စေ=၎င်းယခုအခါ၌၊ထို(ပဉ္စဝဂ္ဂီ) ငါးဦးသားတို့သည်၊အဘယ် အရပ်၌ရှိလေသနည်း။ ။အဘယ်တရားအလုပ်ကို၊အားထုတ်၍နေလေ သနည်း,ဟု၊ကြည့်ရှုဆင်ခြင်တော်မူလတ် ပြန်သော်၊ထိုရဟန်းတို့သည်၊ ဗာရာဏသီ ပြည်ကြီး၏အနီး၊ မိဂဒါဝုန်တောအုပ်၌၊ လောကုတ္တရာ

အထက်တန်းသို့၊ တက်လှမ်းမည့်လုံ့လဖြင့်၊ ဆုံးမ-မည့်-ဆရာသခင် အား၊အခါခါပင်, မြှော်လင့်၍၊ ခေါ်ပင့်-စောင့်ဆိုင်းလျက်၊ ရှိနေကြပုံကို၊ အာရုံတွေးပြု၊ ဉာဏ် စက္ခုဖြင့်၊ ကြည့်ရှု သိမြင်တော်မူရကား၊ ထိုရသေ့ငါးဦးတို့ရှိရာ၊ မိဂဒါဝုန်၊ ရဂုံနန်းသို့၊ စက်ပန်းနှစ်လီ၊ ဖြန့်ချီကြွသွားတော်မူလေသတည်း။

ထိုအခါ၌၊ မြတ်စွာဘုရားသခင်၊ကြွလာတော်မူသည်ကို၊ (ပဥ္စဝဂ္ဂီ) ငါးဦးသားတို့သည်၊ အဝေးကပင်- လှမ်း၍၊ မြင်နှင့် ကြလတ်သော်၊ ဤသို့သော ကတိကဝတ်စကား၊ ပြောကြားတိုင်ပင်ကြကုန်၏။

အို....ငါ့ရှင်တို့။

ဤရုံ့ဟန်းကြီး ဂေါတမသည်၊ငါတို့ထံမှောက်၊ကြွရောက်၍ လာချေပြီ။ ။ဤသို့ ကြွလာခြင်းသည်ကား၊ ပစ္စည်းလေးပါး၊ ပေါများပြည့်စုံခြင်းကို၊အလိုရှိသည်ဖြစ်၍၊ပစ္စည်းဝတ္ထု၊တောင့်တမှုဖြင့်သာ၊ကမ္မဋ္ဌာန်း အလုပ်မှ၊ နှုတ်ထွက်၍ လှည့်လည် ကြွလာခြင်း ဖြစ်၏။ ။ထိုရဟန်း ဂေါတမကို၊ သင်တို့၊ ငါတို့သည်၊ အနီးထံပါး၊ ခစားဝပ်တုပ်လျက်၊ လက်အုပ်ချီမိုး၊ရှိခိုးခြင်းအမှုကို၊မပြုကြစတမ်း။ ။သူ၏အနီး၊ချဉ်းကပ်မိုးလျက်၊ ခရီးဦး ကြိုဆိုခြင်း အမှုကိုမပြုကြစတမ်း။ ။လောကဝတ်ကို၊ ပြုလိုသောစိတ်ဖြင့်၊ သပိတ် သင်္ကန်းကိုမျှ လှမ်းယူခြင်းအမှုကို မပြုကြစတမ်း။ ။စင်စစ်ပြုအပ်သော ဝတ်တရားကား။ ညှိသည်ဖြစ်သည့် အလျောက်၊ ရောက်လာသည့် အခါ၊ တည်းခိုနေထိုင်ဘို့ရာ၊ နေရာမျှကိုသာ ချထားကြအံ့။ ။အရှင် ဂေါတမသည်၊ အကယ်၍၊အလိုရှိခဲ့မူ၊ ထိုနေရာ၌ ထိုင်နေလတ္တံ့-ဟု၊တိုင်ပင်စကား၊ပြောကြားကြကုန်၏။ ။ ထိုစဉ်အခါ၊ [ထိုသို့ပြောဆိုတိုင်ပင်၍နေကြစဉ်] မြတ်စွာဘုရား သခင်သည်၊ ထိုရသေ့တို့ အနီးသို့၊ နီးသည်ထက်၊ နီးကပ်စွာ၊ ကြွလာလတ်သော်၊ထိုရသေ့တို့သည်၊ မိမိတို့၏၊ ကတိကဝတ် အတိုင်း၊ မတည်နိုင်ကြမူ၍၊ မိမိတို့ သဘောအလျောက်၊ ခရီးဦးကြိုဆိုခြင်း,, သပိတ်သင်္ကန်းကို လှမ်းယူခြင်း,,နေရာထိုင်ခင်း၊သန့်ရှင်းစွာ ခင်းထားရခြင်း,,ခြေဆေးရေ၊ခြေဆေး အင်းပျဉ်၊ခြေပွတ် အိုးခြမ်း,တို့ကိုထားရခြင်း,,စသည်တို့ဖြင့်၊ ဝတ်ကြီးဝတ်ငယ်၊ အသွယ်သွယ်သော ပြုသင့်,ပြုဘွယ်ရာ တို့ကို ပြုကြရကုန်၏။

ထိုနောက်၊ မြတ်စွာဘုရားသည်၊ ခင်းထား အပ်သော နေရာ၌၊ ထိုင်နေတော်မူ၏။ ။ထိုစဉ်အခါ၊ ထိုရသေ့တို့သည်၊ မြတ်စွာ ဘုရားသခင်အား၊ အရှင် (ဂေါတမ)ဟူသော အမည်တော် အားဖြင့်၎င်း၊ (အာဝုသော)ငါ့ရှင်ဟူသော အမည်တော်အားဖြင့်၎င်း၊ သုံးစွဲပြောဆိုကြရာ၊ထိုသို့ခေါ်ဝင်သုံးစွဲခြင်းကို၊တားမြစ်ပိတ်ပင်တော်မူ၏။

ထိုနောက်=

အို....''ပဉ္စဝဂ္ဂီ'' ရဟန်းတို့၊

ငါဘုရားရှင်သည်၊ ကိလေသာဟူ၊ ရန်သူအပေါင်းတို့ကို၊ကောင်းစွာ ဖျက်ဆီးတော်မူအပ်ပြီ။ ။ဥဿုယျမိတရား၊ ငါးပါး အပေါင်းကိုလည်း၊ ကောင်းစွာသိမြင်တော်မူအပ်ပြီ။

အို....''ပဉ္စဝဂ္ဂီ'' ရဟန်းတို့၊

သင်ချစ်သားတို့သည်၊ တရားစကား၊ ကြားနာမှတ်ယူအံ့သောငှါ၊ ရှိသေစွာ နားစိုက်ကြကုန်လော့။ သင်တို့ဆရာ၊ ငါဘုရားရှင်သည်၊ ၌ သုံးပါးသော လောကဓာတ် ဟူသောတိုက်၌၊ အမြိုက်နိဗ္ဗာန်တရားကို၊ ရရှိသိမြင်အပ်ပြီ။ ။သင်ချစ်သားတို့အား၊ မဟာကရုဏာဉာဏ်၊ ပြည့်လျှံယိုဖိတ်သော စိတ် နှလုံးဖြင့်၊ ဆုံးမပေအံ့။ ။တရားစကား၊ ဟောကြားပေအံ့။

အို....''ပဉ္စဝဂ္ဂီ'' ရဟန်းတို့၊

အကြင်သူသည်၊ ငါဘုရားရှင်၏သွန်သင်ဆုံးမတော်မူချက်အတိုင်း၊ ညွတ်ကိုင်းယုံကြည်သော သဒ္ဓါစရိုက်ဖြင့်၊မကွာလိုက်နာ၊ ပြုကျင့်ခဲ့အံ့၊ ထိုသူသည်၊ မကြာမြင့်မီ၊ အကြင်သို့သော အရဟတ္တဖိုလ်ဟူသော အကျိုးငှါ၊ အိမ်ရာတည်ထောင်၊ လူတို့ဘောင်မှ၊ ခွါရှောင်ထွက်ခဲ့၍၊ ဖန်ရည်ဆိုးစွမ်း၊ ဝတ်သင်္ကန်းဖြင့်၊ရဟန်းရသေ့ပြု၏။ ထိုသူသည်၊ မျက်မှောက်ထင်ထင်၊ သိမြင်ရသော မိမိ ကိုယ်၏အဖြစ်၌ပင်၊အတုမရှိ၊မြင့်မြတ်လှစွာသော,မြတ်သောအရဟတ္တမဂ်၏ အဆုံးဖြစ်သောအရဟတ္တဖိုလ်-ချမ်းသာဟူသော အကျိုးကို၊ မျက်မှောက် ထင်ထင်၊ သိမြင်ရရှိ၍၊ နေရလတ္တံ့—ဟု၊ ဟောကြားတော်မူ၏။

ထိုအခါ၌၊ (ပဉ္စဝဂ္ဂီ)ငါးဦးသားတို့သည်၊ မိမိတို့၏စိတ်ခေတ် အထုံဖြင့်၊ယုံကြည်လေးမြတ်ခြင်းမရှိမူ၍၊ ဤသို့စကား၊ပြန်ကြားလျှောက်ဆိုကြကုန်၏။

အို….အရှင်ဂေါတမ။

အရှင်သည်၊ထိုသို့ပြုနိုင်ခဲစွာသော၊ ငြိမ်သက်သေခွေ၊ ဋုက္ကရစရိယာပုထ်ကို၊ ပြုလုပ်နေထိုင်ခြင်းမျှဖြင့်၎င်း၊ ထိုသို့ပြုနိုင်ခဲသော အကျင့်ကို၊ ကျင့်ခါမျှဖြင့်၎င်း၊ ထိုသို့ပြုနိုင်ခဲသော တလက်ဖက်မျှ လောက်သော အစာ,အဟာရကို၊ ကုဉ်းပေး သုံးဆောင်သော အကျင့်မျှဖြင့်၎င်း၊ ဤသို့လျှင်၊ အိမ်ရာတည်ထောင်၊ လူတို့ဘောင်၌၊လူတို့ ကျင့်ရိုးကျင့်စဉ်ဖြစ်သော [ကုသလကမ္မပထ] တရား၊ ဆယ်ပါးတို့ထက်၊ ဆတက်ထောင်ရာ၊ မနှိုင်းသာအောင်၊သာလွန်မြင့်မြတ်သော အရိယာပုဂ္ဂိုလ်တို့၏ အဖြစ်မျိုးကို၊ ပြုစွမ်းနိုင်သော "သဗ္ဗညုတ" ဟူသော ဉာဏ်အမြင်အထူးကို၊မရနိုင်ချေ၊မသိနိုင်ချေ။

အို….အရှင်ကြီးဂေါတမ။

စင်စစ်မှုကား= အရှင်သည်၊ ဆွမ်း-သက်နန်း- ကျောင်း-ဆေး၊ လေးပါးသော ပစ္စည်းတို့၏၊ များပြားစေခြင်း အကျိုးငှါသာလျှင် ကျင့်၏။ ။ထိုပစ္စည်းဟူသောအကျိုးငှါ၊ကမ္မဋ္ဌာန်းအလုပ်မှ၊နှုတ်ထွက်၍ လာခဲ့၏။ ။ထိုပစ္စည်းဟူသော အကျိုးငှါ၊ထိုမှ-ဤမှ၊လှည့်လည်၍ ကြွလာခဲ့၏။

ထို့ကြောင့်-အရှင်ဂေါတမသည်၊ "သဗ္ဗညုတ"ဟူသော ဉာဏ်အမြင်အထူးကို၊အဘယ်မှာလျှင်၊ရမှို-သိနိုင်တံအံ့နည်းဟု၊ဆိုကြကုန်၏။

ထိုနောက်၊ မြတ်စွာဘုရားသခင်သည်လည်း၊မိမိ၏သုံးဘုံထင်ရှား၊ "သဗ္ဗညုတ"ဘုရားရှင်၏ အဖြစ်ကို၊ စင်စစ်တာဝန်ခံလျက်၊ တရားဟောရန်၊ အားထုတ်တော်မူပြန်၏။ ။(ပဉ္စဝဂ္ဂီ)ငါးဦး တို့သည်လည်း၊ မိမိတို့၏စိတ်အလိုဖြင့်၊ ဤအရှင်ကြီးဂေါတမသည်၊ လောကသုံးပါး၌ "သဗ္ဗညုတ" ဘုရားရှင်၏အဖြစ်ကို၊ စင်စစ်ရနိုင်၊ သိနိုင်ရန်ခဲယဉ်း၏။ ။ပစ္စည်းလေးပါး၊ ပေါများပြည့်စုံရန်သာ၊ ရည်သန်၍၊

လှည့်လည်ကြွလာခြင်းဖြစ်၏။ ။ဤသို့စသောစကားဆိုး၊ စကားမျိုးတို့ကိုသာ၊ အစဉ်မပြတ်၊ထပ်ခါထပ်ခါ၊ ပြောဆိုငြင်းဆန်လျက်၊နေကြကုန်၏။

ဤသို့အားဖြင့်၊ သုံးကြိမ်တိုင်တိုင်၊ သူနိုင်-ငါနိုင်၊ ပြိုင်ဆိုင်ပြောဆို၊ ငြင်းဆန်ခဲ့ကြပြီးနောက်၊ မြတ်စွာဘုရား သခင်သည်၊ ဤသို့အားဖြင့်၊ အကျဉ်းချုံး၍၊နောက်ဆုံးစကား၊မိန့်ကြားတော်မူ၏။

ဒိ·····"ပဉ္စဝဂ္ဂီ"ရဟန်းတို့။

သင်တို့ဆရာ၊ငါဘုရားရှင်သည်၊ ဤနေရာ ဤအခါမှ၊ ရှေးအဘို့၊ ရှေးကာလ ဖြစ်သော ထိုထိုနေရာ၊ ထိုထိုကာလ၌၊ မိမိ၏ကိုယ်ကို၊ ဤကဲ့သို့ပင်၊လောကသုံးပါး၌၊ "သဗ္ဗညုတ"ဘုရားရှင်၏အဖြစ်ကို၊ စင်စစ်တာဝန်ခံစကား၊ပြောကြားမိန့်ဆိုသည်ကို၊ ကြားနာရဘူး လေသလော"=မှတ်သားရဘူးလေသလော"=ဟု၊မေးမြန်းတော်မူ၏။

ဤအခါမှသာလျှင်၊ သဒ္ဓါဟုန်ဖြင့်၊ လေးမြတ်သောစိတ်ရှိပုံကို၊ သိမြင်တော်မူ၍၊မိမိ၏သုံးဘုံထင်ရှား၊"သဗ္ဗညုတ"ဘုရားရှင်၏အဖြစ်ကို၊ ယုံကြည် လေးမြတ်စေလျက်၊ ["ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"] အစရှိသော ဒေသနာကို၊ ဟောကြားတော်မူ၏။

ဤသို့လျှင်၊

(၁) ကာမသုခလ္လိကာ နုယောဂ--ဟူသောအယုတ်တရား။

(၂) အတ္တကိလမထာနုယောဂ-ဟူသောအယုတ်တရား။

ထိုတရားနှစ်ပါးတို့သို့၊မလားမကပ်၊မြတ်သော"မဇ္ဈိမာပဋိပဒါ" ဟူသော မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်ကို၊ဟောတော်မူ၏။

ထိုနောက်၊ထိုမဂ္ဂင်ရှစ်ပါး၊တရားအကျင့်၏ အာရုံဖြစ်သော သစ္စာလေးပါး၊တရားတို့ကိုလည်း၊ အစဉ်အတိုင်း၊ အကျိုးသစ္စာ၊အကြောင်းသစ္စာ,ဟူ၍၊သရုပ်အားဖြင့်၊ ပိုင်းခြားခွဲဝေ၊ ဟောတော်မူပြန်၏။

ထိုနောက်၊ ထိုသစ္စာလေးပါး၊ တရားအစု၌၊ သစ္စာဉာဏ်-အစရှိသော သုံးပါးသောဉာဏ်တို့ဖြင့်၊အစဉ်အတိုင်း၊ ပိုင်းခြားထင်ထင်၊ သိမြင်ပုံနည်းကို၊ဟောတော်မူ၏။

ထိုနောက်၊

'အို….“ပဉ္စဝဂ္ဂီ”ရဟန်းတို့။

ငါဘုရားရှင်သည်၊ ဤပြဆိုအပ်ခဲ့ပြီးသော သစ္စာလေးပါး၊ တရားအစဉ်ကို၊သုံးပါးသော ဉာဏ်အမြင်ဖြင့်။ ပိုင်းခြားထင်ထင်၊ မမြင်မသိရသေးမီ၊ ရှေးအဘို့, ရှေးကာလတို့၌၊ မိမိ၏ကိုယ်ကို၊ သုံးဘုံထင်ရှား၊ “သဗ္ဗညုတ” ဘုရားရှင်၏အဖြစ်ကို၊ စင်စစ် တာဝန်မခံသေး။ ။ဤပြဆိုအပ်ခဲ့ပြီးသော သစ္စာလေးပါး၊ တရားအစုတို့ကို၊ တခုစီ-တခုစီ- ဖြေရှင်း၍၊ အကြွင်းမရှိ၊ သိမြင်တော်မူသော နောက်ကာလမှ သာလျှင်၊ လောကသုံးပါး၌၊ “သဗ္ဗညုတ” ဘုရားရှင်၏ အဖြစ်ကို၊စင်စစ် တာဝန်ခံစကား၊ မိန့်ကြားတော်မူ၏–ဟု၊ (ပဉ္စဝဂ္ဂီ) ငါးဦးသားတို့၏၊ယုံမှား ခြင်းတရားကို၊ ပယ်ရှားစွန့်လွှတ်စေခြင်းငှါ၊ [“ယာဝကီဝဥ္စမေ ဘိက္ခဝေ………မှ၊………နတ္ထိ ဒါနိ ပုနဗ္ဘဝေါ”] တိုင်အောင်သော ပါဠိဒေသနာ အစဉ်ဖြင့်၊ မြတ်စွာဘုရားရှင်၏ အဖြစ်ကို၊ နောက်ထပ်တဖန်၊ ပြန်လည်တာဝန်ခံတော်မူ၏-ဟူလို။

> ဤသည်ကား၊ သစ္စာလေးပါးကို၊ ဉာဏ်သုံးပါးဖြင့်,သိမြင်ပုံနည်းကိုပြပြီး၍၊ 'ထိုသို့ သိမြင်သော အဖြစ်သို့ ရောက်မှသာလျှင်၊ လောကသုံးပါး၌၊ “သဗ္ဗညုတ” ဘုရားရှင်၏အဖြစ်ကို၊ စင်စစ် တာဝန်ခံထိုက်ပုံကို၊ပြဆိုသောစကားအဆက်တည်း။

---

ဤအရာ၌၊ (ပဉ္စဝဂ္ဂီ) ငါးဦးသားတို့အား သာလျှင်၊ “သဗ္ဗညုတ” ဘုရားရှင်၏အဖြစ်ကို၊ စင်စစ်တာဝန်ခံသည် မဟုတ်ချေ။ ။ထို(ပဉ္စဝဂ္ဂီ) ငါးဦးတို့အား၊ တရားဟောရန်၊ ကြွလာစဉ်အခါ၊ လမ်းခရီးအကြား၌၊ (ဥပက) အမည်ရှိသော တက္ကတွန်းရဟန်းနှင့်၊ တွေ့စဉ်ကပင်၊ “သဗ္ဗညုတ” ဘုရားရှင်၏ အဖြစ်ကို၊ စင်စစ် တာဝန်ခံတော်မူ၏။

ဆိုဦးအံ့။ ။မြတ်စွာဘုရားသခင်သည်၊ ဝါဆိုလပြည့်နေ့ အခါ၌၊ မဟာဗောဓိမဏ္ဍိုင်မှ၊ တဆဲ့ရှစ်ယူဇနာ- ကွာသော ဗာရာဏသီပြည်၊ မိဂဒါဝုန်တောသို့၊ နေ့ခြင်းရောက်- ခြေကြောင်းခရီးဖြင့်၊ ကြွသွား

တော်မူရာ၊ လမ်းခရီးအကြား၌၊ (ဥပက) အမည်ရှိသော တက္ကတွန်း ရဟန်းနှင့်တွေ့လေသတည်း။

ထိုအခါ၌၊(ဥပက)ရဟန်းသည်၊ မြတ်စွာဘုရားသျှင်အား။ ဤသို့ စကားဆို၏။ ။ငါ့ရှင်၊ အသင်၏ စက္ခုန္ဒြေ အစရှိသော ဣန္ဒြေ ခြောက်ပါး၊ တရားတို့သည်၊ ကြည်လင်စွာ ရှိကုန်၏။ ။အဆင်း ရုပ်ရည်သည်လည်း၊ စင်ကြယ်သန့်ပြန့်၏။ ။ပြိုးပြိုးပြက်၊ ထွက်သစ် စသော "နေ-လုလင်" အရောင်ကဲ့သို့၊ တောက်ပြောင်ထွန်းပ၏။ ။ ငါ့ရှင်သည်၊ အဘယ်သူကို- ရည်မှန်း၍- ရဟန်းပြုလေသနည်း။ ။ သင်၏ ဆရာကား၊ အဘယ်သူနည်း။ ။သင်သည်၊ အဘယ်သူ၏၊ ဆုံးမစကားကို၊ အားထားနှစ်မြှိုက်၊ လိုက်နာပြုကျင့်သနည်း=ဟု၊ မေးမြန်းလတ်သော်၊ မြတ်စွာဘုရားရှင်သည်၊ အောက်၌ပါသော ဂါထာအရဖြင့်၊ ပြန်ကြားဖြေဆိုတော်မူ၏။

(၁) သဗ္ဗာဘိဘူ,သဗ္ဗဝိဒူ,ဟမသ္မိ၊
သဗ္ဗေသု ဓမ္မေသု အနူပလိတ္တော။
သဗ္ဗံ ဇဟော,တဏှာက္ခယေ ဝိမုတ္တော၊
သယံ အဘိညာယ,ကမုဒ္ဒိသေယျံ။ ။

(၁) ဥပက၊ ဥပက-ရဟန်း။

အဟံ၊ငါဘုရား သျှင်သည်။ သဗ္ဗာဘိဘူ၊ အလုံးစုံသော တေဘူမက သင်္ခါရ-တရားတို့ကို၊ လွှမ်းမိုးနှိပ်နင်း၍ တည်သည်။ အသ္မိ၊ ဖြစ်ခဲ့၏။ သဗ္ဗဝိဒူ၊ အလုံးစုံသောတရားကိုသိသည်။ အသ္မိ၊ ဖြစ်ခဲ့၏။ သဗ္ဗေသု၊ ခပ်သိမ်းကုန်သော။ ဓမ္မေသု၊တေဘူမက သင်္ခါရ- တရားတို့၌။ အနူပ-လိတ္တော၊ ရာဂ— အစရှိသော ကိလေသာတို့ဖြင့်၊ လိမ်းကျံခြင်းမရှိ။ သဗ္ဗံဇဟော၊ အလုံးစုံသော တေဘူမက သင်္ခါရတရားတို့၌၊ စွန့်အပ်ပြီ။ တဏှာက္ခယေ၊ တဏှာ၏ ကုန်ရာဖြစ်သော နိဗ္ဗာန်၌။ ဝိမုတ္တော၊ အာရုံ ပြုသောအားဖြင့်၊ ကိလေသာတို့မှလွတ်ပြီ။ သယံ၊ မိမိအလိုလို။ အဘိ ညာယ၊ ထူးသောဉာဏ်ဖြင့်၊သစ္စာလေးပါး၊ တရားအစဉ်ကိုသိ၍။ ကံ၊ နတ်, နှင့်ကား-လူ၊ အဘယ်သူကို၊ ဥဒ္ဒိသေယျံ၊ သံသရာ-ခရီးစခန်း၌၊ လမ်းပြအရာ၊ ငါ၏-ဆရာ=ဟူ၍၊ ညွှန်ကြားပြရအံ့နည်း။

## အကျဥ်းချုပ်အဓိပ္ပါယ်ကား

(၁) (ဥပက) ရဟန်း။

ငါဘုရားရှင်သည်၊ အလုံးစုံသောဘုံသုံးပါးအတွင်း၌၊ အဿာဒ, သာယာဘွယ်ဖြစ်သော တရားတို့ကို၊မသာယာမူ၍၊စွန့်လွှတ်နိုင်၏။ ။ အာဒီနဝ,အပြစ်ဖြစ်သောရုပ်,နာမ်,ဟူသော တေဘူမက သင်္ခါရတရားတို့ကိုလည်း၊ အပြစ်အားလျော်စွာ၊ ဟုတ်တိုင်းထင်ထင်၊ ရှုဆင်ခြင်နိုင်၏။ ။ဤသို့အားဖြင့်၊ ငါဘုရားသျှင်၏စိတ်သည်၊ အလုံးစုံသော တေဘူမက သင်္ခါရ တရားတို့ကို၊ လွှမ်းမိုး နှိပ်စက်၍၊ ထိပ်ထက်၌ တည်နိုင်၏။

ပုထုဇဥ် သတ္တဝါတို့၏ အလေ့မူကား။ အဿာဒ, သာယာဘွယ်ဖြစ်သော အာရုံမျိုးတို့နှင့်၊ တွေ့ကြုံ ဆုံဆီးမိလျှင်၊ သာယာ စွဲလမ်း၍၊ မခွဲခြမ်းနိုင်ကြကုန်။ ။မစွန့်လွှတ်နိုင်ကြကုန်။ ။အာဒီနဝ, အပြစ်ဖြစ်သော ရုပ်, နာမ်, ဟူသော တေဘူမက သင်္ခါရ တရားတို့ကိုလည်း၊ အပြစ်အားလျော်စွာ၊ ဟုတ်တိုင်း ထင်ထင်၊ မဆင်ခြင်နိုင် မူ၍၊ ဖြစ်ရိုး ဖြစ်စဥ်၊ အလေ့အလာ၊ ဓမ္မတာ ဖြစ်သော ဘဝ သမ္ပတ္တိ, ဘောဂသမ္ပတ္တိ, ဟူသော အဟောင်း အညစ်ကိုပင်၊ အကောင်း, အသစ်ကဲ့သို့ငင်း၊ အပြစ်ရှာ မရနိုင်သည့်၊ အနှစ်သာရ ကဲ့သို့ငင်း၊ ရှုကြည့်သာယာ၍၊ နေကြကုန်၏။

ဤသို့အားဖြင့်၊ ပုထုဇဥ် သတ္တဝါတို့၏ စိတ်သည်၊ အလုံး စုံသော တေဘူမကသင်္ခါရတရားတို့ကို၊ လွှမ်းမိုးနှိပ်စက်၍၊ ထိပ်ထက်၌မတည်နိုင်ဘဲ၊ ထိုတေဘူမက သင်္ခါရ တရားတို့ကသာလျှင်၊မိမိတို့၏ စိတ်ထက်သို့၊ တက်ရောက် လွှမ်းမိုးကာ တည်လျက်၊အိုမှု,နာမှု, သေကြေပျက်စီးမှု, ဘဝ တဖန်၊ပြန်လည်အသစ် ဖြစ်ရမှု, အစရှိသည်တို့ဖြင့်၊အဆက်မပြတ်၊စက်ရဟတ်ပမာ၊ အခါခါ၊အတင်းကြမ်း၍၊ ညှဥ်းပန်းနှိပ်စက်ခြင်းကို၊ ကျေကျေ နပ်နပ်၊ ခံယူလျက်၊ ထိုတေဘူမက သင်္ခါရ တရားတို့၏၊ ခြေရင်း အောက်၌သာ၊ သေ႐ြင်းသို့ ရောက်ရန်၊ ဦးခေါင်းငုံ့လျှိုး၊တိုးဝင်ချဥ်းကပ်လျက်၊ နေကြကုန်၏။

(ဥပက) ရဟန်း။ ။ငါဘုရားရှင်သည်ကား။ ထိုအလုံးစုံသော ရုပ်,နာမ်,ဟူသော တေဘူမက သင်္ခါရတရားတို့၌၊ သာယာ ခြင်းမှ၊

စွန့်လွှတ်နိုင်ခြင်း, အပြစ်အားဖြင့်၊ရှုဆင်ခြင်နိုင်ခြင်းတို့ဖြင့်၊ လွှမ်းမိုး နှိပ်စက်၍၊ ထိပ်ထက်၌တည်နိုင်၏၊ ဟူလို။ ။အလုံးစုံသော တရားတို့ကို၊ သိမြင်သည်ဖြစ်၏။ ။အလုံးစုံသော ရူပ်,နာမ်, ဟူသောတေဘူမက သင်္ခါရတရားတို့၌။

(၁) လောဘ-ဟူသော စွဲလမ်းခြင်းဖြင့်၊ လိမ်းကျံခြင်း မရှိ။
(၂) ဒေါသ-ဟူသော ပြစ်မှားခြင်းဖြင့်၊ လိမ်းကျံခြင်း မရှိ။
(၃) မောဟ-ဟူသော တွေဝေခြင်းဖြင့်၊ လိမ်းကျံခြင်း မရှိ။
(၄) မာန-ဟူသော မာန်မူခြင်းဖြင့်၊ လိမ်းကျံခြင်း မရှိ။
(၅) ဣဿာ-ဟူသော ငြူစူခြင်းဖြင့်၊ လိမ်းကျံခြင်း မရှိ။
(၆) မစ္ဆရိယ-ဟူသော ဝန်တိုခြင်းဖြင့်၊ လိမ်းကျံခြင်း မရှိ။
(၇) ကုက္ကုစ္စ-ဟူသော နောင်တ တဖန်၊ပူပန်ခြင်းတို့ဖြင့်၊ လိမ်းကျံခြင်းမရှိ။
(၈) အလုံးစုံသော ရူပ်, နာမ်, ဟူသော တေဘူမက သင်္ခါရ တရားတို့၌၊သာယာခြင်း,စွဲလမ်းခြင်းကို၊စွန့်လွှတ်အပ်ပြီ။
(၉) တဏှာ၏ ကုန်ရာဖြစ်သော နိဗ္ဗာန်၌၊ အာရုံပြုသော အားဖြင့်၊ အလုံးစုံသော ကိလေသာ တရားတို့မှ၊ လွတ်မြောက်ရပေပြီ။
(၁၀) မိမိအလိုလိုသာလျှင်၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်ရပြီ။

ထို့ကြောင့်၊ (ဥပက) ရဟန်း။

ငါ-ဘုရားသျှင်သည်၊လောကသုံးခွင်၊ ဘုံအပြင်၌မူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါဟူ၊အဆူဆူသောပုဂ္ဂိုလ်တို့တွင်၊အဘယ်သူကို၊(မဂ္ဂ-ဒေသက) နည်းညွှန်လမ်းပြအရာ၊ ဆရာ=ဟူ၍၊ တင်ထားနိုင်တော့အံ့နည်း။ ။ (ဆရာမရှိ၊အသဒိသ-အစစ်၊ဖြစ်ကြီး ဖြစ်တော်မူ၏-ဟု၊ဖြေကြားတော်မူ၏။)

(၂) န မေ အာစရိယော အတ္ထိ၊
သဒိသော မေ န ဝိဇ္ဇတိ။
သဒေဝကသ္မိံ လောကသ္မိံ၊
နတ္ထိ မေ ပဋိပုဂ္ဂလော။ ။

(၂) ဥပက၊ ဥပက-ရဟန်း။
မေ၊ငါဘုရားရှင်အား။ အာစရိယော၊ ဆုံးမနက်လေး၊ ကောင်းစွာပေး၍၊ယဉ်ကျေးစေတတ်၊ ဆရာမြတ်သည်။ နအတ္ထိ၊ဘယ်ဝယ်တစ်၊ မရှိချေ။ ။သ, ဒေဝကသ္မိံ၊ နတ်ဗြဟ္မာနှင့်တကွသော။ လောကသ္မိံ၊ လောကသုံးခွင်၊ ဘုံအပြင်၌။မေ၊ ငါဘုရားရှင်နှင့်။သဒိသော၊ ဂုဏ်ဖြင့်ပိုင်း၍၊ နှိုင်းယှဉ်အပ်သူ၊တူသောသူမည်သည်။ နဝိဇ္ဇတိ၊ဘယ်ဝယ်တစ်၊ မရှိချေ။ ။မေ၊ ငါဘုရားရှင်၏။ ပဋိပုဂ္ဂလော၊ တုဘက်-ပြိုင်ဘက်ဖြစ်သောပုဂ္ဂိုလ်သည်။နတ္ထိ၊ ဘယ်ဝယ်တစ်၊ မရှိချေ။

## အကျဉ်းချုပ်အဓိပ္ပါယ်ကား

(၂) (ဥပက) ရဟန်း။
ငါဘုရားရှင်အား၊သစ္စာလေးပါး၊တရားအစဉ်ကို၊သိမြင်မှု၌၊ဆုံးမနည်းပေး၊ ယဉ်ကျေးစေတတ်သော ဆရာ=မည်သည်မရှိ။ ။နတ်, ဗြဟ္မာ,နှင့်တကွသော လူ့ပြည် လောက၌၊ ငါဘုရားရှင်နှင့်၊ သီလ, သမာဓိ,ပညာ,အစရှိသော ဂုဏ်တို့ဖြင့်၊တူမျှသောသူ မည်သည်မရှိ။ ။ ငါဘုရားရှင်၏၊ တုဘက်,ပြိုင်ဘက်ဖြစ်သော ပုဂ္ဂိုလ်မည်သည်မရှိ။ ။ ငါဘုရားရှင်သည် သာလျှင်၊ လောက—သုံးပါးဟူသော တောအုပ်ဂနိုင်၊ မြိုင်အထက်၌၊ ပြိုင်ဘက်ကင်းပျောက်၊ သတင်းမောက်၍၊ ဝင်းတောက်ထိန်လက်၊ နေရှိန်စက်ကဲ့သို့၊ ဘဝဂ် ကျော်လျှံ၊အောင်မောင်းသံဖြင့်၊ .အောင်သံ တီးခတ်၊ အပြီးသတ်လျက်၊ အကြီးမြတ်ဆုံးသော ဆရာကြီး—အစစ်၊ ဖြစ်တော်မူ၏—ဟု၊ ဖြေကြားတော်မူ၏။

(၃) အဟံ ဟိ,အရဟာ လောကေ၊
အဟံ သတ္ထာ အနုတ္တရော။
ဧကော, မှိ သမ္မာသမ္ဗုဒ္ဓေါ၊
သီတိဘူတော,သ္မိ နိဗ္ဗုတော။ ။

(၃) ဥပက၊ ဥပက-ရဟန်း။
အဟံ,ဟိ၊ (အဟံ-ဧဝ) ငါဘုရားရှင်သည်သာလျှင်။ လောကေ၊ လောကသုံးခွင်၊ ဘုံအပြင်၌။ အရဟာ၊ အာသဝေါကုန်ခန်းသည့်၊ ရဟန္တာ ပုဂ္ဂိုလ်ဖြစ်၏။ ။အဟံ, ဧဝ၊ ငါဘုရားရှင်သည် သာလျှင်။

အနုတ္တရော၊လောကသုံးခွင်၊ ဘုံပြင်အထု၌၊ အတုမရှိ၊ မြင့်မြတ်သောသူတည်း။ ။သတ္တာ၊လူ-နတ်တို့၏ဆရာအစစ်၊ဖြစ်သတည်း။ ။ဧကော၊တယောက်ထည်း တည်းဖြစ်သော။ အဟံ, ငါ၊ ငါဘုရားရှင်သည်သာလျှင်။ သမ္မာသမ္ဗုဒ္ဓေါ၊ဥဒ္ဓေယျဓမ်-တရား၊ ငါးပါးကို၊ သိတော်မူသည်။ အမှိ၊ဖြစ်၏။ ။သီတိဘူတော၊ကိလေသာ,ဟူ၊ အပူခပ်သိမ်း၊ငြိမ်းခြင်းသို့ ရောက်သည်ဖြစ်၍။ နိဗ္ဗုတော၊ငြိမ်းချမ်းမြေသည်။ အသ္မိ၊ဖြစ်ပြီ။

## အကျဉ်းချုပ်အဓိပ္ပါယ်ကား

(၃) (ဥပက)ရဟန်း။

ငါဘုရား ရှင်သည်သာလျှင်၊ လောကသုံးပါး၌၊ အာသဝေါ-ကုန်ခန်းသည့်၊ ရဟန္တာ-ပုဂ္ဂိုလ်ဖြစ်၏။ ။လောက သုံးခွင်၊ဘုံပြင်အထု၌၊ အတုမရှိ၊ မြင့်မြတ်သောသူတည်း။ ။လူ-နတ်တို့၏ ဆရာအစစ်၊ ဖြစ်သတည်း။ ။ငါဘုရားရှင်သည်သာလျှင်၊ "သမ္မာသမ္ဗုဒ္ဓ"-ဟူသောဂုဏ်ဖြင့်၊ ဘုံသုံးပါး၌၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ ။ကိလေသာဟူ၊အပူခပ်သိမ်း၊ ငြိမ်းအေးခြင်းသို့ ရောက်သည်ဖြစ်၍၊ ခန္ဓာငါးပါးသည်သာလျှင်၊ ကိလေသာတို့မှ ကြွင်းသည်နှင့်တကွ ဖြစ်သော (သ- ဥပါဒိသေသ) ဟူသော နိဗ္ဗာန ဓာတ်နန်းသို့၊ စခန်းဆိုက်ကပ်သောသူသည်ကား၊ ငါဘုရားရှင်ပင်တည်း, ဟု၊ဖြေကြားတော်မူ၏။

(၄) ဓမ္မစက္ကံ, ပဝတ္တေတုံ၊
ဂစ္ဆာမိ,ကာသိနံ,ပုရံ။
အန္ဓိဘူတသ္မိံ,လောကသ္မိံ၊
အာဟညိံ,အမတဒုန္ဒုဘိံ။ ။

(၄) ဥပက၊ ဥပက- ရဟန်း။

အဟံ၊ ငါဘုရား သျှင်သည်။ ဓမ္မစက္ကံ၊ "ဓမ္မစကြာ"တရားတော်မြတ်ကို။ ပဝတ္တေတုံ၊ သာယာနှစ်နော၊ ဟောပြောပြသခြင်းငှါ။ ကာသိနံ၊ကာသိတိုင်းကြီး၌၊နေကြကုန်သောသူတို့၏။ ပုရံ၊ဗာရာဏသီပြည်ကြီးသို့။ ဂစ္ဆာမိ၊ အမြိုက်ရေချမ်း၊ တိုက်ချွေဖျန်းဘို့၊ စက်ပန်းနှစ်လီ၊ ဖြန့်ချီကြွသွားပေအံ့။ အန္ဓိဘူတသ္မိံ၊ "အဝိဇ္ဇာ"ရောင်၊ မိုက်ဃန်းတိမ်

တောင်သို့၊ မိုက်မှောင်ထူသန်း၊ သူကာဏ်းသဘွယ်ဖြစ်၍ ဖြစ်သော။ လောကသို့၊လူအပေါင်း၌။အမတ-ဒုဒြဘိ ၊ဇာတိ,မြို့သည်၊ ရွှေဘုံမည်သီး၊ နိဗ္ဗာန်, ဟူသော တရား စည်တော်ကြီးကို။ အာဟညိ ၊ မဂ္ဂင်, ရှစ်ရပ်၊စည်လက်ခတ်ဖြင့်၊ ထပ်ခါ-ထပ်ခါတီးပေတော့အံ့။ ဥတိ၊ဤသို့ နှလုံးပိုက်၍။ ဂစ္ဆာမိ၊ အမြိုက် ရေချမ်း၊တိုက်ချွေဖျန်းဘို့၊ စက်ပန်းနှစ်လီ၊ ဖြန့်ချီကြွသွားပေအံ့။

## အကျဉ်းချုပ်အဓိပ္ပါယ်ကား

(၄) (ဥပက) ရဟန်း။

ငါဘုရားသျှင်သည်၊ "ဓမ္မစကြာ" တရားကို၊ သာယာ နှစ်နော၊ စိတ်သဘောဖြင့်၊ ဟောပြောပြသခြင်းငှါ၊ ကာသိတိုင်း၌၊ နေကြကုန်သော သူတို့၏နေရာ၊ ပြည်ငယ်ဖြစ်သော "ဗာရာဏသီ"ပြည်၏အနီး၊ "မိဂဒါဝုန်"တောသို့၊ရှေးရှေးသော,နောင်တော်ရှင်ဖြစ်သော မြတ်စွာဘုရားသခင်တို့၏ တံထွာ၊ ဓမ္မတာဖြင့်၊ ကြွသွားပေအံ့။ ။အဝိဇ္ဇာ ရောင်၊ မိုဃ်းတိမ်တောင်သို့၊ မိုက်မှောင်ထူသန်း၊ သူကာဏ်း သဘွယ် ဖြစ်၍ ဖြစ်သော ဤလူအပေါင်း၌။ ဇာတိ,မြို့သည်၊ ရွှေဘုံမည်သီး၊ နိဗ္ဗာန်,ဟူသော တရားစည်တော်ကြီး၏၊ တေး မသန်းသဖြင့်၊ ချမ်းသာယာပုံကို၊ သိစိမ့်သောငှါ၊ မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်ဟူသော စည်လက်ခတ်ဖြင့်၊ ထပ်ခါ- ထပ်ခါတီး၍၊ အံ့ချီးဘွယ်ရာ- ဟောရ, ပြောရ,အံ့သောငှါ၊ကြွသွားပေအံ့,ဟု၊ ဖြေကြားတော်မူ၏။

(၅) မာဒိသာ, ဝေ ဇိနာ, ဟောန္တိ၊
ယေ ပတ္တာ, အာသဝက္ခယံ။
ဇိတာ, မေ, ပါပကာ, ဓမ္မာ၊
တသ္မာ, ဟ, မုပက, ဇိနော။ ။

(၅) ဥပက၊ ဥပက ရဟန်း။

မာဒိသာ၊ ငါနှင့်တမူ၊ တူကုန်သော။ယေဗုဒ္ဓါ၊ အကြြင် ဂုဏ်ဝါဝိဠူ၊ သဲပုံစုဖြင့်၊နှိုင်းတုမမြင်၊ဘုရားသျှင်တို့သည်။အာသဝက္ခယံ၊အာသဝေါ-

လေးတန်၊ ကင်းဆိတ် ညံ့သည့်၊ နိဗ္ဗာန်တရားသို့။ ပတ္တာ၊ ဉာဏ်ဖြင့် ထိုက်လျောက်၊ဆိုက်ရောက်ပေကုန်၏။ ။တေဗုဒ္ဓါ၊ထိုမြတ်စွာဘုရားသျှင်တို့သည်။ ဝေါစင်စစ်အားဖြင့်။ ဇိနာ၊"အနန္တဇိန"မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။မေ၊ငါဘုရားသျှင်သည်။ ပါပကာ၊ အကျိုးမဖြစ်၊ဆိုးညစ်ယုတ်မာကုန်သော။ဓမ္မာ၊အကုသိုလ်တရားတို့ကို။ယသ္မာ၊အကြင်ကြောင့်။ဇိတာ၊ အရဟတ္တမဂ်၊ ဉာဏ်ရောင်စက်ဖြင့်၊ ပယ်ဖျက်အောင်မြင် အပ်ကုန်ပြီ။ ။တသ္မာ၊ ထို့ကြောင့်။ ဥပက၊ဥပက-ရဟန်း။ အဟံ၊ ငါဘုရားသျှင်သည်။ ဇိနော၊ "အနန္တ ဇိန" မည်ပေ၏။ ။ ဣတိ၊ ဤသို့။အဝေါစ၊ အဖြေစကား၊ မိန့်ကြားတော်မူ၏။

## အကျဉ်းချုပ်အဓိပ္ပါယ်ကား

(၅) (ဥပက) ရဟန်း။

ငါဘုရားသျှင်နှင့်တမူ၊ တူကုန်သော အကြင်မြတ်စွာ ဘုရားသျှင်တို့သည်၊ အာသဝေါတရား၊ လေးပါးတို့၏၊ကုန်ရာနိဗ္ဗာန်သို့၊ရောက်ကြကုန်၏။ ။ထိုမြတ်စွာဘုရားသျှင်တို့သည်၊စင်စစ်အားဖြင့်၊"အနန္တဇိန" အမည်ရှိကုန်၏။ ။ငါဘုရားသျှင်သည်၊အကျိုးမဖြစ်၊ ဆိုးညစ်ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို၊ အရဟတ္တမဂ်၊ ဉာဏ်ရောင်စက်ဖြင့်၊ ပယ်ဖျက်အောင်မြင်အပ်ကုန်ပြီ။ ။ထို့ကြောင့်၊ ငါဘုရားသျှင်သည်၊ "အနန္တ ဇိန"မည်ပေ၏-ဟူ၍၊ အဖြေစကား၊ မိန့်ကြားတော်မူ၏။

ဤသို့ဖြေကြားအပ်သော စကား၏, အဆုံး၌၊ ဥပက တက္ကတွန်းရဟန်းသည်[※ငါ့ရှင်၊ အသင်,၏ အမည်သည်၊ အသင်, ဖြေဆိုသည့်အတိုင်း၊ "အနန္တ ဇိန" မည်ပေရာ၏။ ။ဟုတ်မှန်ပေရာ၏။] ဟူ၍၊ ဦးခေါင်းငြိမ့်ခါ၊ တာဝန်ခံလျက်၊လမ်းလွှဲ၍ပေးပြီးလျှင်၊ (ဝင်္ကဟာရ) ခေါ်သော ဇနပုဒ်သို့၊ သွားလေ၏။ ။ထိုဇနပုဒ်သို့ ရောက်၍၊ ထိုဇနပုဒ်၌ပင်၊ သားသတ်မုဆိုး အလုပ်ဖြင့် အသက်မွေးမြူ၍ နေသော မုဆိုးကြီးတဦး၏၊ ကြည်ညိုလေးမြတ်စွာ၊ ချီးမြှင့်ပူဇော်ခြင်းကို ခံယူ၍၊ ချမ်းသာစွာနေရလျက်၊ နောက်သော အခါ၊ ပုထုဇဉ်အလျောက်၊ စိတ်ဖေါက်ပြန်၍၊ လူထွက်ပြီးလျှင်၊ ထိုမုဆိုးကြီး၏သမီး

(ဆာဝါ*)အမည်ရှိသော သူငယ်မနှင့်၊ အကြောင်း သင့်မြတ်၍၊ (သုဘဒ္ဒ) အမည်ရှိသော သားတယောက်ကိုရလေ၏။

ထိုနောက်တဖန်၊ သံဝေဂဉာဏ်ဖြင့်၊ မြတ်စွာဘုရားအထံ၌၊ရဟန်းပြုပြန်၍၊ရဟန်းတရားအားထုတ်ပြန်ရာ၊ လောကုတ္တရာအထက်တန်း၌၊ အနာဂါမိ, ဖိုလ်ပုဂ္ဂိုလ်အဖြစ်သို့ရောက်၍၊ သေလွန်သည်၏အခြားမဲ့၌၊ မဟာကပ်-တထောင် အသက်တမ်းရှည်သော (အဝိဟာ) ဘုံခေါ်သော ဗြဟ္မာဘုံသို့ရောက်၍၊ ထိုဘုံ၌ပင်၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်၍၊ ဘဝဇာတ်-အဆုံးသတ်လေ၏။ထိုစကားမှန်၏။ ။လူ့ပြည်မှအနာဂါမိ, ဖိုလ် ပုဂ္ဂိုလ်အဖြစ်သို့ရောက်၍၊အရဟတ္တဖိုလ်သို့ မတက်ရောက်နိုင်ဘဲ၊ ထိုအနာဂါမိ, ဖိုလ်ပုဂ္ဂိုလ်အဖြစ်နှင့်ပင်၊ (သုဒ္ဓါဝါသ) ငါးဘုံတို့တွင်၊ (အဝိဟာ) ဘုံသို့ကူးပြောင်းကြရသော ပုဂ္ဂိုလ်ခုနစ်ဦးတို့တွင်၊ ဤ (ဥပက)ရဟန်းသည်လည်း တပါးအပါအဝင်ဖြစ်၏= ဟူ၍**သဂါထာဝဂ္ဂ၊ ဒေဝတာသံယုတ်၊ အာဒိတ္တဝဂ်**၌၊ ဟောတော်မူ၏။

ဤနေရာ၌၊( ဥပက) ရဟန်းနှင့်အတူ၊ ရဟန်း ၇-ဦးတို့၏ အကြောင်းကို၊ (နတ်သား) တဦး၏၊ လျှောက်ကြားချက်စကားဖြင့်၊ အမြွက်မျှ ပြဦးအံ့။

## မြတ်စွာဘုရားအထံ၌၊ နတ်သားတဦး၏၊ လျှောက်ကြားပုံဂါထာ၊

(၁) အဝိဟံ ဥပပန္နာသေ၊
ဝိမုတ္တာ သတ္တ ဘိက္ခဝေါ။
ရာဂ- ဒေါသ- ပရိက္ခီဏာ၊
တိဏ္ဏာ, လောကေ ဝိသတ္တိကံ။

* ဤ၌ဆာဝါ=ဟု မြန်မာအခေါ်လိုက်၍ထားသည်။ ပါဠိကျမ်းဂန် များ၌ကား "စာပါ"ဟူ၍သာရှိသည်။

## မြန်မာဘာသာပြန်

(၁) ဘုန်းတော်ကြီးမား၊ အသျှင်မြတ်ဘုရား။

အကြင်ရဟန်းပုဂ္ဂိုလ် ၇- ဦးတို့သည်၊ မဟာကပ် တထောင်, အသက်တမ်းရှည်သော (အဝိဟာ) ခေါ်သော ဗြဟ္မာဘုံသို့ ရောက်ကြရပါကုန်ပြီ။

(တနည်းကား)၊ (အဝိဟာ) ခေါ်သော ဗြဟ္မာဘုံ၌၊ ပဋိသန္ဓေစိတ်ဖြစ်ပြီးသည်၏ အခြားမဲ့ဖြစ်သောနောက်ကာလ၌၊ "အရဟတ္တ" ဖိုလ်စိတ်ဖြစ်သဖြင့်၊ ကိလေသာစိတ်တို့မှ၊ ကင်းဆိတ်ကြပါကုန်ပြီ= ဟူ၍လည်းဆို။

ကုန်ပြီးသော တပ်နှစ်သက်ခြင်း"ရာဂ"၊

ပြစ်မှားခြင်း"ဒေါသ"ရှိကြပါကုန်ပြီ။

ထိုရဟန်း ပုဂ္ဂိုလ် ၇- ဦးတို့သည်၊ "ဘဝ" အမည်အားဖြင့်၊ အဘယ်ရဟန်းပုဂ္ဂိုလ်တို့၊ ဖြစ်ပါသနည်း- ဘုရား=ဟူ၍၊ လျှောက်ကြားလေ၏။

## ထိုနောက်တဖန်၊ လျှောက်ကြားပုံဂါထာ

(၂) ကေ စ တေ အတရုံ ပင်္ကံ၊
မစ္စုဓေယျံ သု ဒုတ္တရံ။
ကေ ဟိတွာ မာနုသံ ဒေဟံ၊
ဒိဗ္ဗ ယောဂံ ဥပစ္စ ဂု-န္တိ။

## မြန်မာဘာသာပြန်

(၂) ဘုန်းတော်ကြီးမား၊ အသျှင်မြတ်ဘုရား။

အဘယ် ရဟန်း ပုဂ္ဂိုလ်တို့သည်၊ သေမင်း၏တည်ရာဖြစ်၍၊ ကူးမြောက်နိုင်ခဲသော တပ်နှစ်သက်ခြင်း "ရာဂ"၊ ပြစ်မှား ခြင်း "ဒေါသ"၊ ငြူစူခြင်း"ဣဿာ"၊ဝန်တိုခြင်း"မစ္ဆရိယ" အစရှိသော ကိလေလာ ညွှန်ပျောင်းကို၊ ကူးမြောက်ကြကုန်ပါသနည်း -ဘုရား- ဟူ၍ငင်း။

အဘယ် ရဟန်းပုဂ္ဂိုလ်တို့သည်၊ လူ့ပြည်၌ ဖြစ်သော ကိုယ်ခန္ဓာ၊ ကို စွန့်၍၊ နတ်ပြည်သို့ လွန်မြောက်ကြကုန်ပါသနည်း- (ဗြဟ္မာ) ပြည်သို့ ရောက်ကြကုန်ပါသနည်း-ဟူ၍ဆို။

ဤသို့သော စကားဖြင့်၊ နတ်သားတဦးသည်၊ ဤပြဆိုခဲ့ပြီးဖြစ်သော ဂါထာကို ရွတ်ဆို၍၊ မြတ်စွာဘုရား သျှင်အား၊ လျှောက်ကြားလေ၏။

## မြတ်စွာဘုရားသျှင်၏၊ ဖြေကြားပုံဂါထာ

(၃) ဥပကော, ပလဂဏ္ဍော စ၊
ပုက္ကုသာတိ စ,တေတယော။
ဘဒ္ဒိယော, ခဏ္ဍ ဒေဝေါ စ၊
ဗာဟု ရဂ္ဂိ စ, သိင်္ဂိယော။
တေ ဟိတွာ မာနုသံ ဒေဟံ၊
ဒိဗ္ဗ ယောဂံ ဥပစ္စ ဂုန္တိ။

[ဥပစ္စ ဂုန္တိ--အတိက္ကမိံသု]
[ဥပကောတိ- အာဒိနို၊ တေသံထေရာနံ
နာမာနိ။ ။အဋ္ဌကထာဖွင့်။]

## မြန်မာဘာသာပြန်

(၃) [+အို····သိလိုရေးဖြင့်၊ မေးလျှောက်လာသော အချင်းနတ်သား၊ နာယူဘိလော့]

## (ရဟန်း ၇-ပါးတို့၏ ဘွဲ့အမည်တော်)

(၁) ※ "ဥပက" ခေါ်သော ရဟန်း,
(၂) ※ "ပလဂဏ္ဍ" ခေါ်သော ရဟန်း,
(၃) ※ "ပုက္ကုသာတိ" ခေါ်သော ရဟန်း,
"သုံးပါးသော ထိုရဟန်း တို့သည်ရင်း။"
(၄) ※ "ဘဒ္ဒိယ" ခေါ်သော ရဟန်း,
(၅) ※ "ခဏ္ဍ ဒေဝ" ခေါ်သော ရဟန်း,

(၆) ※ "ဗဟုရဂ္ဂိ" ခေါ်သော ရဟန်း,
(၇) ※ "သိဂိယ" ခေါ်သော ရဟန်း,

ထို ၇-ပါးသော ရဟန်းတို့သည်၊ လူ့ပြည်၌ဖြစ်သော ကိုယ်ခန္ဓာကို စွန့်၍၊ နတ်ပြည်သို့ လွန်မြောက် ကြကုန်၏။ ။(ဗြဟ္မာ)ပြည်သို့ရောက်ကြရကုန်၏--ဟူ၍၊ဖြေဆို ဟောကြား တော်မူ၏။

ဤအကျဉ်းပြ ၃-ဂါထာမျှဖြင့်၊ အဆုံးသတ်၍၊ ကျန်ဂါထာတို့၌၊ အမေး,, အဖြေ,, စကားတို့ကို၊ ကျယ်အံ့-စိုး၍၊ ခြွင်းချန်အပ်၏။

## (အကျဉ်းချုပ် အဓိပ္ပါယ်ကား)

ဤယခု လျှောက်ကြားသော နတ်သားသည်ကား၊တခုသောဘဝ၌ "ကဿပ" မြတ်စွာဘုရား သျှင်အား၊ ဆည်းကပ် ကိုးကွယ်သောလူ (ဥပါသကာ) ဖြစ်ခဲ့ဘူး၏။

ထိုစဉ်အခါက၊ ဤ (ဂေါတမ) မြတ်စွာဘုရား သျှင်သည်၊ အလောင်းလျာမျှသာ ဖြစ်သေး၍၊ ဤ ယခု-နတ်သားနှင့် (ဝေကဋိင်္ဂ) ရွာ၌၊လူ-အဖြစ်ဖြင့်၊တရွာတည်းအတူနေ၊ မိတ်ဆွေခင်ပွန်း အဖြစ်ဖြင့်၊ ရင်း နှီးစွာနေခဲ့ကြဘူး၏။ ။(ဥပက) တို့ကိုလည်း၊သိကြွမ်းခဲ့ဘူးပါ၏-အစရှိသောစကားတို့ဖြစ်၏။ ။(မြီးပြီ၊)အခွင့်သင့်သော နေရာ၌ အစုံ အလင် ပြမည်။

(မှတ်ချက်)

ရှေးလွန်ခဲ့ပြီးသောဘဝ- တခု၌၊ (ပါရမီ) နုကြစဉ်၊ (ဤယခု၊) မြတ်စွာဘုရားသျှင်၏ အလောင်းတော်နှင့် တရွာတည်း အတူနေ၊ မိတ်ဆွေခင်ပွန်းဟောင်း၊ဖြစ်ခဲ့ဘူးသော—နတ်သား တဦး၏၊ ရှေးဖြစ်, နောက် ဟောင်း၊ အကြောင်းကြောင်း တို့ဖြင့်၊ ပြန်ပြောင်း လျှောက်ကြားသော စကားတို့ကို၊ ကြားနာ ရခြင်း သည်ကား၊ (ဒုလ္လဘ-ကထာ) ခဲယဉ်းစွာ၊ (ကြားနာရသော တရားစကားတို့သာ၊ဖြစ်ကုန်၏)ဟု၊နှလုံး ပိုက်၍၊နှစ်မြိုက်ကြရာ၏။

ထိုပြင်တချက်ကား၊

(၁) ဥပက-နှင့်၊ စာပါ တို့၏ အတ္တုပ္ပတ္တိ—သည်ကား [ထေရ, ထေရီ, ဂါထာ]တို့၌၊ထင်ရှားရှိ၍၊အာရုံ ပြုနိုင်၏။

(၂) ပုက္ကုသာတိ-ရဟန်း၏၊ အတ္တုပ္ပတ္တိ—သည်ကား၊ [ဥပရိ-ပဏ္ဏာသ-ပါဠိတော်၊ ဓာတုဝိဘင်္ဂ] သုတ်၌၊ ထင်ရှားရှိ၍၊ အာရုံပြုနိုင်၏။

(၃) ပလာဘဏ္ဍာအစရှိသော ရဟန်း ၅-ဦးတို့၌မူ၊ ဘွဲ့,အမည်မျှသာ၊ ကြွင်းကျန်ရစ်ခဲ့၍၊ ဖြစ်စဉ်, အတ္တုပ္ပတ္တိ-သည်ကား၊ မိုဃ်းသား, တိမ်ပုပ်တို့ဖြင့်၊ ဖုံးအုပ်သော (လ) အရောင်သည်၊ (ညဥ့်) အမှောင်ထဲ၌၊ မထွန်းပ-သကဲ့သို့၊ ဤ ယခု အခါ၌မူ၊(ကာလ)အချိန်နှောင်း၍၊အကြောင်းအတ္တုပ္ပတ္တိတို့—တိမ်မြုပ်—လွန်းသဖြင့်၊ဤနေရာကာပ်၊ ထို အရှင်တို့၏ ဂုဏ်ကို၊ အာရုံပြု-ရည်စူး၍၊ ကြည်နူးဝမ်းသာ၊ လေးမြတ်စွာသော သဒ္ဓါ စိတ်ဖြင့်သာ၊တင်းတိမ်ရောင့်ရဲ ကြရမည်၊ ဖြစ်ချေတော့၏။

ဤသည်လျှင်၊ (ဥပက) တက္ကတွန်း, ရဟန်းနှင့်၊ တွေ့စဉ်ကပင်၊ “သဗ္ဗညုတ” မြတ်စွာဘုရားရှင်, အဖြစ်၊ တာဝန်ခံပုံ ပြဆိုသော စကားတရပ်ပင်တည်း။

ဤတွင်ရွေကား၊
မကျဉ်း,မကျယ်၊သိလွယ်တန်ရုံ
ဖွင့်ဆိုအပ်သော
သဗ္ဗညုတဘုရားရှင်၏အဖြစ်
တာဝန်ခံပုံပြဆိုခန်းပြီး၏။

---

## (၂၉) “ပဋ္ဌဝဂ္ဂ” ရဟန်းတို့၏၊ နှစ်သက်ခြင်း ဖြစ်ပုံပြခန်း

(၂၉) [အတ္တ မနာ ပဋ္ဌ ဝဂ္ဂိယာ,(လ)
အဘိ နန္ဒုန္တိ၊] ဟူ၏။

## ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုချက်။

(၂၉) ထိုအခါ၊ "ကောဏ္ဍည" အမူးရှိသော "ပဥ္စဝဂ္ဂီ" ရဟန်းတို့သည်၊ မြတ်စွာဘုရားသျှင်၊ ဟောတော်မူအပ်သော (ဓမ္မစကြာ) တရား၊ ကြားနာရ၍၊ နှစ်လို ဝမ်းမြောက်ဥဒ္ဒင်း-ဖြစ်ကြရကား၊ ထိုတရားတော်မြတ်ကို၊ (သာဓု၊ သာဓု၊ သာဓု၊)ဟု၊ ရိုသေစွာ ဦးခေါင်း၌တင်၍၊ ပန်ဆင်ပူဇော်၊ ကန်တော့ကြကုန်၏-ဟူလို။

(ဤတွင်တချက်းပြီး၏။)

---

## (၃၀) "ကောဏ္ဍည"ရဟန်း၏" သောတာပတ္တိ" မဂ်ဥာဏ်ဖြစ်ပုံပြချက်။

(၃၀) [ဣမသ္မိံစ ပန၊ (လ)
ဓမ္မစက္ခုံ ဥဒပါဒိ။]ဟူ၏။

## ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုချက်

(၃၀) ဤသို့လျှင်၊ ဂါထာ-မဖက်၊ စုဏ္ဏိယ သက်သက်ဖြစ်သောအမေး, အဖြေ,–"ဗျာကရုဏ်း"ကို၊ ဟောကြားတော်မူအပ်ပြီးသော်၊ "ကောဏ္ဍည" ရဟန်းအား၊ အပါယ်လေးပါးသို့ ကျရောက်စေတတ်သော ရာဂ- အစရှိသောမြူမှ ကင်းသော (က) ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခု၊

(ခ) ဝိစိကိစ္ဆာ-သဟဂုတ် စိတ်တခုအားဖြင့်၊ ငါးခုသောစိတ်တို့ကိုရှင်း။ ။ထိုစိတ်ငါးခုနှင့်တကွဖြစ်သော စေတသိက်တို့ကိုရှင်း, အကြွင်းမရှိ ပယ်သဖြင့်၊ ကင်းသော အညစ်အကြေး ရှိသော သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်တတ်သော (သောတာပတ္တိ) မဂ်ဉာဏ် ဟူသော ပညာမျက်စိသည်၊ ထင်ရှားစင်စစ်၊ ဖြစ်ပေါ်လာ၏–ဟူလို။

(ဤတွင်တချက်းပြီး၏)

---

## (၃၁) "ကောဏ္ဍည" ရဟန်း၏ တေဘူမကသင်္ခါရ တရားတို့၌၊ အသိဥာဏ်ဖြစ်ပုံပြခန်း

(၃၁) (၁) ["ယံကိဉ္စိ သမုဒယ ဓမ္မံ၊"
(၂) " သဗ္ဗံ တံ နိရောဓ ဓမ္မ-န္တိ။"]ဟူ၏။ ။

### ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုခန်း၊

(၃၁) အဘယ်သို့ဖြစ်ပေါ်လာသနည်း-

( ၁ ) အလုံးစုံသော ရုပ်, နာမ်, ဓမ္မ၊ ဟူသော တေဘူမက သင်္ခါရ တရားသည်၊ ဖြစ်ခြင်းသဘောရှိ၏။

( ၂ ) ထိုဖြစ်ခြင်း သဘောရှိသော တေဘူမကသင်္ခါရတရား ဟူသမျှသည်၊ ချုပ်ဆုံးပျောက်ကွယ်ခြင်း သဘောရှိ၏။

ဤသို့လျှင်၊ သိမြင်တတ်သော ပညာမျက်စိသည်၊ ထင်ရှားစင်စစ်၊ ဖြစ်ပေါ်လာ၏=ဟူလို။

ထင်ရှားပြဦးအံ့။

အရှင်"ကောဏ္ဍည"ရဟန်းသည်၊(ဓမ္မစကြာ)တရား၊ကြားနာ၍ နေစဉ်၊ မိမိစိတ်၌၊ အာရုံငါးပါး၊ ကာမဂုဏ် တရားတို့ကြောင့်၊ ညစ် ညူးပူပန်သောစိတ်မရှိမူ၍၊ အကြောင်း ခန္ဓာ-ဟု ဆိုအပ်သော မဟာ ကုသိုလ် စိတ်-၈-ခု ထည်းမှ၊–

(၁) ※ သောမနဿ သဟဂုတ်, ဉာဏ သမ္ပယုတ်စိတ်-၂ ခု၊

(၂) ※ ဥပေက္ခာသဟဂုတ်, ဉာဏ သမ္ပယုတ်စိတ်-၂ ခု၊

အားဖြင့်၊လေးခုသောတိဟိတ်စိတ်တို့တွင်၊ တခုခုသောစိတ်သည် ဖြစ်၍၊ ထိုစိတ်တို့နှင့်ယှဉ်သော စေတသိက်တို့သည်လည်းဖြစ်၍၊ အသီး အသီး-မိမိတို့၏ ကိစ္စလက္ခဏာကို၊ ဆောင်ရွက်ပြီးစီးကြစေရာ၌၊အထူး အားဖြင့်၊ ထိုတရားတော်လျှင်၊ အာရုံရှိသော ဝမ်းမြောက်ခြင်း,ပါ- မောဇ္ဇ, တရားသည်၊ ဖြစ်ပေါ်လာ၏။ ။ထိုဝမ်းမြောက်ခြင်းနှင့်ဆက် ၍၊ နှစ်သက်ခြင်း, ပီတိ,တရားသည်၊ ဖြစ်ပေါ်လာ၏။ ။ထိုသို့ပီတိဖြင့်၊ နှစ်သက်သော စိတ်ရှိသောပုဂ္ဂိုလ်အား၊ ကိုယ်စိတ်နှစ်ပါးတို့၏၊ ငြိမ်း

ချမ်းခြင်းဟူသော, ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ, တရားတို့သည်၊ ဖြစ်ပေါ်လာကုန်၏။ ။ထိုသို့ ပဿဒ္ဓိ,တရားဖြင့်၊ ငြိမ်းချမ်းခြင်းရှိသော ပုဂ္ဂိုလ်အား၊ ချမ်းသာခြင်းဟူသော, သောမနဿ ဝေဒနာသည်၊ ဖြစ်ပေါ်လာ၏။ ။ထိုသို့-သောမနဿ ဝေဒနာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား၊တခုတည်းသောအာရုံကိုသာ၊ ယူသည်ဖြစ်၍၊ စိတ်၏တည်ကြည်ခြင်းဟူသော, သမ္မာသမာဓိသည်၊ ဖြစ်ပေါ်လာ၏။ ထိုသို့ တည်ကြည်ခြင်းဟူသော, သမ္မာသမာဓိ မဂ္ဂင်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား၊ မိမိဉာဏ်ဖြင့်သက်ဝင်၍၊ဆင်ခြင်တိုင်းသောတရားတို့၏၊ကိစ္စ,လက္ခဏာတို့သည်၊မဖေါက်မပြန်၊ မှန်ကန်သောအတိုင်းပင်၊ ထင်ရှားစင်စစ်၊ ဖြစ်လာကုန်၏။

ထိုအခါ၊ အရှင်"ကောဏ္ဍည"ရဟန်းသည်၊ နောက်၌ ပြဆိုအပ်ခဲ့ပြီးသောခန္ဓာငါးပါး၊ ရုပ်နာမ် တရားတို့ကို၊(သမ္မသနဉာဏ်)မှစ၍၊ ဉာဏ်အပြား ဆယ်ပါးဖြင့်၊ ဆုံးခန်းတိုင်အောင် ဆင်ခြင်ရာ၊ ဉာဏ်၏အဆုံး၌၊ (ဝီထိ-ပုံစံ)၌ ပြသည့်အတိုင်း၊ မဂ်လေးပါး၊ဖိုလ်လေးပါး, ပေါ်လာ၍၊ မဂ်ပုဂ္ဂိုလ်, ဖိုလ်ပုဂ္ဂိုလ်-ဟူသောအမည်ကိုရလေ၏။

ဤအရာ၌၊(သမ္မသနဉာဏ်)မှစ၍၊ ဉာဏ်အပြားဆယ်ပါး—ဆိုသည်ကား။ နောက်၌ပြဆိုခဲ့ပြီးသော မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခုတို့တွင်၊ တခုခုသောစိတ်ပင်ဖြစ်၍၊ ထိုစိတ်နှင့်ယှဉ်သော စေတသိက်တို့တွင်လည်း၊ မဂ္ဂင်, ရှစ်ပါးခေါ်သော ပညိန္ဒြေ, ဝိတက်, အစရှိသော စေတသိက်-ဂ-ပါးတို့သည်သာလျှင်၊ ရှေ့သွား ခေါင်းဆောင် ဖြစ်ကြကုန်၏။

ဤသို့အားဖြင့်၊ ရုပ်ပေါင်း-၂၇-ခုဟူသော ရူပက္ခန္ဓာ၊ စိတ်ပေါင်း ၄၅-ခုဟူသော ဝိညာဏက္ခန္ဓာ၊စေတသိက် ဟူသော စေတသိက်ခန္ဓာ ၃-ခုအားဖြင့်၊ ခန္ဓာငါးပါး၊ ရုပ်, နာမ်, တရားအစုသည်ပင်၊ အရှင် "ကောဏ္ဍည"ရဟန်းဟူသော အမည်ပညတ်,၏ တည်ရာဖြစ်၏။ ။ ဤခန္ဓာငါးပါးကို-ချန်လှပ်၍၊ "အရှင်ကောဏ္ဍည" ရဟန်းဟူသော အမည်ပညတ်ကို၊ လက္ခဏာ- ရသ- ပစ္စုပဋ္ဌာန်- ပဒဋ္ဌာန်, အားဖြင့်၊ အမှန်သိက်အောင်, ရှာဖွေ၍၊ မရနိုင်ချေ။

## သောတာပတ္တိမဂ်စိတ်ဖြစ်ပုံ,ပယ်ပုံ, ပြခန်း

(သောတာပတ္တိ)မဂ်စိတ်ကို၊ ရလတ္တံ့သော,အရှင်"ဂေါတြဘူည" ရဟန်းသည်၊ မိမိသန္တာန်၌၊ သောတာပတ္တိမဂ်နှင့်ယှဉ်သောစိတ်၊ဖြစ်သည်နှင့်တပြိုင်နက်၊ ထိုစိတ်နှင့်ယှဉ်သော, အညသမာန်းစေတသိက် (၁၃)ခု၊အပ္ပမညာဒွေးကြဉ်သော,သောဘဏ စေတသိက်(၂၃)ခု-အားဖြင့် (၃၆)ခုသော စေတသိက်တို့သည်လည်း၊ ဖြစ်ပေါ်လာကုန်၏။ ။ထိုအခါ, စေတသိက် (၃၆)ခုထည်းမှ၊ အစိဟ်ထုတ်၍၊

(၁) ※ သမ္မာဒိဋ္ဌိ, ခေါ်သော, (ပညိန္ဒြေ) စေတသိက်,
(၂) ※ သမ္မာသင်္ကပ္ပ,ခေါ်သော, (ဝိတက်) စေတသိက်,
(၃) ※ သမ္မာ ဝါစာ, စေ,
(၄) ※ သမ္မာ ကမ္မန္တ, စေ,
(၅) ※ သမ္မာ အာဇီဝ, စေ,
(၆) ※ သမ္မာ ဝါယာမ, စေ,
(၇) ※ သမ္မာ သတိ, စေ,
(၈) ※ သမ္မာ သမာဓိ, စေ,

ဤ (၈) ပါးသောစေတသိက်တို့သည်၊ အသီးအသီး၊မိမိတို့၏ ကိစ္စ, လက္ခဏာကို၊တပြိုင်နက်,တချိန်တည်း, ဆောင်ယူကြလျက်၊

(၁) ※ ဒုက္ခသစ္စာကို, ပိုင်းခြား၍သိမြင်ခြင်း။
(၂) ※ သမုဒယသစ္စာကို, ပယ်စွန့်ခြင်း။
(၃) ※ နိရောဓသစ္စာကို, မျက်မှောက်ပြုခြင်း။
(၄) ※ မဂ္ဂသစ္စာကို, ပွါးများခြင်း။ ။ဟူသော ဤလေးပါးသော ကိစ္စကို၊ပြီးစေလျက်၊(သောတာပတ္တိ) မဂ်ဟူသော အမည်ကို၊ ခံယူလေ၏။ ။မဂ္ဂသစ္စာ, ဟူ၍လည်း-ခေါ်ရ၏။

ထိုမဂ္ဂင်တရား, ရှစ်ပါး၏၊ ယှဉ်ရာစိတ်သည်ငင်း၊ ကျန်စေတ-သိက်(၂၀)ခုသည်ငင်း၊ (မဂ်စိတ္တုပ္ပါဒ်) ဟူသော အမည်ကို၊ ခံယူလျက်၊ သစ္စာဝိမုတ်, သစ္စာလေးပါးဟူသော အရေအတွက်မှ၊ လွတ်ကျန်ရစ်ခဲ့၏=ဟူ၍ဆို၏။

## သောတာပတ္တိမဂ်ဝီထိချပုံ

(၁) ※ တီ အတီတ,ဘဝင်

(၂) ※ န ဘဝင်စလန,

(၃) ※ ဒ ဘဝင်ုပစ္ဆေဒ,

(၄) ※ မ မနောဒွါရာဝဇ္ဇန်း,

(၅) ※ ပ ပရိကံ,

(၆) ※ ဥ ဥပစာရ,

(၇) ※ အ အနုလုံ,

(၈) ※ ဂေါ ဂေါတြဘူ,

(၉) ※ မဂ်+စိတ်, (သောတာပတ္တိ) မဂ်စိတ်ဖြစ်၏။ ။ ဤအခိုက် အတန့်မျှကို၊ မဂ်ပုဂ္ဂိုလ်, ဟူ၍ဆိုရ၏။ စိတ္တက္ခဏတချက်မျှသာရှိ၏။ ။ထိုနောက်,

(၁၀) ※ ဖိုလ်

(၁၁) ※ ဖိုလ် } ဟူ၍,သောတာပတ္တိဖိုလ်စိတ်နှစ်ကြိမ်,သုံးကြိမ်

(၁၂) ※ ဖိုလ် ဖြစ်၏။ ။ဤအခိုက်အတန့်ကစ၍,အထက်မဂ်, ဖိုလ်မရဖြစ်ခဲ့မူ၊ သတ္တက္ခတ္တုံ ပရမ,သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ်ဟူသော အဖြစ်နှင့်, ၇-ဘဝ်လုံးလုံး, တည်နိုင်၏။ ၇-ဘဝထက်, အလွန်မရှိ-ဟူ၍မှတ်။

---

## သောတာပတ္တိ မဂ်စိတ်ရ၍၊အကျိုးခံစားရပုံ ပြခဏ်း

အရှင်"ကောဏ္ဍည"ရဟန်းသည်၊မိမိသန္တာန်၌၊(သောတာပတ္တိ) မဂ်စိတ်ဖြစ်သည်နှင့်တပြိုင်နက်, အကုသိုလ်စိတ်-၁၂-ထည်းမှ၊-

(က) ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခု၊ ဝိစိကိစ္ဆာ သဟဂုတ် စိတ်တခု အားဖြင့်, ငါးပါးသော, စိတ်တို့ကိုငှင်း,–

(ခ) ထိုငါးပါးသော စိတ်တို့နှင့်ယှဉ်သော, အကုသိုလ် စေတသိက်, (၁၄) ခုထည်းမှ၊မာန,ဒေါသ, ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ, စေတသိက်-၅-ခုကြဉ်သော, ကျန်သော အကုသိုလ်စေတသိက်တို့ကိုငှင်း, အကြွင်းမဲ့ပယ်၏။ ။(နောက် အသစ်တဖန်,ပြန်လည်ဖြစ်ပေါ်ခြင်းမရှိ-ဟူလို။)

ထိုနောက်, ထို(သောတာပတ္တိ) မဂ်၏ သတ္တိဖြင့်ပင်–

(က) ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခု၊ ဒေါသမူစိတ် နှစ်ခုအားဖြင့်, ခြောက်ခုသောစိတ်တို့၏ငှင်း-

(ခ) ထိုခြောက်ခုသော, စိတ်တို့နှင့်ယှဉ်သော, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ကြဉ်သော စေတသိက် တို့၏ငှင်း။ အပါယ် လေးဘုံသို့၊ ကျရောက်စေတတ်သော သတ္တိ, အခိုက်အတန့်ကိုလည်း၊ ပယ်ပြန်၏။

ဤသို့ပယ်စွမ်းနိုင်သော, မဂ်စိတ်ဖြစ်ပြီးနောက်၊ သောတာပတ္တိဖိုလ်စိတ်သည် -၂-ကြိမ်- ၃-ကြိမ် ဖြစ်၍, သောတာပတ္တိဖိုလ်ပုဂ္ဂိုလ် အရာ၌၊ တည်လေ၏။ ။(ဝီထိပုံစံကိုကြည့်)။

ဤပြဆိုအပ်ပြီးသောနည်းဖြင့်၊ အပါယ်ဘုံသို့ ကျရောက်စေတတ်သော သတ္တိ, အခိုက်အတန့်ကို၊ ပယ်အပ်ပြီးသော, ထိုဒိဋ္ဌိ ဂတ, ဝိပ္ပယုတ်စိတ်လေးခု၊ဒေါသမူစိတ်နှစ်ခု၊ ထိုစိတ်တို့နှင့် ယှဉ်ရာ, စေတသိက်တို့၊ဖြစ်ပွါးပေါ်လာသော်လည်း၊ ထိုသောတာပတ္တိဖိုလ် ပုဂ္ဂိုလ်သည်၊ အပါယ်လေးပါးသို့၊ကျရောက်ခြင်းမဖြစ်နိုင်တော့ချေ။

## ဝဏ္ဏသက်သေဖြင့်၊ထင်ရှားစေဦးအံ့

မြတ်စွာဘုရားသခင်သည်၊ ဇေတဝန်ကျောင်းတော်၌၊ နေတော်မူစဉ်အခါ၊ အနာထပိဏ်သေဌေးကြီးသည်၊ (ကာလ) မည်သော မိမိ၏ သားကို၊ မြတ်စွာဘုရား၏ အထံသို့သွားရောက်၍၊တရားနာယူစေရာ၊ မသွားလိုသောကြောင့်၊အသပြာတထောင်ပေးမည်၊မြတ်စွာဘုရား၏

အထံသို့သွား၍၊ဂါထာတပုဒ်၊သင်ယူချေဟု၊ပြောဆို လွှတ်လိုက်၏။ ။သေဋ္ဌေးသား(ကာလ)သည်၊မြတ်စွာဘုရား၏အထံသို့သွား၍၊ဂါထာသင်ယူရာတွင်၊ ဂါထာမျှမက၊ (သောတာပတ္တိ) ဖိုလ်ကိုပင်ရခဲ့၍၊ ပြန်လာရာ၊အိမ်သို့ရောက်လျှင်၊မိမိ-အဘ- သေဋ္ဌေးကြီးပေးသောအသပြာတထောင်ကို၊မယူဘဲနေလေ၏။ ။ထိုအကြောင်းကို၊ဘခင်သေဋ္ဌေးကြီးသည်၊ မြတ်စွာဘုရားရှင်အား၊လျှောက်ထားရာ၊ သေဋ္ဌေးကြီး၏သား(ကာလ)သည်၊ (သောတာပတ္တိ) ဖိုလ်သို့ဆိုက်ရောက်တည်နေပြီဟု၊ဟောတော်မူ၏။

(၁) ''ပထဗျာ ဧကရဇ္ဇေန၊
သဂ္ဂဿ ဂမနေနဝါ။
သဗ္ဗလောကာ, ဓိပစ္စေန၊
သောတာပတ္တိဖလံ ဝရံ။

(၁) ပထဗျာ၊ မြေအပြင်၌။ဧကရဇ္ဇေန၊အနိုင်စက်ဘို့၊ ပြိုင်ဘက်မပြူ၊ တဆူတည်းသော ဧကရာဇ် မင်း၊ပြုရသည်ထက်ဂုဏ်း။ သဂ္ဂဿ၊ နတ်ပြည်, ဗြဟ္မာပြည်သို့။ ဂမနေနဝါ၊ တကျော-သုံးမျိုး၊ အုပ်စိုးစီမံ၊(ကံ)အလျောက်၊ သွားရောက်ရသည်ထက်ဂုဏ်း။ သဗ္ဗလောကာ, ဓိပစ္စေန၊ လောကဓာတ်ဆုံး၊ တိုက်နယ်လုံးကို၊ သိမ်းကျုံးပိုင်သ၊အစိုးရသည်ထက်ဂုဏ်း။ သောတာပတ္တိဖလံ၊ နိဗ္ဗာန်နန်းသို့။ဖြောင့်တန်းတိုက်ရိုက်၊ ဆိုက်ရောက် သိမြင်ရပြီးသော(သောတာပတ္တိ)ဖိုလ်, စိတ်သည်။ ဝရံ ၊လောကဓာတ်မြို်င၊ ဂုဏ်ထက်ဝယ်၊ ပြိုင်ဘက်ကင်းလွတ်၊ အထွတ်အမြတ်ဆုံးပေတည်း။

## အကျဉ်းချုပ်အဓိပ္ပါယ်ကား

(၁) အကြင်သူသည်၊ ပုထုဇဉ်ဂတိဖြင့်၊ လောကတခွင်၊ မြေပြင်အလုံး၌၊ ဧကရာဇ်မင်း အဖြစ်ကိုရ၏။ ။နတ်ပြည်, ဗြဟ္မာပြည်သို့၊ တက်ရောက်နေရ၏။ ။လောကဓာတ်ကြီးတခုလုံးကို၊ သိမ်းကျုံးပိုင်သ၊အစိုးရသောမင်းအဖြစ်ကိုရ၏။ ။ထိုသူ၏၊ ထို ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ,တို့သည်၊ တကျော-

သုံးမျိုး၊ အုပ်စိုးစီမံသည့်(ကံ)အလျောက်၊ ရောက်ရခြင်း, ဖြစ်ရခြင်း, ဖြစ်၍၊ (ကံ)ကုန်သည်နှင့် တပြိုင်နက်၊ လား ရောက်ရာ, ဘုံဘဝ-ဂတိ၊ အမြဲမရှိသော ဝိနိပါတိက,ဘေး ကြီးဆိုက်၍၊တိုက်ရိုက်ပျက်စီးရမည်မှန်၏။ ။အပါယ်လေး ပါး၊ လားရောက်ရခြင်း,ဘေးရန်မှလည်း,မလွတ်မြောက် နိုင်သေးဖြစ်၍၊ တွင်း, ပ,နှစ်တန်၊ ဘေးရန်အမျိုးမျိုးရှိနေ သေး၏။ ။(သောတာပတ္တိ)ဖိုလ်သို့၊ဆိုက်ရောက် ပြီးသော ပုဂ္ဂိုလ်၌မူကား၊ ငြိသော, သုဂတိဘုံဘဝ, ဟူသောလား ရောက်ရာ, ဂတိရှိပြီ။ ။အပါယ်လေးပါးသို့ ကျရောက်ခြင်း မှ ကင်းလွတ်ပြီ။ ။ပိုင်းခြားထင်ထင်၊သိမြင်အပ် ပြီးသော ဘဝ အဆုံးလည်းရှိပြီ။ ။သောတာပန် ပုဂ္ဂိုလ်တို့, ရအပ် သောအကျိုးထူးကို၊ ခံစားရပြီ။

ထို့ကြောင့်၊(သောတာပတ္တိ)ဖိုလ်ကို၊မျက်မှောက်ပြုရခြင်းဟူသော အကျိုးသည်၊ ယခင်, ပြဆိုအပ်ခဲ့ပြီးသော ပုထုဇဉ်ဂတိ၌, ရှိသော ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ, အကျိုးတို့ထက်၊ ဆထက်, ထောင်-ရာ၊ မနှိုင်းသာအောင်၊ သာလွန်,မြင့်မြတ်၏=ဟူ၍၊ ပောာတော်မူ၏။

---

## သစ္စာလေးပါး,တရားကို၊မသိရခြင်းကြောင့်, အပြစ်ရပုံပြခဏ်း

(၁) စတုန္နံ အရိယသစ္စာနံ၊
ယထာဘူတံ အဒဿနာ။
သံသာရိတံ ဒီဃ,မဒ္ဓါနံ၊
တာသုတာသွေ,ဝ ဇာတိသု။

(၁) ဘိက္ခဝေ၊ အို····ငါ၏ချစ်သားတို့။

စတုန္နံ၊ ရေတွက်ပိုင်းခြား၊ သရုပ်အားဖြင့်၊ လေးပါး ကုန်သော။ အရိယသစ္စာနံ၊ အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်ဖြင့်၊ မှန်သည်ဟု ဆိုအပ် သော, အရိယသစ္စာတရားတို့ကို။ ယထာဘူတံ၊ သဘောအလျောက်၊

မဖေါက်မပြန်၊ မှန်ကန်သည့်အတိုင်း။ အဒဿနာ၊ သုံးပါးသော ဉာဏ်ဖြင့်၊ လေးတန်သောအနက်တို့ကို၊ အချက်ကျကျ၊ မသိရ၊ မမြင်ရခြင်းကြောင့်။ တာသု တာသွေ၊ ဝ၊ ဇာတီသု၊ ကြီးငယ် ယုတ်မြတ်၊ မျိုးဇာတ်မရွေး၊ (ကံ) ပေးသမျှ၊ ထိုထိုဘဝတို့၌။ ဒီဃံ၊ အစမထင်၊ ဘဝလျဉ်၌၊ ဖြစ်အင်များပြား၊ ရှည်လျားလှစွာသော။ အဒ္ဓါနံ၊ တွက်ရေမဆုံး။ သံလုံးပမာဏ၊ကာလပတ်လုံး။သံသာရိတံ၊ထို ၌ ပြောင်းလွှဲ၊ အကြောင်း-ခွဲလျက်၊ ဖြစ်ဖြိ-ဖြစ်စဉ်၊ အသစ်-ပြင်၍၊ ကျင်လည်ပြေးသွားခဲ့ရလှလေပြီ။

ဤဂါထာ၌၊ အကျဉ်းချုပ် အဓိပ္ပါယ်ကား၊ သိသာပြီ ဖြစ်၍၊ လျစ်လျူရှုအပ်၏။

---

## သစ္စာလေးပါးတရားကို၊ သိရခြင်းကြောင့်၊ အကျိုးရပုံပြခန်း

(၂) တာနိ ဧတာနိ ဒိဋ္ဌာနိ၊
ဘဝနေတ္တိ၊ သမူဟတာ။
ဥစ္ဆိန္နမူလံ ဒုက္ခဿ၊
နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။ ။

(၂) တာနိ(ဧတာနိ)သစ္စာနိ၊ ထိုသစ္စာလေးတန်၊ အမှန်လေးချက်၊ အဓိပ္ပါယ်ခက်တို့ကို။ ဒိဋ္ဌာနိ၊ မဂ်-ဖိုလ်' လေးတန်၊ ဉာဏ်-ကန့်ကျင်းဖြင့်၊ ပိုင်းခြား တိတိ၊ သိမြင်အပ်ကုန်ပြီ။ ဘဝနေတ္တိ၊ဘဝ၊အသစ်၊ဖြစ်ရန်ဆောင်ပိုး၊ နှောင်ကြိုးပမာ၊ တဏှာ၊ တရားကို။ သမူဟတာ၊ အရဟတ္တမဂ်၊ ဉာဏ်ရောင်စက်ဖြင့်၊ ပယ်ဖျက်ဖြတ်အပ်လေပြီ။ ။ဒုက္ခဿ၊ရုပ်၊နာမ်၊နှစ်ဖြာ၊ခန္ဓာငါးခု၊ဆင်းရဲအစု၏၊မူလံ၊ကာလရှည်ညောင်း၊ ခန္ဓာ ပြောင်းလျက်၊ အဟောင်းကို ပစ်၊ အသစ်ကို တွယ်၊ ဆက်သွယ်ရင်းမြစ်၊ တဏှာ၊မြစ်ကို။ ဥစ္ဆိန္နံ၊ အမြစ်ရင်းက၊ အကြွင်း မကျန်၊ အမှန် ပြတ်အောင်၊ ဖြတ်တောက် အပ်

လေပြီ။ ။ဒါနိ၊(ဧဒါနိ)၊ရှေ့သို့မရွေ့၊ဤယနေ့၌။ပုန ဗ္ဗဝေါ၊ ဘဝတဖန်၊ခန္ဓာဝန်ကို၊ပြန်လည်အသစ်၊ဖြစ်စေခြင်းဟူသော သမုဒယသစ္စာ၊တဏှာ-တရားသည်။နတ္ထိ၊မရှိတော့ကုန်၊မှန်လေ တော့သတည်း။

ဤတွင်ရေကား၊
မကျဉ်း,မကျယ်၊သိလွယ်တန်ရုံ
ဖွင့်ဆိုအပ်သော
အရှင်''ကောဏ္ဍည''ရဟန်း၏၊သောတာပတ္တိဖိုလ်သို့၊
ဆိုက်ရောက်ပုံပြဆိုခန်းပြီး၏။

---

## (၃၂) ဤသို့လျှင်၊''ဓမ္မစကြာ''တရား၊ ဟောကြားပြီးဆုံးသောအခါ၌၊ နတ်,ဗြဟ္မာတို့၏ကြွေးကြော်ပုံပြခန်း

(၃၂)(၁) [ပဝတ္တိတေစပနဘဂဝတာ ဓမ္မစက္ကေ····
(လ) လောကသ္မိံ–တိ+ ] ဟူ၏။

### ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုခန်း

(၃၂) ဤသို့လျှင်၊ ဘုန်းတော်ပါးရှင်၊ မြတ်စွာဘုရား သခင် သည်၊ (ဓမ္မစကြာ) တရား၊ ဟောတော်မူအပ်ပြီးသော် ကား၊ မိဂဒါဝုန်၊ ရဂုံသာမော၊ တောအုပ်ကြီးအတွင်း ၌၊ မှီတင်းနေထိုင်ကြကုန်သော ဘုမ္မစိုးနတ်တို့သည်၊ ကောင်းချီး ယင်ရာ၊ သဘင် သာလျက်၊ မင်္ဂလာ ကြက် သရေရှိသော အသံတို့ဖြင့်၊ တပြိုင်နက်တည်း၊ကြွေးကြော် ကြကုန်၏။

အဘယ်သို့လျှင်၊ တပြိုင်နက်တည်း၊ ကြွေးကြော်ကြ ကုန်သနည်း ဟူမူကား။

အို····မြေ၌မှီတင်း၊ နေထိုင်ခြင်းဖြင့်၊ အသင်းအပင်း၊ မိတ်ဆွေ ရင်း၍၊ မိတ်ဆွေချင်းဖြစ်ကြကုန်သောအချင်း, ဘုမ္မစိုးနတ်မင်းတို့။

H,230-26 [ဟံသာဝတီမှု]

ဤလူ့ရွာ, ပူ့ရပ်၊ လောကဓာတ်၌၊ အမြင့်မြတ်ဆုံးဖြစ်တော်မူသော ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်၊ ဗာရာဏသီပြည်ကြီး၏အနီး၊ ဣသိပတန, အမည်ရှိသော မိဂဒါဝုန်၊ ရဂုံနန်းဝယ်၊ ပုံဆန်းကြွယ်သည့်၊ ပန်းနွယ်, ပန်းပွင့်တို့ဖြင့်၊ တင့်တယ်သော တောအုပ်ကြီးထဲ၌၊ (ပဉ္စဝဂ္ဂီ) ငါးဦးသားတို့အား၊ မကြားစဘူး၊ စကားထူးဖြင့်၊ တရားဦး, တရားမြတ်ဖြစ်သော (ဓမ္မစကြာ)တရားကို၊ဟောကြားတော်မူ၏။

ထို(ဓမ္မစကြာ)တရား ဟူသည်ကိုကား—

(၁) ※ သမဏောနဝါ။ ။ဟူသောပါဠိဖြင့်၊ လောကီဈာန်, အဘိညာဉ်, သမာပတ်ကိုရ၍၊ ထိုဈာန်, အဘိညာဉ်, တန်းခိုးဖြင့်၊ မြေလျှိုးမိုးပျံ၊ ကိုယ်သဏ္ဍာန် ဖြင့်လည်း၊ ငယ်ဟန်, ကြီးဟန်၊ အတန်တန် ဉာဏ်သွင်း၍၊ ဖန်ဆင်းပြုလုပ်နိုင်သော ဈာန်, အဘိညာဉ်ရှင်ဖြစ်သော ရဟန်းပုဂ္ဂိုလ်တို့တွင်လည်း၊ မည်သည့် ရဟန်းပုဂ္ဂိုလ် တပါးမျှ၊ မဟောကြားနိုင်ချေ။

(၂) ※ ဗြာဟ္မဏောနဝါ။ ။ဟူသောပါဠိဖြင့်၊ဗြာဟ္မဏ,ခေါ်ရိုး၊ ပုဏ္ဏားမျိုးတို့တွင်လည်း၊ မည်သည့် ပုဏ္ဏားမျိုး တဦးတယောက်မျှ၊ မဟောကြားနိုင်ချေ။

(၃) ※ ဒေဝေါနဝါ။ ။ဟူသော ပါဠိဖြင့်၊ ကမ္မဇိဒ္ဓိ၊ ဝိပါကဇိဒ္ဓိ၊ ဣဒ္ဓိ, ခေါ်ရိုး၊ ဘုန်းတန်းခိုးအာနုဘော်နှင့် ပြည့်စုံသော သိကြား, သုယာမ, သန္တုသိတ, စသော နတ်မျိုးတို့တွင်လည်း၊ မည်သည့်နတ် တဦးတယောက် မျှ၊မဟောကြားနိုင်ချေ။

(၄) ※ မာရေနဝါ။ ။ဟူသောပါဠိဖြင့်၊ လက်ရုံးတထောင်၊ ဖန်ဆင်းဆောင်လျက်၊ အောင်စေမည်၊ နိုင်စေမည်၊ ဆိုမြည်ကာ- အသွင်ပြုလျက်၊ ပလ္လင်လု- အပြိုင်ပွဲ၌၊ အနိုင်ခဲ- မည်ဟု၊ ကိုင်စွဲကာ- ဓားသံ လျက်တို့ဖြင့်၊ အားမာန် ထက်စွာ- ဟိန်းခါ,ဟောက်ခါနှင့်၊ ခြိမ်း

လာ, ချောက်လာ,သော မာရ်နတ်မင်း သည်လည်း၊ မဟောကြားနိုင်ချေ။

(၅) ※ ဗြဟ္မာနုဝါ။ ။ဟူသောပါဠိဖြင့်၊ကမ္ဘဇိနွ်၊ ဝိပါက-ဇိဒ္ဓိ၊ ဈာဒ္ဓိ, ခေါ်ရိုး၊ဘုန်းတန်းခိုး အာနုဘော်နှင့် ပြည့်စုံသော (သနင်္ကုမာရ)ဗြဟ္မာမင်း၊ (ဟာရိတ)ဗြဟ္မာမင်းအစရှိသော ဗြဟ္မာမင်းကြီး တို့တွင်လည်း၊ မည်သည့်ဗြဟ္မာမင်းကြီး တဦးတယောက်မျှ၊မဟောကြားနိုင်ချေ။

ဤသို့မျှတိုင်အောင်၊အသိခက်ခဲ၊နက်နဲသိမ်မွေ့သော သဘောရှိ၏။ ။ဉာဏ်မြင့်သက်ဝင်၍၊ သိနိုင်ခဲသောသဘောရှိ၏။

ဤသို့ချီးကျူး၊ဂုဏ်အထူးတို့နှင့် ပြည့်စုံတော်မူသော (ဓမ္မစကြာ) တရားကို၊ ဟောကြားညွှန်ပြ၊ ဆုံးမတော်မူပေ၏ ဟု၊ ကောင်းချီး,သြဘာ၊ သောသော,ညာလျက်၊ ထောမနာ, သံပြိုင်ပေး၍၊ ဟစ်ကြွေးကြော်ငြာကြလေကုန်သတည်း။

ထိုနောက်တဖန်၊ ဘုမ္မစိုဝ်းနတ်တို့၏၊ ကြွေးကြော်သော အသံကိုကြား၍၊ ယူဇနာပေါင်း၊ လေးသောင်း နှစ်ထောင် (၄၂၀၀၀) အမြင့်ဆောင်, ကွာခြားသော (စာတုမဟာရာဇ်) နတ်ဘုံ၌ရှိကြကုန်သော(စာတုမဟာရာဇ်)နတ်တို့သည်၊အသီးအသီးကြွေးကြော်ကြပြန်ကုန်၏။

ထိုနောက်တဖန်၊ ဤနည်းအတူ၊ ယူဇနာပေါင်း၊ လေးသောင်း နှစ်ထောင်စီ၊ လေးသောင်း နှစ်ထောင်စီ၊ အသီအမျှ၊ မြင့်သောအရပ်၌၊ (ကံ) အကျော်၊ဘုံဗိမာန်ပေါ်ပေါက်၍၊ တည်နေကြကုန်သော (တာဝတိံသာ)နတ်တို့သည်၎င်း၊(ယာမာ)နတ်တို့သည်၎င်း၊ (တုသိတာ) နတ်တို့သည်၎င်း၊ (နိမ္မာနရတိ) နတ်တို့သည်၎င်း၊ (ပရနိမ္မိတဝသဝတ္တီ) နတ်တို့သည်၎င်း၊အသီးအသီး ကြွေးကြော်ကြပြန်ကုန်၏။

ထိုနောက်တဖန်၊ နတ်တို့ကြွေးကြော်သော အသံကိုကြား၍၊ ယူဇနာပေါင်း၊ငါးသန်း,ငါးသိန်း,ရှစ်ထောင် (၅, ၅၈, ၀၀၀)၊ အမြင့်ဆောင်, ကွာခြားသော ဗြဟ္မာ့ဘုံ အသီးအသီး၌၊ နေကြကုန်သော

ပြဟ္မာမင်းကြီး တို့သည်လည်း၊ထိုက်သည်အားလျော်စွာ၊အသီးအသီး ကြွေးကြော်ကြလေကုန်၏။

---

## (၃၃) ကြွေးကြော်သောအသံ၏၊ ပျံ့နှံ့တက်ရောက်ပုံပြခန်း

(၃၃) [ဣတိဟ၊ တေနခဏေန+ (လ) အဗ္ဘုဂ္ဂစ္ဆတိ။] ဟူ၏။

### ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုခန်း

(၃၃) ဤသို့အားဖြင့်၊တဆင့်တဆင့်၊ သံပြိုင်လွှင့်၍၊ကောင်းတင့်သြဘာ၊ထောမနာ, စကား၊ ပြောကြား, ဟစ်ကြွေး၊ သံစေအပ်သည်ဖြစ်၍၊ (၁)လက်ဖျစ်ဆယ်တွက်ဟူသောဟာဏ။(၂)ဆယ်ခဏဟူသောတလယ။(၃)ဆယ်ခဏလယဟူသော တမုဟုတ်,ဖြင့်ပင်၊ပြဟ္မာ့ပြည်အထိ၊နှံ့သိကျော်စောခြင်းဖြစ်ရကား၊လောကဓာတ်လုံး၊တိုက်နယ်ဆုံးအောင်၊ မိုက်ချုံး ကြေငြာ၊ သရေဖြာလျက်၊ (ဓမ္မ-စကြာ)၊' ဒေသနာ- သံ- အောင်နိမိတ်သည်၊ အောင်ဘိသိက် သွန်းလျက်၊ပေါ်လွန်းပျံ့နှံ့၍၊တက်လေသတည်း။

---

## (၃၄) မြေကြီး၏ တုန်လှုပ် ပြခန်း

(၃၄) [အယဉ္စ, .... (လ) သမ္ပဝေဓိ၊+] ဟူ၏။

### ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုခန်း

(၃၄) ထိုအခါ၌၊ လှုပ်ရှားမယိုင်၊ ကြန့်ကြန့် ခိုင်သည်၊မဏ္ဍိုင်ပမာ၊ စကြာဝဠာပေါင်း၊ တသောင်းသော ဤလောကဓာတ်တိုက်ကြီးသည်၊(ဓမ္မစကြာ)၊ဒေသနာ,ရှိန်စော်၊ အာနုဘော်ကို၊ ကော်ရော်-ပင့်ထောက်၊ ဘုန်းတန်းမြောက်အောင်၊ ချီးမြှောက်ပူဇော်သကဲ့သို့(၁)အောက်သို့နိမ့်၍-နိမ့်၍၊ သက်ခါ-သက်ခါ၊ လှုပ်ရလေ၏။

ထိုနောက်တဖန်၊ (၂) အထက်သို့ မြင့်၍-မြင့်၍၊ တက်ခါ-တက်ခါ၊ လှုပ်ရပြန်လေ၏။

ထို့နောက်တဖန်၊(၃)အရှေ့,အနောက်၊တောင်,မြောက်, ဝဲယာ၊ ဒိသာ-ရပ်ခွင်၊ ထက်ဝန်းကျင်၌၊ ယောဉ်ပုခက်- လွှဲသကဲ့သို့၊ နွဲ့ကာ နွဲ့ကာ၊ခပ်၍-ခပ်၍၊ လှုပ်ရပြန်လေ၏။

**(အထူးမှတ်ချက်)**

**[ ဒသ-သဟဿီ-လောက ဓာတု၊–**

**တသောင်းသော''စကြာဝဠာ၊လောကဓာတ်''သည်၊ တုန်လှုပ်၏-ဟု၊ဆိုရာ၌၊''စကြာဝဠာ၊လောကဓာတ်'' တခုကို၊အကျဉ်းချုပ် ပြဉုးအံ့။ ]**

(၁) လေးကျွန်းလုံး၏၊အလယ်ချက်မ,ဖြစ်သော မြင့်မိုရ်တောင် ၁-ခု။
(၂) ယူဇနာ ငါးဆယ် အဝန်းအဝိုင်းရှိသော နေဝန်း ၁-ခု။
(၃) လေးဆဲ့ကိုးယူဇနာ အဝန်းအဝိုင်းရှိသော လ ဝန်း ၁-ခု။
(၄) နက္ခတ်အစုံ။
(၅) နတ်ပြည် ခြောက်ထပ်။
(၆) ဗြဟ္မာပြည် နှစ်ဆယ်။
(၇) တောင်စဉ် ၇-ထပ်။
(၈) သီဒါ ၇-တန်။
(၉) ကျွန်းကြီး-လေးကျွန်း။
(၁၀) တံတိုင်း-ခေါ်သော''စကြာဝဠာ''ကျောက်တိုင်ကြီး ၁-ခု။

ဤသို့မျှ အကျယ်အဝန်း၊ အတိုင်းအရှည်,အပိုင်းအခြား အတွင်းသည်၊ ''စကြာဝဠာ-လောကဓာတ်'' တခုမည်၏။

ဤလောကဓာတ်-ပုံစံမျိုးအတိုင်း၊ တသောင်းသော ''စကြာဝဠာ လောကဓာတ်''သည်၊[ဒသ သဟဿီလောကဓာတု]ဟူသောပုဒ်အရ ဖြစ်၏။ ''ဇာတိ ခေတ်'' ဟူ၍လည်း ခေါ်၏။

(မွေစကြာ၊ မြန်မာဘာသာကြိုက်)၌ အကျယ်ကြည့်ရှုလေ။

## (၃၅) အရောင်အလင်း ဖြစ်ပုံပြခဏ်း

(၃၅) [အပ္ပမာဏောစ ဥဠာရော+....(လ)
ဒေဝါ-နုဘာဝန္တိ။+] ဟူ၏။

## ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုခဏ်း

(၃၅) ထိုမှတပါးလည်း၊ ကြီးကျယ် ပြန့်ပြော၊ ဂုဏ်သဘော ဖြင့်၊ အံ့သြ, မကုန်၊ ဒေဝနုဘာ်, အဟုန်ကြောင့် ဖြစ်သော စိတ္တပစ္စယ၊ ဥတုဇ- သမုဋ္ဌာန်၊အလျှံ-ဟူသော အလင်းရောင်သည်၊ လောကဓာတ်တိုက် တည်းဟူသော အတွင်းဆောင်၌၊ ဝင်းဝင်း ပြောင်ပြောင်၊ တောက်လောင်ထိန်ညီး၊ စိန်ရောင်ခြည် မီးကဲ့သို့၊ ကြီးမြတ်လှသောဘုန်းတန်းခိုးအာနုဘော်ရှိသော နတ်မင်း,သိကြားမင်း, ဗြဟ္မာမင်း, တို့၏၊ တန်းခိုး အရောင် အဝါ တို့ကို၊ လွှမ်းမိုး နှိပ်စက်သကဲ့သို့၊ ထိပ်ထက်၌-တည်လျက်, ထွန်းတောက်ပလေသတည်း။

ဤတွင် တခဏ်းပြီး၏။

---

ဤတွင်ဋ္ဌကား၊
မကျဉ်း, မကျယ်၊ သိလွယ်တန်ရုံ
ဖွင့်ဆိုအပ်သော
ကြွေးကြော်သောအသံဖြစ်ခြင်း
စသည်တို့ကို၊ ပြဆိုခဏ်းပြီး၏။

---

## (၃၆) ဥဒါန်း-ကျူးရင့်ပုံနှင့်၊ ဘွဲ့အမည်တော် အပ်နှင်းပုံပြခဏ်း

(၃၆) [အထခေါ ဘဂဝါ ဥဒါနံ ဥဒါနေသိ၊....(လ)
အညာသိ-ကောဏ္ဍညော-တွေဝ နာမံ အဟောသိ။]
ဟူ၏။

## ပါဠိဘာသာမှ၊မြန်မာဘာသာ ပြန်ဆိုခန်း၊

(၃၆) ထိုအခါ၌၊ ဘုန်းခြောက်ပါးသျှင်၊ မြတ်စွာဘုရားသခင်သည်၊ မိမိသည်ပင်၊ သချေ—လေးရပ်၊ ကပ်-တသိန်း တိုင်တိုင်၊ မယိမ်း ယိုင်ဘဲ၊ ကြံ့ခိုင် စွဲမြဲသော, သမ္ဗပ္ပဓာန, ဝီရိယ-ဓာတ်၊ စိတ်တော် မြတ်ဖြင့်၊ပါရမီ-ဆယ်ပါး၊ အပြား သုံးဆယ်၊ ငါးသွယ် စာဂ၊စရိယ-သုံးအင်၊ ကျင့်စဉ်လမ်းရိုး၊ပါရမီ-မျိုး-တို့ကို၊ကြိုးကြိုး ပန်းပန်း၊ ထမ်းရွက်-ပြုကျင့် တော်မူ နိုင်မှ၊ ရရှိ-သိမြင်အပ်သော သစ္စာ-လေးချက်၊ တရား-နက်ကို၊ ဤ "ကောဏ္ဍည" သည်၊ ကွယ်ဝှက်-မထင်၊ ဉာဏ်-အမြင်ဖြင့်၊ လျှင်စွာ ထွင်းဖေါက်၊ အလင်း-ရောက်အောင်၊ မျက်မှောက် ထင်ထင်၊ သိမြင်ပြီး-ဖြစ်လေစွ-တကား-ဟု၊ ကိုယ်တော် မြတ်၏၊ ရည်ရွယ်ချက်အတိုင်း၊ ထမြောက် အောင်မြင်၊ ပြီးစီးတော်မူ၍၊ နှစ်လို ရွှင်လန်း၊ ဝမ်းပန်း တသာ၊ ရှိတော်မူ ရကား-"ဥဒါန်း" စကား၊ မိန့်ကြား ကျူးရင့်တော်မူ၏။

အဘယ်သို့လျှင်၊ "ဥဒါန်း" စကား မိန့်ကြား ကျူးရင့်သနည်း ဟူမူကား၊

(က) အို····"ပဉ္စဝဂ္ဂီ"ရဟန်းတို့။

"ကောဏ္ဍည" သည်ကား၊ သစ္စာလေးပါး၊ တရားအစဉ်၌၊ ဉာဏ်အမြင်ထွင်းဖေါက်၍၊ အလင်းသို့၊ ရောက်ပြီး ဖြစ်စွ တကား၊

(ခ) အို····"ပဉ္စဝဂ္ဂီ"ရဟန်းတို့၊

"ကောဏ္ဍည"သည်ကား၊ သစ္စာလေးပါး၊ တရားအစဉ်၌၊ ဉာဏ်အမြင်ထွင်းဖေါက်၍၊ အလင်းသို့၊ ရောက်ပြီးဖြစ်စွ တကား-ဟု၊ ကျူးရင့်တော်မူ၏။

ဤသို့လျှင်၊ မြတ်စွာဘုရားသခင်သည်၊ "ဥဒါန်း" စကား၊ မိန့်ကြားကျူးရင့်တော်မူသည်မှ- စ၍၊ အသျှင် "ကောဏ္ဍည" သည်၊

အချင် "ကောဏ္ဍည" ဟူသော မူလ- (ဘွဲ့) အမည်၌၊ [သိခြင်း= အနက်] ကို၊ ဟောသော [အညာသိ] သဒ္ဒါကို၊ ထပ်ဖြည့်၍—

(က) **"အညာသိကောဏ္ဍည"**
(ခ) **"အညာသိကောဏ္ဍည"**
ဟူသော(ဘွဲ့)ပုံ၊ ဂုဏ်-သကတ်ဖြင့်၊ လောကဓာတ်လုံး၊ တိုက်နယ်သုံးဆောင်၊ သိမ်းကျုံးပျံ့နှံ့၍၊ကျော်စောတော် မူလေသတည်း။

## (အထူးမှတ်ချက်)
## မြတ်စွာဘုရားသျှင်သည်"အညာတ-ကောဏ္ဍည" ရဟန္တာပုဂ္ဂိုလ်အား၊ရည်မှန်း၍၊ ဥဒါန်း ကျူးရင့်ပုံနည်း တမျိုးပြဆိုဦးအံ့

(၁) (ဧဝံ မေ သုတံ၊....(လ) ဣမံ ဥဒါနံ ဥဒါနေသိ၊) ဟူ၏။

(၁) အခါတပါး၌၊ မြတ်စွာ ဘုရားသျှင်သည် သာဝတ္ထိပြည်၊ ဇေတဝန် ကျောင်း၌ (သိတင်း သုံး)နေတော်မူ၏။

ထိုအခါ"အညာတ ကောဏ္ဍည"ရဟန္တာပုဂ္ဂိုလ်သည်၊ မြတ်စွာ ဘုရားသျှင်နှင့် မနီး, မဝေးသော နေရာတခု၌ နေလျက်၊ (တဏှာ-သင်္ခယ ဝိမုတ္တိ)ဟုခေါ်သော တဏှာ၏ ကုန်ကြောင်း ဖြစ်သော အရဟတ္တ ဖလ၊သမာပတ်၊ချမ်းသာမြတ်ကို၊ အာရုံပြုဆင်ခြင်၍ နေ၏။

[ဤ၊ ရဟန္တာ အသျှင်မြတ် သည်ကား၊ ဖလ သမာပတ်၊ ချမ်းသာ မြတ်ကို၊ အကြိမ်များစွာ၊ မပြတ်, မပြတ်, ဝင်စား လျက်၊နေတော်မူလေ့ရှိ၏- ဟူလို]

ဤသို့, ငြိမ်သက်- သေချာ၊ ဣန္ဒြေဖြင့် နေပုံကို၊မြတ်စွာဘုရားသျှင်၊ မြင်သိတော် မူ၍၊ အောက်၌ ပါသော ဂါထာကို- ရွတ်ဆို၊ ကျူးရင့် တော်မူ၏။

(၁) ယဿ မူလာ,ဆမာ, နတ္ထိ၊
ပဏ္ဏာ, နတ္ထိ, ကုတော, လဘာ။
တံ ဓီရံ ဗန္ဓနာ မုတ္တံ၊
ဒေ၀ါ တံ နိန္ဒိတု မံဟာရတိ။
ဒေ၀ါပိ နံ ပသံသန္တိ၊
ဗြဟ္မုနာ ပိ, ပ သံသိတော။

## ဥဒါန်းပါဠိတော် ရူဠဝဂ် သတ္တမ-၆

(၁) ယဿ၊ အကြင် ရဟန္တာ ပုဂ္ဂိုလ်အား။မူလာ၊ (အဝိဇ္ဇာ) ဟူသော ဝဋ်မြစ်သည်။ နတ္ထိ၊ မရှိချေ။ ။ဆမာ၊(ပထဝီ၊) အာသဝေါ, တရားနိဝရဏ, တရား၊ အယော နိသော မနသိကာရတရားဟူသော မြေသည်။နတ္ထိ၊ မရှိချေ။ ။ ပဏ္ဏာ၊ ပဋိသန္ဓေ, ဝိညာဉ်- ဟူသော အရွက်တို့သည်။ နတ္ထိ၊ မရှိကုန်။ ။လတာ၊နာမ်တရား,ရုပ်တရား,ဟူသော အခက်တို့သည်။နတ္ထိ၊မရှိကုန်။ ။ဗန္ဓနာ၊ကိလေသာတရား ဟူသောအနှောင် အဖွဲ့မှ၊မုတ္တံ၊ မြူမျှ-မတင်၊ကင်းစင် လွတ် မြောက်ပြီးဖြစ်သော၊ ဓီရံ၊ လေးပါးသော သမ္မပ္ပဓာန၊ ဝီရိယဓာတ်နှင့်၊ မပြတ်ယှဉ်၍၊ အောင်မြင် အပ်ပြီးသော မာရ်ရှိသော ပညာရှိဖြစ်သော ပုဂ္ဂိုလ်ကို။ ကော၊အဘယ် မည်သောသူ၊ နတ်နှင့် လူသည်။ နိန္ဒိတုံ၊ အရွဲ့ တစောင်း၊ ယုတ်စေကြောင်းဖြင့်၊ မကောင်းကြံစည်၊ ဆိုမည်ကဲ့ရဲ့ခြင်း ငှာ။ အရဟတိ၊ထိုက်အံ့နည်း။န-အရဟတိ၊မထိုက်ရာချေ။

ဒေ၀ါပိ၊ အံ့ဘွယ်ချီးကျူး၊ ဂုဏ်အထူးကို၊ စူးစမ်း သိမြင်၊ ပညာ ရှင် ဖြစ်ကြကုန်သော နတ်, တို့သည်လည်း။ နံ၊ထိုရဟန္တာ-ပုဂ္ဂိုလ်ကို။ ပသံသန္တိ၊ အံ့သြ-မပြီး၊ ချီးမွမ်းကြကုန်၏။ ။ဗြဟ္မုနာပိ၊ ဘုန်းရောင်, ဂုဏ်ရောင်၊ ထိန်ပြောင်,ပဝင်း၊ ဗြဟ္မာမင်းတို့သည်လည်း။ သော၊ ထို ရဟန္တာ- ပုဂ္ဂိုလ်ကို၊ ပသံသိတော၊ လေးမြတ် ကော်ရော်၊ ဂုဏ်ကို မြှော်၍၊ ပူဇော် ချီးကျူး အပ်ပေ၏။ ။ဇာတိ၊ ဤသို့လျှင်၊ ဥဒါနေသိ၊ ''ဥဒါန်း''စကား၊မိန့်ကြား ၊ ကျူးရင့်တော်မူ၏။

ဤဂါထာ၏ အဓိပ္ပါယ်စကားသည်၊ (အလင်္ကာ) နည်းဖြင့် ပြ၍ ဟောတော်မူသော တရားဖြစ်၍၊ အနက်, အဓိပ္ပါယ်,အထူး သိမ်မွေ့ ရကား၊(အဋ္ဌကထာ) ၌၊ ဖွင့်ပြပုံနည်းအတိုင်း၊ ဥပမာ, ဥပမေယျ၊ စကား နှစ်ရပ်၊ဆက်စပ်၍၊ ပြဆိုခြင်းဖြင့်၊ ထင်ရှားစေဦးအံ့။

(၁) ယဿ မူလာ, ဆမာ, နတ္ထိ၊
ဟူသော စကားဝါကျ၏ အဓိပ္ပါယ်၊

(က) လောကမျက်မြင်အားဖြင့်၊ တခုသောသစ်ပင်၌- ပင်စည်, ခက်မ,တို့၏တည်ရာအခြေခံရှိသော ကြမ်းမြစ်သည်ရှိ၏။

(ခ) ထိုနောက်၊ အမြစ်၏တည်ရာ မြေကြီးသည်ရှိ၏။

ဤနည်းအတူ–

(က) အသျှင် "အညာတ ကောဏ္ဍည" ၏ ခန္ဓာကိုယ်,အတ္တဘော, ဟူသောသစ်ပင်၌၊ သစ်မြစ်နှင့်တူသော, သစ္စာလေးပါး၊ တရားအစဉ်ကို၊ မသိ,မမြင်ခြင်း- (အဝိဇ္ဇာ) ဟူသော သံသရာဝဋ် မြစ်သည်မရှိ-ဟူ၍၊ မြတ်စွာဘုရား သျှင်သည်၊"ဥဒါန်း"ကျူးတော်မူ၏။

(ခ) သစ်ပင်၏အဘို့, အမြစ်၏ တည်ရာ မြေကြီး သည်ရှိ၏။

အသျှင်" အညာတ ကောဏ္ဍည"၏ ခန္ဓာ, ကိုယ်, အတ္တဘော၌၊ (အဝိဇ္ဇာ) တရားဟူသော အမြစ်၏တည်ရာ၊ အာသဝ- တရား၊နီဝရဏ တရား၊ အယောနိသော မနသိကာရ တရားဟူသော မြေကြီး သည်၊ မရှိဟူ၍၊ မြတ်စွာဘုရားသျှင်သည်၊ (တဖန်) ဥဒါန်း ကျူး တော်မူပြန်၏။

ထိုစကား၌၊ဆက်၍၊ပြဆိုဦးအံ့။

အသျှင်" အညာတ ကောဏ္ဍည"သည်၊ အရိယမဂ်သို့, ဆိုက် အောင်,ဘာဝနာပွါးများမှု, မရှိဖြစ်ခဲ့ချေက၊ ဘဝ တဖန်၊ ပြန်လည် အသစ်၊ ဖြစ်ခြင်းငှါ ထိုက်သော (ဖြစ်ရဦးမည်ဖြစ်သော) "အညာ တ- ကောဏ္ဍည" ခေါ်သော ခန္ဓာကိုယ်,အတ္တဘောဟူသော သစ်ပင် ကြီး၌-

(က) သစ္စာလေးပါး၊ တရားအစဉ်ကို၊ မသိ, မမြင်နိုင်အောင် ဖုံးလွှမ်း၍နေသော "အဝိဇ္ဇာ" ဟူသော အမြစ်သည်၎င်း-

(ခ) "ကာမာသဝ"အစရှိသော"အာသဝေါ" တရား ဟူသော မြေကြီးတို့သည်၎င်း၊ အစဉ်သဖြင့် တိုးတက်၍၊"သံသရာ" ဘုံဘဝဟူသော တောအုပ်ကြီးထဲ၌၊ အသျှင် "အညာတ-ကောဏ္ဍည" ခေါ်သော ခန္ဓာကိုယ်, အတ္တဘောဟူသော သစ်ပင်ကြီး၌၊ အသစ်,အသစ်, ဖြစ်ပေါ်၍နေသော- (၁) ပဋိသန္ဓေ ဝိညာဉ်,(၂) နာမ်,ရုပ်, (၃) သဠာယတန, အစရှိသော အညွန့်,အရွက်,အဖူး,အခက်တို့ဖြင့်ပြည့်နှက်, စည်ကား၍ နေမည်ကား(ဓမ္မ-နိယာမ)ခေါ်သော ပဋိစ္စ သမုပ္ပါဒ-နည်းအတိုင်းပင်ဖြစ်၏။

ဤယခုအခါ၌မူကား၊ ထိုအသျှင်သည်၊ အရိယမဂ်သို့၊ဆိုက်ရောက်အောင်, ဘာဝနာပွါးပြီးဖြစ်၍၊ ထိုအသျှင်၏ ခန္ဓာကိုယ်,အတ္တဘော ဟူသော သစ်ပင်၌-

(က) "အဝိဇ္ဇာ" တရားဟူသောအမြစ်သည်၎င်း,

(ခ) "အာသဝ"တရားအစရှိသောမြေကြီးသည်၎င်း, မရှိတော့ချေဟု၊ ဆိုလို၏။

အဘယ်ကြောင့် မရှိသနည်း—ဟူမူကား၊

အရဟတ္တမဂ်ဖြင့်၊ထို"အဝိဇ္ဇာ" အစရှိသော တရားတို့ကို၊ ပယ်ခွါ, ဖျက်ဆီးအပ်ပြီးသည်၏ အဖြစ်ကြောင့်တည်း-ဟု၊ ဖြေဆိုရာ၏။

(အင္ဂမဂ္ဂေနသမုဌ္ဌါပိတတ္တာ) ဟူ၏။ (အဋ္ဌကထာဖွင့်)

---

## (၂) ပဏ္ဏာ,နတ္ထိ ကုတော,လတာ၊ ဟူသော စကား ဝါကျ၏ အဓိပ္ပါယ်၊

(က) သစ်ပင်,ဟု၊ ခေါ်သော အရာဝတ္ထုတခု၌ အမြစ်သည်၎င်း။

(ခ) အမြစ်၏တည်ရာ မြေကြီးသည်၎င်း။ မရှိဖြစ်ချေက၊ အဘယ် မှာလျှင်၊ ထိုသစ်ပင်၌၊ အရွက်,အနွယ် တို့သည်၊ ဖြစ်နိုင်ပါ အံ့နည်း။ ။မဖြစ်နိုင်ရာ တော့ချေ။

ဤနည်းအတူ၊ ၊အသျှင် "အညာတ ကောဏ္ဍည"၏ ခန္ဓာ ကိုယ်, အတ္တဘော, ဟူသောသစ်ပင်၌၊အမြစ်နှင့်တူသော မသိ,မမြင်ခြင်း,

(က) "အဝိဇ္ဇာ"ဟူသော မူလတရားကိုရင်း။

(ခ) ထို "အဝိဇ္ဇာ" တရား၏ တည်ရာ (အကြောင်းဖြစ်၍ ဖြစ်ကုန်သော) (အာသဝ)အစရှိသော တရားတို့ကိုရင်း၊ အရဟတ္တမဂ်ဖြင့်, ပယ်ခွါ, ဖျက်ဆီးအပ်ပြီး ဖြစ်ရကား- အသျှင်"အညာတကောဏ္ဍည"၏ ခန္ဓာကိုယ်အတ္တဘော, ဟူသော သစ်ပင်၌-

(၁) မာန=မာန်မူတက်ကြွခြင်း,,

(၂) အတိမာန=အလွန်မာန်မူတက်ကြွခြင်း,,စသည် အပြားရှိသော အခက်၊ အလက်, ဟုဆိုအပ်သော(လတာ) အနွယ်တို့သည်၊မရှိကုန်ဟူ၍ရင်း။

(၁) ထိုပြင်--မဒ=အကြောင်းတခုခုကို အစွဲပြု၍ယစ်ခြင်း,,

(၂) ပမာဒ=မေ့လျော့ခြင်း,,

(၃) မာယာ=လှည့်ပတ်ခြင်း,,

(၄) သာဌေယျ=ကောက်ကျစ် စဉ်းလဲခြင်း, အစရှိသည်ဟုဆိုအပ်သော(ပဏ္ဏ) အရွက်တို့သည်၊ အဘယ်မှာလျှင်၊ ဖြစ်နိုင်တော့အံ့နည်း။ မဖြစ်နိုင်တော့ချေ ဟူ၍ရင်း။မြတ်စွာဘုရားသျှင်သည် [တဖန်] ဥဒါန်းကျူး တော်မူ၏။

---

(၃) တံ ဗီဇံ ဗန္ဓနာ မုတ္တံ၊ (လ)
မြဟ္မုနာ ပိ ပသံသိတော။ ။
ဟူသော စကား ဝါကျ၏ အဓိပ္ပါယ်၊

ဤသို့လျှင်၊ နောက်၌ ပြဆိုအပ် ခဲ့ပြီးသော စကားအတိုင်း၊(မူလ) ခေါ်သော "အဝိဇ္ဇာ"၊ "အာသဝ" အစရှိသော အကြောင်းတရားတို့သည်၊ မရှိဖြစ်ခဲ့လျှင် ထို "အဝိဇ္ဇာ" ခေါ်သော "မူလ" တရားဖြစ်ကြောင်း ဖြစ်သော (ဗီဇ) ဓာတ် (မျိုးစေ့) သဘွယ်ဖြစ်သော (ကံ) သည်လည်း၊မရှိ ဖြစ်ပြန်၏။

ထိုအခါ၊ (ကံ)လျှင် ဖြစ်ကြောင်းရှိသော (က) "ပဋိသန္ဓေ" ဝိညာဉ်–ဟူသော အညွန့်သည်လည်း၊မဖြစ်လတ္တံ့၊သာတည်း။

ထိုနောက်၊—

ထို"ပဋိသန္ဓေ" ဝိညာဉ်ဟူသော အညွန့်လျှင်ဖြစ်ကြောင်းရှိသော နာမ်, တရား၊ ရုပ်, တရား၊ သဠာယတန, တရား ဟူသော အရွက် အခက်တို့သည်လည်း၊ မဖြစ်လတ္တံ့-သာတည်း။

[※ အသတိ စ ကမ္မ ဗီဇေ,တံနိမိတ္တော, ဝိညာဏ-ကုံရော,, ဝိညာဏကုံရ-နိမိတ္တာ စ နာမ ရူပ သဠာယတန- ပတ္တ-သာခါဒယော,, န-နိဗ္ဗတ္တိ ဿန္တိ ယေဝ။ ။အဋ္ဌကထာဖွင့်။]

ဤသို့လျှင်၊ ကိလေသာ, အနှောင်အဖွဲ့မှ၊ လွတ်မြောက်ပြီးဖြစ်သော လေးပါးသော သမ္မပ္ပဓာန၊ဝီရိယ-ဓာတ်နှင့် မပြတ်ယှဉ်သဖြင့်၊ အောင်မြင်အပ်ပြီးသော မာရ်ရှိသည်ဖြစ်၍၊ ပညာရှိဖြစ်သော "အညာတကောဏ္ဍည" ခေါ် - ရဟန္တာပုဂ္ဂိုလ်ကို၊ အဘယ်သူသည်၊ ကဲ့ရဲ့ခြင်းငှါ ထိုက်အံ့နည်း- မထိုက်နိုင်တော့ချေ။

အမှန်မူကား၊ နတ်ပြည် တလွား၊နတ်အများနှင့်၊သိကြားပြဟ္မာ-များစွာသော လူ, ရှင်, ရဟန်း အပေါင်း တို့သည်၊ ကောင်းချီး နမော်၊ သာခုခေါ်၍၊ ပူဇော် ချီးကျူး ခြင်းငှါ သာလျှင်၊ ထိုက်တန်တော့သည်တကားဟု၊-အားပါးတရ။ ။"ဥဒါန်း"ကျူးတော်မူ၏။

ဤတွင်တခဏ်းပြီး၏။

---

ဤတွင်ရွှေကား၊
မကျဉ်း, မကျယ်၊ သိလွယ်တန်ရုံ၊
ဖွင့်ဆိုအပ်သော
"ဥဒါန်း" ကျူးရင့်ပုံ နည်း ၂-မျိုးနှင့်၊ ဘွဲ့အမည်အပ်နှင်းပုံ
ပြဆိုခဏ်းပြီး၏။

## (၃၀) "အညာသိ-ကောဏ္ဍည"ရဟန်း၏၊ ရှင်, ရဟန်း, အဖြစ်ပြုရလိုကြောင်း,ခွင့်တောင်းပုံ ပြခန်း

(၃၀) [အထခေါ အာယသ္မာ၊ "အညာသိကောဏ္ဍညော" ဒိဋ္ဌဓမ္မော၊ ပတ္တ-ဓမ္မော၊....(လ) လဘေယျံ ဥပသမ္ပဒန္တိ] ဟူ၏။

### ပါဠိဘာသာမှ မြန်မာဘာသာပြန်ဆိုခန်း

(၃၀) ထိုအခါ၌၊ (အညာသိကောဏ္ဍည)သည်၊ သစ္စာလေးပါး တရားအစဉ်ကို၊ ပိုင်းခြားတိတိ၊ သိမြင်ပြီးဖြစ်၍၊ ဒိဋ္ဌ ဓမ္မ, ပတ္တဓမ္မ, အစရှိသော ရှစ်ပါးသော ဂုဏ်ပုဒ်တို့နှင့်၊ ပြည့်စုံ တော်မူ၏။

(၁) ဒိဋ္ဌဓမ္မော။ ။ဟူသည်ကား။
သစ္စာလေးပါး တရားအစဉ်၌၊ သုံးပါးသော ဉာဏ်ဖြင့်၊ လေးတန်သော အနက်တို့ကို၊ မျက်မှောက်ထင်ထင်၊သိမြင် ပြီးဖြစ်လေ၏-ဟူလို။ ။(ဒိဋ္ဌော ဓမ္မော ဧတေနာတိ ဒိဋ္ဌ ဓမ္မော)။ ။ဧတေန၊ ထို (အညာသိကောဏ္ဍည) သည်။ ဓမ္မော၊ သစ္စာလေးပါး၊ တရားအစဉ်ကို။ ဒိဋ္ဌော၊ဉာဏ်ဖြင့် ဖောက်၍၊ မျက်မှောက်ထင်ထင်၊ သိမြင်အပ်ပြီ။ ဣတိ တသ္မာ၊ထို့ကြောင့်၊ သော၊ ထို (အညာသိကောဏ္ဍည) သည်။ ဒိဋ္ဌဓမ္မော၊ ဒိဋ္ဌဓမ္မ, မည်၏။ ။ဒိဋ္ဌဓမ္မော၊ သိမြင် အပ်ပြီးသောသစ္စာလေးပါး တရားရှိသောအရှင်(အညာ သိကောဏ္ဍည) ဟု-ဆိုလို၏။

### (နောက်-ပုဒ်တို့၌လည်း၊ဤနည်းအတူဝိဂြိုဟ်ပြု)

ဆိုဦးအံ့။ ။ဤလောက၌၊ အမျိုးမှန်၍၊ အဘိုးတန်ဖြစ်သော တစုံ တခုသောရတနာမျိုးကို၊ လက်မွန်မဆွ၊ ပဋ္ဌမဦးစွာ၊မျက်ဝါးထင်ထင်၊ သိမြင်ရသောသူ၏အထံမှ၊(ဒုတိယ)တဆင့်ခံ၊ကြားသိရသောသူသည်၊ ထိုအရာဝတ္ထု၌၊ အနုမာန၊ မျက်မှန်းဆ၍၊ သုတမယ ဉာဏ်ဖြင့်သာ၊ ဤနည်းဤပုံ၊ ဖြစ်တန်ရာ၏ဟု၊ သိရသောကြောင့်၊ ထိုအရာ ဝတ္ထု၏၊

အခြင်းအရာ၊ လက္ခဏာသဘောကို၊ ပြောဆိုသည့်အတိုင်း၊ ပိုင်းခြားတိတိ၊ သိရှိရသည်ဟု၊ မဆိုနိုင်။ ထို(ဒုတိယ)ဖြစ်သောသူ၏ အသိဉာဏ်ကိုလည်း၊ စင်ကြယ်သော အသိဉာဏ်ဟု၊ စိတ်ချလွှဲပုံ၊ မယုံကြည်နိုင်ကြကုန်။

ဤနည်းအတူ၊ လောကုတ္တရာဘက်၊ တရားအချက်၌၊ လက်မွန်မဆွ၊ ပဌမဦးစွာ၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ မျက်ဝါးထင်ထင်၊ သိမြင်တော်မူသော ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်၏အထံ၌၊ (ဒုတိယ) တဆင့်ခံ ၊ပရိယတ္တိဓမ္မ- အသိဉာဏ်ဖြင့်၊ ကြားသိရသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်၊ ထိုသစ္စာလေးပါးတရားအစဉ်၌၊

(၁) ※ နိဗ္ဗာန်ဟူသည်ကား၊ ဤသို့ဖြစ်တန်ရာ၏။

(၂) ※ နိဗ္ဗာန်ကိုအာရုံပြုသော မဂ်စိတ်, ဖိုလ်စိတ်, တို့ကား၊ ဤသို့သာတည်း, စသည်ဖြင့်၊အနုမာန၊ မျက်မှန်းဆ၍၊ သုတမယဉာဏ်ဖြင့်သာ၊ သိရသောကြောင့်၊ ထိုသစ္စာလေးပါး၊ တရားအစဉ်၏၊ အခြင်းအရာ၊ လက္ခဏာသဘောကို၊ ဟောနည်း, ပြောနည်း, အတိုင်း၊ ပိုင်းခြားတိတိ၊ သိရှိရပြီ-ဟု မဆိုနိုင်။ ။ထိုသို့-အနုမာန (ဒုတိယ) တဆင့်ခံဖြစ်သော ပုထုဇဉ် ပုဂ္ဂိုလ်၏၊ ပရိယတ္တိဓမ္မ-အသိဉာဏ်ကိုလည်း၊(နိဝရဏ) တရားတို့ဖြင့်၊ ဖုံးလွှမ်းလျက်ရှိရကား၊ စင်ကြယ်သော အသိဉာဏ်ဟု၊ စိတ်ချလွှဲပုံ၊မယုံကြည်နိုင်ကြကုန်။

ဤယခုအခါ၌၊ အရှင် (အညာသိ ကောလ္လာည) မူကား၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်မှု၌၊ အနုမာန(ဒုတိယ) တဆင့်ခံ၊ အသိဉာဏ်ဖြင့်၊သိရသည်မဟုတ်။ မိမိကိုယ်တိုင်၊ ကိုယ်ပိုင်ဉာဏ်ဖြင့်သာ၊

(၁) ※ နိဗ္ဗာန်၏ (သန္တိသုခ) မြေချမ်းသာပုံကိုရှင်း။

(၂) ※ မဂ္ဂင်ရှစ်ပါး၊ တရားအစုတို့၏၊ မိမိ– မိမိတို့၏ ကိစ္စလက္ခဏာကို၊ ဆောင်ရွက်ပုံကိုရှင်း။

(၃) ※ ဒုက္ခသစ္စာ၊ ခန္ဓာငါးပါး၏၊ ဆင်းရဲကောန်၊ စင်စစ်မှန်ပုံကိုရှင်း။

(၄) ※ သမုဒယသစ္စာ၊ လောဘ,၏ ဆင်းရဲကြောင်း ဧကန်၊ စင်စစ်အမှန် ဖြစ်ပုံကိုဂုဏ်း။ သုံးပါးသော ဉာဏ်ဖြင့်၊ လေးတန်သော အနက်တို့ကို၊ ပိုင်းခြားတိတိ၊ သိမြင်တော်မူ၏။ ။ထို့ကြောင့်၊ ဒိဋ္ဌဓမ္မ, ဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူ၏။

(၂) ※ ပတ္တဓမ္မော။ ။ဟူသောပါဠိအရကား။ အရှင် (အညာသိကောဏ္ဍည) သည်၊သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်မှု၌၊ သုံးပါးသော ဉာဏ်ဖြင့်၊ လေးတန်သော အနက်တို့ကို၊ ကောင်းစွာ ထုတ်ချောက်၊ ပေါက်ရောက် သိမြင်အပ်ပေပြီ။ ။ထို့ကြောင့်။ ။ပတ္တဓမ္မော၊ သစ္စာလေးပါး၊ တရားအစဉ်သို့၊ ဉာဏ်ဖြင့်ထုတ်ချောက်၊ ပေါက်ရောက် သိမြင်လေပြီးသော အရှင် (အညာသိ ကောဏ္ဍည)။ ။ဟူ၍၊ ချီးပကျူးရင့်တော်မူ၏။

(၃) ※ ဝိဒိတဓမ္မော။ ။ဟူသောပါဠိအရကား။ အရှင်(အညာသိကောဏ္ဍည)သည်၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ 'သိမြင်မှု၌၊ သုံးပါးသော ဉာဏ်ဖြင့်၊ လေးတန်သောအနက်တို့ကို၊ ထင်ထင်ရှားရှား၊ ပိုင်းခြားတိတိ၊ သိမြင်အပ်ပေပြီ။ ။ထို့ကြောင့်။ ။ ဝိဒိတဓမ္မော၊ ထင်ရှား, တိတိ၊ သိမြင်အပ်ပြီးသော သစ္စာလေးပါး၊တရားအစဉ်ရှိသောအရှင်(အညာသိ-ကောဏ္ဍည)။ ။ဟူ၍၊ ချီးပကျူးရင့်တော်မူ၏။

(၄) ※ ပရိယောဂါဠှဓမ္မော။ ။ဟူသောပါဠိအရကား။ အရှင် (အညာသိ ကောဏ္ဍည) သည်၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်မှု၌၊ သုံးပါးသော ဉာဏ်ဖြင့်၊ လေးတန်သောအနက်တို့ကို၊ အကြွင်း အကျန်မရှိ၊ ထင်ထင်ရှားရှား၊ ဉာဏ်ဖြင့် သက်ဝင်၍၊ သိမြင်အပ်ပေပြီ။ ။ထို့ကြောင့်။ ။ပရိယောဂါဠှ-

မမွေ၊ ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော သစ္စာလေးပါး၊ တရားအစဉ်ရှိသော အရှင် (အညာသိကောဏ္ဍ-ည) ဟူ၍၊ ချီးပကျူးရင့်တော်မူ၏။

(၅) ※ တိဏ္ဏဝိစိကိစ္ဆော။ ။ဟူသော ပါဠိအရကား။ အရှင် (အညာသိကောဏ္ဍည) သည်၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်မှု၍၊ သုံးပါးသော ဉာဏ်ဖြင့်၊ လေးတန်သောအနက်တို့ကို၊ ပိုင်းခြားတိတိ၊ သိမြင်တော်မူပြီးဖြစ်၍၊ (၁၆) ပါးသောယုံမှားခြင်း၊ (၈) ပါးသော ယုံမှားခြင်းတရားတို့ကို၊ လွန်မြောက်တော်မူပေပြီ။ ။ထို့ကြောင့်။ ။တိဏ္ဏဝိစိကိစ္ဆော၊ ကူးမြောက်အပ်ပြီးသော၊ (၁၆) ပါးသော ယုံမှားခြင်း၊ (၈) ပါးသောယုံမှားခြင်းရှိသော အရှင်(အညာသိ-ကောဏ္ဍည) ဟူ၍၊ ချီးပကျူးရင့်တော်မူ၏။

(၆) ※ ဝိဂတကထံကထော။ ။ဟူသောပါဠိအရကား။ အရှင် (အညာသိကောဏ္ဍည) သည်၊သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်မှု၍၊ သုံးပါးသော ဉာဏ်ဖြင့်၊ လေးတန်သောအနက်တို့ကို၊ ပိုင်းခြားတိတိ၊ သိမြင်တော်မူ၍၊ သို့လော, သို့လော၊ တွေးတောခြင်းမှ၊ကင်းတော်မူပေပြီ။ ။ထို့ကြောင့်။ ။ဝိဂတကထံကထော၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်မှု၍၊ သို့လော, သို့လော၊ တွေးတောခြင်းမှ၊ ကင်းတော်မူသောအရှင် (အညာသိ ကောဏ္ဍည)ဟူ၍၊ချီးပကျူးရင့်တော်မူ၏။

(၇) ※ ဝေသာ ရဇ္ဇပ္ပတ္တော။ ။ဟူသော ပါဠိ အရကား။ အရှင် (အညာသိကောဏ္ဍည) သည်၊သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်မှု၍၊ သုံးပါးသော ဉာဏ်ဖြင့်၊ လေးတန်သော အနက်တို့ကို၊ ပိုင်းခြားတိတိ၊ သိမြင်တော်မူပြီးဖြစ်၍၊ ထိုသို့သိမြင်, ရရှိပြီးသော တရားကို၊ ပရိသတ်လေးပါး၊ ပရိသတ်ရှစ်ပါးတို့၏ အလယ်၌၊

ဟောကြားညွှန်ပြ၊ ဆုံးမသောအရာ၌၊မဖေကြာက်မရွံ့၊ ရဲရင့်ခြင်းသို့ ရောက်တော်မူပေပြီ။ ။ထို့ကြောင့်။ ။ ဝေသာရဇ္ဇပ္ပတ္တော၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ ဟောကြားရာ၌၊ မကြောက်မရွံ့၊ ရဲရင့်သည်၏ အဖြစ်သို့ ရောက်တော်မူသောအရှင်(အညာသိကောဏ္ဍည) ဟူ၍၊ ချီးပကျူးရင့်တော်မူ၏။

(ဂ) ※ အပရပ္ပစ္စယော။ ။ဟူသော ပါဠိအရကား၊ အရှင် (အညာသိကောဏ္ဍည) သည်၊ မြတ်စွာဘုရား၏အထံတော်မှ၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ မိမိကိုယ်တိုင်၊ ကိုယ်ပိုင်ဉာဏ်ဖြင့်၊ သိမြင်ရသောကြောင့်၊ ထိုမြတ်စွာဘုရားရှင်မှတပါး၊ အခြားသော သာသ-နာ, အပ၊ တိတ္ထိယဖြစ်သောသူတို့အား၊ ယုံကြည်ခြင်း, ဖြစ်တော်မမူပြီ။ ။ထို့ကြောင့်။ ။အပရပ္ပစ္စယော၊ မြတ်စွာဘုရားမှ တပါးသောသူတို့အား၊ လေးမြတ်ယုံကြည်ခြင်းမရှိသော အရှင် (အညာသိကောဏ္ဍည) ဟူ၍၊ ချီးပကျူးရင့်တော်မူ၏။

ထိုအခါ၊ အရှင် (အညာသိကောဏ္ဍည) သည်၊ ဤသို့ စကား၊ လျှောက်ကြားခွင့်ပန်၏။ ။ဘုန်းခြောက်ပါးသခင်၊ အရှင်ဘုရား။ ။ တပည့်တော်သည်၊မြတ်စွာဘုရားသျှင်၏အထံတော်၌၊ဖန်ရည်ဆိုးစွမ်း၊ ဝတ်သင်္ကန်းဖြင့်၊ ရှင်အဖြစ်, ရဟန်းအဖြစ်ကို၊ ရလိုပါ၏ ဘုရား-ဟု-လျှောက်ကြားတောင်းပန်၏။

ဤတွင်တခန်းပြီး၏။

---

## (၃၉) (၁) (ဧဟိဘိက္ခု) ခေါ်ပုံနှင့်
## (၂) ဧဟိဘိက္ခု ရဟန်းဖြစ်ပုံပြခန်း

(၃၉) (၁) [ဧဟိ ဘိက္ခူတိ၊ ဘဂဝါ အဝေါစ၊+]

(၂) [သွာက္ခာတော ဓမ္မော + (လ)
ဥပသမ္ပဒါ အဟောသီတိ၊]

## ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုခန်း

(၃၉) (၁) [ထိုအခါ၊မြတ်စွာဘုရားသျှင်သည်၊ဤသို့ မိန့်ခေါ်တော်မူ၏။

အို....ငါ၏ချစ်သား၊ "အညာသိကောဏ္ဍည"၊

သင်ချစ်သားသည်၊ ငါဘုရားသျှင်၏ ထံပါးသို့၊ ချဉ်းကပ်လာရောက်လေလော့—ဟု၊မိန့်ဆိုတော်မူ၏။

(၂) အို....ငါ့၏ချစ်သား "အညာသိကောဏ္ဍည"၊

ငါဘုရားရှင်သည်၊ သင်ချစ်သားတို့အား၊ နိဗ္ဗာန်ရောက်ကြောင်း၊ ကောင်းမြတ်သော မဂ္ဂင်,ရှစ်ပါးဟူသော အကျင့်တရားကို၊ ဟောကြားတော်မူအပ်ပြီ။ ။သင်ချစ်သားသည်၊ သံသရာဝဋ်၊ ဘဝညွှတ်-ဟူသော ဆင်းရဲ၏အဆုံးကိုပြုခြင်းငှါ၊ မဖေါက်မပြန်၊ မှန်ကန်သော သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်- ဟူသော အထက်မဂ်သုံးပါးတည်းဟူသော မြတ်သော အကျင့်ကို၊ ရအောင်, ကြိုးပမ်းကျင့်လေလော့-ဟု၊မိန့်တော်မူ၏။

ထိုအခါ၌၊ အရှင် (အညာသိကောဏ္ဍည) အား၊ (ဟေဘိက္ခု) ရဟန်းအဖြစ်သည်၊ ဖြစ်လေတော့သတည်း။

ဤအရာ၌၊ (ဟေဘိက္ခု- ရဟန်းဖြစ်ပုံနည်း) ကို မဟာကပ္ပိနမင်းကြီးဝတ္ထုထုတ်ပြ၍၊ (သုဘူတိဘာဝနာဖွင့်ကျမ်း၌၊) အကျယ်ရေးသားခဲ့ပြီဖြစ်၍၊ ဤ၌လျစ်လျူရှုအပ်၏။

ထိုစဉ်အခါ၌၊ ဓမ္မစကြာတရား၊ ကြားနာကြသော ပရိသတ် တို့သည်ကား။ (ပဉ္စဝဂ္ဂီ) ငါးဦးဟူသော,လူပရိသတ်ငါးဦးတို့သည်သာ ဖြစ်ကုန်၏။ ။နတ်ပရိသတ်တို့မူကား၊ အပိုင်းအခြား အရေအတွက်မရှိအောင်များပြား၏။ ။ဓမ္မစကြာတရား ဟောကြားပြီးသော အဆုံး၌၊ အရှင် (အညာသိကောဏ္ဍည) သည်၊ တဆဲ့ရှစ်ကုဋေ-အရေအတွက်ရှိသော, ဗြဟ္မာမင်းကြီးတို့နှင့်တကွ၊ ဒိဋ္ဌ,ဝိစိကိစ္ဆာ၊ကင်းစင်ကွာသော, သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်တော်မူ၏။

## ''ပဉ္စဝဂ္ဂီ''ရဟန်း၅-ဦးတို့၏'' သောတာပတ္တိ''ဖိုလ်၌ တည်ကြပုံအစဉ်၊

(၁) [ဣတိ ထေရော အာသဠှိ ပုဏ္ဏမာယံ သောတာပတ္တိ ဖလေ ပတိဋ္ဌိတော,]

(၂) [ပါဋိပဒ ဒိဝသေ, ဘဒ္ဒိယ ထေရော,-]

(၃) [ဒုတိယပက္ခ ဒိဝသေ, ဝပ္ပ ထေရော,-]

(၄) [တတိယပက္ခ ဒိဝသေ, မဟာနာမ ထေရော,-]

(၅) ပက္ခဿ စတုတ္ထိယံ အဿဇိ ထေရော သောတာပတ္တိ ဖလေ ပတိဋ္ဌိတော။]

[ပဉ္စမိယာ ပန ပက္ခဿ အနတ္တလက္ခဏ-သုတ္တန္တ ဒေသနာ ပရိယောသာနေ သဗ္ဗေပိ အရဟတ္တေ ပတိဋ္ဌိတာ၊]
(အင်္ဂုတ္တိုရ်-ဧကကနိပါတ်၊၁၄-ဧတဒဂ္ဂဝဂ်-အဋ္ဌကထာ)

(၁) ဤသို့၊ ဝါဆိုလပြည့်နေ့၌၊ အရှင် (အညာသိကောဏ္ဍည) ရဟန်းသည်၊ သောတာပတ္တိဖိုလ်၌ တည်တော်မူ၏။

(၂) ဝါဆိုလပြည့်ကျော် တရက်နေ့၌၊ အရှင် (ဘဒ္ဒိယ)ရဟန်းသည်၊ သောတာပတ္တိဖိုလ်၌တည်၏။

(၃) ဝါဆိုလပြည့်ကျော် နှစ်ရက်နေ့၌၊ အရှင် (ဝပ္ပ) ရဟန်းသည်၊ သောတာပတ္တိဖိုလ်၌တည်၏။

(၄) ဝါဆိုလပြည့်ကျော် သုံးရက်နေ့၌၊ အရှင် (မဟာနာမ်) ရဟန်းသည်၊ သောတာပတ္တိဖိုလ်၌တည်၏။

(၅) ဝါဆိုလပြည့်ကျော် လေးရက်နေ့၌၊ အရှင် (အဿဇိ) ရဟန်းသည်၊ သောတာပတ္တိဖိုလ်၌တည်၏။

ဤမျှသော စကားအစဉ်ဖြင့်၊ ဓမ္မစကြာတရား၊ ကြားနာရ၍၊ (ပဉ္စဝဂ္ဂီ) ငါးဦးသားတို့၏၊ နေ့ရက်အစဉ်အတိုင်း၊ သောတာပတ္တိဖိုလ်သို့၊ ဆိုက်ရောက်ရပုံကို၊ ပြဆိုသော အခန်းပြီး၏။

ထိုမှနောက်၊ ဝါဆိုလပြည့်ကျော် ငါးရက်နေ့၌၊ အနတ္တလက္ခဏာသုတ္တန်ကို၊ ဟောကြားတော်မူရာ၊ တရားချ၍၊တရားအဆုံး၌၊(ပဥ္စဝဂ္ဂီ) ငါးဦးသားတို့သည်၊အာသဝေါလေးဖြာ၊ကင်းစင်ကွာလျက်၊ ရဟန္တာပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသော အရဟတ္တဖိုလ်၌၊တည်နေပုံကိုဂုဏ်။ ။ ထိုအခါ၊ မြတ်စွာဘုရား ရှင်တပါးနှင့်၊ (ပဥ္စဝဂ္ဂီ) ရဟန္တာငါးပါး အားဖြင့်၊ လောကသုံးခွင်၊ ဘုံအပြင်၌၊ ဂုဏ်အင်ကြီးမား၊ ခြောက်ပါးသော ရဟန္တာပုဂ္ဂိုလ်ကြီးတို့၏၊ ဖြစ်ထွန်း ပွင့်လာတော်မူပုံကိုဂုဏ်။ ။ အတ္တ, အနတ္တ, အဖြစ်ကို၊ မေးမြန်းဖြေဆိုကြရာ၌၊ အပို,အမို၊အသိုင်း, အဝိုင်း စကားမပါ၊ စာကြည့်ရှုသူတို့၏၊ သဒ္ဓါပန်းကို၊ လန်းလန်း စွင့်စွင့်၊ ပွင့်စေနိုင်သော ဝတ္ထုဆန်း, ဂါထာဆန်းတို့ကိုဂုဏ်။ ။အရှင် "အညာသိကောဏ္ဍည"ထေရ်၏၊ဝိပဿီမြတ်စွာဘုရား၏လက်ထက်၊ လယ်လုပ်ယောကျ်ား ဘဝက၊ ရှေးဆုတောင်းနှင့်တကွ၊ ဆဒ္ဒန္တာအိုင်၌ ပရိနိဗ္ဗာန်ပြုသည့် အခါတိုင်အောင်သော အတ္ထုပ္ပတ္တိကိုဂုဏ်။ **အနတ္တလက္ခဏာဖွင့် အကျယ်လက်စွဲကျမ်း**၌၊ ဆက်၍ကြည့်ရှုကြပါကုန်လော့။

---

## နိဂမနကထာ

ဤသို့လျှင်၊ ရန်ကုန်မြို့၊ ကျောင်းတော်ရာ၊ ရွှေကျင်တိုက်၌၊ သီတင်းသုံး၊ နေထိုင်တော်မူသော မြတ်စွာဘုရား၏၊ သာသနာ တော်တွင်၊ သီလ, သမာဓိ,ပညာ,စသော ဂုဏ်တို့ဖြင့်၊ နေ,လ,အသွင်၊ အလွန်ပင် ထင်ရှား၍၊ ကြီးမားသော ဘုန်းကြက်သရေ၊ မင်္ဂလာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ကျေးဇူးရှင်၊ ကျောင်းတော်ရာ ရွှေကျင် ဆရာတော် ဘုရားကြီး၏ အထံ၌၊ရှင်သာမဏေ အဖြစ်ကစ၍ (ဤယခုအခါ တိုင်အောင်) ပရိယတ်, ပဋိပတ်၊ နှစ်ရပ်သော တရားတို့ကို၊ နည်းခံသင်ကြား၍၊ ကြီးပွါးခြင်းသို့ ရောက်သော (ဖွားရာချက်ကြွေ၊ ဇာတိမြေအားဖြင့်၊ မြန်မာပြည်အောက်ပိုင်း၊လေးမျက်နှာမြို့၊ငါးသိုင်းချောင်းမြို့၊ ၂-မြို့တို့၏ အလယ်ကြား၊ (မဲဇလီ) ခေါ်သော တောနယ်ရွာလျှင်၊ ဖွားရာ-ဇာတိရှိ၍)၊ (ပဝတ္တိ)ဤယခုအခါ၌၊ရန်ကုန်မြို့၊ကျောင်းတော်ရာ၊ ရွှေကျင်တိုက်၊ မန်းဦးကျောင်း၌၊သီတင်းသုံး နေသော၊ (ဂဏ-

ဝါစက၊ ပဌမနာယက)၊ ဘဒ္ဒန္တဇောတ အရှင်မြတ်သည်၊ ရဟန်း ရှင်လူ၊ သူတော်စင်အပေါင်းတို့အား၊ ကောင်းကျိုးချမ်းသာ၊ မဂ်လာ ကြက်သရေ၊ တက်သစ်နေသို့၊ ထွေထွေတင့်လတ်၊ မြင့်မြတ်ကြီးပွါးစေ ခြင်းအကျိုးငှါ၊ အသစ်တည်ထွင်၊စီစဉ်ရေးသား၊ဖွင့်ဆိုအပ်သော“ဓမ္မ စကြာဖွင့်” အကျယ်လက်စွဲကျမ်းသည်၊ ၁၂၉၃-ခုနှစ်၊ တပေါင်းလ ဆန်း(၁၅)ရက်၊တနင်းလာနေ့တွင်၊အောင်မြင်ပြီးစီးလတ်သတည်း။

ဤတွင်ရွေကား

မကျဉ်း,မကျယ်၊ သိလွယ်တန်ရုံ

ဖွင့်ဆိုအပ်သော

ဓမ္မစကြာဖွင့် အကျယ်လက်စွဲကျမ်းပြီး၏။